
www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ဇာတ်သိမ်းကောင်းတဲ့ဇာတ်လမ်းလေးတစ်ပုဒ်


စာမူခွင့်ပြုချက်အမှတ် - ၁၀၀၉/၂၀၀၂ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၇၇/၂၀၀၃ (၃)

၂၀၀၃ ခုနှစ်၊ ဧပြီလ၊

ပထမအကြိမ်

တန်ဖိုး ၃၀/-

အုပ်ရေ ၅၀၀ အုပ်

ထုတ်ဝေသူ . . . ဒေါ်မိုးတေခိုင်(ချိုတေးသံစာပေ-၁၆၉၂)

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊

မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ အေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေး ဦးတည်ချက် ( ၄ ) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် ( ၄ ) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# လမင်းမိုမို

# ဇာတ်သိမ်းကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"ဂျမ် ... ဂျမ် ... ဂျမ် ... ဂျမ် ... ဂျမ် ..."

"ဠွမ် ... ဠွမ် ... ဠွမ် ... ဠွမ် ... ဠွမ် ..."

"တောက်"

ဦးဘုန်းပြည့်က မခံမရပ်နိုင်တော့သလို ဖောင်ကို ခနဲ့ခွာကာ လှဲအိပ်နေရာမှ ထ,ထိုင်လိုက်ပါသည်။ ဦးဘုန်းပြည့် ိုင်လိုက်သည်နှင့် နံဘေးမှ ဇနီးသည်လည်း ချက်ချင်းပဲ ဝုန်း ိုက်ထကာ ဦးဘုန်းပြည့် လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင် ပါသည်။

"ခြော် ... ဖယ်စမ်းပါ ယုရာ ...၊ မင်းက တစ်မျိုး၊ ကာ ဆီးကာဆီးနဲ့"

"အစ်ကိုကြီး ... ဒေါ်သတွေ အရမ်းကြီးမှာစိုးလို့ ကာဆီး တာပါ အစ်ကိုကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါသကတော့ ထွက်ပြီပေါ့ကွ၊ မထွက်ခံနိုင်ရိုးလား၊ ဘယ်နှစ်ညရှိပြီလဲ ...၊ မနေ့ကလည်း မလုပ်ပါနဲ့ အစ်ကိုကြီးရယ် ... စိတ်လျှော့ပါ ပစ်ထားလိုက်ပါဆိုလို့ ထားလိုက်ရပြီးပြီ၊ တစ်နေ့ညကလည်း ဒီအတိုင်း၊ ကဲ ... ဒီနေ့ညလည်း ဆူညံနေပြန်ပြီ"

ယုဇနက ခုတင်ဘေးမှ စားပွဲတင်နာရီကို လှမ်းကြည့်လိုက်ပါသည်။ ဆယ့်တစ်နာရီကျော်ပြီ။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ဟိုဘက်ခြံကို ခုမှ ရောက်လာပုံရသော ကောင်ကလေးတစ်စုဟာ ညညကျ ဂစ်တာကို ဆူဆူလောင်လောင်တီးကာ သီချင်းတွေ ဟစ်အော်ဆိုတတ်ကြသည်မှာ သုံးလေးည ဆက်တိုက်ရှိပြီ။

"ဘယ်က ပေါက်လွတ်ပဲစားကောင်ဓိတွေ ရောက်လာသလဲ မသိဘူး"

"အင်း ... အရင်က ဒီအိမ်မှာ ခြံစောင့်တောင် အမြဲရှိတာ မဟုတ်ဘူးနော်၊ တစ်ပတ်တစ်ရက်လောက်ပဲ ခြံရှင်းတာတို့ အိမ်သန့်ရှင်းရေးတို့ လာလုပ်တာ"

"ခုရောက်နေတာ ဘယ်ကကောင်တွေလဲ မသိဘူး၊ လူကြီးသူမလည်း ပါပုံမရဘူး၊ ပါရင်တော့ သူ့လူကြီးသူမကဆုံးမမှာပဲ၊ ခြံစောင့်ကောင်တွေပဲ ထင်ပါရဲ့၊ ဒါကြောင့် အဆင့်အတန်းနဲ့ မနေမထိုင်တာပေါ့၊ ဆိတ်ငြိမ်ရပ်ကွက်ထဲလာပြီး ကမ္ဘာပျက်သလို လာလုပ်နေတာ ... တောက်"





"ဂျမ် ... ဂျမ် ... ဂျမ် ... ဂျမ် ... ဂျမ် ... အို့ ..."

"တောက် ... လွန်လွန်းအား ကြီးတယ်ကွာ"

ဂစ်တာကို သာယာနာပျော်ဖွယ်ဖြစ်အောင် မတီးဘဲ ဆူဆူညံညံ တီးခတ်နေသည့်အပြင် တစ်ချက် တစ်ချက် အသံသေး အသံကြောင်နှင့် အော်ဟစ်လိုက်သေး၍ ဦးဘုန်းပြည့်မှာ အတော်စိတ်တိုလာပါသည်။ အိပ်ရာထဲမှ ထွက်ကာ အိပ်ခန်းအပြင်သို့ထွက်သွား၍ ယုဇနက ဦးဘုန်းပြည့် နောက်ဘက်မှ လိုက်ပါလာသည်။

"ဒီကောင်တွေဘက်ခြမ်းမှာ ရှင်ရှင့် အိပ်ခန်းက ရှိနေတာ ... တောက်"

ညီမငယ်ဖြစ်သူလည်း ဤအသံကြောင်တွေ ကြားနေရမှာ သဝန်တိုနေသေးသော ခင်ပွန်းသည်ကို ယုဇန ကျိတ်၍ပြုံးမိပါသည်။ အိမ်ရဲ့ ဖွဲ့စည်းပုံအရ တစ်ဖက်အိမ်ကလေးနှင့် အနီးကပ်ဆုံးဘက်ခြမ်း အပေါ်ထပ်မှာက ဘုရားခန်းနှင့် ဦးဘုန်းပြည့်ရဲ့ ညီမငယ် ခင်လေးရှင်ရဲ့ အိပ်ခန်း ရှိပါသည်။

ဦးဘုန်းပြည့်က အခန်းဖွဲ့မထားဘဲ Hall သဘော ကျယ်ပြန့်သော ဘုရားခန်းမကြီးဆီ လျှောက်သွားကာ တစ်ဖက်ခြံကို လှမ်းမြင်ရသည့် ပြတင်းပေါက်တွေဆီ လှမ်းလာခဲ့ပါသည်။ ဘုရားခန်းကျယ်ကြီးကို လေအဝင်အထွက် ကောင်းစေရန် ပြတင်းပေါက် ခပ်များများထည့်ထား၍ အဲကွန်းလည်း တပ်ဆင်မထား။ အမြဲတမ်းလိုလို ခြင်ဆန်ကာ တံခါးတစ်ထပ်သာပိတ်၍ မှန်တံခါးများကို ဖွင့်ထားတတ်ရာ တစ်ဖက်ခြံက အသံတို့က အိမ်ထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



သာသော လေညင်းသယ်ဆောင်ရာသို့ တစ်ပါတည်း ပါလာလေသော ဘုရားခန်းက အဆွဲဆုံး အကျယ်ဆုံး ဖြစ်နေပါသည်။

"ရှင်ရှင်လည်း ပြတင်းပေါက်တွေသာ ဖွင့်ထားရင် အကျယ်ကြီး ကြားနေရမှာပဲ"

ဦးဘုန်းပြည့်က တဖျစ်တောက်တောက် ပြောနေရင်း ဘုရားခန်း ပြတင်းပေါက်တွေမှတစ်ဆင့် တစ်ဖက်ခြံကို ကြည့်လိုက်ပါသည်။

ဦးဘုန်းပြည့်တို့ခြံနှင့် တစ်ဖက်ခြံလေးရဲ့ တည်ရှိပုံက ခြံချင်းကပ်ရက်ဆိုတာထက်ကို ပိုပါသည်။ တခြားခြံချင်းကပ်တွေလို ခြံရဲ့ အနားတစ်ဖက် ထိကပ်ဆက်နေတာ မဟုတ်ဘဲ နှစ်ဖက်နှစ်နေရာတိတိ ဆက်စပ်နေပါသည်။

သဘောအားဖြင့် လေးထောင့်စပ်စပ် ပုံသဏ္ဍာန် ခြံကြီးတစ်ခြံကို လေးစိတ် အညီအမျှ စိတ်ပိုင်းလိုက်လျှင် သုံးစိတ်စာကို ဦးဘုန်းပြည့်တို့က ပိုင်ဆိုင်၍ အယ်လ်သဏ္ဍာန် ဖြစ်ပါသည်။ လေးစိတ်ထဲက ရှေ့ထောင့် တစ်စိတ်ဟာ ဟိုဘက်ခြံပင်။

ဟိုးအရင်က ဤလေးထောင့်စပ်စပ် ခြံကြီးကို ပိုင်ဆိုင်သူထံမှ ဦးဘုန်းပြည့်တို့က တစ်ဝက်ခြမ်း ပိုင်းရောင်းသော တစ်ခြမ်းကို ဝယ်လိုက်တာပင်။ ခြံရှင်က သူ့ပိုင်တစ်ခြမ်းကို ရှေ့နောက် တစ်ဝက်စီပိုင်း၍ ရှေ့တစ်ပိုင်းကို ဘယ်တုန်းက ဘယ်သူ့ကို ရောင်းလိုက်မှန်း သူတို့ မသိလိုက်ရ။ သိလိုက်လျှင် သူပဲ ဝယ်သွားလိုက်မှာ ဖြစ်သည်။





နောက်ဆုံး ကျန်တဲ့နောက်ဘက်တစ်စိတ်လေးကို ရောင်းမည်ဆိုမှပဲ သတင်းကြားသည်နှင့် ဦးဘုန်းပြည့်က ဖမ်းဝယ်ထားလိုက်တာပါ။ ဒီတော့ သူ့ခြံသည် တစ်ခြမ်းနှင့် နောက်ဘက်တစ်စိတ်။ ရှေ့တစ်စိတ်ကို ဘယ်တုန်းက ဘယ်သူဝယ်သည် သိရဘဲ အတည်တကျ လာနေထိုင်သူလည်း မရှိ။ တစ်ပတ်တစ်ကြိမ်လောက်သာ လူတစ်ယောက် လာ၍ ရှင်းလင်းဖုန်ခါတတ်သည်။

ရှေ့ခြံတစ်စိတ်လေးမှာ သစ်သားအိမ်မည်းလေး တစ်လုံးရှိပါသည်။ နောက်ဘက်ခြံတစ်စိတ် ဝယ်ယူစဉ်က ပါလာသော သစ်သားအိမ်လေးကိုတော့ ဦးဘုန်းပြည့်က ဖြိုပစ်လိုက်ကာ မြက်ခင်းကြီး မွေးထားပါသည်။

ဦးဘုန်းပြည့်တို့ တိုက်ဟာလည်း မြေဝယ်ဆောက်တည်းက ရှေ့ဘက်တိုးဆောက်ထားပြီး နောက်ဘက်ကိုသာ မြေပိုချန်ခဲ့တာမို့ ခုတော့ ဦးဘုန်းပြည့် တိုက်နှင့် တစ်ဖက်သစ်သားအိမ်လေးဟာ မလှမ်းမကမ်း ယှဉ်လျက်သားပါ။ ခြံတစ်စိတ်စာကိုပေရှစ်ဆယ်ပတ်လည်လောက် ရှိသည်ဖြစ်၍ သစ်သားအိမ်မည်းလေးအပြင် မြေပိုများစွာ ပတ်ပတ်လည် ကျန်နေပါသေးသည်။

ဤခြံတစ်စိတ်ဘက်နှင့် ညီမလေး ရှင်ရှင် အခန်းကတိုက်ယှဉ်လျက် ဖြစ်နေတာကို ခုတော့ ဦးဘုန်းပြည့် မကျေပြီ။ အရင်ကတော့ လူမနေ၍ ဘာစိတ်အနှောင့်အယှက်မှ မရှိ။ ခုတော့ ဘယ်ကကောင်တွေမှန်း မသိ လာနေနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ အစ်ကိုကြီးရယ်၊ သူတို့ကို လာရပ်ကြည့်နေတော့ အစ်ကိုကြီးပဲ အိပ်ရေးပျက်ရုံ ရှိတာပေါ့၊ လာပါ၊ ကိုယ့်အခန်းကိုယ် ပြန်အိပ်ချည်ပါ"

"ပြန်အိပ်လည်း ဒီအသံတွေနဲ့ အိပ်မှမရတာ ယုရ၊ ဒီတိုင်းလွှတ်ထားလို့တော့ ဘယ်ဖြစ်ပါဦးမလဲ"

"နောက်နေ့မှ ဟိုဘက်မှာ ဘယ်သူတွေနေလဲ ... ဘယ်လိုလဲ ... ယု စုံစမ်းပြီး ကောင်းကောင်းမွန်မွန် ကြည့်ကျက်ပြောဆို မေတ္တာရပ်ခံလိုက်ပါ့မယ်"

"အမယ်လေး ... ဒီလို ကလေကချေတွေကို မေတ္တာရပ်ခံနေစရာ မလိုပါဘူးကွာ"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲ အစ်ကိုကြီးရယ်၊ ကိုယ်က ကောင်းကောင်းမွန်မွန် ဆက်ဆံပြောဆိုထားရင် သူတို့လည်း ဘာပဲဖြစ်ဖြစ် အားနာမှာပေါ့"

"မလိုပါဘူးကွာ၊ ဒီလိုကောင်မျိုးတွေကို ရဲစခန်း တိုင်ရမှာ"

"ဩော် ... မဟုတ်သေးပါဘူး အစ်ကိုကြီးရယ်၊ နေရင်းထိုင်ရင်း ပြဿနာဖြစ်အောင်လို့၊ ကောင်းကောင်းပြောကြည့်ဦးမှာပေါ့"

"ကောင်းကောင်း ပြောနေရမယ့် အစားတွေကို ဟုတ်ပုံမရဘူး"

"အစ်ကိုကြီးကလည်းနော် ..."





"ဟုတ်တယ်လေ၊ အဆင့်အတန်းရှိရှိ Class မျိုးက ဆိုရင် ဒီလိုရပ်ကွက်မျိုးမှာ ဒီလိုအချိန်မျိုး ဒီလိုမရိုင်းရဘူး ဆိုတာ အသိဉာဏ် ရှိမှာပဲ"

"လူငယ်တွေမို့ ဖြစ်မှာပါ အစ်ကိုကြီးရယ်"

ထိုစဉ် ဘုရားခန်းနံဘေး ခင်လေးရှင်ရဲ့ အခန်းတံခါးက ချပ်ခနဲ ပွင့်လာကာ ခင်လေးရှင်လေးက မျက်ခုံးလေးပင့်ကာ ထွက်လာရင်း ...

"ကိုကိုကြီးတို့ ဘာဖြစ်လို့လဲဟင်"

ယုဇနက ဦးဘုန်းပြည့်ဘက် မေးငေါ့ပြလိုက်ရင်း ...

"ရှင်ရှင် မအိပ်သေးဘူးလား"

"ဒီအသံကြောင်တွေနဲ့ ငါ့ညီမလေး ဘယ်လိုလုပ် အိပ်မလဲ"

ခင်လေးရှင်က အနားကို လျှောက်လာကာ ...

"ရှင်ရှင်က ပြတင်းပေါက်တွေ ပိတ်ထားတော့ ဒီမှာလောက် အသံတွေ မကြားရပါဘူး ကိုကိုကြီးရဲ့၊ အခုလည်း ကိုကိုကြီးတို့ စကားသံ ကြားလို့ ဘာများလဲလို့ ထွက်ကြည့်တာ"

"အို ... ဟိုဘက် ငါတို့အခန်းကနေတောင် ဆူညံနေတာ၊ ညီမလေးအခန်းက ဒီလောက် မကြားရဘူးဆိုတာ မဖြစ်နိုင်ပါဘူး"

"ကြားတော့ ကြားရပါတယ်၊ ဒါပေမယ့် အနှောင့်အယှက် ဖြစ်လောက်အောင်ကြီး မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟောတ်ရမှာလဲ ... ဒီလောက် အနှောင့်အယှက်ဖြစ်တာ"

ဦးဘုန်းပြည့် လှမ်းကြည့်နေသော ပြတင်းပေါက်သို့ ယုဇနရော ခင်လေးရှင်ပါ ကပ်ကာ တစ်ဖက်ခြံကို လှမ်းကြည့်လိုက်ကြပါသည်။ သစ်သားအိမ်လေး ရှေ့ဘက်မှာ သပြေပင်ရှိ၍ သပြေပင်ကို ပတ်ဝိုင်း၍ ရိုက်ထားသော ခုံတန်းဝိုင်းဝိုင်းလေးပေါ်တွင် လူရွယ်သုံးယောက် ထိုင်နေတာကို အိမ်ရှေ့မီးလုံးနီနီကလေး အလင်းကြောင့် မြင်နေရပါသည်။

လူသုံးယောက်၊ ဂစ်တာနှစ်လက်။ ဂစ်တာနှစ်လက်ကို အပြိုင်တီးနေတာဖြစ်၍ အသံက ကျယ်နေတာပင်။

"ကောင်းကောင်းကန်းကန်း သီချင်းဆိုတာလည်း မဟုတ်၊ အလကား အော်နေတာ၊ ဒါကို တားတဲ့သူ မရှိရင် ဒီတိုင်းပဲ ဆက်အော်နေမှာပဲ"

"အစ်ကိုကြီးရယ် ... ခဏနေ သူတို့လည်း တော်တော့မှာပါ"

"မင်း ဘယ်လိုသိသလဲ ယုရဲ့"

"အရင်နေ့တွေကလည်း ဆယ့်တစ်နာရီခွဲလောက်ဆို ရပ်သွားတာပဲလေ"

"သူတို့ရပ်တဲ့ထိ နားခုက္ခခံ စောင့်နေရတော့မှာလား ... တောက်"

"ရန်များပါတယ် အစ်ကိုကြီးရယ် ထားလိုက်ပါ၊ နောက်နေ့မှ ယု ကောင်းကောင်းကြည့်ပြောပါ့မယ် ဆိုနေမှ"





"တောက် ... အလကား ကလေကချေ အဆင့်မရှိကောင်တွေ၊ ကဲ ... ကဲ ... မင်းတို့ကလည်း ဘာမှ ကြည့်မနေနဲ့၊ ဒီကောင်တွေကို ဘာမှ ကြည့်စရာ အကြောင်းမရှိဘူး"

ယုဇနနှင့် ခင်လေးရှင်သည် တစ်ယောက်မျက်နှာ တစ်ယောက် ပြုံးစိစိကြည့်မိကာ ပြတင်းမှ ခွာလိုက်ရပါသည်။ ဦးဘုန်းပြည့်က ဘုရားခန်းတွင် ရှိရှိသမျှသော ပြတင်းပေါက်တို့ကို ဆောင့်ကြီးအောင့်ကြီးနှင့် တဂျိုင်းဂျိုင်းမြည်အောင်ပင် ဆင့်ကာဆင့်ကာ ပိတ်ပစ်လိုက်ပါသည်။

"ဟာ ... ဟိုဘက်ခြံက သြဘာပေးတယ်ဟေ့"

ဖော်ထူးက တံခါးပိတ်သံတွေ တဂျိုင်းဂျိုင်းကြားရာကို လှမ်းမော့ကြည့်ကာ ပြောလျှင် နန္ဒနှင့် မောင်မင်းကလည်း ဂစ်တာကိုယ်စီကို အတီးရပ်ကာ ငုံ့ကြည့်လိုက်မိပါသည်။

"ရှိုင်းလှချည်လားကွ၊ လူတစ်ဖက်သား ဂစ်တာတီးနေတာကို အသံမြည်အောင် တံခါးဆောင့်ပိတ်တာကတော့ သက်သက်မဲ့ ရန်စတဲ့ သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မောင်မင်း၊ ရန်လိုမနေနဲ့၊ အဲဒီဘက်ခြမ်းမှာ ရန်ဖက်ဖြစ်ရမယ့်အရွယ် ရင်ဆိုင်ယှဉ်ပြိုင်ရမယ့်အရွယ် တစ်ယောက်မှ မရှိဘူး ..."

"မင်း လူစေ့တက်စေ့ မြင်ပြီးလို့လား"

"ဟာ ... ဒီမှာနေတာ ငါးရက်မြောက်ပြီကွ၊ ပတ်ဝန်းကျင် လေ့လာမှု မညံ့ဖျင်းတဲ့လူဆိုရင် ဟိုဘက်မှာ ဘယ်သူနေလဲ မြင်နိုင်မှန်းနိုင်နေပြီ၊ ဒီဘက်ခြမ်းကြီးကကျတော့ အိမ်ကခြံကျယ်ကြီးထဲ ဟိုးနောက်ဘက် ဆုတ်ဆောက်ထားလို့ သေချာမသိသေးတာ၊ အခု တံခါးဆောင့်ပိတ်တဲ့ တိုက်နဲ့က ကပ်နေတဲ့ဟာကွာ ... တွေ့တာပေါ့ ... မင်း ဘယ်သူ့မှကို မတွေ့သေးဘူးလား"

"တွေ့တော့ တွေ့တယ်ကွ ... တစ်ယောက်ပဲ တွေ့တယ်"

မောင်မင်းက ရယ်ကျဲကျဲနှင့် ဆိုပါသည်။

"တစ်ယောက်တည်းတော့မက တွေ့ပါတယ်ကွာ၊ မင်းမျက်စိကိုက နည်းနည်း အတ္တကြောင်နေလို့ တစ်ယောက်ပဲကွက်တွေ့တာ ဖြစ်မှာပေါ့"

"အေးကွ ... အဲဒီကောင်မလေး တအားချစ်ဖို့ ကောင်းတာပဲကွာ"

"ဟာ ... ငါလည်း မတွေ့ရသေးဘူး ... ဘယ်လိုလေးလဲ"

နန္ဒက အရေးတကြီး ထ,အော်သည်။





"တွေ့မလား ... မင်းက နေဖင်ထိုးအောင် အိပ်နေတာကို၊ မနက်စောစောထတဲ့သူကိုမှ နတ်က ချစ်ပြီးတော့ မင်္ဂလာရှိတဲ့ မြင်ကွင်းတွေ မြင်အောင်ပြတာ"

"နတ်မချစ်လည်း ဂရုမစိုက်ဘူးကွာ၊ စောစောတော့ မထနိုင်ဘူး၊ မင်းတို့ ပြန်ပြောပြလည်း ရတာပဲဟာ၊ မင်းတို့ကိုက ငါ့တောင် မပြောဘဲ ကျိတ်လေ့လာနေကြတာ"

"ငါ မလေ့လာဘူးကွ"

ဇော်ထူးက အပြတ်ငြင်းထားပါသည်။

"မင်းလည်း တွေ့တယ်လေ"

"ငါက လူစုံတက်စုံ ဒီလိုပဲတွေ့တာ၊ ဒီကောင်သာ တစ်ယောက်တည်းကို ကွက်တွေ့တာ"

"ဟော့ကောင် မောင်မင်း ... ပြောပြစမ်း ... ဘယ်လိုဟာလေးလဲ"

"အမိစားလေး၊ ချစ်စရာလေး၊ ကလေးလေးလိုပဲ၊ ရိုးရိုးလေးသဘောကောင်းလေး"

"အောင်မယ်လေး ... တော်ပါတော့ကွာ၊ ဘယ်လိုများ ဖြစ်နေရတာလဲ၊ ရန်ကုန် ရောက်လာတာ ငါးရက် ခြောက်ရက် ရှိသေးတယ်၊ လွန်လွန်းတယ်"

"ဟော့ကောင် နန္ဒ၊ မင်းသိထားဖို့က အဲလို လွန်လွန်းတဲ့အမျိုး ငါ့ရာဇဝင်မှာ ဒီတစ်ကြိမ်သာလျှင် ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် ပြောရင်းဆိုရင်း ဂစ်တာကိုပင် ဆက်မတီးဖြစ်ကြတော့ပါ။

"ဟော့ကောင်တွေ ... ဟိုဘက်က ပုဂ္ဂိုလ်က သူ တံခါးဆောင့် ပိတ်လို့ ငါတို့ကြောက်ပြီး ဆက်မတီးဝံ့ဘူး ထင်နေဦးမယ်။ ဆက်တီးမယ်ကွာ ... လာ"

"ဟော့ကောင် ... ပြဿနာ မရှာစမ်းပါနဲ့ မောင်မင်းရာ။ မင်းရဲ့ ချစ်စရာလေးရဲ့ အမေ ဖြစ်ရင်ဖြစ် ... အမေ ဖြစ်ရင်ဖြစ်မှာ၊ သူ့မိဘတွေပဲ ဖြစ်ဖို့ရှိတာပဲ၊ အလကားနေရင်း အမြင်ကတ်ခံရအောင်၊ သူတို့ဟာသူတို့ ပိတ်တာလည်း ဖြစ်ရင် ဖြစ်မှာပေါ့"

"သူတို့ဟာသူတို့ ဘာလို့ ပိတ်ရမှာလဲ"

"မိုးချုပ်တော့ တံခါးတွေ ပိတ်တာပေါ့ကွာ ... ဒါပဲပေါ့"

"ဆောင့်မပိတ်ရဘူးကွ။ ငါတို့ တီးနေတဲ့ဘက်ကို ဘာမှ တံခါးဆောင့်ပိတ်စရာ မလိုဘူး"

"မင်းကောင်မလေးရဲ့ လူကြီးတွေပဲကွာ၊ ခွင့်လွှတ်လိုက်ပါ"

"ကောင်မလေးကလွဲရင် ဘယ်သူ့ကိုမှ ခွင့်မလွှတ်နိုင်ဘူး ကိုယ့်လူ"

"ဟား ... ဟား ... ဟား ..."

နန္ဒနှင့် ဇော်ထူးက အော်ကြီးဟစ်ကျယ် လှောင်ရယ်ကြပါသည်။ မောင်မင်းက မြို့တုံ့တုံ့ကလေး လိုက်ပြုံးမိပါသည်။





က်စီထဲ ချစ်စရာကောင်မလေးကို မြင်ယောင်ကာ ပြုံးလက်စကို သတ်နိုင်။ ချစ်စရာကောင်းလှတဲ့ ရုပ်ချောချောကလေး။ အသား ရေလေးကလည်း ဖြူ၍ ကြည်စင်နေသည်။

မနက်စောစောထကာ အိမ်ရဲ့နောက်ဖေးဘက်ကို ားကြည့်လိုက်လျှင် မောင်မင်းတို့ရဲ့ နောက်တည့်တည့်နေရာမှာ တဲ့ မြက်ခင်းကြီးထဲ ကောင်မလေးက ခွေးတစ်ကောင်နှင့် ပြေး မ်းလိုက်တမ်း ဆော့ကစားနေတတ်ပါသည်။ ခွေးက သူမရဲ့ခြေ ာက်ကြားတွေထဲက ဖြတ်ဝင်ပြေးလျှင် မြက်ခင်းပေါ် ချော်လဲ တဲ့အခါကျ။

ရယ်မောသံလေးကလည်း လွင်လွင်ချိုကြည်လို့။ မ်ဘိုရေ ... စိန် ... စိန်"လို့ နှုတ်က တိုင်ကာ ဆံပင်ပျော့ပျော့ ဝဲခါအောင် ပြေးတတ်သည်။ တွေ့တာနှစ်ကြိမ်ရှိပြီ။ နေ့တိုင်း ာ့လည်း ထွက်မကစားတတ်ပေ။

မြက်ခင်းကြီးထဲက သူမနှင့် သစ်သားအိမ်လေး က်ဘက်မှ သူ့အကြားထဲမှာ နှစ်ပေလောက် အုတ်တက်ပြီး ပေါ်က သံတိုင်စိုက်ထားသော ခြံစည်းရိုး ရှိပါသည်။ အဲဒီ ည်းရိုးမှာ မောင်မင်းတို့ဘက်ခြမ်းမှာ ကင်းပုံပင် အနွယ်အညွန့် ွ တွယ်တက်ရှုပ်ထွေးနေသည်။ သူမတို့ဘက်ကတော့ ဘာပင် ဘက်မနေပါ။

**အဲဒီ အနွယ်တွေ အရွက်တွေ အညွန့်တွေကြားမှ ကို ကောင်းကောင်း မြင်နေရပါသည်။ ကောင်မလေးက**



www.burmeseclassic.com

www.burmeseclassic.com



တကူးတက လှမ်းမကြည့်ဘဲ သူ့ကို အမှတ်တမဲ့ မတွေ့နိုင် သူကသာလျှင် ခဏတဖြုတ်တော့ ထိုင်ငေးကြည့်နေမိပြီပါ။ အခ ချစ်ဖို့ကောင်းတဲ့ ကောင်မလေး။ အပြစ်ကင်းစင်သော မျက်နှ လေးဟာ နူးညံ့၍ အေးချမ်းနေသည်။

"ဟိုမှာတော့ မိန်းမ မယူချင်လို့ အဘွားနဲ့ ရန်ဖြစ်လာ ဒီကျတော့ ရောက်မယ်မကြံသေးဘူး၊ အနီးဆုံး စ,တွေ ကောင်မလေးကို ကောက်ကြိုက်ဖို့ ကြံနေတယ်"

"ဟေ့ကောင် ... ပြင်ပြောစမ်း"

"ဘာပြင်ပြောရမှာလဲ"

"အနီးမှာတွေ့လို့ ကြုံရာမြင်ရာ အလွယ်တကူ ကော ကြိုက်တာ မဟုတ်ဘူး ဟေ့ကောင်၊ သူလေးက ချစ် ကောင်းတာ"

"အောင်မယ် ... သူလေးကတဲ့ ..."

"ဟိုမှာလည်း မိန်းမ မယူချင်တာထက် ဖင်ကြီးခေါင်း ဟိတ်ဟန်တွေကို အမြင်ကတ်တာကွ၊ အဲဒီအမျိုးသ အထာတွေကို ကြည့်မရလို့ကို တမင်ရှဲ့ပစ်တာ၊ ကို ချစ်တဲ့ဟာ မဟုတ်ရတဲ့ကြားထဲ မိုးနတ်မင်းကြီးသမီး လာလုပ်နေတော့ ဘယ်ကြည့်ရမလဲကွ"

အဘွားက မောင်မင်းကို သူ့မိတ်ဆွေတစ်ယော မြေးမနှင့် စပ်ဟပ်ပါသည်။ မကြိုက်ပါဘူး ... မလုပ်ပါနဲ့ အ ရယ်လို့ သူလည်းငြင်း ... ဖေဖေ့ကိုလည်း စစ်ကူငြင်းခိုင်းပါ





အဘွားကို ကြောက်ရသော ဖေဖေက အဘွားကို ခံမငြင်းဆန်ရဲ ... မကန့်ကွက်ရဲပါ။

ကိုယ့်ဟာနဲ့ကိုယ် စိတ်ညစ်ရတဲ့ကြားထဲ ဤအမျိုး သမီးက သူ့ကိုယ်သူ High Society ကဆိုတဲ့ စတိုင်ကြီးတစ်ခွဲသား နှင့် ကြီးတောင့်ကြီးကျယ် နိုင့်ကာ ဟန်တွေပန်တွေ စတိုင်မလိုင်တွေ များတတ်သည်သာမက တစ်ဖက်သားကိုလည်း အထင်မကြီး သလိုလို၊ ချောင်းဆိုးစဉ် လက်သီးဆုပ်ကလေးရှေ့က မကာမိရင် ကိုပဲ အောက်တန်းကျသယောင် အထင်သေးသလို ကြည့်ရှုတတ်သူ မျိုး ဖြစ်လေရာ စိတ်ကတယ်မရှည်။

ထမင်းဝိုင်းတစ်ဝိုင်းမှာ ဤအမျိုးသမီး စိတ်ပျက် ထိုင်ငိုလောက်အောင်ကို အရွဲ့တိုက် ကိုးလိုးကန့်လန့်လုပ်ပြလိုက်ရာ ထိုအမျိုးသမီးလည်း စိတ်တွေပျက်၊ အဘွားကလည်း လူရှေ့သူရှေ့ ညှော်သည်ရှေ့ ထမင်းပွဲမှာ အောက်တန်းကျကျ ပြုမူရကောင်းလား၊ သူ့အရှက်ကို ခွဲရကောင်းလားရယ်လို့ ဒေါ်တွေပွကာ မောင်မင်းကို နှင်ချတော့တာပါ။

ဖေဖေကတော့ ကိုယ့်အမေနှင့် ကိုယ့်သားအကြား အတော်စိတ်ရှုပ်ရှာပါသည်။ သူ ရန်ကုန်ကို သွားမည်၊ သူငယ်ချင်း တွေနှင့် အတူသွားနေမည်ဆိုတော့ ဖေဖေက သူ ဟိုနားဒီနား ငွေပိုတိုင်း ဝယ်ထားသမျှသော ခြံတွေထဲက ဒီခြံလေး အိမ်လေး သော့ကို သူ့ကို ပေးလိုက်တာပင်။

"မင်း အဲဒီမှာ ခဏသွားနေပေတော့၊ မောင်မြင့်ဇော်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို တစ်ပတ်တစ်ခါတော့ ရှင်းလင်းသန့်ပြန့်ထားပေးဖို့ နိုင်းထားတာဆိုတော့ အသင့်တက်နေလို့ ရမှာပါ၊ ဒါပေမယ့် မင်းအဘွား စိတ်ပြေလောက်ရင်တော့ ပြန်လာကွာ၊ မင်းအဘွားက မင်းကို ကြာကြာစိတ်မတိုနိုင်ပါဘူးကွာ၊ သူ့စိတ်တိုတုန်း ခဏရှောင်နေလိုက်တာလည်း ကောင်းပါတယ်ကွာ"

"ကျွန်တော်က ပိုတောင် ပျော်သေးတယ်"

"အေးပါ ... မင်းအတွက်ကတော့ ပျော်ပွဲစားထွက်ရသလို ဖြစ်နေမှာ ငါ သိပါတယ်၊ မင်းသူငယ်ချင်းတွေကလည်း ရန်ကုန် ရောက်နေကြတာဆိုတော့ ... ရေငတ်တုန်း ရေတွင်းထဲ ကျသလို နေမှာပေါ့၊ ဒွေလိုရင်တောင်း ... ထင်တိုင်းလည်း ကြံမနေနဲ့၊ လိမ်လိမ်မာမာနေ"

ဖေဖေ ဒါတွေ ကျိတ်မှာလိုက်တာ အဘွား မသိပါ။ အဘွားစိတ်ထဲ မောင်မင်း အိမ်ပေါ်က ဆင်းပြီး မန္တလေးက တစ်နေရာရာမှာပဲ သောင်တင်နေတယ် ထင်ရင်လည်း ထင်မည်။ ဘယ်သွားမလဲလည်း သိမှာမဟုတ်ပေ။ မောင်မင်းကတော့ ရန်ကုန်ရောက်ချလာကာ မန္တလေးကနေ ရန်ကုန်ကို ပြောင်းရွှေ့အခြေချသွားတဲ့ သူငယ်ချင်းနှစ်ယောက်ကို ဆက်သွယ်၊ သူတို့ကို ရအောင်ခေါ်ကာ ဒီအိမ်ပေါ် တက်နေလိုက်တာပါ။

ဇော်ထူး အဖေက ကုန်ကားများ ထောင်ထားကာ ပွဲရုံလုပ်ငန်း လုပ်ကိုင်သည်။ နန္ဒ မိဘများက ဝပ်ရှော့လုပ်ငန်းကြီး ထောင်ထားသည်။ မန္တလေးမှ ပြောင်းရွှေ့သွားကြသူတွေဖြစ်ကာ သူတို့မိဘတွေဟာလည်း ဖေဖေနှင့် ခင်ကြသည်။ မန္တလေးမှ ပြောင်းသွားသော်လည်း သူတို့နှစ်ယောက်က မကြာမကြာ မန္တလေးကို လာပြန်လည်နေကျ ... မောင်မင်း အိမ်ကိုပဲ တက်လာနေကာ ပျော်သလောက် နေကြ ... စသဖြင့် ရင်းနှီးချစ်ခင်လွန်းကာ အဆက်အဆံလည်း မပြတ်ကြ၍ မောင်မင်းခုလို သူတို့ကို အတူလာနေဖို့ ခေါ်တော့လည်း မိဘတွေက ကြည်သာစွာပင် ခွင့်ပြု၍ ထည့်လိုက်ကြတာပင်။

ဒီလိုနှင့် ဒီအိမ်ကလေးကို မောင်မင်း၊ ဇော်ထူးနှင့် နန္ဒတို့ ရောက်လာကြတာ ငါးရက်တင်းတင်းကြီးများပင် ပြည့်ပါပေါ့ ...။

"ကဲ ... ကဲ ... အထဲဝင်ကြစို့ကွာ ... အိပ်မယ်၊ မင်းတို့ မနက်ကျ ငါ့အဖေပွဲရုံမှာ လိုက်ကူမယ်ဆို"

"ကူမှာပေါ့ကွ ... အေးအေးဆေးဆေးပေါ့၊ မအိပ်ချင်သေးပါဘူး ...၊ ငါ ထင်နေတယ်ကွ"

"ဘာထင်နေတာလဲ"

"ဟိုဘက်က ဟိုအခန်းဟာ ကောင်မလေး အခန်း ထင်တယ်"

"ဟာ ... ဘာများလဲလို့ကွာ၊ မင်း ဘယ်လိုဖြစ်နေတာလဲ မောင်မင်း၊ အချိန်ပြည့် ခေါင်းထဲမှာ ဒါပဲလား"

"ခုန တံခါးဆောင့်ပိတ်သွားတဲ့ အခန်းက အဲကွန်းဟာပ်မ







www.burmeseclassic.com

www.burmeseclassic.com



ထားဘူး၊ အိပ်ခန်း မဖြစ်နိုင်ဘူးကွ၊ အဲဒီရဲ့ ဟိုဘက်ခန်းမှာ အပြင်မှာ အဲကွန်းတပ်ထားတယ် မြင်လား ...၊ အဲဒါ ကောင်မလေးရဲ့အခန်း ဖြစ်နိုင်ခြေ ရှိတယ်"

"မင်း ရန်ကုန် လာတာ ရည်းစားထားဖို့ လာတာလား၊ ကိုယ့်ထမင်း ကိုယ်ရှာစားဖို့ လာတာလား"

"ကိုယ့်ထမင်း ကိုယ်ရှာစားကြည့်မလို့ပဲ၊ ဒါပေမယ့် မမျှော်လင့်ဘဲ ဟိုဘက်ကပ်ရက်ခြံမှာ သူမက ရှိနေတော့ ငါက လည်း မြင်လိုက်မိပြီ၊ ဆိုတော့ကာ ..."

"မင်း တကယ်ငေ့ ပြောနေတာလား၊ စကားတွေက ဒီခေါင်းစဉ်အောက်ကကို မထွက်ဘူးနော်"

"တကယ်ပြောနေတာ"

"မင်း ဘယ်နှခါ တွေ့ပြီးလို့လဲ"

"နှစ်ခါ ..."

"နှစ်ခါတွေ့ဖူးတဲ့ ကောင်မလေးတစ်ယောက်ကို မင်း တကယ်ပဲ ... ချစ်တာလား ကြိုက်တာလား စိတ်ဝင်စားတာလား"

"ဘာမှန်းတော့ မသိဘူးကွ ... ငါလည်း သိပ်နားလည်တာ မဟုတ်ဘူး ... ဟော့ကောင် ဇော်ထူး၊ မင်း အိမ်သားဘယ် နှယောက် မြင်ဖူးလဲ"

"ဘယ်နှယောက်လဲတော့ မသိဘူး ... တွေ့နေတာပဲ ...၊ မနက် မနက်ကျ ပါဂျရီနဲ့ ထွက်ထွက်သွားတဲ့ ပုဂ္ဂိုလ်က





တစ်ယောက်၊ သူ့မိန်းမ ဖြစ်နိုင်တဲ့ ခပ်လတ်လတ်အရွယ်က တစ်ယောက်"

"ကောင်မလေး မိဘတွေပေါ့ ... ! "

"မဖြစ်နိုင်ဘူး နန္ဒရ၊ အဲဒီစုံတွဲက သိပ်မကြီးလှသေးဘူး၊ ကောင်မလေးက တစ်ယောက်၊ အိမ်ရှင်ဖြစ်နိုင်ချေရှိတာ ဒီသုံးယောက်ပဲ တွေ့တယ်၊ ကျန်တာတွေကတော့ ထမင်းချက်တို့ တခြားအလုပ်သမားတို့ ဖြစ်မယ် ထင်ရတာတွေပဲ၊ သူ့မိဘ ဖြစ်နိုင်တဲ့ အရွယ်မျိုးလည်း မတွေ့သေးဘူး"

အင်း ... မောင်မင်းကတော့ ကောင်မလေးကလွဲပြီး ယ်သူ့ကိုမှ သတိမထားမိတာပါ။ ဟိုဘက်ခြံက တစ်စုံတစ် ယာက် အပြင်ထွက်မလို့ ဖြစ်နိုင်သော ကားစက်နှိုးသံကြီး းလည်းပဲ လှည့်ကြည့်မိတာ မဟုတ်။ သူ့စိတ်ထဲ သေချာတာ တံခါးဆောင့်ပိတ်သွားသူသည် ရိုးသားအေးဆေး သဘော ာင်းလှပုံရတဲ့ ကောင်မလေးတော့ လုံးဝမဟုတ်နိုင်ဘူး ဆိုတာ ပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ကားငှားသွားမယ်လေကွာ"

ဖော်ထူး စကားကြောင့် မောင်မင်းက မျက်မှောင်ကြုတ်ကာ ကြည့်ရင်း ...

"မင်းတို့ကောင်တွေ သိပ်ကောင်းကင်ဆန်မနေနဲ့၊ တက္ကစီခတွေက အရမ်းဈေးကြီးတာပဲ၊ ငါ ရောက်တဲ့နေ့က မင်းတို့အိမ်တွေလာတာ ကားငှားစီးလာတော့ ကားခ ရေလည်ထိတယ်ကွာ၊ မတန်ဘူး ... ဒီခရီးနဲ့ ဒီခရီးကို"

"ဒါ ရန်ကုန်မှာ ပုံမှန်ပဲ ဟေ့ကောင်"

"ပုံမှန်ဆိုရင် မစီးဘူးပေါ့ကွာ ... ရှင်းနေတာပဲ၊ ဘတ်စ်ကားတွေ ရှိတာပဲဟာ"

"ကျပ်တယ်ကွ၊ မင်း ဘာမှ မသိဘဲနဲ့"





သုံးယောက်သား လမ်းထိပ်လျှောက်ထွက်လာပြီးလျှင် ဖော်ထူးနှင့် နန္ဒက ကားငှားသွားမည့်ဘက်က အဆိုပြုနေသော်လည်း မောင်မင်းက ခပ်လှမ်းလှမ်းက ဘတ်စ်ကားဂိတ်ဆီ ဆက်လျှောက်နေပြီမို့ နောက်က ပါလာကြရပါသည်။

"ကျပ်ပစေပေါ့ကွ ... ယောကျ်ားပဲ၊ ဘတ်စ်ကားမှ တိုးမစီးချင်ဘူးလား၊ မင်းတို့က"

"ကျွတ် ... မန္တလေးက ဒေါ်စိန်ဥ မြေးကလည်း မြေကြီးဆန်လွန်းနေပြန်ပြီ"

မန္တလေးက ဒေါ်စိန်ဥ ဆိုသည်မှာ မန္တလေးမှာတော့ မသိသူ မရှိရအောင် ထိပ်ထိပ်ကြဲ ချမ်းသာကြွယ်ဝကာ အလှူဒါနအရာမှာလည်း ရက်ရောလှ၍ နိုင်ငံတော်က ပေးအပ်ချီးမြှင့်သော ဘွဲ့တံဆိပ်တို့နှင့်ပါ ယှဉ်တွဲလူသိများလှတာ။

"အေးလေ ... ဘွားအေက ချမ်းသာသလောက် မြေးက ဆင်းရဲသားဓာတ ပါတယ်ထင်တယ်"

"ဟေ့ကောင်တွေ၊ ပစိပစပ် သိပ်များတယ်ကွာ၊ ဘတ်စ်ကား စီးရမှာကို ဖြစ်နေလိုက်တာ၊ ရုံးတက်ချိန် ရုံးဆင်းချိန်လည်း မဟုတ်ဘူး၊ နေ့လယ်ချိန် ကားချောင်တဲ့အချိန်၊ ပြီးတော့ စီးမှာက ဘုရင့်နောင်ကို၊ မြို့ထဲဘက်ကိုမဟုတ်ဘူး၊ ကားက ကျိန်းသေပေါက် ချောင်မှာ"

"ကျွတ် ... သူကပဲ အစစအရာရာ သိနေရပြန်ပြီး ငါ



www.burmeseclassic.com

www.burmeseclassic.com



…တွေ မသိဘူးနော်၊ ဘာကားစီးရမလဲ မင်းရော သိလို့ လား”

မောင်မင်းက ပါးစပ်ပါတယ်ဆိုတဲ့ အမိပ္ပာယ် … ပါးစပ်ကို လက်ညှိုးထိုးပြလိုက်ပါသည်။ ဇော်ထူးနှင့် နန္ဒ မိဘများကို မောင်မင်းက ပြောထားပါသည်။ ပွဲရုံမှာ တချို့ရက်တွေ အလုပ်လာကူလုပ်မည်၊ ဝပ်ရှော့ပ်မှာ တချို့ရက်တွေ အလုပ်လာကူလုပ်မည်။ သူ့ကို နေ့စားခ ပေးပါရယ်လို့။

ဒေါ်စိန်ဥ၊ မြေးက ဤသို့ပြောတော့ ဇော်ထူးတို့ နန္ဒတို့ မိဘတွေက ပ…းဟားဟားနှင့် ပွဲကျကြပါသည်။ မိဘတွေချင်းလည်း ခင်မင်တာမို့ မောင်မင်းက ငွေလို့လို့ပါဟု တောင်းလည်း ပေးရမှာပဲ ဖြစ်ပါလျက် ဒီစကားမျိုးဆိုတော့ အားနာပါးနာကြီးတွေ ဖြစ်နေကြသည်။

“ကျွန်တော် တကယ်ပြောတာ အန်ကယ်၊ အဲလို ခိုင်းပြီး ပိုက်ဆံမပေးရင် ကျွန်တော်က တခြားနေရာ သွားလုပ်နေရမှာ”

“ငွေလိုရင် ယူသုံးစမ်းပါ မောင်မင်းရာ”

“ယူမသုံးချင်ပါဘူး အန်ကယ်ရ။ ကျွန်တော် တစ်ခုခုတော့ လုပ်မယ်၊ အဲဒီကျ ငွေလိုရင် ဖေဖေ့ဆီ လှမ်းတောင်းမှာပါ၊ အခုက ဘာလုပ်ရမလဲ စဉ်းစားမရခင် ပွဲရုံအလုပ်ကော ဝပ်ရှော့ပ်အလုပ်ကောလည်း လေ့လာထားချင်လို့ပါ”





နောက်ဆုံး မောင်မင်းက ဖွတ်လုပ်မည်ဆို၍ ဇော်ထူး …င်၊ နန္ဒဖခင် နှစ်ဦးလုံးကပင် …

“အေးကွာ …၊ ကောင်းတာပဲ၊ ဒီကောင်တွေ နှစ်ကောင်လည်း လပ်လျားလပ်လျားနဲ့ ၊ သုံးယောက် အတူတူ ဟိုဘက်ကူလိုက် ဒီဘက်ကူလိုက် လာလုပ်ကြ၊ ဒီကောင်တွေကို အလကားနေရင်း သုံးဖို့မုန့်ဖိုး ပေးနေရတာ၊ ခိုင်းလည်း သိပ်လုပ်ကူချင်ကြတာ မဟုတ်ဘူး၊ အခု မောင်မင်း လုပ်လိုက်မှ ကောင်းသွားတယ်၊ သုံးယောက်လုံးကို နေ့တွက် ပေးမယ်”

အလကား မုန့်ဖိုးလက်ဖြန့်တောင်းသုံးလို့ ရနေရာက …လုပ်လုပ်ပြီးမှ ရတော့မလို ဖြစ်သွားတာမို့ ဇော်ထူးနှင့် နန္ဒက …ာင်မင်းကို ကျိန်ဆဲကြပါသည်။

“မောင်မင်းကြီးသား ရောဂါထူပါစေ … ဆင်းရဲပါစေ”

ဘယ်လိုပင် ကျိန်ဆဲသော်လည်း အဖေတွေက …ာင်မင်း လုပ်ပုံကို သဘောကျသွားပြီဖြစ်ရာ သူတို့ပါ အတူ …ယ့်အလုပ်ခွင် ကိုယ်ပြန်ကူကြရပါတော့သည်။ ပွဲရုံမှာ အလုပ် …းတဲ့ရက်မျိုး ပွဲရုံကို အလုပ်ဆင်း၊ ဝပ်ရှော့ပ်မှာ အလုပ်မနိုင်တဲ့ …မျိုး ဝပ်ရှော့ကို အလုပ်ဆင်း။

“ဟော … ဟိုမှာတွေ့လား … ဘုရင့်နောင်ရောက်မယ့် ကား ချောင်လိုက်တာ၊ ထိုင်စရာတွေတောင် ရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို မောင်မင်းက ကားချောင်ချောင် [illegible] ပြေးတက်ကာ ပြတင်းပေါက်ဘေး ထိုင်ခုံတစ်နေရာမှာ ဝင်ထိုင်လိုက်ပါသည်။ ဖြည်းဖြည်းတက်လာသော ဖော်ထူးတို့က မောင်မင်း ဘေးမှာ တစ်ယောက် ရှေ့ခုံမှာတစ်ယောက် ဝင်ထိုင်လိုက်ပြီးလျှင် ...

"မင်း အတော်မွေတယ်ကွာ မောင်မင်းရာ"

"အစစ်ပဲ ... ဒီကောင် ရန်ကုန်ရောက်လာတာ ငါတို့ ဘဝပျက်ဖို့ပဲ"

"ဟာ ... အလုပ်လုပ်တာပဲ ဘဝပျက်စရာလားကွ"

"ဟေ့ကောင် ... အလုပ်လုပ်မယ်ဆိုရင်တောင် ငါ့အဖေထိုင်တဲ့ ကောင်တာစားပွဲမျိုးထိုင်ပြီး ကုလုပ်မှာပေါ့၊ ခုတော့ မင်းက ပွဲရုံဆိုလည်း ဟိုအိတ်ဒီအိတ်တွေပါ ဝင်ထမ်း၊ ဝင်မ,၊ ဝပ်ရှော့ပ်ကျတော့လည်း ကားအောက်ထဲ ဝင်လိုဝင်၊ ဟိုးအောက်ခြေတွေ လျှောက်လုပ်နေတာကိုးကွ ... ငါတို့ပါ လိုက်လုပ်ရရော၊ မလုပ်ရင် အဖေတွေက မကြည်ချင်တော့ဘူး"

"ဟုတ်တယ် မောင်မင်း၊ ပဲအိတ် ကြက်သွန်အိတ်ထိ ဘာမှ ဝင်ထမ်းစရာ မလိုဘူး ဟေ့ကောင် ... မင်းဟာက လွန်လွန်းတယ်"

"ပျော်စရာကြီးပါကွ၊ ဒါ အခိုက်အတန့်ပါ၊ မင်းတို့ ငါတို့က တစ်သက်လုံး ပွဲရုံမှာ ပဲအိတ်ထမ်းရမယ့် အစားတွေမှ





မဟုတ်တာ၊ ကိုယ့်မိဘတွေက ဒီထက်ကောင်းတဲ့ အလုပ်မျိုး အခြေချပေးမှာချည်းပဲ၊ ခဏတဖြုတ်လုပ်တာပဲ၊ ဗဟုသုတလည်း ရတယ်၊ ပျော်စရာလည်း ကောင်းတယ်"

"ဘာမှ မပျော်ဘူး ဟေ့ကောင်၊ ပင်လည်း ပင်ပန်းတယ်၊ ဗဟုသုတလည်း မလိုချင်ဘူး"

"မြင့်တဲ့နေရာမှာပဲ ကိုယ်ကနေပြီး ကြည့်ရင် အနိမ့်က အခက်အခဲတွေ ပြဿနာတွေ မပြေလည်မှုတွေ ဘာမှ ထဲထဲဝင်ဝင် မသိနိုင်ဘူး၊ ကိုယ်တိုင် အနိမ့်ကို ဆင်းကြည့်မှ တပြေးညီမြင်တာ၊ ဒီအတွေ့အကြုံတွေက နောင် မင်း ပွဲရုံကို အုပ်ချုပ်ရင် ... မင်းလည်း ဝပ်ရှော့ပ်ကို အုပ်ချုပ်ရရင် အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးရှိတဲ့ အတွေ့အကြုံတွေကွ"

"တော်စမ်းပါကွာ၊ လောလောဆယ် ပဲအိတ်ထမ်းရတာ ခါးနာပြီး ကားအောက်ဝင်နှိုက်ရတာ လူပေတယ်ကွ၊ လက်သည်းတွေလည်း ထိပ်မည်းပြီး အဆင့်ကို ကျနေတာပဲ၊ သန့်လို့ကို မရတော့ဘူး ..."

"လက်သည်းသန့်နေတာဟာ လူတစ်ယောက်ရဲ့ တန်ဖိုး မဟုတ်ပါဘူးကွာ"

"မကြီးကျယ်နဲ့ ဟေ့ကောင် ... လက်သည်းသန့်တာ တန်ဖိုး မဟုတ်လည်းပဲ လက်သည်းညစ်ပတ်နေရင်တော့ ကိုယ့်ဟာကိုယ်တောင် ရွံတယ်ကွ"

"သန့်အောင် ပြန်ဆေးပေါ့ကွ ... ဒါပဲရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် နန္ဒ... ဒီကောင့်ကို ပြောမနေနဲ့ ... ငါတို့ကို
ဒီကောင့်မြေပါလို့ ဒီကောင့်သူငယ်ချင်းအဖြစ် ဝင့်ခံ
တာ"

မောင်မင်းက တဟားဟား ရယ်မောလိုက်တု
ဘတ်စ်ကားက လှည်းတန်းမီးပွိုင့်မှာ မီးနီမိ၍ ခဏရပ်သွား
သည်။ ပြတင်းပေါက်မှ မီးပွိုင့်မြင်ကွင်းကို ဟိုဟိုဒီဒီ ကြည့်
သော မောင်မင်းသည် သူတို့နှင့် ဘေးချင်းယှဉ်လျက်လိုင်း
ရပ်ထားသော အနက်ရောင် ပြောင်ပြောင်လက်လက် ပရီဆီးကာ
လေးကို မြင်ကာ အမှတ်တမဲ့ ကားလေးကို ကြည့်နေမိပါသည်

"ဟင် ..."

ကြည့်နေပြီး ခဏကြာမှပင် ကားမောင်းသူနေရာ
ထိုင်နေတာဟာ မိန်းကလေးတစ်ဦးဖြစ်ကြောင်း ... ပြီးတော့
ထိုမိန်းကလေးဟာ ဘေးခြံက သူမလေးဖြစ်ကြောင်း မှတ်မိသွား
ပါသည်။

ကြည့်စမ်း ...

စတီယာရင်ပေါ် လှမ်းတင်ထားတဲ့ လက်ဖျံက
နှစ်ဖက်ဟာ ဖြူစိမ်း၍ လှလိုက်တာ။ လက်ကောက်ဝတ်လေး
မှာ ဂလက်တီနမ် ဟဲန်းချိန်းပျော့လေးတွေနှင့် ...။ အသား
နုနုအကျီနှင့်မို့ အကျီလက်ပြတ် ဝတ်ထားသည့် လက်မောင်း
လေးတွေဟာ အဝတ်စနှင့် အကြားမထင် တစ်ပြေးတည်း အ
ညီကာ ကြည့်မဝချင်စရာ။





တအားကို ချစ်ဖို့ကောင်းတဲ့ ကောင်မလေး။ နာမည်
ဘယ်လိုခေါ်ပါသလဲ ကောင်မလေးရေ။ မင်းနဲ့ ရင်းနှီးကျွမ်းဝင်
ချင်လိုက်တာ၊ စကားပြောချင်လိုက်တာ။

ထိုစဉ်တုန်း ကောင်မလေးက ဘေးချင်းယှဉ် ဘတ်စ်
ကားကို ဘာရယ်မဟုတ် လှည့်ငေးကြည့်လိုက်ရာမှ မျက်လုံးကလေး
က အပေါ်ဘက် ဝင့်လာကာ ပြတင်းပေါက်တွေဆီ ဖျတ်ခနဲ
အကြည့်ရောက်လာပါသည်။ ထိုအခါ မောင်မင်း စိုက်ကြည့်နေ
သည်နှင့် တန်းခနဲ သွားဆုံတိုးတော့တာပါပဲ။

မောင်မင်းကို အမြင်မှာ ကောင်မလေး မျက်လုံး
လေးက မသိမသာ ဝိုင်းသွားသည်မှာ သိသိမှတ်မှတ်ရှိတဲ့ဟန်။
သူလည်း မောင်မင်းကို ဒီဘက်ခြံမှာ မြင်ဖူးပြီးပြီ ထင်ပါရဲ့။
ချစ်စရာကောင်းလှတဲ့ မျက်လုံးဝိုင်းစက်လေး နှုတ်ခမ်းဝိုင်းလေး
တို့ကြောင့် မောင်မင်းမှာ အလိုအလျောက် ပြုံးကြည်လာမိပြီးလျှင်
စ,နောက်ချင်စိတ်နှင့် နှာခေါင်းကို ဆတ်ခနဲ ရှုံ့ပြလိုက်ပါသည်။

ခင်လေးရှင်သည် ကိုယ့်ကို ပြုံပြပြီး နှာခေါင်းပါ
ရှုံ့ပြလိုက်သေးသော လူကြောင့် ရက်သ[illegible] စိတ်တိုသလိုလို
ဖြစ်ကာ ဖျတ်ခနဲ မျက်စောင်းထိုးပြီး [illegible]ကို ပြန်လှည့်လျက်
နှုတ်ခမ်းလေးပါ တင်းတင်းစေ့ထားလိုက်ပါသည်။

ဘာမှန်းမသိဘူး။ လူကို နှာခေါင်းလာရှုံ့ပြတယ်။
ကိုကိုကြီး ပြောတဲ့ ဂျပိုးတွေ ကလေကချေတွေဆိုတာ ဟုတ်များ
ဟုတ်နေသလား မသိပေ။ တစ်နေ့ တစ်နေ့ ညဘက်ရောက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးက ဂစ်တာသံတွေကြောင့် ကိုကိုကြီး ပွစိဖျစ်တောက်မဆုံးသလို မမယုမှာလည်း ဖျောင်းဖျရမဆုံး။ သူတို့ ဂစ်တာသံတွေကလည်း မှတ်ပါရဲ့။

ကောင်းကောင်းတီးတတ်တဲ့သူ တီးတာမဟုတ်၍ နားဝင်မချိုဘဲ ကြမ်းနေပါသည်။ ကိုကိုကြီးက ဒေါ်တွေပွနေသလောက် ခင်လေးရှင်ကတော့ မတီးတတ် တီးတတ် တီးပုံနှင့် အသံမကောင်းပဲ ဆိုပုံတို့ကို ရယ်ပဲရယ်ချင်ကာ ကျိတ်ကျိတ်ရယ်ရပါသည်။

အခု ဘတ်စ်ကား ပြတင်းပေါက်က လူပေါ့။

မနက်မနက်ဆို သစ်သားအိမ်မည်းလေးရဲ့ နောက်ဘက်ကိုထွက်ကာ ဆန်ဆေးနေတာတို့ ဟင်းချက်ဖို့ လှီးချွတ်ဆေးကြောနေတာတို့ အဝတ်လျှော်နေတာတို့ တွေ့ရပါသည်။ တွေ့ရတာကလည်း ခင်လေးရှင်ရဲ့ အခန်းပြတင်းပေါက်ကနေ ရပ်ကြည့်မိလို့ပါ။ ပြတင်းမှန်တွေက အမည်းတွေမို့ အထဲကကြည့်လျှင် အပြင်ကို ကြည်လင်စွာ မြင်ရသော်လည်း အပြင်ကနေ သူမော့ကြည့်ရင်တော့ အထဲကို မြင်ရမှာ မဟုတ်ပါ။

ခွပ်ကျယ်ဖြူလက်ပြတ်နှင့် ဂျင်းဘောင်းဘီ ခပ်ပျော့ပျော့တွေကို ဝတ်ဆင်ကာ ဆံပင်က ရှည်ချင်ချင်ရှိတဲ့ သူ့ပုံစံက ကိုကိုကြီး သတ်မှတ်တဲ့ Gentleman ပုံစံတော့ လုံးဝမပေါက်ပါ။ သူလုပ်ကိုင်နေပုံတွေမှာ ယောကျ်ားအားမာန်နှင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတို့ကတော့ အပြည့်ပါဝင်နေသည်။





သူ့မျက်နှာဟာ မမာကျော့ပေမယ့် ခပ်တည်တည်နှင့် ဘယ်သူ့ကိုမှလဲ ဂရုစိုက်ပုံမရ။ လုပ်ချင်တာလုပ်မည့်ပုံ ပြောချင်တာ ပြောမည့်ပုံက သူ့ရုပ်ရည်မှာ အထင်းသား ပေါ်လွင်နေပါသည်။ ဘာပဲဖြစ်ဖြစ် ထိုသူဟာ အတော်တော့ ကြည့်ကောင်းသည်။ မျက်နှာပေါ်မှာ အားမာန်တစ်ခု အမြဲရှိနေကာ ထိုမျက်နှာဟာ ဖြောင့်လည်း ဖြောင့်မတ်သည်။

လွဲကာမှလွဲရော သူ့ရုပ်မှာ ကလိမ်ကကျစ် ညစ်တတ်သည့် အရိပ် လုံးဝမရှိ။ သူ့မျက်နှာဟာ ရုပ်ချောတာထက် သန့်ရှင်းတောက်ပနေတာက ပိုပါသည်။ အို ... ကိုကိုကြီးက ကလေကချေတွေလို့ သတ်မှတ်ထားတဲ့ သူအကြောင်း ခင်လေးရှင်က ဘာကြောင့် စစ်စစ်ပေါက်ပေါက် စဉ်းစားတွေးတောနေမိရသလဲ။

မီးပွိုင့်က စိမ်းသွားပြီမို့ ခင်လေးရှင်က ကားကို ဘယ်ဘက်ကွေ့ရပေမည်။ သူတို့က အဖြောင့်သွားလိမ့်မည်။ ကိုယ့်ကိုယ်ကိုယ် မထိန်းလိုက်နိုင်ခင် ခင်လေးရှင်သည် ဘတ်စ်ကားပြတင်းပေါက်ကို ဖျတ်ခနဲ တစ်ကြိမ်ထပ်၍ ပင့်ကြည့်လိုက်မိပါသည်။

ခုထိလှမ်းစိုက်ကြည့်နေတဲ့ ထိုသူက ပြုံးမြမြနှင့် ခေါင်းကို နောက်တစ်ချက် ထပ်ရှို့ပြလိုက်လျှင် ခင်လေးရှင်ကဲ ဘက်တိုသွားပါသည်။ မိန်းကလေး လှတပတမြင်လျှင် နှာခေါင်း [illegible] ပြ၊ မျက်စိမှိတ်ပြ၊ လျှာထုတ်ပြ၊ မကြားတကြား လှမ်းပြောဆိုတဲ့ အစားမျိုးတွေကို ခင်လေးရှင် မုန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါါစားဆန်သည်။ ကလေကချေ တကယ်ဆန်သည်။ သို့ပေမယ့် ... အင်း ... သို့ပေမယ့်လည်းလေ ... သူ့နှာခေါင်းရှုံ့ပြပုံကကျတော့ တကျောရှူး ကလေကချေရုပ်ကြီး မဆန်ဘဲ ကားယားပေါက်စလေးတစ်ယောက်ကို မြင်လို့ လှမ်းစ,သလိုနယ်ချစ်စနိုး အမူအရာတစ်မျိုးနှင့် သန့်ရှင်းသလိုလို ရှိနေပြန်ရာ ...။

အို ... ဘာဖြစ်လို့များ သူ့ကို အပြစ်လွှတ်တဲ့အတွေး တွေးမိနေပါလိမ့်။

❦ ❦

မောင်မင်းက သူ့ခြံရှေ့ မျက်နှာစာမှာ သစ်သားဆိုင်ခန်းလေးနှစ်ခန်းဆောက်ပြီး ကွန်ပျူတာစာစီနှင့် မိတ္တူကူးဆိုင်တစ်ဆိုင်နှင့် ဗီဒီယိုခွေငှားဆိုင်တစ်ဆိုင် နှစ်ဆိုင်တွဲဖွင့်ဖို့ စီစဉ်ပါသည်။ သူတို့ သူငယ်ချင်းသုံးယောက်လုံး ကွန်ပျူတာကို စာစီစာရိုက်သာမက ဂရပ်ဖစ်နှင့် ပတ်သက်၍လည်း အနည်းနဲ့အများတတ်ကျွမ်းကြပြီးသားပင်။ အလုပ်သမားတောင် ငှားစရာလိုမည်မထင်။

ဤကိစ္စကိုတော့ နန္ဒာရော ဇော်ထူးပါ ကျေကျေနပ်နပ် သဘောတူ စိတ်ပါကြပါသည်။ သူတို့ပါ ငွေထည့်ကြမည်ဟုလည်း ဆိုပါသည်။ သူတို့အဖို့တော့ ပွဲရုံမသွားရလျှင် ဝပ်ရှော့ပ်မသွားရလျှင် ပြီးရော။ ဆိုင်မှာ ထိုင်လုပ်နေရမှာက အရိပ်ထဲဆိုတော့ ဟိုဟာတွေထက်တော့ လူသက်သာမည်ဟု တွက်သည်။

သို့ပေမယ့် မောင်မင်းက ကွန်ပျူတာတွေရော ဖိုတိုကော်ပီယာပါ ဝယ်ရမည့် လုပ်ငန်းအတွက်တော့ သူ့အဖေထံမှသာ ငွေတောင်း၍ သူ့ဟာသူ ရင်းနှီးမည်ဟု စီစဉ်သည်။ ဗီဒီယိုခွေဆိုင်မှာတော့ နန္ဒတို့လည်း ငွေပါရင်ပါ။

"ဘာလဲကွ ... ဒါဖြင့် ငါတို့နှစ်ယောက်က စာစီစာရိုက်ဘက်မှာကျတော့ ဝန်ထမ်းလခ ယူရမှာလား"

"မဟုတ်ပါဘူးကွာ၊ အလုပ်နှစ်ခုစလုံးက ဝင်ငွေအားလုံး ပြန်သုံးရတာပြီးရင် သုံးယောက် အကျိုးအမြတ် အညီအမျှပဲ။ ငါက ဟိုပစ္စည်းတွေဝယ်တဲ့ထဲ ငွေမထည့်ခိုင်းတာက နောင် ဒီအလုပ် ရပ်ပစ်ရင် ဒါတွေ ပြန်ရောင်း ငွေပြန်ခွဲ ဖြစ်နေမှာစိုးလို့ ... အလုပ်ရှုပ်တယ်၊ အလုပ်ရပ်ရင် ဒီပစ္စည်းတွေ ခေါက်သိမ်းထားရင်လည်း ငါတစ်ယောက်တည်းပိုင် ပြန်မခွဲရတော့ဘူးပေါ့၊ ပြီးရော ..."

"အေး ... ဒါဆိုပြီးရော ... ငါတို့ကို လခစားလိုတော့ မလုပ်နဲ့နော် ဟေ့ကောင်"

"မလုပ်ပါဘူးကွ၊ အညီအမျှပဲ၊ လုပ်စရာရှိလည်း အညီအမျှပဲ၊ အားတဲ့သူ ဝင်လုပ်"

"အေး ... ကောင်းတယ်"







www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ဆိုင်ခန်းဆောက်နိုင်ဖို့ ခြံမျက်နှာစာကို ရှင်းရမယ်၊ တစ်လက်စတည်း အပင်တွေခုတ် နွယ်တွေသတ်ပြီး ရှင်းရှင်းလင်းလင်းလေးဖြစ်အောင် လုပ်လိုက်မယ်၊ အဲဒါလည်း သုံးယောက် အညီအမျှပဲ လုပ်ရမယ်"

"ဟာ ... လာပြန်ပြီကွာ"

"အေးလေ ... အလုပ်သမား ခေါ်ရှင်းခိုင်းလည်း ရတာ"

"အလုပ်သမား ခေါ်ရှင်းခိုင်းရအောင် မင်းတို့မှာ လက်မပါလို့လား၊ အလကား ပိုက်ဆံကုန်အောင်၊ ကိုယ့်ဟာကိုယ်ရှင်းမှာပေါ့ကွ"

"ကျွတ် ... ဆိုင်ခန်းဆောက်တော့ရော ... ငါတို့ဘာသာဆောက်ရဦးမှာလား"

"ဒါတော့ လက်သမားခေါ်မှာပေါ့ကွ၊ ငါတို့မှ မကျွမ်းကျင်တာ၊ ဝင်ကူရုံလောက်ပေါ့"

"ဝင်ကူရဦးမယ်"

"ဒါပေါ့"

"မှားပါတယ်၊ ဒီကောင် မန္တလေးမှာ ဟိုမိန်းမနဲ့ရပြီး ရန်ကုန်ကို ရောက်မလာခဲ့ရင် အကောင်းသားကွာ"

"မင်းတို့ ကြိုစဉ်းစားပြီး ပျင်းနေတာပါ၊ တကယ်လုပ်ရင် ပျော်စရာကြီးပါကွ၊ နက်ဖြန် ဘယ်မှ အလုပ်မဆင်းဘူး ခြံရှင်းမယ်"





ဤသို့ဖြင့် နောက်တစ်ရက်တွင် သူတို့သုံးယောက်သား ခြံထဲမှာ ခုတ်တန်တာတွေခုတ်၊ နှုတ်တန်တာတွေနှုတ်၊ ရှင်းကြလင်းကြပါသည်။ မျက်စိထဲ ဟင်းလင်းကြီး မဖြစ်ရုံ ချန်ရစ်ကာ အပင်အတော်များများ ရှင်းပစ်ပါသည်။ အရိပ်ကလေးကျန်ရုံလောက်သာ ထားရစ်သည်။

တစ်နေကုန် ဓားရှည်တွေ ပေါက်ဆိန်တွေ တူရွင်းတွေကိုယ်စီနှင့် ခုတ်ထွင်ရှင်းလင်းကြကာ ညဘက်ကျမှပဲ ခုတ်ထွင်ထားသမျှ ပင်စည်တွေ အကိုင်းတွေ အနွယ်တွေ ခြုံတွေကို မီးပုံရှို့ကြပါသည်။

"ပင်ပန်းလိုက်တာကွာ၊ ရေချိုးချင်လှပြီ"

"အားလုံး ချိုးချင်တာပေါ့ကွ၊ မီးရှို့ပြီးမှ တစ်ခါတည်းချိုးပေါ့၊ နောက်နေ့ ဆက်လုပ်နေရဦးမယ်၊ အပြတ်ဖြတ်မယ်၊ ကိုးနာရီလောက်ဆို ပြီးသွားမှာပဲ"

"ကိုးနာရီလောက် ! ... ဟကောင် ... ဗိုက်ဆာပြီကွ"

"ပေါင်မုန့်နဲ့ ကော်ဖီ ငါလုပ်ပေးထားတယ် စားထားလေ၊ ပြီးမှ ရေမိုးချိုးပြီး မြို့ထဲထွက်စားကြမယ်"

"အဲဒီအချိန် မင်းဆိုင်တွေက ရှိဦးမှ"

"ဘာလို့ မရှိရမှာလဲကွာ၊ ရက်စတောရဲင့်တွေ ဘာတွေ ဒီအချိန် မပိတ်သေးပါဘူး ... မင်းတို့ကလည်း ညည်းချင်က ထူလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ၊ ဆိုင်ဖွင့်ဖို့ အစီအစဉ်လည်း မင်းစ,တာဆိုတော့ မင်း ဦးဆောင်ရာပေါ့ကွာ"

တစ်နေကုန် ပင်ပန်း[illegible]၍ လူတွေက ချွေးတွေသံတွေနှင့် မည်းသည်းညစ်တူးကာ စုတ်ပြတ်သတ်နေကြပါသည်။ မီးပုံရှို့နေရတာမို့ မီးအပူဟပ်၍ ချွေးတွေ စိုလက်ကာ မျက်နှာတွေလည်း ဆီရောင်ပြန်လို့ပင်။

ထိုအချိန်မှာ တစ်ဖက်ခြံ၌ အလန့်တကြား ဖြစ်နေသူကား ဦးဘုန်းပြည့်ပင်။

"ဟိုဘက်ပြတင်းပေါက်က မီးရောင်ရဲရဲတွေတွေ့လို့ ပြေးကြည့်တာ ဟိုကလေကချေကောင်တွေ မီးရှို့နေပြန်ပြီကွ"

"ဘာကို ရှို့နေတာလဲ ကိုကိုကြီး"

ခင်လေးရှင်က အလန့်တကြားလေး ဝင်မေးမိပါသည်။

"ခြံကို ခုတ်ရှင်းထားပုံထောက်တော့ ရွက်ခြောက်အမှိုက်သရိုက်တွေ အပေါ်ပြက်တွေကို မီးရှို့တာ နေမှာပေါ့"

"ဩော် ... ဒါမှာ အလန့်တကြားလုပ်လို့ အစ်ကိုကြီးကလည်း"

"ဟာ ... အလန့်[illegible]ပါ ယုရ၊ စည်းမရှိ ကမ်းမရှိနဲ့ မီးမရှိ ကတ်ဘဲ ရှို[illegible] တက်ရင်ကျွက်လုံး ဒုက္ခရောက်ကုန်ကြမှာစိုးလို့ ပြောနေတာ"

"အမှိုက်ရှို့တဲ့မီးပဲ ... သူတို့ နိုင်မှာပါ"





"နိုင်ချင်မှ နိုင်မှာပေါ့၊ ဂစ်တာတီးသံကိုက အသုံးမကျတာ၊ မီးရှို့တော့ရော အသုံးကျကြပါ့မလား"

"အို ... ဘာဆိုင်လို့လဲ အစ်ကိုကြီးကလည်း ..."

ခင်လေးရှင်ကတော့ အစ်ကိုဖြစ်သူကို ကျိတ်၍ ရယ်နေပါသည်။ ကိုကိုကြီးဟာ စိတ်ကောင်းရှိသော လူတော်လူကောင်းတစ်ယောက် ဖြစ်ပေမယ့် တစ်ခါတစ်ရံ သူ့စံပေတံကြီးက ဗိုဇာကြောင်လွန်း၍ ဂွတီးဂွကျ ဖြစ်တတ်ပါသည်။ သူကြည့်ခရတော့ဘူးဆိုလျှင် ဘာလုပ်လုပ် သိပ်ကြည့်မရချင်တော့ပေ။

"တောက် ... ဒါတော့ မဖြစ်ဘူး၊ ပြောမှဖြစ်မယ်"

"အို ... အစ်ကိုကြီးကလည်းနော်၊ စောင့်ပဲစောင့်ကြည့်ပါဦး၊ တစ်ခါတစ်ခါ ဟိုးဘက်ခြံတွေလည်း ဒီလိုပဲ အမှိုက်မီးရှို့တာပဲပါ"

"ဟ ... အဲဒါတွေက ကိုယ်တို့နဲ့ ဝေးတယ်ကွ၊ အခုဟာက ကပ်တယ်၊ ပြီးတော့ သူတို့မီးပုံကြီးက အကြီးကြီး၊ မီးတောက်က အမြင့်ကြီး၊ လပေါ်သရေနဲ့ ကိုယ်တို့အိမ် မီးကူးခံနေရဦးမယ်၊ လေကလည်း တိုက်နေတာ"

အချိန်က ညခုနစ်နာရီလောက်။ ညစာစားအပြီး အပေါ်ထပ်ပင် မတက်ဖြစ်ကြသေးဘဲ ဧည့်ခန်းမှာ အသီးအနှံပွဲ ထိုင်စားရင်း ရောက်တတ်ရာရာ ပြောဆိုနေကြစဉ် ဖြစ်ပါသည်။ [illegible]နေသည် နေရာမှထကာ ဟိုဘက်ခြံနှင့် အနီးကပ်ဆုံး အောက်[illegible]က စာအုပ်စင်များ ထားရှိရာ အခန်းသို့ လျှောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ လှမ်းဝင်လိုက်လျှင်ပင် မီးရောင်ရဲရဲ ရဲရဲဆွေက လေယူရာ ယိမ်းသလို လှိုင်းထကကြိုးဆင်လျက်သား တစ်ခန်းလုံး လင်းကာနေတဲ့အပြင် အပူငွေ့ကိုပါ ပြတင်းပေါက်များမှ ဖြတ်သန်း၍ သိသိသာသာ ခံစားနေရလေ၏ ...

"ဟောတော့ ... ဟုတ်သား၊ အခန်းက နွေးတောင်နွေးနေပြီ"

"အဲဒါပြောနေတာပေါ့၊ မီးတောက်က ကြီးလွန်းတော့ မီးဟပ်တော့မလိုဘဲ၊ မဖြစ်သေးပါဘူး၊ ဒီကောင်တွေကို အယုံအကြည်ကို မရှိဘူး၊ ပေါ့တီးပေါ့ဆနဲ့ ဒုက္ခရောက်ကုန်ရင် ခက်မယ်၊ သွားပြောမှ"

ဂစ်တာတီးတုန်းက 'သွားပြောမနေပါနှင့်'ဟု တားမြစ်ခဲ့သော ယုဇနသည်လည်း ဒီကိစ္စမှာတော့မတားမြစ်မိတော့ပါ။ ဘာပဲဖြစ်ဖြစ် မပေါ့ဆအောင် သတိပေးထားတာတော့ ကောင်းသည်ဟု ယူဆပါသည်။ မီးငြိမ်းတဲ့အခါလည်း မီးပွားမီး မီးကြွင်းမီးကျန် မကျန်အောင်လုပ်ဖို့ ကြိုတင်သတိပေးထားမှပင်။

"ယုလည်း လိုက်မယ်"

"ယု မလိုက်ပါနဲ့ ... ရှုပ်ရှုပ်ယှက်ယှက်ကွာ၊ ဒီကောင်တွေက ဘယ်လိုကောင်တွေမှန်း မသိဘဲနဲ့ နေခဲ့ချည်"

"အစ်ကိုကြီး ပြောရင်း ဆိုရင်း ဒေါသပါပြီး ပြဿနာဖြစ်ရင် ကြားက ဆွဲရ ဖြေရအောင်လို့ပါ"

"မလိုပါဘူးကွာ၊ ဒီလိုကောင်တွေနဲ့လည်း ရန်မဖြစ်ပါဘူး ပြဿနာလုပ်ရင်လည်း ရဲတိုင်ရုံပဲ"





ဦးဘုန်းပြည့်က ပြောပြောဆိုဆို အိမ်ထဲမှ ခြေလှမ်းကျဲကြီးနှင့် ထွက်ခွာသွားပါတော့သည်။ ယုဇနနှင့် ခင်လေးရှင်မှာ လိုက်ခွင့်လည်း မရ၍ သေချာမြင်ရအောင် အပေါ်ထပ် ဘုရားခန်းကိုတက်ပြီး တစ်ဖက်ခြံ မြင်ကွင်းကို ကြည့်ကြပါသည်။

ဟော ... ဟိုဘက်က ထွန်ခြစ်လိုဟာမျိုးနှင့် မီးပုံထဲကို ထိုးဖွပြီး လောင်စရာတွေကို စစည်းပေးနေတဲ့ သူဟာ ဟိုတစ်ယောက်ပေါ့။ ခင်လေးရှင်ကို နှာခေါင်းရှုံ့ပြတဲ့သူလေ။ မီးရောင်ကြောင့် လင်းထိန်နေ၍ သူတို့မျက်နှာတွေကို သဲသဲကွဲကွဲ သေသေချာချာကြီးကို မြင်နေရပါသည်။

ဟိုဘက်က နှစ်ယောက်ကတော့ ဖောင်းခနဲ မီးပေါက်သံထွက်လျှင် ခုန်ရှောင်လိုက်၊ ခေါင်းကုတ်လိုက် ညည်းညူသလိုတွေ လုပ်လိုက်။ ဟုတ်တိပတ်တိ အလုပ်မလုပ်ဘဲ မီးပုံကို ပတ်ပြီး ဟိုလျှောက် ဒီလျှောက် လုပ်နေကြတာပင်။

ခင်လေးရှင်က နှာခေါင်းရှုံ့ပြခဲ့တဲ့ သူကိုသာ စူးစိုက်ကြည့်နေမိသည်။ သူ့ခန္ဓာကိုယ်လုံးကို မီးရောင်က ဆလိုက်ထိုးထားသလို ဟပ်နေ၍ သူ့ရဲ့စွပ်ကျယ်နှင့်လွတ်သော မျက်နှာ ရင်ညွန့် လက်မောင်းတွေမှာ ချွေးရောင် ဆီပြန်ရောင် လက်လက်ပြောင်နေသည်မှာ ပန်းပုရုပ်တုကို ပေါလစ်ရှိုက်တင် အရောင်တင်ထားသလို ပြောင်လက်ကာ ကြည့်လို့တောင် ကောင်းသေးရဲ့။

သူ့ရုပ်ရည်ဟာ ထူးခြားလေးနက် ထက်မြက်သည်။ ကိုကိုကြီးပြောသလို ကလေကချေတော့ မဟုတ်လောက်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့ဟု ခင်လေးရှင် တွေးနေမိပါသည်။ သူ့ကို ဘာကြောင့် ခပ်ဖော့ဖော့ တွေးပေးမိတတ်သလဲဆိုတာ ကိုယ့်ဟာကိုယ်ပင် နားမလည်ပေ။ သူ့သူငယ်ချင်းနှစ်ယောက်လိုပင် မဟုတ်။ ခုကိုပဲ သုံးယောက်ထဲမှာ သူတစ်ယောက်ပဲ ရေသာမခို အားကြိုးမာန်တက် လုပ်နေတာ။

ဟော ... ကိုကိုကြီး ရောက်လာပြီ။

အပေါ်က ကြည့်နေသော ခင်လေးရှင်တို့ မြင်ကွင်းထဲ ဦးဘုန်းပြည့် ရောက်လာပါပြီ။ ဦးဘုန်းပြည့်က သစ်သားခြံတံခါးကို ဆွဲလှပ်အသံပေးနေရာ ဟိုလူက လှမ်းကြည့်ပြီး သူ့သူငယ်ချင်းတစ်ယောက်ကို သွားဖွင့်ခိုင်းပါသည်။

ဦးဘုန်းပြည့်သည် လူရွယ်တစ်ယောက် ဖွင့်ပေးသော ခြံတံခါးမှ ခြံထဲဝင်လာခဲ့ပြီးလျှင် တစ်ယောက်တည်း မီးပုံကိုထိုးဆွ အသစ်ထည့် နေရာပြင် စသဖြင့် လုပ်နေသော လူရွယ်ဆီဦးတည် လျှောက်ခဲ့၍ မီးပုံနားရောက်လာပါသည်။ မောင်မင်းကလည်း ဝင်လာသည့်လူဟာ တစ်ဖက်ခြံကဆိုတာ သိနေပြီဖြစ်၍ အရိပ်အခြည် ကြည့်ပြီးလျှင် ...

"ဘာကိစ္စရှိလို့လဲ ခင်ဗျ"

ဦးဘုန်းပြည့်က ခပ်တည်တည်နှင့် ...

"ကိစ္စက မင်းတို့ မီးရှို့တဲ့ ကိစ္စပဲ"

"ကျွန်တော်တို့ မီးရှို့တာ ဘာဖြစ်လို့လဲ၊ ခြံရှင်းပြီး အမှိုက်တွေ ရှို့နေတာပါ"





"မင်းတို့ မီးတောက်က ကြီးလွန်းအား ကြီးတယ်၊ ငါတို့ အိမ်နဲ့က ကပ်နေတာ၊ အိမ်ထဲမှာတောင် ပူနွေးနေပြီ၊ ပြာတွေလည်း တအားလွင့်တယ်၊ မီးပွားတွေလည်း ပေါက်တယ်ကွ ... မီးပုံက ကြီးလွန်းတော့ မီးအန္တရာယ်လည်း ရှိတယ်"

"အန္တရာယ်တော့ မရှိစေရပါဘူး၊ ဒီမီးပုံလောက်က ကျွန်တော်တို့ နိုင်ပါတယ်၊ ဘာမှ မဖြစ်ပါဘူး"

"မင်းတို့ကတော့ ဘာမှ မဖြစ်ဘူးပဲ ပြောမှာပေါ့ကွာ၊ ဒါပေမယ့် ဘေးကလူတွေကတော့ ဘာဖြစ်မလဲ ဘာဖြစ်မလဲ စိတ်ထင့်နေရတာပဲ၊ မင်းတို့မီးပုံကို ငြိမ်းလိုက်ရင် ကောင်းမယ်"

"ဟာ ... ကျွန်တော်တို့ အမှိုက်တွေ ကိုင်းခြောက်တွေ ရှို့နေတာလေ၊ မရှို့ရင် ခြံထဲ ဒီတိုင်းပုံနေမှာပေါ့ဗျ"

"ဒီလိုအမှိုက်တွေ စည်ပင်ကို ကားခေါ်ပြီး အမှိုက်ပစ်လို့ ရတယ်ကွ"

"အလကား ပိုက်ဆံကုန် အလုပ်ရှုပ်တာပေါ့ဗျာ၊ ကိုယ့်ဟာကိုယ် မီးရှို့လိုက်လည်း ဒီတစ်ညနဲ့ ပြီးသွားမှာပဲဟာ"

"ဒါပေမယ့် မင်းတို့ဟာက ဘေးအိမ် စိတ်အနှောင့်အယှက် ဖြစ်ရလို့ ပြောနေတာပေါ့ကွ၊ တကတဲ ... မင်းတို့ကောင်တွေ မွှန်းအားကြီးတယ်"

"ကျွန်တော်တို့ ဘာလွန်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘေးပတ်ဝန်းကျင်ကို နှောင့်ယှက်လွန်းတယ်"

"ဘာမျှား နှောင့်ယှက်မိလို့လဲဗျ"

"မင်းတို့ဟာက ဂစ်တာတွေ ဆူဆူညံညံ ဝုန်းဒိုင်းကြဲ တီး
လိုတီး ... မတီးတဲ့ညကျ မီးတွေရှို့၊ ဒီအိမ်မှာ လူရိပ်တွေ
ကတည်းက တစ်ညမှ စိတ်အေးချမ်းသာ စိတ်ဖြောင့်လက်
ဖြောင့် အိပ်ရတယ် မရှိသေးဘူး၊ ညတိုင်း အနှောင့်အယှက်
ပြုနေတာ၊ လူ့ပတ်ဝန်းကျင် ရှိတယ်ကွ၊ မင်းတို့ ဒါကို
နားမလည်တတ်ကြဘူးလား"

မောင်မင်းက ဦးဘုန်းပြည့်ကို ကြည့်ရင်း ကိုယ့်ယ
အလွန်ဆုံးကြီးလှ ခုနစ်နှစ် ရှစ်နှစ်မို့ ...

"အစ်ကိုကြီးက ဂစ်တာတီးတာကို ပြောချင်တာလား
မီးရှို့တာကို ပြောချင်တာလား"

"နှစ်ခုလုံးကို ပြောနေတာလေကွာ ... ဒီရပ်ကွက်ဟာ
ကိုယ့်ဝင်းကိုယ့်ခြံနဲ့ နေကြတဲ့ ဆိတ်ငြိမ်ရပ်ကွက်ကွ
အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် နေချင်လို့လည်း
ဒီနေရာမျိုး လာနေတာပေါ့၊ ဆူဆူညံညံ ကြိုက်မှ
မြို့လယ်ကောင် နေမှာပေါ့"

"အစ်ကိုကြီး ဘယ်မှာနေနေပါ၊ ကျွန်တော်တို့နဲ့ မဆိုင်
ဘူး"

"မင်းတို့က ဘေးခြံ ရောက်လာတော့ ဆိုင်လာတာပေါ့
နားမချမ်းသာရ စိတ်မချမ်းသာရနဲ့၊ ဒီမယ် ... မင်းတို့ကော





တွေကို ပြောထားမယ်၊ အခုလည်း ဒီမီးပုံကို ဆက်မရှို့နဲ့
တော့၊ နောက်ရက်တွေလည်း လုံးဝဂစ်တာမတီးကြနဲ့ ...
ဒါပဲ"

မောင်မင်းက ရယ်ချင်သွားသလို ဦးဘုန်းပြည့်ကို
ကြည့်ရင်း ...

"အစ်ကိုကြီးဟာက မဟုတ်သေးပါဘူး၊ ကျွန်တော်တို့
ဂစ်တာတီးတာလည်း ကိုယ့်ခြံထဲကိုယ်၊ မီးရှို့တာလည်း
ကိုယ့်ခြံထဲကိုယ်ပါ"

"မင်း အတော်ပြောရ လက်ပေါက်ကပ်ပါလား၊ မင်းတို့
ခြံထဲ လုပ်ပေမယ့် ပတ်ဝန်းကျင်ကို သိပ်အနှောင့်အယှက်
ဖြစ်နေတယ်ကွ"

"ကဲ ... ကျွန်တော် ဒီမီးတောက်ကို ဒီလောက်မမြင့်အောင်
သေးပေးမယ်၊ ဒါကတော့ ရှို့ရမှာပဲ၊ အန္တရာယ်လည်း
မရှိအောင် ဂရုစိုက်မယ်ဗျာ ... ပြီးရောပေါ့"

"မင်းတို့ကောင်တွေက အန္တရာယ်မရှိဘူးဆိုတာ စိတ်ချ
ယုံစားထားလို့ ရမလားကွ၊ ကဲ ... မီးတွေ လောင်ကုန်
ပါပြီတဲ့ ... မင်းတို့အဖို့တော့ ဘာအရေးလဲ ... ခြံပိုင်ရှင်
အိမ်ပိုင်ရှင်တွေပဲ ဆုံးရှုံးကုန်မှာ၊ ဒီအိမ်ပိုင်ရှင် ဘယ်သူလဲ
ကွ"

မောင်မင်းက မျက်ခုံးတွန့်တွန့်နှင့် ...

"ကျွန်တော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှင်ကို မေးနေတာ၊ လောလောဆယ် နေတဲ့လူကို မေးတာ မဟုတ်ဘူး"

"အိမ်ရှင် ကျွန်တော်ပဲလေ"

"မဖြစ်နိုင်တာကွာ"

"ဟာ … ဘာလို့ မဖြစ်နိုင်ရမှာလဲ … ခင်ဗျားက ဘလိုင်းကြီး လူကို ဖြုတ်နေပါလား၊ အိမ်ရှင်ပါဆိုတာ မဖြစ်နိုင်ဘူးဆိုတော့ ကျွန်တော် လိမ်တယ်လို့ ဆိုလိုတာလား"

"မင်းတို့က ခြံစောင့်တွေ မဟုတ်လား"

ဤစကားတွင်တော့ အေးက ရပ်ကြည့်နေသော နန္ဒနှင့် ဇော်ထူးက မခံမရပ်နိုင်တော့ကာ …

"ဟာ … ဘယ်က ခြံစောင့်တွေရမှာလဲဗျ … ခင်ဗျားက အသားလွတ်ကြီး လူတွေကို လာနှိမ်နေပါလား"

"ခြံရှင်တွေဗျ၊ ဒီကောင်က ဒီခြံရှင်၊ ကျွန်တော်တို့ နှစ်ယောက်က သူ့အဖော်ရအောင် လာနေပေးတာ၊ တစ်ယောက်မှ ခြံစောင့်မပါဘူး"

ဦးဘုန်းပြည့်က တစ်မျိုးဖြစ်သွားရင်း …

"မင်းက ခြံရှင် ဟုတ်လား၊ မင်းမှာ မိဘ မရှိဘူးလား"

"မိဘတော့ ရှိတာပေါ့ဗျ၊ ဖရုံသီးထဲက လူဖြစ်လာတာ ဘယ်ဟုတ်ပါ့မလဲ"

"မင်း အပိုတွေ ပြောမနေပါနဲ့၊ ဒါဖြင့် မင်းမိဘက ဘယ်မလဲ"





"သူ့အိမ်သူ နေတာပေါ့ဗျ၊ မန္တလေးမှာ"

"ဪ … မန္တလေးကလား"

"ဟုတ်တယ်ဗျ"

"မန္တလေးက ဘယ်သူတွေလဲ … မင်းမိဘတွေ ဘယ်သူလဲ ပြော"

မောင်မင်းသည် ဦးဘုန်းပြည့်ရဲ့ တစ်ချိန်လုံး အထက်စီးက အထာလုပ်နေသော သွင်ပြင်ကို ချဉ်တင်တင်ရှိလာပြီဖြစ်ရာ ဘယ်တုန်းကမှ ကိုယ့်ဟာကိုယ် ဂုဏ်လည်းမလုပ် ကြွားလုံးသည်း မထုတ်ခဲ့ဘူးသော လူကြီးသူမအမည်တို့ကို တမင်တကာပဲ ပြောပစ်လိုက်ပါတော့သည်။

"ကျွန်တော့် အမေက ဒေါ်ပြုံ၊ ကျွန်တော့်အဖေက ဦးမင်းကြီး၊ မန္တလေးမှာ ဦးမင်းကြီးကို မသိတဲ့လူ မရှိဘူး၊ ခင်ဗျား မန္တလေးက မဟုတ်လို့ ရန်ကုန်ကမို့လို့ ဦးမင်းကြီးနာမည် မကြားဖူးရင်တောင် ကျွန်တော့်အဘွား သီရိသုမေ့မွှသိင်္ဂီ ဒေါ်စိန်ဥ ဆိုတာတော့ ကြားဖူးကောင်း ကြားဖူးမှာပေါ့၊ ဒီလို ဘွဲ့ထူးတွေက လူများများစားစား ရထားတာမှ မဟုတ်တာ၊ ရေတွက်လို့ ရတာပဲ၊ ဒါပေမယ့်လည်းဗျာ ဒီအသိုင်းအဝိုင်းနဲ့ သိပ်မနီးစပ်ရင်တော့လည်း ကြားဖူးနားဝ ရှိကောင်းမှ ရှိမှာပေါ့"

ဦးဘုန်းပြည့်သည် မောင်မင်း စကားကြောင့် ရှုံ့မဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားရပါသည်။ သူ့ကိုပဲ သူဌေးအသိုင်းအဝိုင်းနှင့် မနီးစပ် မအပ်စပ်ဘူးလို့လို့ ဆိုလိုက်တော့ ထိချက်နာသွားတာပင်။

"မင်းက ဒေါ်စိန်ဥရဲ့မြေး ... ဟုတ်လား၊ ဒေါ်စိန်ဥတော့ ကြားဖူးတာပေါ့ကွ၊ ဒါပေမယ့် မင်းက ဒေါ်စိန်ဥ မြေးဆိုတာ ငါက ဘယ်လိုယုံရမှာလဲ၊ ပါးစပ်က ပြောတော့ပြီးရောလား၊ မင်းတို့ လုပ်ပုံကိုင်ပုံ နေပုံထိုင်ပုံ ဝတ်စားပုံတွေက ဒေါ်စိန်ဥနဲ့တော့ အဝေးကြီးပဲ၊ ခုကိုပဲ ပုံစံတွေက ညှစ်ပတ်သတ်နေတာ ... သံသေးသံကြောင်တွေ အော်ဟစ်လိုဟစ်"

"အခုက တစ်နေကုန် ခြံရှင်း မီးရှို့နဲ့ ရေမိုးချိုး ဗိုက်ဖြည့်ပြီး ဆင်းလာတဲ့ သူလိုတော့ ဘယ်သပ်သပ်ရပ်ရပ် ရှိမှာပါဗျ၊ ကျွန်တော် ပြောပြီးပြီ၊ မီးကို ငြိမ်းတော့ မငြိမ်းဘူး ... သို့သော် မီးညွန့်ကို နှိမ့်ပေးမယ် ... မီးပုံသေးအောင် လုပ်ပေးမယ်၊ ဒါကိုမှ မကျေနပ်သေးရင်တော့ မန္တလေးကို ဖုန်းဆက်ပြီး ကျွန်တော့် အဖေတို့ အဘွားတို့ကို ဖုန်းဆက်တိုင်ပေတော့ ... ဒါပဲရှိတယ်"

"အောင်မာ ... လာလာချည်သေး ... မောင်မင်းကြီးသားက၊ ပြောပုံဆိုပုံကိုက ..."

"ခင်ဗျား ကျွန်တော့်နာမည် ဘယ်လိုလုပ်သိလဲ"

"မသိပါဘူး ... မင်းနာမည် အရေးလုပ်သိရအောင် မင်းက ဘာမို့လဲ"





"ခင်ဗျားပဲ ကျွန်တော့်နာမည် ခေါ်လိုက်တယ်လေ"

"မခေါ်မိပါဘူး"

"ဪ ... အမှတ်တမဲ့ ပြောလိုက်တာဆိုလည်း နောက်ကို ခြံနီးပါးချင်း သိထားအောင် နာမည်လေး မှတ်ထားပါ ခင်ဗျာ၊ ကျွန်တော့် အဖေ [illegible] ... ကျွန်တော်က မင်းကြီးသား၊ ကျွန်တော့်နာမည် မောင်မင်းကြီးသားပါ၊ အစ်ကိုကြီး နာမည်က [illegible]"

"ငါ့နာမည် မင်းကိုပြော[illegible] ကြားသားမိုးကြီး၊ နာမည်ကိုက မောင်မင်း[illegible] ကျူးကျူးသေးတော့၊ မင်းတို့မီးပုံ အခုလျှော့[illegible] ရဲ့တိုင်မယ် ဒါပဲ"

ဦးဘုန်းပြည့်က [illegible] အဆုံးသတ် ပွဲသိမ်းပြီး ချာခနဲ ဒေါနှင့်မောနှင့် [illegible]ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

ခင်လေးရှင်, သင်းသင်းနှင့် ဆုတို့ စားပွဲမှာထိုင်ကာ ဘာဂါမှာပြီးချိန်၌ပင် ဆိုင်ခန်းလေးရဲ့ အဝင်မှန်တံခါးကို တွန်းကာ လူသုံးယောက် ဝင်လာပါသည်။ ဆိုင်ခန်းတံခါးသံကြောင့် အမှတ်တမဲ့ လှမ်းကြည့်လိုက်မိသော ခင်လေးရှင်မှာ မောင်မင်းကို တွေ့လျှင် ရယ်ချင်သွားပါသည်။

ဟိုတစ်ညက ကိုကိုကြီး အိမ်မှာ ပြန်ပြောရင်း ဒေါ်သတွေ ထွက်နေတာ အတော်ရယ်ဖို့ ကောင်းတာပါ။

"တောက် ... နာမည်ကိုကဗျာ၊ မှည့်စရာ ရှားသလား ... မောင်မင်းကြီးသားတဲ့၊ ငါကလည်း သူ့ကို အဲသလိုမှ သွားခေါ်လိုက်မိသေးတယ်"

မမယုက ရယ်ရင်း ...





"အေးလေ ... သူ့အဖေနာမည်ကလည်း ဦးမင်းကြီး ဆိုတာကိုး ... ဟင်း ဟင်း"

"မင်းကြီးက မွေးတာနဲ့ မင်းကြီးသား မှည့်စရာလား၊ ကိုးလိုးကန့်လန့် အချိုးကို မပြေတာ"

ခင်လေးရှင်မှာတော့ ဝင်မဆွေးနွေးဖဲ့ဘဲ ရယ်သာ ရယ်ချင်နေပါသည်။ ဒီလူနှင့် ပတ်သက်လျှင် ပြုံးချင်ရယ်ချင်စိတ်သာ အမြဲဖြစ်ထွန်းမိသည်မှာ ဘာကြောင့်ပါလဲ။ သူ့နှာခေါင်းရှုံ့ပြလည်း ရယ်ချင်တာပင်။ သူ့နာမည်ကိုလည်း ရယ်ချင်တာပင်။ သူ ဆန်ဆေးနေတာမြင်လည်း ရယ်ချင်တာပင်။ သူအသားတွေ ခေါ်ထစ်တာ အဝတ်လျှော်တာတွေ မြင်လည်း လက်ထားပုံ ကိုင်ပုံ အချိုးမကျတာကို ရယ်ချင်တာပင်။

ရယ်ချင်နေခြင်း ခံစားချက်ရဲ့ နောက်ကွယ်မှာ အမြင်ကတ် မုန်းတီးမှုမျိုးဆိုတာက ဘယ်လိုမှ မရှိနိုင်တော့ပါ။ ကိုယ်မုန်းတီးတဲ့ ကြည့်မရတဲ့သူကို အလကားနေ ရယ်ချင်ပြုံးချင် ဘယ်ဖြစ်မိပါ့မလဲ။ ရယ်ချင်စိတ်ရဲ့ နောက်ကွယ်မှာ ခင်မင်မှုသာလျှင် ရှိနေနိုင်ပါသည်။ ကိုယ်နဲ့ သိလည်းမသိတဲ့ လူတစ်ယောက်ကို အလကားနေရင်း ခင်လေးရှင်က တိတ်တခိုး ခင်မင်နေသည်မှာ အံ့သြစရာ ကောင်းပေစွ။

"ဘာဂါ ... ဂျမ်ဘိုအကြီး သုံးပွဲပေးပါ"

တစ်ယောက်က အော်၍မှာလိုက်ပါသည်။ ထိုင်ခုံကောင်မှပဲ မထိုင်ရသေး။ ဘယ်လောက်တောင်မှ ဆာနေသလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိ။ တစ်ယောက်က ဗိုက်ကိုတပွတ်ပွတ်နှင့်။ အကြောင်းပြချက်မရှိဘဲ ကိုယ့်ကို မမြင်စေချင်သလိုလို ဖြစ်နေမိသော ခင်လေးရှင်က ခေါင်းကိုငုံ၍ ကိုယ်ကိုကွဲ့ထားမိပါသည်။

မသိမသာတော့ လှစ်ခနဲ ခိုးကြည့်မိလျက်သား။ အို ... မမြင်စေချင်ပါဘူးဆိုမှ သူက ကိုယ်နဲ့ မျက်နှာချင်းဆိုင်မြင်နေရသည့် နေရာမျိုးမှာမှ ထိုင်ချလိုက်ပြီ။ စားပွဲချင်းက မနီးလှလို့ တော်ပါသေးရဲ့။ ကြားမှာ စားပွဲတစ်လုံး ခြားနေသေးသည်။ သို့ပေမယ့်လည်း ထိုစားပွဲက အလွတ်ဖြစ်၍ ကြားအကွယ်အကာမရှိ ဟာလာဟင်းလင်းတော့ မြင်နေရပါသည်။

"တော်ပါပြီကွာ၊ လျှောက်ရတာလည်း ပင်ပန်းလှပြီ၊ ဟိုဆိုင်က ကော်ပီယာပဲ ယူလိုက်ပါတော့"

တစ်ယောက်က အသံကျယ်ကျယ်နှင့် ပြောနေ၍ အတိုင်းသား ကြားနေရပါသည်။

"မင်းကလည်း မောဖို့ ပင်ပန်းဖို့ပဲ"

"ဟ ... လုကွ ... မောင်မင်းရ ...၊ သွေးသားနဲ့ ဖွဲ့စည်းထားတာ၊ ပင်ပန်းတတ်တယ် ... ဒါပဲ ..."

မောင်မင်းတဲ့ ...။

ဘေးကလူက သူ့ကို ခေါ်လိုက်တာ မောင်မင်းတဲ့။ သူ့နာမည် ခေါ်ရခက်ခက်ကို ဖြတ်ခေါ်လိုက်ပုံလေးက သဘောကျဖို့ ကောင်းသည်။ မောင်မင်းရေ ... မောင်မင်း မျက်နှာဟာ အတော်ကြည့်လို့ ကောင်းတယ်ကွယ့်။ ငါကိုယ်တော်မြတ် မောင်





မင်းကို ခင်တယ်ကွယ့်။ ကိုကိုကြီးလို အမြင်မကတ်မိပါဘူးကွယ့်။

"ယောက်ျားပဲကွာ ... မင်းတို့နဲ့ ပေါင်းရတာ မိန်းမတွေနဲ့ ပေါင်းနေရသလိုပဲ"

"မင်း ပေါင်းဖူးလို့လား"

"မပေါင်းဖူးပေမယ့် ဒီလိုပဲ နေမှာပဲ"

"မင်း တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် မပြီးနိုင်တာတော့ ထည့်မပြောဘူး၊ ကားလေးနဲ့ သွားနေရတာ မဟုတ်ဘူးကွ၊ ဟောဒီ ခြေထောက်ကြီးတွေနဲ့ လျှောက်နေရတာ၊ တစ်ဆိုင်နဲ့တစ်ဆိုင် ကားနဲ့ကူးနေရရင်လည်း တစ်မျိုးပေါ့၊ အရင်ကမှ ကိုယ့်အိမ်ကကား ကိုယ်ယူမောင်းနေလို့ ရသေးတယ်၊ မင်းလုပ်မှ"

"ငါ ဘာလုပ်လို့လဲ"

"လူကြီးတွေကို ကားမလိုဘူး ... ဘတ်စ်ကားနဲ့ပဲ သွားလာမယ် ဘာညာနဲ့ ... ပဏာတွေ လုပ်ထားတာလေ၊ လူကြီးတွေကတော့ မင်းကို သဘောတွေကျလို့ပေါ့ ... ကားကို မပေးချင်တော့ဘူး၊ မောင်မင်းတောင် ဘတ်စ်ကားစီးတာ မင်းတို့လည်း စီးဆိုပြီး ..."

"စီးပေါ့ ... ဘာဖြစ်လဲ ... သိပ်အလျှင်လိုရင်တော့ ကားငှားမယ်လေ ... ပစ္စည်းတွေ ဝယ်ရင်လည်း ကားငှားရမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သိပ်ဆင်းရဲနေလို့လား ဟုတ်လား၊ အလကားကောင် ကွာ၊ မန္တလေးက ဆင်းလာတာ ရထားနဲ့၊ အိမ်က ကိုယ့် ကားကိုယ် မောင်းချလာပါလား"

"မမောင်းပါဘူးကွာ၊ ငါ့ပိုက်ဆံနဲ့ ဝယ်ထားတဲ့ကားမှ မဟုတ်ဘဲ၊ အဘွားပဲ ဝယ်ပေးထားတာ၊ အဘွားနဲ့မတည့်ဘဲ အဘွားကားတော့ စီးနေရင် အောက်တာပေါ့ကွ"

"ကျွတ် ... ဒါဖြင့်လည်းကွာ ... အခု ဖော်ပီယာကို ဟိုဆိုင်က ဝယ်လိုက်တော့"

"ငါ စုံစမ်းဖို့ စာရင်းလုပ်ထားတာ နှစ်ဆိုင်ကျန်သေး တယ်"

"ဟာ ... လိပ်စာတွေက တောင်နဲ့မြောက် ... တစ်လွဲကြီး တွေ"

"မြို့ထဲမှာချည်းပါပဲကွာ"

စကားတွေ အားလုံးကို ဆိုင်ထဲကလူ တော်တော်များ များ ကြားနေကြရပါသည်။ ခင်လေးရှင်လည်း ကြားနေပါသည်။ ခင်လေးရှင်သည် ဝတ်မှုန် ပါမလာတာ နာတာပဲဟု တွေးမိသည်။ ဝတ်မှုန်က မန္တလေးက ပြောင်းလာတာ မကြာသေးသူ ဖြစ်ပါသည်။ မန္တလေးက လူတွေကို သိကောင်း သိနိုင်တာပေါ့။ ဘွဲ့တံဆိပ် တောင် ရထားသည့် သူ့အဘွားဆိုသူကိုလည်း ဝတ်မှုန် သိနိုင် သည်။ ဝတ်မှုန်က ဒီနေ့ သင်တန်းမလာ။

"ဟာ ... ဟို ... ဟို ... မှာ ..."





အသံတစ်သံကြောင့် ခင်လေးရှင်က ဖျတ်ခနဲ သူတို့ ကို ကြည့်လိုက်ပါသည်။ သူတို့ထဲက တစ်ယောက်ဟာ ခင်လေး ရှင်ကို ပြူးပြူးကြီးကြည့်ပြီး မသိမသာ လက်ညှိုးညွှန်ပြနေတာ။ သူ့ကြောင့် သုံးယောက်စလုံးပဲ ခင်လေးရှင်ကို ပြူးတူးပြဲတဲ လှမ်းကြည့်ကြပါသည်။ ခင်လေးရှင်ရဲ့ဘေးမှာ ထိုင်နေတာမို့ သူတို့အုပ်စုနှင့်လည်း မျက်နှာချင်းဆိုင်ပင် ဖြစ်နေသော သင်းသင်း ပင်လျှင် လန့်ဖျတ်အို့တို့အမ်းတမ်း ဖြစ်သွားရင်း ...

"ဟဲ့ ... ဟိုသုံးဦး ဘယ်လိုဖြစ်တာလဲ"

ဆုက လှည့်ကြည့်၍ ...

"ဟဲ့ ... ဆု ...၊ မကြည့်နဲ့လေ"

ခင်လေးရှင်က တားလိုက်ပါသည်။

"ဘာလို့ မကြည့်ရမှာလဲ၊ ဟိုသုံးယောက်က ဟုတ်ပါရဲ့၊ ပြူးပြဲကြည့်နေတာ ရုပ်ရှင်မင်းသမီးတွေ့တဲ့ အတိုင်းပဲ ... နင်နဲ့ သိလို့လား"

"အေး ... သိတော့ မသိဘူး၊ ဒါပေမယ့် ငါတို့ ဘေးခြံက လူတွေ"

ခင်လေးရှင်က ဖြေရင်း ရယ်ချင်စိတ်ကို တောင့် ထားရပါသည်။ သူ့ကို မြင်တာနှင့်ပဲ ဟိုမောင်မင်း ဆိုတဲ့ တစ် ယောက်ဟာ ပြူးစိပြူးစိ ဖြစ်သွားတာလေ။ သူဖြစ်သွားပုံက ကိုယ့် ပါ အလိုအလျောက် လိုက်ပြူးမိချင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လည်း မောင်မင်းဟာ တီရှပ်ဖြူဖွေးဖွေးတစ်ထည်နှင့် ဂျင်းဘောင်းဘီအရောင်ဖျော့ဖျော့ ခပ်ပျော့ပျော့ကို ဝတ်ဆင်ထားပါသည်။ အိမ်မှာ ရှပ်ကျယ်ဖြူ ဝတ်ထားတာနှင့် ဘာမှ သိပ်မကွဲပြား။ ဒီနေ့ တီရှပ်က လည်ပင်းမှာ ကျပ်ကျပ်တိကပ်နေကာ ပိုသန့်တာလေးပဲ ရှိသည်။

"ဟဲ့ ... ဟိုဟာတွေက ပြုံးစိပြုံးစိနဲ့ဟဲ့၊ သူတို့အမူအရာက ငါတောင် ရယ်ချင်လာပြီ"

"မရယ်နဲ့လေဟဲ့"

သင်းသင်းကို တားမြစ်သော ခင်လေးရှင် အသံက ရယ်သံပါနေသည်။

"နှင်ကျ ရယ်သံကြီးနဲ့"

အဲဒီတုန်း မိတ်တာလေးက ဘာဂါပွဲတွေ လာချတာမို့ တော်ပါသေးသည်။ တခြားအာရုံတွေ ခဏဖြတ်ကာ ကိုယ့်ပန်းကန် ကိုယ့်ရှေ့ရွှေ့ရာ၊ ဓားကိုင် ခက်ရင်းကိုင်နှင့် အလုပ်များသွားကြပါသည်။ ပြီးတော့ ခင်လေးရှင်တို့ မှာထားသည့် စထရော်ဘယ်ရီမစ်လ်ရှိတ်များ ချသည်။

တစ်ဆက်တည်းဆိုပင် ဟိုဘက် မောင်မင်းတို့စားပွဲကိုလည်း ဘာဂါအကြီးစားတွေ လာချပါသည်။

"ကျွန်တော်တို့ကိုလည်း ဟိုစားပွဲလိုပဲ စထရော်ဘယ်ရီ သုံးခွက်"





နန္ဒာက မှာလိုက်၍ မောင်မင်းက ပြုံးစိစိ ဖြစ်နေပါသည်။

ဆံပင်လေးတွေ နက်၍ပျော့နေသော အတော်ချစ်စရာကောင်းတဲ့ ကောင်မလေးဟာ ပြုံးမလိုလို ရှက်သလိုလိုနှင့် ဘာဂါတစ်လုံး ရှေ့ချပြီး ဒုက္ခရောက်နေပြီ။ ခက်ရင်းလေးနဲ့ထိုး ဓားလေးနဲ့ဖြတ်နှင့် ရှုတတ ဆွတတ လုပ်နေသည်။ ဘယ်လောက်ပဲ သေးအောင်ဖဲ့ထားဦး၊ ပေါင်မုန့်သားက အပေါ်အောက်နှစ်ထပ်ကြားမှာ အသားပြား ခရမ်းချဉ် သခွားတို့နှင့် အထပ်ကလေးက ထူထူ ကလေးတော့ ဖြစ်နေရာ ဒါကို ပါးစပ်ထဲခွဲ့ဖို့ ပါးစပ်တော်တော်လေး ဟ,ရပါမည်။

မောင်မင်းနှင့် မျက်နှာချင်းဆိုင် ဖြစ်နေ၍ ပါးစပ်ကျယ်ကျယ်ဟပြီး စားရမှာကို ရှက်ကိုးရှက်ကန်း ဖြစ်နေကာ အတော်နှင့် မစားတော့ရှာ။ ခက်ရင်းနဲ့ ထိုးလိုက် ပြန်ချထားလိုက် ဟိုကြည့် ဒီကြည့် မောင်မင်းကို ခိုးကြည့်လိုက် ဖြစ်နေရှာသည်။

မောင်မင်းက ကောင်မလေးကို သနားလည်းသနား ရယ်လည်းရယ်ချင်။ ချစ်စရာကောင်းလှတဲ့ ကောင်မလေး။ ဒီကောင်မလေးကို သူ တကယ့်ကို ချစ်သည်။ ချစ်ကိုချစ်သည်။

"ရွှတ် ... ရွှတ် ..."

မောင်မင်းက နှုတ်ခမ်းစုကာ လှမ်းအသံပြုလိုက်၍ ခင်လေးရှင်က လှမ်းကြည့်လာသည်။ မောင်မင်းက သူ့ရဲ့ဘာဂါ



www.burmeseclassic.com

www.burmeseclassic.com



အကြီးကြီးကို လက်နှစ်ဖက်နှင့် တစ်ဖက်တစ်ချက်ကိုင်ကာ ပါးစ
ကြီးကို အကျယ်ကြီး အကျယ်ကြီး ဖြစ်အောင် ဟပြီး တစ်ဝက်
နီးပါးပါအောင် ကိုက်ချစားပြလိုက်ပါသည်။

မျက်လုံးပြူး၍ ကြည့်နေသော ကောင်မလေး မျက်
နှာဟာ တအံ့တသြ အလန့်တကြား ဒီလောက်အကြီးကြီး ကိုက်
သွင်းပစ်လိုက်တာကို မယုံနိုင်သလိုတွေ စိုက်ကြည့်နေမိလျက်
သား။

ပါးစပ်ထဲ ဝင်သွားတဲ့ အပိုင်းအစဟာ ကြီးမားလွန်း
မောင်မင်းသည် ဝါးဖို့ရာ နှုတ်ခမ်းနှစ်လွှာကို မနည်းကြီး ပြန်
ရပါသည်။ ပါးစပ်တစ်လုံးလုံးထဲ လေအပြည့် ထည့်သွင်းဖောင်
ထားတာမျိုးထက်ပင် ပါးစောင်တွေက ဖောင်းကားနေကာ မနည်
ပင် ခက်ခက်ခဲခဲ ဝါးပြရသည်မှာ မျက်လုံးပင် ပြူးလာပါသည်။

တစ်ဝက်တစ်ပျက် မြိုချပြီးမှပင် သတိလက်လွှ
အံ့သြငေးကြည့်နေတဲ့ ခင်လေးရှင်ကို "တွေ့လား ..."ဆိုတဲ့
မေးဆတ်ပြပြီး ခင်လေးရှင် ပန်းကန်သို့ လက်ညှိုးလှမ်းထိုး၍
"စား ... စား"ဟု ပါးစပ်လှုပ် ပြောလိုက်ပါသည်။ သည်တော့
ခင်လေးရှင်က သတိဝင်လာသလို ဖျတ်ခနဲ မျက်စောင်းထိုး
ခေါင်းကို တစ်ဖက်စောင်းငဲ့ပစ်လိုက်ပါသည်။

"ဟယ် ... ကြောက်စရာကြီး၊ နင့်အားခြံက ဟာတွေ
ဘယ်လိုဟာတွေလဲ ရှင်ရှင်၊ ကိုက်စားတာကြီးက ရင်တ
စရာဟယ်"





"သွားမကြည့်နဲ့"

ခင်လေးရှင်သည်လည်း အရမ်း ရယ်ချင်တာကို အောင့်ထားရပါသည်။

"ငါတို့ကို စားခိုင်းနေပြန်ပြီ"

"အဲဒါကြောင့် သွားမကြည့်ပါနဲ့ဆို"

"ဟယ် ... သုံးယောက်လုံး ပလုပ်ပလောင်းကြီးတွေ စားနေပြီ ...၊ ဟာ ... တော်ပြီ ...၊ ငါဟာတောင်ငါ မစားချင်တော့ဘူး"

"အေး ... ငါလည်း မစားချင်တော့ဘူး"

ဆုသာလျှင် သူတို့ဘက် ကျောပေးထား၍ အေးအေးဆေးဆေး စားနေနိုင်ပါသည်။ သင်းသင်းရော ခင်လေးရှင်ပါ သူတို့သုံးယောက် တမင်တကာ စားပြနေပုံကို စိတ်တွေညစ်ကာ ကိုယ့်ဟာကိုယ်စားဖို့ကိုပင် ရှက်၍ မစားရဲကြတော့ပါ။

ခင်လေးရှင်က ခေါင်းကို သင်းသင်းဘက် လုံးဝ တစ်ခြမ်းစောင်းလှည့်ကာ ပါးတစ်ဖက်ကို လက်ဖဝါးနှင့်ထောက်၍ ဟိုဘက်ကို မကြည့်မမြင်မိအောင် စောင်းငန်းကြီး နေနေပါသည်။ သင်းသင်းသည်လည်း လှမ်းကြည့်လိုက်တိုင်း သုံးယောက်သားက ဗွပ်ခနဲ အကြီးကြီး ကိုက်ဝါးပြနေတာကို ခေါင်းငုံ့၍ တဟီဟီရယ်ရင်း ...

"ရယ်ရတယ်တော့ ... ငပြောင်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်ဟာ ...၊ ဆု အမြန်စား"

"နင်တို့က မစားတော့ဘူးလား"

"ဟင့်အင်း ... သူတို့ ကြောက်စရာကြီးတွေ စားပြနေတာ ကြည့်ပြီး မစားချင်တော့ဘူး ...၊ မစ်လ်ခ်ရှိတ်ပဲ သောက်တော့မယ်"

ခင်လေးရှင်က စထရော်ဘယ်ရီမစ်လ်ခ်ရှိတ်ထဲမှ ပိုက်ကို ခေါင်းစောင်းစောင်းလေးနှင့်ပင် စုပ်သောက်လိုက်ပါသည်။ ပိုက်ဆံမြန်မြန်ထုတ်ကာ စားပွဲပေါ် ချပြီး ...

"ဆု ... မြန်မြန်သောက်ဟယ်"

"နင်တို့ကလည်း ... ကိုယ့်ဟာကိုယ် စားတာပဲ စားပေါ့"

"သြော် ... နင်က ကျွေးပေးထားရလို့ ပြောအားရှိတာ၊ နင်ပြီးရင် သွားမယ်"

"ပြီးပါပြီဟယ် ... ပြီးပါပြီ"

ဆုကလည်း မြန်မြန်လက်စသတ်လိုက်ကာ စထရော်ဘယ်ရီကိုလည်း မော့သောက်ပစ်လိုက်ပါသည်။ ပြီးသည်နှင့် သုံးယောက်သား ထိုင်ရာမှထ,ကာ ဆိုင်ပြင်ထွက်ခဲ့ကြသည်။ ဆိုင်ပြင်ထွက်ဖို့ရာ မောင်မင်းတို့ စားပွဲနံဘေးကပင် ဖြတ်ကြ၍ ခပ်သွက်သွက် ခြေလှမ်းများများနှင့်ပင် ခင်လေးရှင်က အပြေးတစ်ပိုင်း ဖြစ်မတတ် ဖြတ်သည်။

"ဟာ ... မစားတော့ဘူးလား၊ နမြောစရာကြီးကွယ်"





ဘေးက တစ်ယောက်က လှမ်းပြောလိုက်ကာ မောင်မင်းကတော့ ရယ်ရဲသာ ရယ်မောနေတာကို ခင်လေးရှင် မျက်လုံးထောင့်စွန်းလေးမှ လှမ်းတွေ့လိုက်ရပါသည်။

❦ ❦

ဦးဘုန်းပြည့်သည် ဝပ်ရှော့ပ်ဝင်းကြီးထဲသို့ ကားကို ကွေ့ချိုးကာ တစ်နေရာတွင် ထိုးလိုက်လျှင် ပြင်နေကျ ချာတိတ်ကလေးတစ်ယောက် အပြေးကပ်လာကာ ...

"အစ်ကို ... ကားဘာဖြစ်လဲ ..."

"ဘာမှ မဖြစ်ပါဘူးကွာ၊ ရေဆေးမယ်၊ ဓောင့်ရဦးမလား ကွ"

"တစ်စီးပဲ စောင့်ရမယ်အစ်ကို၊ ဟိုပေါ်မှာ အခုဆေးနေတယ်"

"အေး ... အေး ..."

ဦးဘုန်းပြည့်က ကားကို မရွှေ့သေးဘဲ နေရာမှာပဲ ရပ်ကာ ဟိုဟိုဒီဒီ ကြည့်နေလိုက်ပါသည်။ မနီးမဝေးက ကားတစ်စီးကို ဘောနက်ဖုံးဖွင့်ကာ ကလိနှိုက်ချွတ်နေကြသည့် အုပ်စု



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်နေမိရင်း ထိုအုပ်စုထဲမှ တိရုပ်အနက်နှင့် လူရွယ်လေး တစ်ယောက်ကို မြင်ဖူးသလိုလိုရှိကြောင်း စိတ်က ထင်လာပါသည်။ ဘယ်မှာ မြင်ဖူးပါလိမ့်။

သူကချည်း မြင်ဖူးတာ မဟုတ်ဘဲ တစ်ဖက်ကလည်း သူ့ကို မြင်ဖူးလိမ့်မည်မှာ သေချာနေပါသည်။ ဘာကြောင့်လဲဆို တော့ ထိုလူရွယ်ကလည်း နှိုက်တဲ့ ချွတ်တဲ့အထဲ ကူညီနေရင်းက ဦးဘုန်းပြည့်ကို လှစ်ခနဲ လှစ်ခနဲ လှမ်းခိုးကြည့်တတ်၍ပင်။ သူကြည့်ပုံက တစ်မျိုး။

စိတ်ထဲ ရင်းရင်းနှီးနှီး သိသိမှတ်မှတ်တော့ မရှိဘဲ ဘယ်ကပါလိမ့်ရယ်လို့သာ ဇဝေဇဝါ စဉ်းစားနေမိသည်။ ဒီဝပ် ရှော့ပ်က ကောင်လေးမို့ တွေ့ဖူးနေတာမျိုး မဟုတ်တာတော့ သေချာသည်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဝပ်ရှော့ပ်ဟာ တစ်နေရာ တည်းမှာ အကုန်ပြင်ဆင် လုပ်ကိုင်လို့ရ၍ သူ အမြဲလိုလာနေကျ ဝပ်ရှော့ပ်ပင်။ လူတိုင်းကို သူ မှတ်မိသည်။

ဝပ်ရှော့ပ်ပိုင်ရှင်နှင့်တောင် မြင်တွေ့ဖူး စကားပြော ဆိုဖူးကာ အထိုက်အလျောက် ရင်းနှီးနေပြီ။ ဒီကကောင်လေးတွေ တိုင်းကလည်း သူ့ကိုသိနေကြပါသည်။ အခုတွေ့နေတဲ့ လူရွယ် ဟာ လူသစ်တော့ လူသစ်ပဲ သေချာသည်။ ဒီကိုမရောက်ခင်က တည်းက သူ မြင်ဖူးသည်။ ဘယ်မှာ မြင်ဖူးခဲ့မှန်းသာ စဉ်းစား မရတာ။





ဦးဘုန်းပြည့်က ဆက်စဉ်းစားမနေတော့ဘဲ မြန်မာ တိုင်းမ်ဂျာနယ်ကိုသာ ကားပေါ်မှာပင် ဖွင့်ဖတ်နေလိုက်ပါသည်။ ဖတ်လို့ တအောင့်နေလျှင် ...

"အစ်ကိုကြီးရေ ... ရပြီ ... ကားကို ဒီကိုဆွဲခဲ့ဗျို့"

ချာတိတ်ကလေး တစ်ယောက်က လက်ပြကာ လှမ်းအော်လိုက်၍ ဦးဘုန်းပြည့်က ကားကို ရှေ့တိုးမောင်းသွား လိုက်ပါသည်။ ရေဆေးဖို့အတွက် ကားဘီးလိမ့်တက်ရသော ကွန်ကရိကုန်းကလေးပေါ် ကားကို ဂရုတစိုက် မောင်းတက်သွား ကာ အလယ်တည့်တည့်နေရာ ရောက်လျှင် ...

"ဟိုး ... ရပြီ ..."

အောက်က ထွက်လာသော အော်သံကြောင့် ကားကို ရပ်သတ် သော့ဖြုတ်ကာ ကားပြင်ကို သတိနှင့် ထွက်ရင်း ဆေး ကြောမည့်ကောင်လေးဘက်ကို လှမ်းကြည့်လိုက်ပါသည်။ ရေပိုက်ကို ကိုင်ကာ သူ့ဆင်းအပြီးကို စောင့်ကြည့်နေသည့် လူရွယ်ကိုမြင် ချင် ...

"ဟင် ..."

နှုတ်ကပင် အသံထွက်သွား၍ ဦးဘုန်းပြည့် မျက်နှာ ကြီးက ခရမ်းချဉ်သီးပုပ်လို ခပ်နီနီ ခပ်ရှုံ့ရှုံ့တွတွ ဖြစ်သွားပါ သည်။ ဟိုကောင် ...။ သူ့ကိုယ်သူ သူဌေးသား သူဌေးမြေးဆိုတဲ့ ...ာကချေးကောင်။ နာမည်က မောင်မင်းကြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ရောက်စက ဂစ်တာသံနှင့်တစ်မျိုး မီးပုံမီးတောက်ကြီးနှင့်တစ်မျိုး လူကို အမျိုးမျိုး စိတ်အနှောင့်အယှက်ပေးတဲ့ကောင်။ ထိုကောင်က သူ့ကို ခပ်အေးအေးပဲ ကြည့်နေပါသည်။ ရယ်ပြုံး၍လည်းမပြ ရန်လိုပုံလည်းမပြ။

ဩော် ...၊ ဟိုနားက ကားနှိုက်နေတဲ့ တစ်ယောက်ကို မြင်ဖူးပါတယ် မှတ်နေတာ။ လက်စသတ်တော့ ဟိုတစ်ယောက်ဟာ ဒီက မောင်မင်းကြီးသားရဲ့ သူငယ်ချင်းပဲ။ ဟိုးတစ်ညက သူတို့ကို ခြံစောင့်တွေ ထင်ရကောင်းလားလို့ မကြည်မလင် ဖြစ်နေတဲ့ နှစ်ကောင်ထဲက တစ်ကောင်ပေါ့။ ဒါကြောင့် အတိအကျကြီး မမှတ်မိပေမယ့် ဒီမျက်နှာကို သိနေတာ။

နေပါဦး ... သင်းတို့သုံးယောက်စလုံး ဒီဝပ်ရှော့ကို အလုပ်အသစ် ပြောင်းဝင်လာတယ် ထင်ပါရဲ့။ ရောက်တာကြာသေးပုံမရ။ ဒါကြောင့်သာ နောက်ဆုံး ရောက်ထားတာတွေတုန်းကမှ မမြင်ဘူးခဲ့တာ။ ဒေါ်စိန့်ဥ မြေးလည်း ဆိုသေး။ ဝပ်ရှော့မှာ ရေပိုက်ဆွဲပြီး ကားဆေးဖို့ ပြင်နေပါလား။

"အစ်ကိုကြီး ... ဘေးကို ဆင်းလေ"

အောင်မာ သူက ညွှန်ကြားလိုက်သေး။

"ဆင်းမှာပေါ့ကွ၊ မြင်ဖူးပါတယ်လို့ ကြည့်နေတာ၊ လက်စသတ်တော့ မောင်မင်းကြီးသားတို့ကိုး"

"ဟုတ်ပါတယ်၊ ဆင်းလိုက်တော့ အစ်ကိုကြီး ... ဒီမှာ ရေလွှတ်တော့မှာ"





ဦးဘုန်းပြည့်က မောင်မင်း ဘက်ကိုပဲ ဆင်းလျှောက်လာခဲ့ပါသည်။ ကားနံဘေးက သူလွတ်သည်နှင့် မောင်မင်းက ရေခလုတ်ကို လွှတ်လိုက်တော့ရာ အရှိန်နှင့် ပန်းထွက်သော ရေအားရှူးရှူးက ဦးဘုန်းပြည့်ရဲ့ ကားကို စိုရွှဲသွားစေပါသည်။ လူကိုပင် ရေစင်ပြီထင်တာ။ သို့သော် တကယ်တမ်းမှာ လာမစင်ပါ။

ဦးဘုန်းပြည့်က မောင်မင်းနှင့် မလှမ်းမကမ်းမှာ ရပ်ပြီး မောင်မင်းကို လက်ပိုက်ကြည့်နေပါသည်။ အကျႌချွတ်ထား၍ ကိုယ်ခန္ဓာအပေါ်ပိုင်းက ဟင်းလင်းပေါ်နေသည်။ ကျားကျားလျားလျား ကျစ်ကျစ်လျစ်လျစ် အသွင်သဏ္ဌာန်က ထင်းနေပါသည်။

ကိုယ်အောက်ပိုင်းမှာ ကာကီရောင် ဘောင်းဘီအရှည်တစ်ထည်ကို ဒူးအထိခေါက်လိပ်တင်၍ ဝတ်ဆင်ထားပါသည်။ အသားအရောင် ဖြူလတ်လတ်နှင့် အသားအရေက စိုပြည်သည်။ သူ့တစ်ကိုယ်လုံး ရေစိုနေကာ ဆံပင်တွေပါ ရွှဲနစ်နေ၍ နောက်ပြန်လှန်သပ်တင်ထားပါသည်။ ဆံပင်ကိုက ရှည်တည်တည်နဲ့။ သပ်ရပ်၍ လူကြီးလူကောင်းဆန်သော ဆံပင်ပုံ မဟုတ်ပါ။

ဟိုးညက သူ့ကို ဂျစ်ကန်ကန်ဆန်ဆန် ပြန်ပြောလိုက်သေမယ့် ခုတော့လည်း တရိုတသေပင်။ ဟိုညကများ သူ့ကို "ခင်ဗျား" လေး ဘာလေးနှင့် ခပ်ရင့်ရင့် လယ်ဗယ်လို ဆက်ဆံသိက်သေးတာ။ ခုတော့လည်း သူ ဝင်လုပ်နေရသည့် အလုပ်ခွင်ထဲ ရောက်လာသည့် Customer ဖြစ်နေ၍ ခပ်ရင့်ရင့်ပြောလို့ ဘယ်ရပါတော့မလဲ။ အပိုးကျိုးကျိုးပဲ ပြောရတော့မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကန်ကန် လာလုပ်နေလို့ကတော့ ခုမှ အလုပ်

တာ မကြာသေးဘဲ ပြန်ပြုတ်ဖို့ များနေမှာပေါ့။ မောင်မင်းက

ကို ဂရုမစိုက်ဘဲ ကားကိုသာ လှည့်ပတ်၍ နေရာတိုင်း စိုစွတ်နေ

အောင် ပက်ဖျန်းနေပါသည်။ ကားကို ပတ်လျှောက်ရင်း သူ့

အရောက် ...

"အစ်ကိုကြီး ရေမတော်တဆ စင်မယ်နော်"

ဦးဘုန်းပြည့်က နောက်ဆုတ်လိုက်ပါသည်။ သူ

အေးအေးဆေးဆေးဆိုတော့ ကိုယ်ကလည်းပဲ အေးအေးဆေး

ပေါ့လေ။

"မင်းတို့ ဒီမှာ ဝင်လုပ်နေသလား"

"ခင်ဗျာ"

သူ စကားလှမ်းပြောမည်ဟု မျှော်လင့်ထား

မထားသလို ပြန်မေးလိုက်၍ ...

"မင်းတို့တွေ ဒီမှာ ဝင်လုပ်နေကြသလားလို့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

အောင်မယ်။ ခုတော့လည်း ယဉ်ကျေးဖွယ်ရာ

သူ့အိမ်ရာပိုင်နက် မဟုတ်လို့ ထင်ပါရဲ့။

"သုံးယောက်လုံးလား"

"ဟုတ်ကဲ့ သုံးယောက်လုံးပါ"

"ကားပြင်တတ်သလား ... ခုမှ အသင်လား"

"အသင်သဘောပေါ့ဗျာ၊ လေ့လာတုန်းပါ"





"မင်းတို့ အလုပ်ခွင်ထဲမှာတော့ ကိုယ့်အိမ်ကိုယ့်ရာမှာလို ထင်တိုင်းကြံ ကလေကချေ ဆန်ဆန်တွေ လုပ်လို့မရဘူး နော်"

သူ့စကားကို မောင်မင်းကြီးသားက သိပ်မနှစ်မြို့ သလို မျက်မှောင်တွန့်သွား၍ ဦးဘုန်းပြည့်က ကျေနပ်အားရသလို ဖြစ်မိလေသည်။ ခုမှပဲ ဒီကောင့် နဂိုစရိုက် ပေါ်လုဆဲဆဲ ဖြစ်လာပြီ ...။

"အလုပ်တစ်ခု လုပ်ပြီဆို ဖင်လည်းမြဲမြဲ လက်ကြောလည်း တင်းတင်းလုပ်ပေါ့ကွာ၊ သိပ်ဂျစ်ကန်ကန် မလုပ်နဲ့ပေါ့။ မင်းတို့ ဝပ်ရှော့ပိုင်ရှင်က လူကောင်း သဘောကောင်းပါ ငါနဲ့ ခင်ပါတယ်ကွ"

"ဪ ... ခင်ဗျားက အန်ကယ်နဲ့ ခင်တယ်လား"

ဟော။ ခင်ဗျား ဖြစ်လာပြီ။ သူ့ထက်လည်း နှစ်နှစ် နှစ် ရှစ်နှစ် ဆယ်နှစ် ဆိုသလို ကြီးနိုင်သေးသည့် Customer ကို ဝပ်ရှော့ လုပ်သားက ခင်ဗျားလို့ သုံးနှုန်းတာတော့ ဦးဘုန်းပြည့် က မကြိုက်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲကွ"

"ဘာလုပ်ဖို့လဲ"

"ဒီလိုပဲ မေးကြည့်တာပေါ့ကွ၊ ဘာလုပ်ရမှာလဲ"

"နှစ်ဆယ့်ခြောက်နှစ်"

www.burmeseclassic.com



"မင်း ငယ်သေးတာပဲ၊ ငါ့ထက် ကိုးနှစ်ငယ်တယ်"

"ဟုတ်မှာပေါ့ဗျ"

ကောင်လေး ဂျစ်ကန်ကန် ဖြစ်ချင်လာပြီ။ ဦးဘု ပြည့်သည် မောင်မင်းကို အမြင်လည်းကတ် မထိတထိ ပြော ရတာလည်း သဘောကျနေသည့်အပြင် စိတ်ရဲ့ မသိမှုတစ် ဘက်မှာလည်း သူ့ပုံစံ သူ့မာန်လေးကို သဘောကျ နှစ်သ သလိုလို ဖြစ်နေပါသည်။

"ဒါနဲ့ နေပါဦး ... မင်းပြောတော့ မင်းက သူဌေး သူဌေးသားဆိုကွ"

ဦးဘုန်းပြည့် စကားကြောင့် မောင်မင်းက ဦးဘု ပြည့်ကို ဘုကြည့် ကြည့်သည်။

"ဒေါ်စိန်ဥမြေးက သူများဝပ်ရှော့မှာ အလုပ်ဝင်လု ရလား ..."

"မလုပ်ရဘူးလားဗျ"

"ဟင် ... ဒီလောက်ချမ်းသာတဲ့ သူဌေးမကြီးမြေး များဆီ အလုပ်ဝင်လုပ်ဖို့ လိုသေးလား"

"သူဌေးမြေးဆိုတာ သူဌေးမှ မဟုတ်တာဗျ"

မောင်မင်း စကားကို ဦးဘုန်းပြည့်က တအံ့ နှင့် ကျေနပ်နှစ်ခြိုက်သွားမိပါသည်။ မောင်မင်းက မှန်တော ပင် ...





"ဒေါ်စိန်ဥက ကျွန်တော့် အဘွားပေမယ့် အဘွားက အိမ်ပေါ်က နှင်ချထားတော့လည်း ဒီလိုပဲ ကိုယ့်ထမင်း ကိုယ်ရှာစားရတာပေါ့"

"မင်းကို မင်းအဘွားက နှင်ချထားတယ် ဟုတ်လား"

"နှင်ချထားတယ်"

"အဘွားကတောင် အိမ်ပေါ်က နှင်ချယူရတယ်ဆိုတော့ မင်း တော်တော်ဆိုးပုံပေပုံ ရတယ်"

"ပေတာတော့ ပေတယ်၊ ဆီချေးရော ဖုတ်တွေ သဲတွေရော ပေနေတာ ကြည့်ပါလား၊ ဒါပေမယ့် ကျွန်တော် မဆိုးဘူးဗျ"

"မဆိုးဘဲနဲ့ ဘွားအေက နှင်ချမလားကွ"

"အယူအဆတွေ မတူကြလို့ပါ"

"ဟား ... မင်း တော်တော်ကြီးကျယ်တဲ့ ကောင်ပဲကိုးကွ"

"မကြီးကျယ်ပါဘူးဗျာ၊ လူငယ်လည်း လူငယ်အယူအဆနဲ့ လူငယ်ပေါ့၊ လူကြီးလည်း လူကြီးအယူအဆနဲ့ လူကြီးပေါ့၊ အတွေးအမြင် အယူအဆတွေ ဘယ်တူပါ့မလဲ"

"မင်းအဖေကကော ..."

"ဖေဖေက ကျွန်တော်နဲ့ ပြေလည်ပါတယ်"

"ပြေလည်ရင် မင်း ဒီလို သူများဝပ်ရှော့ ဝင်လုပ်တာကို ကြည့်နေတာပဲလား၊ တခြား တစ်ခုခုလုပ်ဖို့ ငွေရင်းလေး ဘာလေး ထုတ်မပေးဘူးလား"

www.burmeseclassic.com



"ဖြည်းဖြည်းပေါ့ဗျ ... လာမှာပေါ့"

အမေးအမြန်း လာထူနေသည့် ဦးဘုန်းပြည့်ကို မောင်မင်းက စိတ်တိုချင်လာပြီ။ ရေနှင့် အထက်အောက် မှုတ်ဖျန်း အကြမ်းဆေးပြီးပြီမို့ ကားဆေးဆပ်ပြာဆီကို ယူကာ ဖော့တုံးကြီးကြီးနှင့် ကားကို အမြှုပ်ထအောင် လိုက်ပွတ်နေလိုက်ပါသည်။

သူရပ်ကြည့်နေလို့လားတော့ မသိဘဲ နေရာလပ်မကျန်အောင် ချက်စေ့စေ့ အကွက်စေ့စေ့ ခွန်စိုက်အားဆိုက် သုတ်နေသည့် မောင်မင်းကို ဦးဘုန်းပြည့်က ကြည့်ရင်း သဘောကျနေပါသည်။ အမြင်ကတ်တာက တခြား၊ သဘောကျတာကတခြား သတ်သတ်စီပင်။ စကားပြောတာ ဆတ်တောက်တောက်နှင့် မဟုတ်မခံချင်ပုံ ပေါက်နေသော်လည်း လုပ်စရာရှိတော့ လက်ကြောတင်းတင်း လုပ်နေသားပဲ။

ဒီလောက်ချမ်းသာကြွယ်ဝ နာမည်ကြီးသည့် သူဌေးမကြီးမြေးမှန်လျှင် ခုလို မရှက်မကြောက် ကြုံရာကျရာကို အလုပ်ဟူသမျှ ဂုဏ်ရှိစွ သဘောမျိုးနှင့် ရိုးရိုးသားသား လုပ်ကိုင်နေတာဟာ အထင်ကြီးစရာအချက် မှန်ပေသည်။ မြေးကော ဟုတ်ကော ဟုတ်ပါ့မလား မသိ။ မယုံချင်သလိုပင် ဖြစ်နေပါသည်။

"ဟို ... မင်းသူငယ်ချင်း နှစ်ယောက်ကကော သူဌေးသား တွေပဲလား"

"သူဌေးသားတွေပဲ"





မဆိုင်းမတွ ဖြေလိုက်၍ ဦးဘုန်းပြည့်က ပခုံးတစ်ပင် တွန့်မိပါသည်။

"မင်းတို့ဟာကလည်း သူဌေးသားထဲကကို မထွက်ပါလား"

"ခင်ဗျားကလည်း သူများတကာ သူဌေးသားဖြစ်တာ မနာလိုဘူး ထင်တယ်"

"အောင်မာ ... မင်းက ငါ့ကို ဒီလိုပြောစရာလား"

"မသိဘူးလေ ... သူဌေးသားလို့ ပြောတာကို မကျေမနပ်ဖြစ်နေပုံ ပေါက်နေတော့ ဆင်းရဲသားတွေလို့ ပြောမှပဲ ခင်ဗျားက ကျေနပ်မလို ဖြစ်နေပြီပေါ့"

မောင်မင်းက စိတ်မရှည်လှတော့ပေ။

အလုပ်လုပ်နေတုန်း အမေးအမြန်းတွေ လာထူနေ ။ ဟိုကောင်မလေးရဲ့ အစ်ကိုကြီးလို့ သိထားရလို့သာ င်မလေး မျက်နှာနှင့် သည်းညည်းခံနေတာ။ ဒီလူကို င်မလေးက "ကိုကိုကြီး"လို့ ခေါ်တာ ဖော်ထူး ကြားထားပါ ။ အသက်ကွာပေမယ့် မောင်နှမပဲ တော်တာ ဖြစ်နိုင်ပါ ။

"ခင်ဗျား ... ဟိုချစ်စရာကောင်မလေးနဲ့ ဘာတော် မောင်နှမလား ..."လို့ ပြန်မေးလိုက်ရ မကောင်းဘဲရှိလိမ့် ။

"သိဘူးလေကွာ ... မင်းတို့ပုံတွေက ..."



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးသားတွေပုံ မပေါက်ဘဲ ကလေကချေပုံပဲ ပေါက်တယ်ပေါ့"

ဦးဘုန်းပြည့်က မဖြေဘဲ မောင်မင်းကိုသာ ကြည့်နေပါသည်။

"ဘာပုံပေါက်ပေါက်ဗျာ ...၊ ချမ်းသာတာတွေ ဆင်းရဲတာတွေ ... သူဌေးတွေ သူဆင်းရဲတွေ ကျွန်တော်က သိပ်စိတ်မဝင်စားပါဘူး၊ ကိုယ် ဘာလုပ်ချင်လဲ ... ကိုယ် ဘာလုပ်နေလဲ ... ကိုယ့်မူက ဘာလဲ၊ ဒါပဲ ကျွန်တော် စိတ်ဝင်စားတယ်၊ သူများ ဘာထင်လဲလည်း စိတ်မဝင်စားဘူး၊ ထင်ချင်ရာထင်လို့ ရတယ်ဗျာ"

အလဲ့ ...။ ဒီစကားကလည်း ကျက်ထားတာ မဟုတ်ရင်တော့ ငယ်ပေမယ့် ကိုယ့်အတွေးအခေါ်နဲ့ကိုယ်ဆိုတဲ့ သဘောကို ဆောင်နေပါသည်။ ဂျစ်ကန်ကန်ရုပ်ကို အတော်ကြည့်မရသော်လည်း ဦးဘုန်းပြည့် စိတ်ထဲ မောင်မင်းထံမှာ သဘောကျစရာလေးတွေ လှစ်ခနဲ လှစ်ခနဲ တွေ့မြင် နှစ်သက်နေမိတာကို ဖုံးကွယ်လိမ်ညာလို့ မရပါ။

ကိုယ်တိုင်ကလည်း ကြိုးစားရိုးသားသော လူတော်လူကောင်းမျိုးကို သဘောလည်းကျ ကိုယ်တိုင်လည်း ဤသို့ပဲ ကျင့်ကြံပြုမူ နေထိုင်ခဲ့တာမို့ ဘာပဲဖြစ်ဖြစ် ဒီကောင်လေးကို ကိုယ်တိုင် မသိလိုက်ဘဲ အမှတ်ပေးထားလိုက်မိသလို ဖြစ်သွားပါပြီ။





"အေးပေါ့ကွာ ... ဘာပဲဖြစ်ဖြစ်ပေါ့၊ ကိုယ်လုပ်နေတဲ့ အလုပ်ကို အမြဲကြိုးကြိုးစားစား ရိုးရိုးသားသား လုပ်ပေါ့ကွာ"

"လုပ်မှာပါ ...၊ အဲဒါ ခင်ဗျားက ဆုံးမလို့ လုပ်မှာမဟုတ်ပါဘူး၊ အဲသလိုလုပ်ဖို့ ကိုယ့်အသိနဲ့ကိုယ် အစောကြီးကတည်းက ဆုံးဖြတ်ပြီးသားမို့ ကိုယ့်အသိစိတ်နဲ့ ကိုယ်လုပ်မှာဗျ"

ကြီးကျယ်တဲ့ကောင် ရယ်လို့ ဦးဘုန်းပြည့်က တစ်ချက် မဲ့ရွဲ့လိုက်မိပါတော့သည်။

❦ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၄

တစ်ဖက်အိမ်မှာ တခုန်းခုန်း တဒိုင်းဒိုင်း ရိုက်နှက်သံတွေ၊ လွှစက်ဖြတ်သံတွေနှင့် ဆူညံကာ လက်သမား အလုပ်သမားတွေနှင့်လည်း စည်ကားနေပါသည်။ ခင်လေးရှင်က ခြံကိုပတ်ကာခွေးနှင့် လမ်းလျှောက်နေရင်း တစ်ဖက်ကို တစ်ချက်တစ်ချက် အကဲခတ်သည်။

ကိုကိုကြီးက ပြောတော့ ခြံရှေ့မှာ ဆိုင်ခန်းလေးနှစ်ခန်း တွဲဆောက်မှာတဲ့။ ဒါကတော့ လက်သမားတွေထဲက တစ်ယောက်ယောက်ကို မေးလိုက်လျှင် သိသည်။ ဒါပေမယ့် ကိုကိုကြီးက ကွန်ပျူတာစာစီနှင့် ဖိုတိုကော်ပီကူးဆိုင်က တစ်ခန်း၊ ဗီဒီယိုခွေငှားဆိုင်က တစ်ခန်း ဆိုတာလည်း သိထားသည်။ ဒါကတော့ ဟိုလူသုံးယောက်ကိုမေးမှ သိရမှာ။





ကိုကိုကြီးကလည်း သူတို့သုံးယောက်ကို အမြင်သာတတ်သည်။ ရှူးရှူးစမ်းစမ်းနှင့်တော့ စောင့်ကြည့်အကဲခတ်ပြီး ဒိတ်ဝင်တစား ရှိနေတတ်တာလည်း အမှန်ပင်။ ခင်လေးရှင့်ကို ပြောပေမယ့် မမယုကိုတော့ တစ်ဖက်ခြံက လူသုံးယောက်အကြောင်း မကြာမကြာ ပြောပါသည်။ မမယုကလည်း အမြဲသို့လို အိမ်မှာရှိနေသူပီပီ တစ်ဖက်ကလူတွေအကြောင်း သူသိနေတာတွေ ပြန်ပြန်ပြောနေကျ။

သုံးဦးစလုံးဟာ အင်္ဂလိပ်စာအဓိကနှင့် ဘွဲ့ရကျောင်းပြီးထားသူတွေဖြစ်ကြောင်း၊ ကွန်ပျူတာဆိုင်ခန်းမှာ သူတို့ကိုယ်တိုင်ပဲ ရိုက်မှာဖြစ်တဲ့အကြောင်း၊ အခွေငှားဆိုင်မှာ ဗီဒီယိုခွေဒီဗီဒီအပြင် ဒီဗီဒီခွေပါ ငှားလို့ရနိုင်တဲ့အကြောင်း စသဖြင့်တွေ ...။

ဒီလိုနေရာမျိုးမှာ စာစီစာရိုက် မိတ္တူကူးနှင့် အခွေငှားဆိုင် ဖွင့်လိုက်ခြင်းဟာ ဒီနေရာက လူတွေအတွက်တော့ အတော်အဆင်ပြေသွားပါသည်။ ဒီရက်ကွက် တစ်ကွက်လုံးဟာ ကျောင်းသားတွေအတွက် အနီးဆုံး လှည်းတန်းအထိတော့ သွားရပါသည်။ လမ်းထိပ်နှင့်ဆိုလျှင် သူတို့ခြံက နှစ်ခြံပဲ ခြားတော့တဲ့အတွက် အပြင်ကလူတွေ ဝင်ရောက် ငှားရမ်းအလုပ်အပ်ဖို့လည်း အဆင်ပြေပါသည်။

ပြီးတော့ ... ဒီလမ်းရဲ့ထိပ်မှာ ကြီးမားသော လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်၊ အင်္ဂလိပ်စာသင်တန်းနှင့် ဝိုင်းကျူရှင်



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါဆောင်ကြီး တစ်ခုလည်း ရှိနေတဲ့အတွက် သူတို့ဆိုင်ဟာ လူခြောက်သွေ့လှမည် မဟုတ်ပါ။

ဆိုင်ခန်းကလေးတွေဟာ အမိုးချွန်နှင့် ဒီဇိုင်းလှလှလေးတွေ။ ဘန်ဂလိုဆန်ဆန် ခြေတံမတိုမရှည်လေးတွေနှင့် ချစ်စရာကလည်း ကောင်းနေပါသည်။ တဖြည်းဖြည်းနှင့် ရုပ်လုံးပေါ်ကာ ပြီးစီးလုနေပြီ။ ဒီနေ့တော့ ကိုယ်တိုင်လည်းသင်တန်းတွေမရှိသော တနင်္ဂနွေ ပိတ်ရက်မို့ ခင်လေးရှင်က ခွေးကိုဆွဲကာ ခြံထဲပတ်လျှောက်ရင်း တစ်ဖက်ခြံကို အကဲခတ်နေတာပါ။

"ဟိတ်"

ရုတ်တရက် ပေါ်လာသော အသံကြောင့် ခင်လေးရှင်က လန့်၍ ခြေလှမ်းတုံ့သွားရသည်။ ခြံစည်းရိုးပေါ်က ကျော်ကာ တစ်ဖက်ကို လှမ်းလှမ်းကြည့်နေရာက ခြံစည်းရိုးအကြားကို ကြည့်လိုက်မိပါသည်။ သူတို့ခြံနှင့် ထိစပ်နေသော မျက်နှာစာနှစ်ဖက်စလုံးမှာ နှစ်ပေလောက် အုတ်တက်ပြီး အပေါ်က သံတိုင်တွေကာရံထားလျက် အပင်နွယ်တွေ တက်နေတာချည်းပင်။

ရှင်းရှင်း မမြင်ရပေမယ့် အပင်တွေက စိပ်လှသည်လည်း မဟုတ်၍ အပင်တွေကြားမှ သူ့ကို လှမ်းမြင်နေရပါသည်။ သူက သူတို့ခြံထဲမှာ မြေကြီးပေါ် ဖင်ချထိုင်ပြီး လက်နှစ်ဖက်ကို နောက်ပစ်လှမ်းထောက်၍ သက်သောင့်သက်သာပုံစံ။

နောက်သည်ထင်၍ ခင်လေးရှင်က နှုတ်ခမ်းကိုစူကာ ခပ်တည်တည်လေး ဆက်လျှောက်ဖို့ ပြင်သည်။





"ဟိတ် ... ဟိတ် ..."

ဒီတစ်ကြိမ်တော့ ခြေလှမ်းကို ပြန်ရပ်ရင်း ...

"ဘာလဲ ... ရှင် မနောက်နဲ့နော်"

"ဟာ ... ဘာမှ မနောက်ရသေးပါလားဗျာ"

"ဒါဖြင့် ဘာလဲ"

"ပြောစရာရှိလို့ပါ"

"ဘာပြောမှာလဲ"

"ခင်ဗျား အစ်ကိုကြီးကို ပြောလိုက်ပါ"

ကိုယ့်ကို ပြောမည်ထင်တာ ... ကိုကိုကြီးကိုဆို၍ ပို၍ အာရုံစိုက်လိုက်မိရင်း ...

"အင်း"

"ဒီည မီးရှို့မယ်လို့"

"ဘာလို့ ရှို့မှာလဲ"

"ဪ ... အမှိုက်ထွက်လာလို့ပေါ့ဗျာ၊ နွယ်တွေ အပင်သေးတွေ အရွက်တွေ ထပ်ရှင်းတာ ထပ်ထွက်လာတယ်၊ အဲဒါ မရှို့သေးဘဲ ပုံထားတာ ... အခု ခြောက်တောင်ခြောက်ကုန်ပြီ ခြောက်ရင် မီးရှို့တဲ့အခါ မြန်ပါတယ်"

"ရှို့ပေါ့"

"အဲဒါ ... မီးရှို့ရင် ခင်ဗျား အစ်ကိုကြီးက အပြစ်လာပြောနေဦးမယ်"

"ရှင်တို့က အပြစ်ပြော မခံရအောင် ရှို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ခင်ဗျာ ... ဒီအိမ်ဘက် ကပ်ရက်မှာ မရှိပ
ဘူး၊ ဒီတစ်ခါ ဟိုဘက်ထောင့်ကို သွားရှိ့မှာပါ၊ ကြိုတင်
အသိပေးတာပါ၊ ခင်ဗျားတို့အိမ်နဲ့ မကပ်တော့ ခင်ဗျားတို့
ဘက် မီးခိုးတွေ ဘာတွေမရောက် ... အပူလည်း မဟပ်
တော့ဘူးပေါ့"

"အောင်မယ် ... ရှင်တို့က ဒီဘက်အိမ်အတွက်ကြည့်ပြီး
ဟိုဘက်ရွှေ့ ရှို့ပေးတာတော့ မဖြစ်နိုင်ပါဘူးခံနော်၊ ဒီဘက်
မှာ ရှင်တို့ရဲ့ ပြီးခါနီး ဆိုင်ခန်းအသစ်ကျပ်ချွတ်လေးတွေ
ရှိတော့ အဲဒါကို မီးဟပ်မှာစိုးပြီး ဟိုးဘက်ရွှေ့ရှို့တာပဲ
ဖြစ်မှာပါ"

"ဟာ ... ကြည့်စမ်း၊၊ သိပ်တော်တာပဲ ... စိတ်ထဲကို မြင်
နေသလိုပဲ"

"ဟွန်း ... သိတာပေါ့"

ခင်လေးရှင်က မေးလေးဆတ်ပြောကာဆက်လျှောက်
ဖို့ ပြင်သည်။

"နေပါဦး ... စကားမပြီးသေးပါဘူး"

"ဘာကျန်သေးလဲ"

"မင်းနာမည် ဘယ်လိုခေါ်လဲဟင်"

"အောင်မာ ... ရာရာစစနော်"

"ဟာ ... နာမည်သိချင်လို့ မေးတာပဲ ... မမေးရဘူးလား"

"မမေးရပါဘူး၊၊ ဘာလို့သိချင်ရမှာလဲ"





"အိမ်နီးနားချင်းပဲဗျာ ... သိချင်တာပေါ့ ...၊ မနေ့က
ခင်ဗျား ခြံထဲ ရောက်နေတုန်း အိမ်ပေါ်က တစ်ယောက်က
လှမ်းခေါ်တာတော့ ကြားလိုက်တယ်၊ ရှင်းရှင်း ဆိုလား
မသိဘူး ...၊ ခင်ဗျားနာမည် ရှင်းရှင်းလား၊ အပြည့်အစုံ
ကကော"

"ရှင်းရှင်း မဟုတ်ပါဘူး၊ ရှင် နားကြားလွဲတာ"

"မလွဲပါဘူးဗျာ၊ မညာပါနဲ့"

"ရှင်ရှင် ... ရှင်၊ ရှင်ရှင် ..."

"ဘယ်လို ... ဘယ်လို ... ရှင်တွေ ရှုပ်ကုန်ပြီ"

ခင်လေးရှင်က မပြောချင် ပြောချင်ပုံနှင့် ...

"ကျွန်မ နာမည် ခင်လေးရှင်၊ အိမ်က ရှင်ရှင်လို့
ခေါ်တာ"

"ဩော် ... ခင်လေးရှင် ...၊ ဟာ ... နာမည်လေးက ချစ်
စရာလေးဗျာ၊ တအားကျက်သရေ ရှိတာပဲ၊ ကျွန်တော့်နာမည်
ပြောပြရဦးမယ်"

"ပြောစရာ မလိုပါဘူးနော် ...၊ ရှင့်နာမည်ကို ကျွန်မ
သိပါတယ် မောင်မင်းကြီးသားရယ်"

ခင်လေးရှင်က ပြောပြီးလျှင် ခွေးကိုဆွဲကာ အပြေး
ကလေး ထွက်ခွာသွားတာမို့ မောင်မင်းက အသည်းတယားယား
ဖြစ်၍ ကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲကို သူတို့ဆိုင်ကယ်စွန့်ကိစ္စနှင့်လာရင်း ... လမ်းဘေး ပလက်ဖောင်းပေါ်က လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်မှာ ထိုင်နေကြသော မောင်မင်းတို့ သုံးယောက်သည် သူတို့ထိုင်နေရာ နေရာနှင့် မျက်နှာချင်းဆိုင်တိုက်ရဲ့ အထပ်တစ်ထပ်မှ ဆင်းလာသော သင်တန်းသူ သင်တန်းသားများကို အမှတ်တမဲ့ ကြည့်နေမိကြပါသည်။

"ဟာ ... ဒီသင်တန်းက ကောင်မလေးတွေ လှတယ်ကွ"

နန္ဒက ရေရွတ်ချီးမွမ်းလိုက်ပါသည်။

"အဲဒါ ဘာသင်တန်းလဲ"

"ကျောက်မျက်နဲ့ ပတ်သက်တဲ့ သင်တန်းကွ၊ ဟိုမှာ ဆိုင်းဘုတ်လေ"

"သူ့အပေါ်ထပ်မှာလည်း တရုတ်စကားပြောသင်တန်း ရှိတယ်လေ"

"အေး ... ဘယ်ကလဲတော့ မသိဘူး ... အသက်နည်းနည်း ကြီးတဲ့ အမျိုးသမီးတွေလည်း ပါတယ်ဆိုတော့ ကျောက်မျက် က ဆင်းလာတာ ဖြစ်ဖို့များတယ်"

"တရုတ်စကားကော အသက်ကြီးကြီးတွေ မသင်ဘူးလား"





"ဟော့ကောင် ဇော်ထူး ... အလကားနေ ငြင်းခုန်နေရမှ ကျေနပ်လား ... မင်း"

"ဟာ ... ဟော့ကောင်တွေ ဟိုမှာ"

ဘာမှ ဝင်မပြောသေးသော မောင်မင်းက အလန့်တကြား ရေရွတ်လိုက်၍ အားလုံး ထိုလေ့ကားအဆင်းကို အံ့ကြည့်လိုက်ကြပါသည်။

"ရှင်ရှင်ကွ ..."

"အေး ... ဟုတ်တယ် ..."

အပေါ်ထပ်မှ ဆင်းလာသော ရှင်ရှင်သည် အိတ်လေး လွယ်ကာ ဖိုင်လ်လေးတစ်ခု ပိုက်လျက် နံဘေးမှ ကောင်မလေး နှစ်ယောက်နှင့် စကားပြောဆို နှုတ်ဆက်နေပါသည်။

"ရှင်ရှင် ဒီမှာ တစ်ခုခု တက်နေတယ်ကွ"

"ကျောက်မျက်သင်တန်းပဲ ဖြစ်မှာပေါ့၊ တရုတ်စကားတော့ မဖြစ်နိုင်ပါဘူး"

"ဘာလို့ မဖြစ်နိုင်တာလဲ"

"ဟ ... သူ့ဒွေးဦးဘုန်းပြည့် ညီမက Guide လုပ်ပါမလား ကွ"

"သူ ဝါသနာပါရင်လည်း ပါမှာပေါ့"

"ဟာ ... မင်းတို့နှစ်ကောင်ကွာ ... အလကားနေရင်း ငြင်းခုန်နေတာပဲ၊ အာရုံနှောက်လိုက်တာ"

မောင်မင်းက ညည်းတွားလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မြန်မြန်သောက်"

"ဘာလုပ်ဖို့လဲ"

"စကားသွားပြောမလို့"

"မင်းဟာမင်း သွားပြောပါလား၊ ငါတို့က ဘာဆိုင်လို့ မြန်မြန်သောက်ရမှာလဲ"

"ဟာ ... ထွက်သွားပြီကွ"

"ဟိုမှာပါ ... သူ့ကားပေါ် သူတက်နေပြီ"

"ဟာ ... မင်းတို့လုပ်တာနဲ့ စကားတောင် ပြောလိုက် မှာ မဟုတ်တော့ဘူး"

"မင်းဟာမင်း နှေးနေတာပဲဟာ၊ ဒါ တို့ဘာလုပ်လို့လဲ"

မောင်မင်းက ကမန်းကတန်း ထိုင်နေရာမှထ,ကာ ရှင်ရှင် ကားမထွက်မီ စကားပြောလို့မီအောင် အပြေးလှမ်းသွား လိုက်ပါသည်။

သို့သော် ခင်လေးရှင်က ကားကို ရပ်ထားရာ ကွေ့ထွက်နေပြီ။ မောင်မင်းသည် ကားကို တားလို့မီအောင် ကားရှေ့မှ ဖြတ်လိုက်ပါသည်။ ဒီကောင်မလေးနဲ့ စကားပြောခွင့် ရဖို့က လွယ်တာမဟုတ်။ အခွင့်အရေးရတုန်းလေး မလွဲချင်။

ခင်လေးရှင်က လမ်းပေါ် ပန်းကွေ့အထွက် မောင်မင်း က ကွေ့ထွက်တဲ့ကားရှေ့အဝင် ... ဒီလိုဝင်လာမည် မထင်သော ခင်လေးရှင်ကလည်း ကားကို ဘရိတ်မနင်းလိုက်၍ ဘောနက် ကိုင်ကာ ခပ်ရဲရဲ ဖြတ်လိုက်တဲ့ မောင်မင်းကို ခင်လေးရှင်





ကားခေါင်းက ဒုတ်ခနဲ ဝင်တိုက်လိုက်မိပါတော့သည်။ ကွေ့ထွက် နေစဉ် အရှိန်မပြင်းလှဘူး ဆိုပေမယ့် မောင်မင်းမှာတော့ ဒူးကို ဖြတ်၍ ဆောင့်တွန်းလိုက်သလို ဖြစ်ကာ လမ်းပေါ် ခွေခနဲ လဲကျသွားရပါသည်။

"အား ..."

ခင်လေးရှင်က အလန့်တကြား အော်ကာ ကားကို ဘရိတ်နင်းလိုက်ရပါသည်။

"ဟာ ... ဟိုကောင့်ကို တိုက်မိပြီ"

"ဒီကောင်ကလည်းကွာ ... ရှေ့လေးက ကပ်ဖြတ်တာ ကိုး"

"ဘာဖြစ်သွားမှန်း မသိဘူး၊ လဲနေပြီကွ ... လာ ... လာ"

ဇော်ထူးနှင့် နန္ဒ နှစ်ယောက် လက်ဖက်ရည်ဆိုင်မှ ထ,ပြေးလာကာ မောင်မင်းကို ဆွဲထူမှပင် ခင်လေးရှင်သည် သူ တိုက်လိုက်မိတာ မောင်မင်းပါရယ်လို့ သိလိုက်ရပြီးလျှင် အလန့် တကြား စိုးရိမ်တကြီး မျက်လုံးလေး ဝိုင်းနေရှာသည်။

ကားထဲမှ ခေါင်းလေးထွက်ကာ မောင်မင်းတို့ကို ကြည့်နေစဉ် ...

"ခင်ဗျားက အရမ်းပဲ ... ဒီမှာ မောင်မင်းကို တိုက်မိပြီ"

"အို ... ရှင်ရှင့် အမှား မဟုတ်ဘူး"

"ဘာလို့ မဟုတ်ရမှာလဲဗျ၊ ခင်ဗျာ တိုက်မိတာပဲ"

"သူက ဖွတ်ဖြတ်ဝင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... သူက ဝင်အတိုက်ခံတယ်ပေါ့"

"ဟုတ်တယ်၊ အဲလိုမျိုးပဲ"

"ကားကိုပဲ နေရင်းထိုင်ရင်း ပျော်ပျော်ကြီး အတိုက်ခံရဦး မယ်၊ အဓိပ္ပာယ်မရှိတာတွေ လာပြောနေတာ"

"အို ... သူက ကပ်ပြီးတော့ကို ဝင်တာ၊ ဘောနက်ကိုတောင် ကိုင်ပြီးဖြတ်တာ၊ ဒီလောက်နီးနီးလေး ဖြတ်ဝင်တော့ တိုက်မိတာပေါ့"

"ခင်ဗျားက လူတစ်ယောက် နီးနီးလေး ဖြတ်ဝင်ရင် ဘရိတ်အုပ်ပေါ့ဗျ"

"ရုတ်တရက် ဝင်မယ်မှ မထင်တာ ... ဘယ့်သိပါ့မယ် အခု ဘာဖြစ်သွားလဲ"

ဘေးက လမ်းသွားလမ်းလာတွေက အပြင်းအထန် တိုက်မိတာမျိုး မဟုတ်၍ ရပ်ကြည့်တာလောက် ... ဖြတ်သွားရင်း လှည့်ကြည့်တာလောက်သာ ရှိပါသည်။ ဝင်မပါကြပါ။

"ဟော့ကောင် ... ဘာဖြစ်သွားလဲတဲ့"

"ခြေထောက်ကျိုးသွားပြီထင်တယ်"

မောင်မင်း အသံက ခပ်ညှောင်နာနာ ထွက်လာ သည်။ ဤအသံကြောင့်ပင် နန္ဒနှင့် ဇော်ထူးက ဘာမှ မဖြစ်သွ ဆိုတာ သေချာသွားပြီး မောင်မင်းကို တစ်ဖက်တစ်ချက်မှတွဲ နီးရာပလက်ဖောင်းပေါ် ထိုင်စေလိုက်ပါသည်။





ခြေထောက်ကို ဒရွတ်တန်း၍ မလှုပ်မထောက်ဘဲ ပါသွားသော မောင်မင်းကို ခင်လေးရှင်က လန့်ပြီး မျက်လုံးဝိုင်း နှင့် လိုက်ကြည့်နေကာ ...

"ရှင် တကယ်ဖြစ်နေတာလား"

"ဟာ ... တကယ်မဖြစ်လို့ အလကား ဖြစ်ရမလား၊ ဒုန်း ဆို တိုက်တာပဲဟာ၊ ကျိုးတာသေချာတယ်၊ တအားနာတာ ပဲ ... ကျွတ် ... ကျွတ် ..."

ခင်လေးရှင်သည် စိတ်ညစ်ညစ်နှင့် ...

"ရှင် ... ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုလုပ်ရမလဲဗျ ... ခင်ဗျားကို ရဲတိုင်၊ လိုင်စင်သိမ်း အမှုဖွင့် ဒါပဲပေါ့"

နန္ဒက ဝင်ပြေလိုက်၍ ...

"အို ဘာဆိုင်လို့လဲရှင့်"

"ဘာဆိုင်ရမှာလဲ၊ ခင်ဗျားကားနဲ့ တိုက်တာလေ"

"သူ့ဟာသူ ဝင်လာတာပဲ"

"ဒါတွေ ရဲစခန်းကျမှ ပြေရှင်းပေါ့ဗျာ"

"ရှင်တို့နော် ... ရှင်တို့ တမင်လုပ်တာ ထင်တယ်"

"ဟာ ... ကိုယ့်အသက်တစ်ချောင်းကိုရင်းပြီး ဘယ်သူက တမင်လုပ်မှာလဲ"

"မသေရုံတစ်မယ် တမင်လုပ်ပြီး ကျွန်မကို ဒုက္ခရောက် အောင် လုပ်တာနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒုက္ခရောက်လို့လည်း ကျုပ်တို့ဘာမှ အကျိုးမရှိပါဘူးဗျာ၊ ဒီတော့ တရားဥပဒေအတိုင်းပဲပေါ့"

"ရှင်တို့ အပိုတွေ လုပ်မနေနဲ့၊ အခု ဆေးခန်းသွားချင်ရင် ကျွန်မ လိုက်ပို့မယ်"

"ဟှော့ကောင် ... သွားမလား"

"မသွားဘူး"

"မသွားရင်တော့ ရှင့်ထိုက်နဲ့ ရှင့်ကံပဲနော်"

"အားလားလား ... နာလိုက်တာ တအားပဲ"

"အဲဒါကြောင့် ဆေးခန်းသွားလိုက်ပါဆို"

"ဆေးခန်းမသွားဘူးဗျာ ... ရဲစခန်းပဲ သွားမယ်၊ ခင်ဗျား လိုက်ခဲ့"

"ဘာလို့ လိုက်ရမှာလဲ"

"ခင်ဗျားကားနံပါတ်ကို ဒီနားကလူတွေ ဆိုင်တွေ အကုန်မြင်တယ်နော်၊ သက်သေတွေမှ အများကြီးပဲ"

"ရှင်တို့ကို ပြေလည်ဖို့ ပြောနေတာ၊ အိမ်နီးချင်းမို့ ဆေးခန်းပို့ပေးမယ် ပြောနေတာ၊ ဆေးကုခလည်း ကျွန်မ ပေးမှာပေါ့"

"ဒါလေးနဲ့ ပြီးရောလားဗျ"

"ဘာလဲ ... ရှင်တို့က လျော်ကြေး လိုချင်နေတာလား ငွေညှစ်နေတာလား ..."

"ငွေမညှစ်ပါဘူး၊ လျော်ကြေးကလည်း တရားရုံး ဆုံးဖြတ်





တဲ့အတိုင်းပေါ့၊ ကဲ ... ဒါ ဘာဖြို့နယ် အပိုင်လဲ ... ကျောက်တံတားလား ... ပန်းဘဲတန်းလား ..."

"အို ... ကျွန်မ ရဲစခန်း မလိုက်နိုင်ဘူး"

"မလိုက်ရင် ဘယ်လိုလုပ်မှာလဲ"

ခင်လေးရှင်သည် စိတ်လည်းညစ် ကြောက်လည်း ကြောက်လာကာ ...

"အို ... မသိဘူး ... ရှင်တို့ဘာသာ လုပ်ချင်တာလုပ်၊ ကျွန်မ မလိုက်နိုင်ဘူး"

ပြောပြောဆိုဆို ကားကို စက်နှိုးကာ ခင်လေးရှင်က အရှိန်ထိုး မောင်းထွက်လိုက်ပါသည်။

"ဟော့ ... ဟော့ ..."

နန္ဒက လှမ်းအော်ပေမယ့် ခင်လေးရှင်က လှည့်ကြည့်စတမ်း ခပ်မြန်မြန် ထွက်ခွာသွားပါပြီ။

"ခြေထောက်ကျိုးသွားပြီ ထင်တယ်"

ဇော်ထူးက မောင်မင်းရဲ့ ညောင်နာနာသံကိုတုကာ သံခပ်ပါပါထည့်၍ ရေရွတ်ပြလိုက်သဖြင့် မောင်မင်းက ရယ်မောလိုက်မိရင်း ...

"သနားပါတယ်ကွာ၊ ကြောက်သွားတယ် ထင်တယ်"

"ကြောက်ပစေ ...၊ သူ့အစ်ကိုကဖြင့် ငါတို့ကို ရဲတိုင်မယ်ချည်း ခြိမ်းခြောက်နေတာ၊ အခု သူ့ညီမကို ပြန်ခြိမ်းခြောက်ရတာ ကျေနပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ရှင်က ရိုးအေးလေးပါကွာ၊ သနားပါတယ်၊ သူ့အစ်ကို လို ခွစာကြီး မဟုတ်ပါဘူး"

"ကဲ ... ဟော့ကောင် ... ထိုင်ကောင်းကောင်းနဲ့ ထိုင်မနေနဲ့ ထ၊ လက်ဖက်ရည်ဖိုးတောင် မရှင်းခဲ့ရသေးဘူး"

မောင်မင်းကလည်း ထ,ရပ်ပြီး ဘောင်းဘီဖင်ကို ရိုက်ပုတ်ခါ၍ လက်ဖက်ရည်ဆိုင်ဆီ အေးအေးဆေးဆေး ပြန် လျှောက်ခဲ့ကြပါသည်။

မအေးဆေးနိုင်တဲ့ သူကတော့ ခင်လေးရှင်ပါ။ တစ်ရိုန်ထိုး မောင်းထွက်လာခဲ့ပြီးကတည်းက တစ်လမ်းလုံးလည်း စိတ်ညစ်လာသည်။ အိမ်ရောက်တော့လည်း စိတ်ညစ်နေပါသည်။ ခင်လေးရှင်ကို ကိုကိုကြီးက ကားမောင်းခွင့်ပြုတာ တစ်နှစ်ပင် မပြည့်သေးပါ။ ခွင့်သာပြုထားပေမယ့်လည်း ကားနှင့်ပတ်သက်၍ ဂရုစိုက်ဖို့ကို နေ့စဉ်နှင့်အမျှလို တဖွဖွပြောနေတာ။

ကားချင်းတိုက်တာမျိုးထက် လူကို တိုက်မိမှာမျိုးကို ကိုကိုကြီးက ပိုလို့ပင် ပူတာပါ။

"ကားပျက်စီးတာက သူမှားလို့ သူကလျော်လျော် ကိုယ်မှား လို့ ကိုယ့်ဖာကိုယ် ပြင်ရပြင်ရ ငွေကြေးပဲ ဆုံးရှုံးတာ လူတစ်ယောက်ယောက်ကို ဝင်တိုက်လိုက်မိလို့ အဲဒီလူ မတော်တဆ သေသွားရင်သွားပြီ၊ ငါ့ညီမလေး ဘဝပျက်ပြီ သေချာဂရုစိုက်နဲ့ ဖြည်းဖြည်းမောင်းပါကွယ်"





ခင်လေးရှင်လည်း ဂရုစိုက် မောင်းပါသည်။ ဖြည်း ဖြည်းပဲ မောင်းပါသည်။ အမောင်းဘယ်တော့မှ မကြမ်းပါ။ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေလည်း မဖောက်ဖျက်ပါ။ မီးပွိုင့်ကိုလည်း အမြဲလေးစားပါသည်။ ဒီလို ဂရုစိုက်တဲ့ကြားက ခုလို ဖြစ်ရတာ။ ကိုယ့်အတွက်လည်းကြောက် ... သူ့အတွက် လည်း စိတ်မကောင်းပါ။

သူ့မျက်နှာကလည်း ခင်လေးရှင်ကိုဆို အမြဲချစ်စနိုး သဏ္ဌာန်ပြုံးစ,တတ်မြဲမို့ အခုဟာကိုလည်း တကယ်ဖြစ်သလား စ,နေသလား ဝေခွဲရခက်ပါသည်။ သူ့မျက်နှာ ရှုံ့မဲ့နေတာကို မြင်ရတော့ ကိုယ့်ရဲ့ခြေထောက်တွေထဲကပင် နာလာသလိုလို။ တကယ်များ ကျိုးသွားလေသလား။

ခြေထောက်တွေ ကျိုးသွားရင်တော့ သနားစရာ စိတ်မကောင်းစရာပဲ။ တကယ်လို့လည်း စိတ်ချမယုံရဲ ... ညာပြော တာလို့လည်း မသေချာနိုင်ဘဲ စိတ်ထဲ တထင့်ထင့် ဖြစ်နေပါသည်။ ဘားက ကောင်လေးရဲ့ ရပ်ကတော့ ခပ်တည်တည်နှင့် ...။ မတော်တဆ ရဲတိုင် ဘာတိုင် တိုင်လိုက်ရင် ဒုက္ခ ...။ ခြိမ်းနား ချင်း အချင်းချင်း တကယ်တိုင်လိမ့်မည်လို့လည်း မယုံချင်ပါ။

သူငယ်ချင်းနှစ်ယောက်က တိုင်မည်ပြုမည်ဆိုလျှင် တောင်မှ မောင်မင်းကတော့ ခင်လေးရှင်ကို ရဲတိုင်လိမ့်မည် မထင်ပါ။ လူကို ချစ်စနိုးရှိလှတဲ့ သူ့ရဲ့အကြည့် သူ့ရဲ့အပြုံးသူ့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့စကားတို့ အားကိုးနှင့် ခင်လေးရှင်ကို သူဟာ ရဲတိုင်လိမ့်မည် မဟုတ်လို့ ယူဆယုံကြည်ရပါသည်။

သို့ပေမယ့် စိတ်ထဲ စနိုးစနောင့် တထင့်ထင့်နှင့် နေမထိ ထိုင်မသာ ဖြစ်နေရမှုကတော့ ပျောက်ပျက်မသွားပါပေ။ သူ့ခြေထောက်များ တကယ်ကျိုးခဲ့ရင် ...။ ဤအတွေးက စိတ်ကို မသာယာစေ။ ညနေရောက်တဲ့ထိ မရွှင်မပျ မလန်းမဆန်း ဖြစ်နေသည်မှာ ညနေစာ ထမင်းဝိုင်း၌ ကိုကိုကြီးကပင်လျှင် ရိပ်မိတဲ့ အထိပါ။

"ရှင်ရှင် ... ဘာဖြစ်နေလဲဟေ့ ... နေမကောင်းဘူးလား"

"နေကောင်းပါတယ် ကိုကိုကြီး"

"ထမင်းစားတာ တို့ကနန်း ဆိတ်ကနန်းနဲ့ ပါးစပ်ထဲကို မရောက်ဘူး၊ ပန်းကန်ထဲက အရာမယွင်းပါလား ...၊ စား မကောင်းဘူးလား"

"ကောင်းပါတယ်"

"မျက်နှာလည်း မကြည်လင်ဘူး ... စကားပြန်ပြောနေတာ ကိုက နွမ်းရိရိနဲ့၊ ဘာဖြစ်နေသလဲ ငါ့ကို မှန်မှန်ပြောစမ်း"

ခင်လေးရှင်သည် ဆက်ပြီး ဖုံးကွယ်ထားရင် ကောင်း မလား ... ဖွင့်ပြောရ ကောင်းမလား ... ချီတုံချတုံနှင့် ဖြေရန် တုံ့ဆိုင်းနေသည်။ ဤသို့ တုံ့ဆိုင်းနေတာကိုက တစ်ခုခုပဲဆိုတာ ကို သိသာနေစေတော့ရာ ဦးဘုန်းပြည့်က စိုးရိမ်မကင်းနှင့် ...





"ပြောစမ်း ... ပြောစမ်း ... ညီမလေး၊ နင် တစ်ခုခုပဲ၊ ဘာမှ မဖြစ်ဘဲတော့ မရှိဘူး ဖြစ်တယ်၊ ငါ့ကို မှန်မှန်ပြော စမ်း ... ယု သိလား"

"ယု မသိဘူး အစ်ကိုကြီး၊ ခုမှ သတိထားမိတယ်"

"ကဲ ... ဖြေစမ်း ရှင်ရှင်"

"ဟို ... ဟို ..."

"ပြော ... ပြော ... ပွင့်ပွင့်လင်းလင်း ပြောစမ်း"

"ရှင်ရှင် ဒီနေ့ ... ဒီနေ့ လူတစ်ယောက်ကို ကားနဲ့တိုက် မိတယ် ကိုကိုကြီး"

"ဟာ ..."

"ကိုကိုကြီး ရှင်ရှင့်ကို မဆူပါဘူးနော်"

ဦးဘုန်းပြည့်မှာ အလန့်တကြား စိုးရိမ်တကြီးနှင့် ...

"ဆူတာ မဆူတာ အရေးမကြီးဘူး၊ ဒီကိစ္စမျိုးဆိုတာ အိမ် ကလူကြီး ကို မြန်မြန်ထားလို့ ရသလား၊ ဒုက္ခပါပဲ ရှင်ရှင်တော့၊ ကဲ ... ပြောစမ်း၊ ဘယ်လိုဖြစ်တာလဲ ... ဘယ်မှာတိုက်တာ လဲ ... ဘယ်သူ့ကိုလဲ ... ဘာဖြစ်သွားသလဲ"

မေးခွန်းတွေက များလှ၍ ခင်လေးရှင်မှာ မျက်လုံး လေး ပေကလပ်နှင့် ...

"ဟို ... ဟို ... ဟိုဘက်ခြံကလူကို တိုက်မိတာ"

"ဘာ ..."

ဦးဘုန်းပြည့်မှာ အလန့်တကြား ဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုလဲ"

"ဟိုဟာလေ ကိုကိုကြီး ... မောင်မင်းကြီးသားကို"

"ဘာ ..."

ခင်လေးရှင်က ခေါင်းလေးကို ငုံ့ချထားပါသည်။

"ဘယ်နားမှာ သွားတိုက်တာလဲ"

"မြို့ ... မြို့ထဲမှာပါ"

"မြို့ထဲမှာ ဒီကောင်နဲ့ ဘယ်လိုသွားဆုံလဲ"

"ရှင်ရှင်က သင်တန်းကအဆင်း ကားကို ရပ်ထားရာက မောင်းအထွက်မှာ သူက ရှေ့ကအဖြတ် ..."

"သူက ညည်းသင်တန်းကို ဘာလာလုပ်တာလဲ"

"ရှင်ရှင့်ဆီ လာတာ မဟုတ်ဘူး ... သူ့ဟာသူ ..."

"ဘာ သူ့ဟာသူလဲ ... မယုံပါဘူး၊ ဒီကောင် ငါ့ညီမကို စကားပြောဖို့ လာချောင်းနေတာ ဖြစ်မှာပေါ့၊ ဟိုတစ်နေ့က လည်း ခြံစည်းရိုးကြားကနေ ချောင်းပြီး စကားလှမ်းပြော နေတာ မြင်သားပဲ ...၊ တောက် ..."

"သူ့ဟာသူ ကားရှေ့က ဖြတ်တာပါ ကိုကိုကြီးရဲ့"

"မသေဘူးလား ဒီကောင်"

"မသေပါဘူး"

"တောက် ... ဘာဖြစ်သွားသလဲ"

"သူကပြောတော့ ခြေထောက်ကျိုးသွားတယ်လို့ ပြောတယ် ကိုကိုကြီး"





အမြင်ကတ်ကတ် စိတ်လိုက်မာန်ပါနှင့် မသေဘူးလား ဘာညာ ပြောလိုက်ပေမယ့်လည်း ခြေကျိုးသွားတယ်ဟု ကြားလိုက်ရတော့လည်း ဦးဘုန်းပြည့်မှာ လန့်သွားရပါသည်။

"ခြေထောက်ကျိုးသွားတယ် ဟုတ်လား"

"သူတို့ ပြောတာပဲ ကိုကိုကြီး"

"ဒီကောင် ဘာပြောသေးလဲ"

"ရှင်ရှင်က ဆေးရုံပို့ရမလား မေးတာ မပို့နဲ့တဲ့ ... ဒါပေမယ့် ရဲတိုင်မယ်လို့ ပြောတယ် ကိုကိုကြီး"

"ဘာပြောတယ်"

"ရဲတိုင်မယ်တဲ့ ... အဲဒါကြောင့် ရှင်ရှင် စိတ်ညစ်နေတာပါ"

"အောင်မာ ... ရာရာစစ ဒီကောင်က ငါ့ညီမကိုများ ပါးစပ်ကထွက်လို့၊ ရဲတိုင်မယ်တဲ့၊ အလကားကောင်တွေ ... တိုင်မှာဖြင့် ချက်ချင်းတိုင်မှာပေါ့၊ တိုင်တာလည်း မဟုတ်ဘဲနဲ့ တမင်သက်သက် ခြိမ်းခြောက်လိုက်တာ၊ ဒါသေချာတာပဲ ...၊ သက်သက် ခြောက်တာ၊ ဘာလို့ခြောက်သလဲ ... ငွေလိုချင်လို့ ... ဒါပဲပေါ့၊ တောက် ... ဒီကောင်တွေ ငါနဲ့ တွေ့မယ်"

"ကိုကိုကြီး ... ပြဿနာတော့ သွားတက်မနေပါနဲ့၊ ရှင်ရှင်က တိုက်ထားတဲ့သူ ကိုကိုကြီးရဲ့၊ တော်ကြာ ကိုကိုကြီး လုပ်မှ သူတို့ စိတ်တိုပြီး တကယ်လျှောက်တိုင်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတိုင်တော့ ဘယ်ခံနိုင်ပါ့မလဲ၊ ဒီကောင်တွေ ဘယ်လောက် တောင်းမလဲ ... တောင်းစမ်း၊ ခြေထောက်ကလည်း တကယ်ကျိုးချင်မှ ကျိုးမှာ"

ပြောပြောဆိုဆို ... ဦးဘုန်းပြည့်က ထမင်းကို လက်စသတ်ကာ တစ်ဖက်ခြံကို သွားဖို့ပြင်တော့သည်။

"အစ်ကိုကြီး ... ယု လိုက်ခဲ့ရမလား ..."

"မလိုက်ပါနဲ့ကွာ"

ဦးဘုန်းပြည့် ထွက်သွားလျှင် ခင်လေးရှင်ရော ယုဇနပါ မယောင်မလည် ခြံထဲဆင်းလာကာ သူတို့ရဲ့ နံဘေးခြံစည်းရိုးနား အသာကပ်လာခဲ့ကြပါသည်။

ဦးဘုန်းပြည့်က ခြံရှေ့ဘက်က သွားတာမို့ ခြံရှေ့ရောက်လျှင် ဆိုင်ခန်းအသစ်စက်စက်ထဲ မီးလေ့တတ်တချို့နှင့် အလုပ်ရှုပ်နေသော နန္ဒကို တွေ့လိုက်လေသည်။ ဆိုင်ခန်းထဲပဲ လှမ်းတက်သွားလိုက်ကာ ...

"ဟော့ကောင်"

"ဟာ ... ဟိုဒင်း ..."

"အေး ... မင်းသူငယ်ချင်း ရှိလား"

"ဘယ်သူလဲ အစ်ကိုကြီး"

"မောင်မင်းကြီးသားကို ပြောနေတာ၊ သူ့ကို နေ့လယ်က ငါညီမ ..."

"ဟုတ်တယ်၊ ကားနဲ့ ဝင်တိုက်တယ်"





"မင်းပြောပုံက တမင်သေစေချင်လို့ပဲ ဝင်တိုက်သလိုလို ကြိုတင်ကြံစည်ရည်ရွယ်မှုပဲ ပါသလိုလို၊ ဒီလို မပြောပါနဲ့ကွ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဝင်တိုက်မိတာ"

"အေး ... အဲဒါ သူ ဘာဖြစ်သွားလဲ"

"သူလား ... သူ အတော်တော့ ထိခိုက်သွားတယ်"

စဉ်းစဉ်းစားစား ထစ်တုံ့တုံ့ ပြောဟန်ကြောင့် ဦးဘုန်းပြည့်က မျက်မှောင်ကုတ်ရင်း ...

"ကျိုးတော့ မကျိုးဘူး မဟုတ်လား"

"မသိဘူးဗျ"

"ဘာမသိဘူးလဲကွ၊ နေ့ခင်းကတည်းက တိုက်တာ၊ ခုလောက်ရှိ ကျိုးမကျိုးတော့ သိပြီပေါ့၊ မကျိုးလို့နေမှာပေါ့၊ မင်းတို့ ငါ့ကိုတော့ လိမ်ဖို့ မကြိုးစားနဲ့နော် ...၊ ရိုးရိုးသားသား ပြောကြ"

"နေဦး အစ်ကိုကြီး ... သူ့ကို ခေါ်လိုက်ဦးမယ်"

"အေး ... ခေါ်လိုက်"

ခေါ်လိုက်နိုင်ကတည်းက အခြေအနေ ကောင်းလို့သာပေါ့။ နန္ဒက ဆိုင်ရဲ့ နောက်ပေါက်ကလေးမှ ဆင်းသွားတာမို့ ဦးဘုန်းပြည့်ကလည်း နန္ဒနောက်က လိုက်ဆင်းလိုက်ပါသည်။

"အစ်ကိုကြီး နေခဲ့လေ ... ရတယ်"

"မနေခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းပြည့် လိုက်လာ၍ က စိတ်ရှုပ်ရှုပ် ခေါင်းကုတ်မိပါသည်။ ဦးဘုန်းပြည့် လိုက်လာမည် တာ ကြောင့် ဘယ်လိုပြောဆိုမည်ကို ကြိုတင်၍ တိုင်ပင်ကြပါ။ စိတ်ရှုပ်၍ မဆုံးမီ သူတို့ဆိုင်ခန်းထဲက ဆင်းပြီး ခြေလှမ်း နှစ် လုံး သုံးလှမ်းလောက်သာ ရှိသေးခိုက် အိမ်လေးထဲမှ ဇော်ထူးနှင့် မောင်မင်းက ရှေ့ဆင့်နောက်ဆင့် ထွက်လာကြပါသည်။

ဆိုင်ခန်းလေးတွေထဲ သူတို့ကိုယ်တိုင် မီးချောင်းတပ် ဆင်ဖို့အတွက် အိမ်ထဲမှာ လိုအပ်သော ပစ္စည်းတွေ ဝင်ယူကြတာမို့ ဇော်ထူး လက်ထဲမှာရော မောင်မင်း လက်ထဲမှာပါ မီးချောင်းများ ကြိုးခွေများ ပစ္စည်းကိရိယာများ လက်အပြည့် သယ်လာကြတာပင်။ ဇော်ထူးက ရှေ့က၊ မောင်မင်းက နောက်က။

"ဟော့ကောင် မောင်မင်း ..."

နန္ဒက လှမ်းအော်လိုက်၍ နှစ်ယောက်လုံး မော့ကာ လှမ်းကြည့်ရင်း သစ်သားအိမ်လှေကားထစ်လေးမှ ဆင်းလက် တုံ့ရပ်သွားပါသည်။ ဦးဘုန်းပြည့်က ခြေလှမ်းကို ရပ်၍ မောင်မင်း လို လက်ပိုက်ကာ ကြည့်နေသည်။

"ဒီမှာ ... အစ်ကိုကြီးက မင်း ဘာဖြစ်သွားလဲ လာကြည့် တယ်"

"ဪ ..."

ဇော်ထူးက ဆက်ဆင်းလာပါသည်။

"ဘာမှ မဖြစ်ပါလားကွ"





"ဖြစ်တာပေါ့ဗျ"

မောင်မင်းက လက်ထဲ ပစ္စည်းတစ်ပွေ့တစ်ပိုက်နှင့် လှေကားသုံးထစ်ကို ထော့နဲ့နဲ့နှင့် ဆင်းလာပါသည်။

"ဟော့ကောင် ... မင်းခြေထောက်က ရုတ်တရက် ဘယ်လို ဖြစ်သွားတာလဲ၊ ခုန အိမ်ထဲက ထွက်လာနေတုန်းက ငါ ရောက်နေမှန်း မသိတော့ ခြေထောက်က အကောင်းပါ၊ ကောင်းကောင်းလျှောက်လာတာ ငါတွေ့သားပဲ"

"မကောင်းပါဘူးဗျ ... အစ်ကိုကြီး မျက်စိလျှမ်းလို့ ဖြစ်ပါ လိမ့်မယ်"

"ငါ လုံးဝ မျက်စိမလျှမ်းဘူး၊ မင်း နည်းနည်းကလေး တောင် မထော့ဘူး၊ ခုမှ ထော့နင်း ထော့နင်းနဲ့ နေရင်း ထိုင်ရင်း ရောဂါက ဘယ်ကပေါ်လာတာလဲ ... မင်း ငါ့ ကို လုံးဝလိမ့်မယ် မကြံနဲ့၊ ငါ အခုလာတာလည်း ဘာ ဖြစ်သွားလဲ ကြည့်ရအောင် လာတာပဲ"

"မလိမ့်ပါဘူးဗျာ၊ ကားကြီးတစ်စီးလုံးနဲ့ တိုက်မိတာ နေ့ တွင်းချင်းတော့ ကောင်းနေနိုင်ပါ့မလား"

ဘယ်လိုတိုက်မိပုံလဲဆိုတာ အတိအကျ မသိသော န်းပြည့်မှာ ရုတ်တရက် ဘာပြန်ပြောရမည် မသိပါ။ အိမ်ထဲ ထွက်လာစဉ်က မထော့နဲ့ဘူးတော့ ထင်တာပဲ။ ဒါပေမယ့် င်မင်းက နောက်ကမို့ ရှင်းရှင်းလင်းလင်း သဲသဲကွဲကွဲ မြင် တော့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်း ဘာဖြစ်သွားလဲ"

"ဘာဖြစ်သွားလဲတော့ မသိဘူးလေဗျာ ... လမ်းလျှော
ရင်တော့ ထော့နေတာပဲ"

တစ်ဖက်ခြံမှ ချောင်းနားထောင်နေသော ခင်လေး
ရှင်နှင့် ယုဇနမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိပါသည်
မောင်မင်းတို့ အိမ်ထဲက ထွက်လာတာကို ခင်လေးရှင်တို့ မြင်
ရပါ။ လှေကားသုံးထစ်ကို တစ်ထစ်ပြီးမှ တစ်ထစ် ထော့နဲ့
ဆင်းလာတာကိုသာ မြင်ရပါသည်။ ကျိုးတာ မဟုတ်တာသေ
သွားတာတောင်မှ နာတာကတော့ နာသွားနိုင်တာပဲဟု ခင်လေး
ရှင် တွေးမိပါသည်။ သူ လဲကျသွားခဲ့တာပဲလေ။

"အရိုန်ပြင်းလား ရှင်ရှင်"

"အရှိန်မပြင်းလှပေမယ့် သူ ခွေခနဲတော့ ကျသွားတာ
မမယုရဲ့၊ သူ လဲကျမှပဲ ရှင်ရှင်ကလည်း ဘရိတ်ဖိနင်းမိတာ

ဦးဘုန်းပြည့်ကတော့ မောင်မင်းကို မသကာလ
စိုက်ကြည့်နေပါသည်။ နန္ဒက မောင်မင်း လက်ထဲက ပစ္စည်းတွေ
လက်ပြောင်းသယ်ယူသွားပါသည်။

"အစ်ကိုကြီးက အခုလာတာ ဘာကိစ္စလဲ ... သတင်း
မေးတာလား"

"သတင်းလာမမေးပါဘူး ... မင်းအခြေအနေ လာကြည့်
ကဲ ... မင်းခြေထောက်က ကျိုးတော့မကျိုးဘူး ... နာ
တယ် ... ထော့သွားတယ်ပေါ့ ... ဟုတ်လား"





"ဟုတ်ပါတယ်"

"ကဲ ... ဒါဖြင့် ... မင်းခြေထောက် ဆေးကုဖို့ ငွေဘယ်လောက်ယူမလဲ"

တစ်ဖက်ခြံမှ ခင်လေးရှင်သည် ကိုကိုကြီး စကားကြောင့် အားနာမျက်နှာပူလှကာ ပါးလေးနှစ်ဖက်ကို လက်ဝါးနှင့်ပင် ယောင်ယမ်းအုပ်ကိုင်လိုက်မိပါသည်။

"ဟာ ... ခင်ဗျားက သူ့ငွေးပိပိ ငွေစကား ပြောလှချည်လားဗျ"

"သူ့ငွေးနဲ့ မဆိုင်ပါဘူး ... ပြောတာကတော့ ဒီလိုပဲပြောရတော့မယ်လေ၊ မင်းတို့က ငါ့ညီမကို ခြိမ်းလား ခြောက်လား၊ ရဲတိုင်မယ် အမှုဖွင့်မယ် လုပ်တယ်ဆိုကွ၊ တိုင်ရင်လည်း ခုလောက်ရှိ ပြဿနာ ဖြစ်နေပြီ၊ မတိုင်ဘဲ ခြိမ်းခြောက်လိုက်တယ် ဆိုတာ ဘာအတွက်ကြောင့် ရှိမလဲ၊ ဒါအတွက်ကြောင့်ပဲ မဟုတ်ဘူးလား"

"မဟုတ်ဘူးဗျ"

"မဟုတ်ရင် ဘာလဲ"

"ငွေတွေ ဘာတွေ မလိုပါဘူးဗျ၊ ကားနဲ့ ဝင်တိုက်တဲ့သူနဲ့ အတိုက်ခံရတဲ့သူ၊ ဝင်တိုက်တဲ့သူက ကျွန်မ တောင်းပန်ပါတယ်ရှင် ကျေအေးပါ ဆိုတာလောက်တော့ အတိုက်ခံရသူကို တောင်းပန်သင့်တာပေါ့၊ ခင်ဗျားညီမက အဲသလို တောင်းပန်လိုက်ရင် ကျေအေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

ဦးဘုန်းပြည့် မျက်နှာက မခံချိ မခံသာ ရှုံ့တွသွားပါသည်။

"ငါ့ညီမက မင်းကို တောင်းပန်ရမယ်၊ မဖြစ်နိုင်တာကွာ"

"ဘာလို့ မဖြစ်နိုင်ရတာလဲ၊ ဒီလောက်တော့ တောင်းပန်သင့်တာပေါ့"

"ဟော့ ... ငါ့ညီမက ကားမောင်းလည်း ညံ့သာတယ်၊ ဂုဏ်ရလည်းစိုက်တယ်၊ ဒီလိုတိုက်မိတာမျိုး တစ်ကြိမ်မှ မဖြစ်ဖူးသေးဘူး၊ ခုကိစ္စကလည်း သူ့အမှားတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မင်းတို့ ရှစ်ထိုးလို့ ဝင်တိုက်မိတာပဲ ဖြစ်မှာသေချာတယ်"

"ဗျာ ..."

မောင်မင်းသည် ဦးဘုန်းပြည့် ပုံစံနှင့် စကားကြောင့် ပြုံးချင်တာကို အောင့်ထားလိုက်ရပါသည်။

"ကျွန်တော်တို့ကပဲ ကိုယ့်ကိုယ်ကိုယ် ဒဏ်ရာအရခံပြီး ခင်ဗျားညီမကားရှေ့ ရှစ်ထိုးရမှာလား၊ စဉ်းစားပြီးပြောပါဦး အစ်ကိုကြီးရာ၊ ခင်ဗျားဆိုရင် ဒါမျိုးလုပ်မလား"

"ငါကတော့ ဘယ်လုပ်မလဲ ... ဒါပေမယ့် မင်းတို့ကောင်တွေရဲ့ အပြုအမူတွေက တောက်လျှောက် ဂျပိုးဆန်ဆန်ပြုမူခဲ့တာ"





"ကျွန်တော်တို့က တောင်းပန်ရင် ကျေအေးပါမယ်လို့ ပြောနေတာပါ၊ ဒါပေမယ့် ခင်ဗျားစကားတွေက တစ်ဖက်သတ် ကျူးလွန်အားကြီးတယ်"

"ငါ့ညီမကိုတော့ မင်းတို့ကို လုံးဝတောင်းပန်မခိုင်းနိုင်ဘူး၊ အဲဒီအတွက် မင်းတို့ ရဲတိုင်မယ် ဆိုရင် ငါကလည်း မင်းတို့ကို တိုင်မယ်၊ မင်းတို့ အမှုလုပ်မယ်ဆိုရင် ငါကလည်း မင်းတို့ကို အမှုပြန်လုပ်ရမှာပဲ"

"ကျွန်တော်တို့က အမှုလုပ်စရာ ဘာဖြစ်မှုကျူးလွန်မိလို့လဲ"

"ငါ့ညီမကို နှောင့်ယှက်မှု"

"ဗျာ ...၊ ခင်ဗျားညီမကို ဘယ်တုန်းက နှောင့်ယှက်မိလို့လဲ"

"ငါ့ညီမရဲ့ သင်တန်းကို မင်းတို့ သွားစောင့်တယ်၊ ကားနဲ့ တိုးမိအောင်လည်း တမင်တကာ ကြံစည်တယ်၊ ဒါ ငါ့ညီမကို နှောင့်ယှက်တာတွေပဲ"

"ရှင်ရှင့် သင်တန်းကို လုံးဝသွားမစောင့်ဘူး"

"ဟော့ကောင် ... မောင်မင်းကြီးသား၊ ငါ့ညီမနာမည်ကို အဖျားဆွတ် ခေါ်စရာမလိုဘူး၊ မင်းနဲ့လည်း မိတ်ဆွေသူငယ်ချင်း မဟုတ်ဘူး"

"ကောင်းပါပြီဗျာ၊ သူ့သင်တန်းကို ကျွန်တော်တို့ လုံးဝသွားမစောင့်တာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူ့သင်တန်းရှေ့ မင်းတို့ ဘယ်လိုလုပ် ရောက်နေမလဲ ... ငါ့ကို လာမလိမ့်နဲ့"

"သင်တန်းရှေ့ကို ကိုယ့်ဘာသာ အလိုလို ရောက်နေတာ။ သူဘာတက်နေတယ် ... ဘယ်မှာတက်နေတယ် ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး သိနေမှာလဲဗျာ၊ ကိုယ့်ကိစ္စနဲ့ကိုယ် ရောက်နေတုန်း သူက သင်တန်းကနေ ဆင်းလာတာ"

"မယုံဘူးဟေ့ကောင်"

"ဟာ ... မယုံလည်း မတတ်နိုင်ဘူးဗျာ၊ ကျွန်တော် အမှန်အတိုင်း ပြောနေတာ"

"သူ့သင်တန်းရှေ့ကိုမှ မင်းတို့က မင်းတို့ကိစ္စနဲ့ တိုက်တိုက်ဆိုင်ဆိုင် ရောက်နေရတယ်လို့၊ လုပ်ကြံဖန်တီးထားသလိုပဲ"

မောင်မင်းသည် မအောင့်နိုင်ဘဲ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိပါသည်။

"ဟေ့ကောင် ... ရယ်စရာ အကြောင်း ဘာမှမရှိဘူး၊ မင်းတို့ ရှင်းရှင်းလင်းလင်း နေနော်၊ မင်းတို့လို ဗရုတ်သုတ်ခ တွေ ငါ့ညီမနဲ့ ဘာမှပတ်သက်နေစရာ အကြောင်းမရှိဘူး၊ ဂုံးဝလည်း လာမပတ်သက်နဲ့၊ ငါ့ညီမကို ရိုးတီးရားတား နှောင့်ယှက်မယ် ကြံရင်တော့ မင်းတို့ကောင်တွေကို အချုပ်ထဲ ပို့ပစ်မယ်"





"ဟာ ... ခင်ဗျားကဲ နေရင်းထိုင်ရင်း အသားလွတ်နဲ့ စကားပြောတာ ရင့်လှချည်လားဗျ"

"ရင့်တယ်ကွာ"

"ခင်ဗျား ကျွန်တော်တို့ကို ရဲတိုင်မပေါ့ ... အမှုဖွင့်မယ် ... အချုပ်ထဲပို့မယ် အကြိမ်ကြိမ် ခြိမ်းခြောက်ခဲ့တယ်နော် ... ခင်ဗျားညီမကို တစ်ကြိမ် ခြိမ်းခြောက်မိတော့ ခင်ဗျား မခံမရပ်နိုင်ဖြစ်တယ်၊ ဒီလိုပဲလား"

"ဒီလိုပဲ ... ငါ့ညီမက ဘာအပြစ်မှ ရှိတာမဟုတ်ဘူး၊ မင်းတို့ကသာ ဗရုတ်သုတ်ခ ဘယ်ကမှန်းမသိ ဘာတွေမှန်းမသိ ဇစ်မြစ်မသိတွေ"

"မန္တလေးက ကောင်လေ၊ ဒေါ်စိန်ဥမြေးလို့ ပြောပြပြီးပြီပဲ၊ ဘာမသိစရာရှိလဲဗျ"

"မင်းက ဒေါ်စိန်ဥမြေးလို့ ပြောတာနဲ့ ငါက ယုံရရောလား၊ တကယ့် ဂုဏ်ရှိတဲ့သူဌေးမကြီးမြေးက ကားတစ်စင်းတောင် မပိုင်တာ ဖြစ်နိုင်ပါ့မလား၊ လမ်းလျှောက်လိုက် ခြေလျင်သွားလိုက် ... ဘတ်စ်ကားစီးလိုက်ပဲ ငါတွေ့နေရတာ၊ ဒီတော့ ငါက ယုံပစ်လိုက်သင့်သလား"

"သြော် ... ခင်ဗျားက ခင်ဗျားညီမကို လိုက်နှောင့်ယှက်တဲ့ ကောင်တွေ ကားကလေးမှ မောင်းပြီး မနှောင့်ယှက်တော့ သိပ်မကျေနပ်တဲ့ သဘောပေါ့၊ ကိုယ့်ကားကိုယ်မောင်းပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားညီမသင်တန်းကို ရောက်ချင်ရောက်ပေါ့ ... ဒီလို လား ...”

“ဘာပြောတယ်ကွ”

ဦးဘုန်းပြည့် အကြီးအကျယ် ဒေါပွပြီး ရှေ့တိုးလာ၍ မောင်မင်းက နောက်ဆုတ်လိုက်ပါသည်။ ခင်လေးရှင်ရဲ့အစ်ကိုနှင့် သူ ရန်မဖြစ်လိုပါ။ နိုင့်ထက်စီးနင်း နှိမ်ပြောလှ၍သာ သူ မခံချိ မခံသာဖြစ်အောင် တမင်တကာ ပါးစပ်က ပြောနေသော်လည်း မောင်မင်း စိတ်ထဲ ရန်လိုချင်မှု မရှိပါ။

ခင်လေးရှင်သည် ချောင်းကြည့်နေရာမှ ကိုကိုကြီး ရှေ့တိုးသွားတော့ ရင်ဘတ်လေးကို ဖိထားလိုက်မိပါသည်။ ဟိုလူတွေကလည်း ဟိုလူတွေပဲ။ တစ်သက်လုံး လူကြီးလူကောင်းပီပီ သသ ယဉ်ယဉ်ကျေးကျေးသာ နေလာသော ကိုကိုကြီးခမျာလည်း သူတို့နဲ့ကျမှပင် မခံမရပ်နိုင် စကားလုံးတွေ ရင့်သီးကြမ်းတမ်းရသည်မှာ သနားဖို့ပင် ကောင်းပါသည်။

မောင်မင်းကိုလည်း အလကားနေရင်း ခင်လေးရှင်က သနားမိပါသည်။ ဘာမှတော့ သနားစရာ အကြောင်း သိပ်မရှိပေမယ့် ကိုကိုကြီးရဲ့ တစ်ဖက်သတ် အမြင်ကတ်မှုကို လက်ခံရယူထားရသည်မှာ ရှေးဘဝက ရေစက်ဟောင်းပဲ ထင်ပါရဲ့။

မောင်မင်းက လက်ကလေးဆန့်ကာကာ ...

“သိပ်ဒေါသမကြီးပါနဲ့ အစ်ကိုကြီးရာ၊ သဘောတရားကို





ပြောပြတာပါ၊ ကားမရှိတာကို အစ်ကိုကြီးက နှိမ်ချသလို မြင်နေ ပြောနေတာတော့ သဘာဝမကျဘူးဗျ”

“ကားမရှိတာထက် မင်းတို့ ပြောဆိုနေထိုင် ပြုမူပုံက ကလေကချေလို လုပ်နေလို့ ပြောနေတာကွ၊ မင်းတို့နဲ့ စကားပြောရတာ ငါပါ နေရင်းထိုင်ရင်း အဆင့်နိမ့်တယ်၊ ဒီဘက်ခြံကို မင်းတို့ ရောက်လာတာကိုက ငါ့အတွက် အကုသိုလ် ဝင်တာပဲ ... တောက်”

ဦးဘုန်းပြည့်က ချာခနဲ လှည့်ထွက်လိုက်ပါသည်။

“အစ်ကိုကြီး ... ကားတိုက်မိတဲ့ကိစ္စကို ခင်လေးရှင်က လာမတောင်းပန်ဘူးဆိုရင် ...”

ဦးဘုန်းပြည့်က ဆတ်ခနဲ ပြန်လှည့်ကာ ...

“မတောင်းပန်ဘူးဆိုရင် ဘာဖြစ်သလဲ”

“မတောင်းပန်ဘူး ဆိုရင်လည်းပဲ ကျွန်တော်တို့ကတော့ ကျေအေးပြီးသားပါလို့ ပြောမလို့ပါ”

“တောက်”

ဦးဘုန်းပြည့်က လှည့်ထွက်သွားပါသည်။ ဒီကောင်တွေ ရှင်ရှင့် သင်တန်းကို ပ မင်းတကာ သွားစောင့်နေတာလို့ပဲ သူ ထင်သည်။ နောင်လည်း သွားဦးမှာပဲ။ ရှင်ရှင့် သင်တန်းဆင်းချိန်တွေ ရမ်ရန်ရှာ ချက်ကျင်လုပ်တဲ့အခါမှာနင့် မသိမသာ သွားစောင့်ကြည့်မှပဲလို့ စိတ်ထဲ တေးမှတ်ထား လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးရှင်ကတော့ လာမတောင်းပန်လှည်းဘဲ ကျေအေးမှာပါဆိုတဲ့ မောင်မင်း စကားကြောင့် ပြုံးသွားမိရပါသည်။ ကျေအေးလို့ ဝမ်းသာရတာ မဟုတ်ပါ။ သူတို့ဟာ ကိုကိုကြီး ထင်သလို ဒဏ်ရာအနာတရပြပြီး ဆေးဖိုးတို့ လျော်ကြေးတို့ ငွေညှစ်မည့် လူစားတွေ မဟုတ်ဘူးဆိုတာ သေချာသွားသောကြောင့် စိတ်အေးချမ်းသာ သွားမိတာ ဖြစ်ပါသည်။





## ၅

တစ်ဖက်ခြံက လူဝင်လူထွက်နှင့် ရှုံးစုရှုံးစု လှုပ်ရှားဆူညံနေတာကို ဦးဘုန်းပြည့်က ဒီဘက်အိမ်အတွင်းမှ အကဲခတ်နေပါသည်။ ဒီကောင်တွေ လူငယ်ပေမယ့် ဆိုင်ဖွင့်ပွဲကို နံနက်စောစော ဘုန်းကြီးတွေ ဘာတွေပင့် ဆွမ်းကပ်တာမျိုးလုပ်တာမြင်ရ၍ တစ်ဝက်တစ်ပျက်တော့ ပြုံးတမဲ့မဲ့ သဘောကျနေပါသည်။

ယုဇနက ဟိုဘက်ကသွားချောင်း ဒီဘက်ကသွားချောင်းနှင့် တစ်ဖက်ခြံကိုသာ အကဲတခတ်ခတ် လုပ်နေသော ခင်ပွန်းသည်ကို လိုက်ကြည့်နေမိရာက မအောင့်နိုင်တော့ဘဲ ...

"အစ်ကိုကြီးကလည်းနော် ... သွားရင်လည်း သွားလိုက်တာ မဟုတ်ဘူး"

"ဘာလို့ သွားရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဘာပဲဖြစ်ဖြစ်လေ၊ လူငယ်လေးတွေ ဖြစ်နေပေမယ့် သူတို့လည်း တစ်ရပ်ကွက်တည်း အိမ်နီးနားချင်းပဲ မဟုတ်လား"

"မရင်းနှီး မဆက်ဆံချင်ပါဘူးကွာ"

"ကောင်းပါ့မလား အစ်ကိုကြီးရယ် ... ကိုယ်က လူကြီးလေ၊ သူတို့က လူငယ်တွေပါ ... ကိုယ့်ကို ရိုင်းရိုင်းစိုင်းစိုင်းလည်း မနှောင့်ယှက်ဖူးပါဘူး၊ သူတို့ဘာသာ နေတာ ထိုင်တာ လုပ်တာ ကိုင်တာ လူငယ်ဆိုတော့ လွတ်လွတ်လပ်လပ် ထင်သလိုနေတာကို အစ်ကိုကြီး မျက်မုန်းကျိုးနေတာပါ၊ တိုက်ရိုက်ကြီးတော့ မနှောင့်ယှက်ကြပါဘူး"

"အို ... ဒီကောင်တွေ မယဉ်ကျေးတာကော အမှန်ပဲ"

"ဒါပေမယ့် ... ခုဟာက ကိုယ့်ကို လေးလေးစားစား ဖိတ်စာလာပေးထားတယ်မို့လား"

"ပေးပစေပေါ့ကွာ ... ဖိတ်တိုင်းသွားနေရမှာလား"

"တခြားခြံတွေကလည်း လာကြတယ်၊ ကိုယ်ကမသွားတော့ ကပ်လျက်နေပြီး ဘယ်ကောင်းပါ့မလဲ"

"မကောင်း မရှိဘူး ... ကောင်းတယ်"

"ဒီအိမ်မှာလည်း အစ်ကိုကြီးနဲ့ ယုပဲ သွားရမှာပဲလေ၊ ဒါမှ မဟုတ်ရင် အစ်ကိုကြီး တစ်ယောက်ပဲ သွားရမှာ ရှင်ရှင့်ကို လွှတ်လို့ ရတာမ မဟုတ်တာ"

"အောင်မာ ... ဘာလို့ လွှတ်ရမှာလဲ"





"လွှတ်လို့ မရဘူးဘဲ ပြောတာပါ၊ အစ်ကိုကြီးကတော့ သွားသင့်တာပေါ့၊ ဖိတ်စာ လက်ခံယူထားလိုက်တာကလည်း အိမ်က ကောင်မလေးတွေ ဘာတွေ မဟုတ်ဘူး၊ ယုကိုယ်တိုင် လက်ခံထားလိုက်ရတာ၊ ဆက်ဆက်ကြွပြီး ချီးမြှင့်ပါနော်ဆိုလို့ ... အေး ... အေး ... လာရမှာပေါ့လို့ ပြောလွှတ်လိုက်တာ၊ တခြားခြံတွေ အိမ်တွေက လာကြတယ် ... ကိုယ်က မသွားဘူးဆိုတော့ မကောင်းတတ်ဘူးပေါ့ အစ်ကိုကြီးရယ်"

ဖိတ်စာကို ကောင်လေးသုံးယောက်က တစ်လမ်းလုံးကို လိုက်ဝေတာပါ။ သူတို့ရဲ့ ဆိုင်သစ်နှစ်ဆိုင်ဖွင့်ပွဲ အခမ်းအနား။ ဒီဘက်ခြံကို ဇော်ထူး ဆိုသည့် ကောင်လေး လာပေးပါသည်။ သူ့ကိုယ်သူ ဇော်ထူးပါလို့လည်း မိတ်ဆက်ပေးသွားပါသည်။ ဖိတ်စာအခြေမှာ လိပ်စာနှင့်အတူ မောင်မင်းကြီးသား၊ မောင်ဇော်ထူး၊ မောင်နန္ဒ ရယ်လို့ ဖိတ်ကြားသူတွေရဲ့ အမည်ပါ ထည့်သွင်းဖော်ပြထားပါသည်။

ယုဇနကို ဖိတ်စာလာပေးစဉ်ကတော့ ယဉ်ယဉ်ကျေးကျေး ရိုရိုကျိုးကျိုး ပြောဆိုကြတာပါပင်။ ဇော်ထူး ဆိုတဲ့ ကောင်လေးဟာ ခါးလေးညွတ်ကာညွတ်ကာ ဖိတ်စာလှမ်းပေးတာ ကောင် ပေးတဲ့လက်တံတောင်ဆစ်နား ကျန်လက်ဖဝါးကိုကပ်ပြီး ယဉ်ယဉ်ကျေးကျေး ကမ်းတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ယုဇနက အေးအေးဆေးဆေးမို့ သူတို့ကလည်း အေးအေးဆေးဆေး ဖြစ်မှာပေါ့။ ဦးဘုန်းပြည့်ကတော့ သူတို့ လာလျှင် ဒေါသနှင့်သာ လာစမြဲမို့ သူတို့ကလည်း တင်းသည်ထ ပါရဲ့။

"ကိုယ့်ကို တိုက်ရိုက် ဘာမှ မဖွယ်မရာ မလုပ်ထားကြပါဘူး အစ်ကိုကြီးရယ်၊ ပြောရရင် ကိုယ့်ဘက်ကသာ သူတို့ ကားနဲ့ တိုးမိထားသေးတာပါ"

"အို ... ဒါတော့ သူတို့ ကားရှေ့က ရှပ်ိုးထိုးပြီး ဖြတ်တ ကိုး"

ယုဇနက ခင်ပွန်းသည်ကိုကြည့်၍ ရယ်မိပါသည်။

"ခုဟာကတော့ သေချာလာဖိတ်ထားတာ ကိုယ့်တစ်အိ ကပဲ မသွားဘူးဆိုရင် မကောင်းမှာစိုးလို့ ပြောတာ ဟိုးလမ်းထိပ်ခြံက လူ့ငွေစားကြီး ဦးတင်အောင် လင်မယား တောင် ခုနပဲ လာသွားကြပြီ"

"လူ့ငွေစားကြီးတောင် လာသွားပြီဆိုတော့ ကိုယ်က မသွား တာ လူ့ငွေစားကြီးထက် ဆိုးတယ်ဆိုတဲ့သဘော ယု ဆိုလိုတာလား"

"ဩော် ... မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ ပြောပြတာ ဟိုလူကြီးက တော်ရုံလူနဲ့ မတည့်တဲ့လူကြီးလေ၊ သူတော လာတယ်လို့ ပြောပြတာပါ"





"အဲဒီလူ့ငွေစားကြီး ဦးတင်အောင်က ဒီကောင်တွေဒုက္ခ ဘာမှ မခံထားရဘူးကွ"

"အစ်ကိုကြီးကော ဘာခံရလို့လဲ"

"ဂစ်တာတီးဆူညံ ... မီးရှို့နဲ့လေကွာ"

"ဂစ်တာကလည်း ခုနောက်ပိုင်း လုံးဝမတီးကြတော့ဘူး ဟာကို၊ မီးရှို့တာကလည်း သူတို့ခြံ သူတို့ရှင်းတဲ့ သဘောပါ၊ ကိုယ်လည်း ဘာမှဖြစ်တာမှ မဟုတ်တာ"

"မင်းကလည်းကွာ ... နားညည်းလိုက်တာ၊ မင်း ပြောနေတာက တဖြည်းဖြည်းနဲ့ ငါကပဲ လူ့ငွေစားကြီးထက် ပိုဆိုးတဲ့ ဟာကြီးကို ဖြစ်နေပြီ"

"စားသောက်ပြီး လူတွေတောင် ပြန်ကုန်ကြပြီ၊ လူတောင် ရှင်းနေပြီ"

"မစားချင်ပါဘူး"

"ဩော် ... ဘယ်သူကတော့ စားချင်လို့ သွားတာ ဟုတ်ပါ့မလဲ အစ်ကိုကြီးရဲ့"

ခင်လေးရှင်က ထမင်းစားပွဲမှာ ကော်ဖီသောက်ရင်းက ကိုကိုကြီးကို ကုပ်လေးပု၍ ကြည့်ကာ ...

"ပထမဆုံးနေ့ ဖိုတိုကော်ပီတွေ အလကား မေတ္တာလက်ဆောင် ဆွဲပေးတယ် ကိုကိုကြီးရဲ့၊ ကိုကိုကြီးမှာ ဖိုတိုကော်ပီ ဆွဲစရာတွေ ရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်မလေး ... မဆိုင်ရင် မဆိုင်သလိုနေစမ်း၊ ဝင်မပြောနဲ့၊ သူတို့ ဖိုတိုကော်ပီများ အလကား သွားမဆွဲချင်ပါဘူး၊ ပိုက်ဆံလည်း ပေးမဆွဲဘူး၊ သူတို့ဆိုင်တွေလည်း အားမပေးဘူး"

ယုဇနနှင့် ခင်လေးရှင်က မအောင့်နိုင်ဘဲ ပြိုင်တူဝါးခနဲ ရယ်လိုက်မိကြပါသည်။ ဒီတော့မှ ဦးဘုန်းပြည့်က လူကြီးရှက်တဲ့စတိုင် ကိုးရိုးကားရား ဖြစ်သွားရင်း ...

"ဟုတ်ပါ့ကွာ၊ ဒီကောင်တွေကို ဘယ်ရေစက်လဲ မသိဘူး မျက်နှာကြောကို မတည့်ဘူး၊ ကြည့်ရတာ မျက်စိကပ်တယ်"

"လူငယ်လူရွယ်တွေပေမယ့် တော်ကြပါတယ်၊ ကိုယ့်ဟာကိုယ် လုပ်ကိုင်နေကြတာ လက်ကြောလည်း တင်းကြတယ်၊ ကိုယ့်ဟာကိုယ် ဈေးသွားကြ၊ ကိုယ့်ဟာကိုယ် ချက်ကြ၊ လျှော်ဖွပ်ကြနဲ့ ... ခြံဆိုတာလည်း လူမနေတုန်းက ရှုပ်ပွနေတာ ... ခုဆို ရှင်းလင်းသပ်ရပ်နေပြီ၊ ဆိုင်ဆိုလည်း ဆောက်တာသာ လက်သမားငှားတာ ... သူတို့ဘာသာ ဆေးသုတ်၊ မီးသွယ် အားလုံး ကိုယ်တိုင် လုပ်ကြတာ၊ အမှတ်တမဲ့ မြင်နေသမျှ အတော်အောက်သက်ကျေကြပါတယ်၊ မဆိုးကြရှာပါဘူး အစ်ကိုကြီးရယ်"

ဦးဘုန်းပြည့်မှာ ဒေါကဒီလောက်ပြောနေတော့ ဇွတ်ပေကတ် မသွားဘဲ နေရတာပင် တစ်မျိုးကြီး အနေခက်လာပါသည်။ ယုဇန ပြောတာတွေဟာလည်း အမှန်တွေပင်။ ဒီကောင်





တွေ လူငယ်ပေမယ့် လက်ကြောတင်းကြသားလို့ သူ့စိတ်က တိတ်တခိုး ချီးမွမ်းထားမိပြီးသားပါ။

အသေအချာ စဉ်းစားလိုက်တော့လည်း ဒီကောင်တွေကို မျက်မုန်းကျိုးနေဖို့ ကြီးကြီးမားမား အကြောင်းပြချက် မရှိခဲ့ပါ။ ဘာကြောင့်မုန်းမသိ ... မျက်နှာကြော မတည့်ချင်တာ သက်သက်ရယ်သာ။ ဒီကောင်တွေနဲ့ ခင်ခင်မင်မင်သာရှိရင်ဖြင့် သူတို့တာ မိတ်ဆွေကောင်း ခြိန်းချင်းကောင်းလေးတွေလို ဖြစ်မှာပဲလို့လည်း စိတ်ထဲက ထင်မြင်မိပါသည်။

ကိုယ့်မှာ ညီမချောချောလှလှကလေး ရှိနေလို့ အလိုလိုနေရင်းထိုင်ရင်း ခြံချင်းကပ်ရက် လူငယ်လူရွယ်တွေကို ကြည့်မရသလို အရောမဝင်ချင်ဘဲ ဖြစ်နေမိတာလေလား။ ဒီကောင်တွေကလည်း စိတ်ချရတာ မဟုတ်ပါဘူး။ သူ့စိတ်ထဲမှာ ဘာအကြောင်းပြချက် ဘာသက်သေမှ မခိုင်လုံဘဲ အလိုအလျောက်ထင်မြင်နေသည်ကတော့ မောင်မင်းကြီးသား ဆိုတဲ့ကောင်ဟာ ညီမငယ်ဖြစ်သူ ခင်လေးရှင် အပေါ် ချိတ်တိတ်တိတ် ဖြစ်နေသသားရယ်လို့ပင်။

ဟိုနေ့က ကားတိုက်တဲ့ကိစ္စ ပြောကြဆိုကြတော့လည်း စကားချင်းသာ အနိုင်လုနေပေမယ့် ဒီကောင့်စကားတွေထဲမှာ ခင်လေးရှင်ကို ချစ်စနိုးအရိပ်တွေ ပါဝင်နေသလိုလို စိတ်က ထင်မိသည်။ ဟိုးတခါကလည်း သူတို့ ခြံစည်းရိုး ကြားကနေ ဒီဘက်မှာ လမ်းလျှောက်နေတဲ့ ခင်လေးရှင်ကို မောင်မင်း

www.burmeseclassic.com



က စကားလုမ်းပြောတာတွေ့၍ ခင်လေးရှင်ကို ခေါ်မေးရသေ
သည်။

သူတို့ ဒီည မိုးရွာ့မလို့ ခွင့်တောင်းတာတဲ့။

အလကားပါ။ စကားမရှိ စကားရှာတာ။ သူတို့ဟာ
သူတို့ ရှို့ချင်သလို ရှို့ဖူးပြီးမှများ နောက်တစ်ကြိမ်ကျမှ ခွင့်တောင်
နေသေးသတဲ့။ ခင်လေးရှင်ကို စကားပြောလို့ရအောင် ပါးစပ်
တွေ့ရာတစ်ခု ကောက်ပြောလိုက်တာ နေမှာပေါ့။ အဲ့သလို ကို
တွေကြောင့်ပဲများ ဒီကောင်တွေကို အမြင်ကတ်တတ်တတ် ဖြ
နေရတာလား ကိုယ့်ဟာကိုယ်လည်း မသိတော့ပါ။

"ခဏတဖြုတ် သွားလိုက်တာ ကောင်းပါတယ်၊ ဒီလို ရ
တစ်တစ် လူငယ်လေးတွေ ဆိုတာလည်း ပေါင်းထား
အကျိုးရှိပါတယ်"

"အကျိုးမရှိပါဘူးကွာ"

"ကဲ ... ဒါဖြင့် ... ယု သွားလိုက်ရမလား"

"မသွားပါနဲ့ ... မင်း တစ်ယောက်တည်း"

"ဒါဖြင့် အစ်ကိုကြီးပဲ သွားပေါ့"

ဦးဘုန်းပြည့်က ဘာမှ ပြန်မဖြေတော့ဘဲ စဉ်း
ခန်း ဝင်နေပါသည်။ သူ့စိတ်ထဲ သွားလိုက်ဖို့ သင့်သည်ရယ်
တော့ တွေးနေမိပါပြီ။ ဒါပေမယ့် မသွားချင်တာလည်း အမှ
အထ,ခက်နေတာ။

"အစ်မရေ ... အစ်မ"





အိမ်ရှေ့မှ ခေါ်သံတစ်ခု ထွက်လာလျှင် ယုဇနခေါင်းလေး မတ်သွားရင်း ...

"ဟဲ့ ... အကြည်တို့ ကြည့်ကြပါဦး၊ အိမ်ရှေ့မှာ ဘယ်သူ
လာနေလဲ"

သူတို့အိမ်က အကြည် ဆိုသော မိန်းကလေးက အိမ်ရှေ့ ခပ်သုတ်သုတ် ထွက်သွားပြီး ထမင်းစားခန်းကို ပြန်ဝင်လာကာ ...

"ဟိုဘက်အိမ်က အစ်ကိုကြီးတွေပါ မမ၊ တံခါးဖွင့်ရမ
လား"

"ဟုတ်လား ... ငါ သွားမယ် ... ရတယ်"

ထမင်းစားပွဲမှ ယုဇန ထ,လိုက်လျှင် ဦးဘုန်းပြည့်ကပါ လိုက်ထ,လိုက်တာမို့ ...

"သြော် ... အစ်ကိုကြီး နေခဲ့ပါ"

ဦးဘုန်းပြည့်က ဘာမှတော့ စောဒက မတက်ဘဲ ပြန်ထိုင်ကျန်ရစ်ပါသည်။ ယုဇနသာ အိမ်ရှေ့ ထွက်သွားကာ တံခါးဖွင့်ပေးရင်း ...

"သြော် ... မောင်ဇော်ထူးတို့ပါလား"

"ဟုတ်ကဲ့ အစ်မ၊ အစ်ကိုကြီးတို့ အစ်မတို့ မအားဘူးထင်
လို့ ... မုန့်လာပို့ပေးတာပါ၊ အုန်းနို့ခေါက်ဆွဲပါ"

ယုဇနမှာ ဇော်ထူး လက်ထဲ ဆွဲထားသော လေးဆင့်ချိုင့်ကို ကြည့်၍ အားနာသွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အားနာစရာကြီးကွယ်၊ မင်းတို့ အစ်ကိုကြီးက
နည်းနည်း ခေါင်းအုံနေတာနဲ့"

"ဟုတ်ကဲ့ အစ်မ၊ ချိုင့်လေး လှယ်ထားလိုက်ပါ၊ ဒါမှမဟုတ်
လည်း နောက်မှ ပြန်ပို့လိုက်လည်း ရပါတယ်"

"ဝင်ထိုင်ပါဦးကွယ်၊ လှယ်လိုက်ပါ့မယ်၊ တကူးတက
လာပို့ရသလားကွယ်၊ ဒုက္ခရှာလိုက်တာ"

"ကပ်နေတာပဲ အစ်မရယ်"

"အိမ်မှာလည်း ဧည့်သည်တွေ တစ်ဖက်နဲ့လေ"

"ဧည့်သည်တွေက ရှင်းသွားပါပြီ၊ မောင်မင်း တစ်ယောက်
ဖိတ်စာကော်ပီတွေ ဆွဲပေးရင်း ကျန်ရစ်ခဲ့တယ်၊ အစ်မ
ဘာတွေ ဖိတ်စာဆွဲစရာ ရှိသေးလဲ၊ ဒီနေ့ အလကားမေတ္တာ
လက်ဆောင် လုပ်ပေးတာ"

"ဖိတ်စာမှာ တွေ့ပါတယ်ကွယ် ... ကျေးဇူးပါပဲ၊ အစ်မ
ဆွဲစရာ မရှိသေးပါဘူး၊ အထဲဝင်ထိုင်ပါ"

"အပြင်မှာပဲ စောင့်ပါ့မယ် အစ်မ"

"မဟုတ်တာ ... လာပါ"

"ရပါတယ် အစ်မ"

ဘယ်လိုမှ ခေါ်မရ၍ ယုဇနက အထဲဝင်
ချိုင့်ကို အမြန်လှယ်ပါသည်။ ချိုင့်ကို ဆေးကြောပြီး ပြန်ထွက်
လာသည့်အခါ နောက်မှ ဦးဘုန်းပြည့်က မယောင်မလည် လိုက်
ပါလာကာ ယုဇနက ချိုင့်လှမ်းအပေး၌ သူကဝင်၍ ...





"ကျေးဇူးပဲပေါ့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဇော်ထူးတို့ ထွက်သွားလျှင် ဦးဘုန်းပြည့်ကလည်း
ပြတည်တည်နှင့်ပင် အပေါ်ထပ် တက်သွားပါသည်။

❀ ❀

ဖေဖေ့ကားကြီးက ခြံထဲမဝင်ဘဲ ခြံပြင်မှာပဲ ဆိုင်
ခန်းတွေရှေ့ ထိုးရပ်ထားကာ ဆိုင်ခန်းထဲမှာ ရယ်မောဆူညံနေ
ပါသည်။ မောင်မင်းရဲ့ ဖေဖေဟာ အသက်ကလည်း မကြီး
လှသေး ... လူကလည်း စိတ်ပျိုတဲ့အပြင် တစ်ဦးတည်းသော
သားကိုလည်း သူငယ်ချင်းပေါင်း ပေါင်းတတ်သူ ဖြစ်ပါသည်။

ဘွားအေနှင့်မြေး ပြဿနာတက်တော့ ဦးမင်းကြီး
အမေ့ရှေ့ရောက်ရင် အမေ့ဘက် ပါ၍ သားရှေ့ရောက်လျှင်
သားဘက် ပါရပါသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်သားကိုယ်ကျတော့
နိုင်ဆိုနိုင်ကာ အမေ့ကိုတော့ ပြောနိုင်သည်မဟုတ်၍ ဘွားအေ
နှင့်မြေးကိုနှင်ချတော့ လက်ပိုက်၍ပဲ ကြည့်နေခဲ့ရပါသည်။

အဘွားဖြစ်သူက မြေးကို သူ့လိုပင် မျိုးရိုးစဉ်ဆက်
ရှိသော မိုးကုတ်ကျောက်တွင်းသူဌေးမြေး သူဌေးသမီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် သူ့ဟာနှင့်သူ စပ်ဟပ်သဘောတူနေပါသည်။ မောင်မင်းကလည်း မိန်းမ မလိုချင်ရတဲ့အထဲ ထိုကောင်မလေးကို ပိုလို့တောင်မကြိုက်။ ကောင်မလေးကလည်း သူ့ကိုယ်သူ မိုးပေါ်ကကျလာသလို ဂုဏ်မောက်လှတဲ့ သူကလေး။ ဒေါ်စိန်ဥနှင့်တော့တစ်သဘောတည်းမို့ အလွမ်းသင့်လှပါသည်။

မောင်မင်းနဲ့တော့ တစ်စက်မှ အလွမ်းမသင့်။ မာနခေါင်ခိုက်လှတဲ့ ကောင်မလေးကလည်း မောင်မင်းကို သူဌေးသားသူဌေးမြေး ဖြစ်ပါလျက် နေတာထိုင်တာ အရှိန်အဝါ မထွက်ဘဲသာမန်လူတစ်ယောက်လို ညိုးညိုးကုပ်ကုပ် နေတတ်တာတွေ၊ ဟိတ်ဟန်မထုတ်တတ်တာတွေ၊ စတိုင်မရှိတာတွေ၊ အားလုံးကိုတစ်ပြေးညီ ဆက်ဆံပြီး အဆင့်အတန်း သတ်မှတ်ခွဲခြားမှု မရှိတာတွေကို မကြိုက်။

စေ့စပ်စကား ပြောဆိုတဲ့သဘော မဟုတ်သော်လည်းတစ်ဖက်သဘောကို တစ်ဖက်က သိပြီးကြောင်း ကန့်ကွက်ရန်မရှိကြောင်း သိသာရုံပြတဲ့ပွဲအနေနှင့် ဒေါ်စိန်ဥက ထမင်းစားပွဲတစ်ရပ်တည်ခင်းကာ ကောင်မလေးတို့မိသားစု ... ဒေါ်စိန်ဥတို့ မိသားစုအပြင် အလွန်ခင်မင်သော နှစ်ဖက်လုံးရဲ့ မိတ်ဆွေမိသားစုနှစ်စုကိုပါ ဖိတ်ကြားလျက် သူ့ရဲ့ စိန်ဆိုင် နှစ်ဆယ့်ငါးနှစ်ပြည့်ငွေရတု အထိမ်းအမှတ်ဟု နာမည်တပ်ကာ နာမည်ကြီးဟိုတယ်မှလာရောက်တည်ခင်းဧည့်ခံစေလျက် ကျွေးသည့် ထမင်းပွဲကြီးပါ။





အဲဒီပွဲမှာ ကောင်မလေးကလည်း သူ့လုပ်ရိုးလုပ်စဉ်း ကြီးခန်းကြီး နိုင်မှုတွေနှင့် ဟန်ထည်ဂိုက်ထုတ်နေသလောက် ာင်မင်းကလည်း ကောင်မလေးကို အရွဲ့တိုက်သည့် အနေနှင့် န်တွေပန်တွေ အလျင်းမပါ၊ Grand dinner ပွဲကြီးတစ်ခုနှင့် ျာ်ညီအောင် စနစ်တကျ မစားသောက်ဘဲ စားချင်သလိုစား၊ ်ချင်သလိုကိုင်၊ လုပ်ချင်တိုင်း လုပ်ပစ်လိုက်တာ။

ကောင်မလေး ကိုယ်တိုင်က နှာခေါင်းရှုံ့ အထင်သေး ပြသွားလေရာ ဒေါ်စိန်ဥမှာ မောင်မင်းကို အကြီးအကျယ် တွေ့ပွလျက် သူ့မျက်နှာ အိုးမဲသုတ်တယ်ရယ်လို့ မခံမရပ်နိုင် လွှတ်နိုင် ဖြစ်ခဲ့တာပင်။ ဘာပဲဖြစ်ဖြစ် မောင်မင်း လုပ်ပုံက င့်အတန်း စည်းမျဉ်းကို ချိုးဖောက်သလို ... အောက်တန်းကျ ို ဖြစ်သွားခဲ့တာမို့ မောင်မင်းရဲ့ဖခင် ဦးမင်းကြီးမှာလည်း ဘက်က ပါရပါသည်။

သူ့အရှက်ကို ခွဲလေခြင်း ... သူ့သိက္ခာကို ချလေ လို့ အရှက်တကွဲ ခံစားရတဲ့အထိ ဒေါ်စိန်ဥ ဒေါသက င်မြိုက်သည်။ ငိုလည်းငို ခွင့်မလွှတ်နိုင်အောင်လည်းဖြစ်ကာ င်မင်းကို အိမ်ပေါ်က နှင်ချပစ်လိုက်တာပါ။

"မင်း ... မြွေဝေါကို သွားတောင်းပန်ပြီး သူ့ကို အခု လက်ထပ်မလား ... အိမ်ပေါ်က ဆင်းမလား"

ရွေးချယ်စရာဖြင့် ပေးလိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဘာလို့ တောင်းပန်ရမှာလဲ ဘွားဘွားရဲ့၊ ကိုယ့်အိမ်မှာ ကိုယ့်ထမင်းဝိုင်းမှာ ကိုယ်စားချင်သလို စားတာ သူ့ကို ဘာတောင်းပန်စရာရှိလဲ၊ ဘွားဘွားကို တောင်းပန်ရမယ်ဆိုရင် အဓိပ္ပာယ် ရှိသေးတယ်"

"ငါ့ကို တောင်းပန်ရုံနဲ့ မရဘူး၊ မြဒွေဝါကိုပါ တောင်းပန်ရမယ် ... မြဒွေဝါရဲ့ မိသားစုကိုလည်း တောင်းပန်ရမယ်"

"အဲလိုဆိုရင်တော့ သေချာတယ် ဘွားဘွား၊ ကျွန်တော် အိမ်ပေါ်ကပဲ ဆင်းမယ်"

ဘွားအကြီးမှာ ဒေါသကြီးလွန်းကာ သွေးတွေ ဘာတွေပင် တိုးကုန်ပါသည်။ ဆရာဝန်ခေါ်ဟ နှာစ်ခေါ်ဟနှင့် မိဖုရား ခေါင်းခဲသလို တစ်ဆွေတစ်မျိုးလုံး ဝိုင်းသည်းသည်းလှုပ် ကြလေရာ ... အဲဒီရက်ပိုင်းအတွင်းမှာပဲ မောင်မင်းက အိမ်ပေါ်က ဆင်းသွားခဲ့တာပါ။ သားဖြစ်သူ နေရေးထိုင်ရေးတွေ ဘာတွေ စီစဉ်ပေးလိုက်ကာ ချက်ချင်းလည်း မလိုက်ဝံ့ဘဲ ကိုယ်ပါ ဘယ်ဆင်းသွားမှန်း မသိသလို နေရပါသည်။

ဟိုတစ်လောကတော့ မောင်မင်းက ပိုက်ဆံလှမ်း တောင်း၍ ရန်ကုန်ကဘဏ်သို့ မောင်မင်း အကောင့်ထဲထဲ ငွေ ထည့်ပေးလိုက်ပါသည်။ အခုတော့ ... သူ့လုပ်ငန်းထဲ လိုအပ်သည့် ကားတစ်စီး ထပ်ဝယ်ဖို့ အကြောင်းပြပြီး ရန်ကုန်ကို ဆင်းလာတာ မောင်မင်း အခြေအနေကိုလည်း ကြည့်ရင်း။





မြေးလုပ်သူ တကယ်ဆင်းသွားတော့ စိတ်မချမ်းမသာ ကျိတ်ဖြစ်နေသော အဘွားဖြစ်သူက ...

"ရန်ကုန်မှာ ဟိုကောင့်သတင်း စုံစမ်းကြည့်ဦးဟော့၊ ရန်ကုန်မှာ သူ့သူငယ်ချင်းတွေ ရှိတာဆိုတော့ ရန်ကုန် ရောက်နေဖို့က များတယ်"

ခပ်တင်းတင်း အမိန့်ပေးလိုက်ပါသေးသည်။

"ဖေဖေ ... ကျွန်တော် တကယ် ဆိုင်လုပ်ထား မထားလာ Check လုပ်တာ မဟုတ်လား"

"မဟုတ်ပါဘူး မောင်မင်းရာ၊ ငါ့သားဟာ လိုက် Check လုပ်စရာ မလိုတဲ့ သားဆိုတာ ဖေဖေ သိပါတယ်၊ ကားဝယ်ဖို့ အကြောင်းပြပြီး မင်းနဲ့လည်း တွေ့ချင်လို့ပါကွာ၊ နေရ စားရ အဆင်ပြေရဲ့လားလို့ ပူတာပေါ့ကွာ"

"အဆင်ပြေတာပေါ့ ဖေဖေရ ... ကိုယ့်ဟာကိုယ် ချက်စားနေတာ ... ဘာမှ အဆင်မပြေစရာ မရှိဘူး၊ အားလုံး အဆင်ပြေတယ်"

"မင်းတို့ ဆိုင်လေးတွေ မဆိုးပါဘူး၊ ဒါပေမယ့် စိတ်တော့ သိပ်မနှစ်နဲ့ကွာ၊ မင်းကို ငါခိုင်းချင်တဲ့ အလုပ်တွေက အများကြီး၊ အဘွားနဲ့ မပြေလည်တုန်း အခိုက်အတန့်သာ၊ အဆင်ပြေသွားရင် ဒါတွေ ရပ်ပစ်ရမှာပဲ"

"ဟုတ်ပါတယ်၊ စိတ်မနှစ်ပါဘူး၊ အချိန်လည်းသုံးရင်း... ကိုယ်သုံးလို့ စားလို့ လောက်အောင် ရှာရုံလေးပါ ဖေဖေရ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မှာ ကောင်းကောင်းနေနော်၊ သိပ်မကဲ ... သိပ်မလေနဲ့"

"ကျွန်တော်က ဘာကဲလို့လဲ ဖေဖေရ"

"မဟုတ်တရုတ်တွေနဲ့ တွေ့မှာစိုးရိမ်တာပေါ့ကွ၊ ရန်ကုန်ဆိုတာ အနယ်နယ်က လူစုံပါဘိသနဲ့၊ အကောင်းရော အဆိုးရော များတဲ့နေရာပဲဟာ၊ မဖြစ်သင့်တာတွေနဲ့တွေ့ ငြိကုန်မှာ စိုးတာ"

"မပူနဲ့ အန်ကယ်၊ သူက ဖြစ်သင့်တာနဲ့ပဲ ငြိမှာ"

နန္ဒက ဝင်တို့၍ မောင်မင်းက အော်ရယ်နေမိပါသည်။

"ဘာလဲကွ ... ငြိစရာ ရှိနေလို့လား ... မြန်လှချည်လားကွာ"

"မြန်ဆို ... ခြံချင်းကလည်း ကပ်နေတာကိုး"

"ဟော့ကောင် ... ဖေဖေ့ကို စိတ်ပူအောင် လျှောက်ပြောမနေစမ်းပါနဲ့ကွာ"

"နန္ဒ ပြောတာ မဟုတ်ဘူးပေါ့"

"ဟုတ်တော့ ဟုတ်တယ် ဖေဖေ ... ဒါပေမယ့် စိတ်ပူစရာ မရှိတာ ... ဟား ဟား ..."

"ဟော့ကောင် ..."

မောင်မင်းက မျက်နှာခပ်နီနီနှင့် ရယ်မောနေ၍ ဒီပုံစံမျိုး တစ်ကြိမ်မှ မမြင်ဘူးတဲ့ ဦးမင်းကြီးမှာ အံ့အားသင့်နေရပါသည်။

"မင်း တကယ်လားကွာ"





"မပူပါနဲ့ ဖေဖေရ ချစ်စရာလေးပါ၊ ဖေဖေ မြင်လည်း ချစ်မှာပါ"

"ဟော့ကောင် ..."

"ဘွားဘွားလည်း သဘောကျမှာပါဗျာ ... သူ့မြေးသမီးပါပဲ၊ အဲ ... သူ့မြေးညီမပေါ့"

"ရိုးရိုးသားသား ရှိရဲ့လားကွာ"

"ရိုးမှရိုးပဲ ... ချစ်စရာလေး ... ဟဲဟဲ ..."

"ဒီကောင်တော့ အဟုတ်တွေ့နေပြီကိုး၊ အံ့ပါရဲ့ မောင်မင်းရာ၊ အဘွားက အိမ်ထောင်ချမယ် ဆိုတုန်းကဖြင့် မယူချင်သေးဘူး ဘာဘူးနဲ့"

"အဘွားပေးစားမယ့်သူက ကိုယ်ကြိုက်တဲ့သူမှ မဟုတ်ဘဲ၊ အခုက ကိုယ်ကြိုက်တာဆိုတော့ ရရင် ယူမှာပေါ့"

"ဟင်း ... သူ့ဟာနဲ့သူ ကျတော့လည်း တစ်မျိုး၊ ဘယ်သူ့ သားသမီးလဲကွ"

ဦးမင်းကြီးက မြင်နေရသော တစ်ဖက်ခြံကို ပြတင်းပေါက်မှ လှမ်းကြည့်ရင်း စူးစမ်းသည်။

"မိဘတွေ မရှိတော့ဘူး ဖေဖေရ၊ အစ်ကိုလင်မယားနဲ့ပဲ နေတာ၊ သူ့အစ်ကို ဦးဘုန်းမြည့် ဆိုတာက ဘုန်းပြည့်ကုမ္ပဏီဆိုတာ ထောင်ထားတယ်၊ ဆောက်လုပ်ရေးလုပ်တယ်၊ အထည်ချုပ်စက်ရုံလည်း လုပ်တယ်"

"ဘုန်းပြည့်ကုမ္ပဏီ ဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖေဖေ … သူ့အစ်ကို ဦးဘုန်းပြည့်က လူကောင်းလူတော်ပါ၊ သုံးဆယ်ကျော်ပဲ ရှိသေးတာ ဖေဖေရဲ့ …၊ ကောင်မလေးကလည်း အခု ကျောက်မျက်နဲ့ပတ်သက်တာတွေ သင်နေတယ်၊ နောက်ဆို ဘွားဘွားကို ကူညီလို့ရတယ် … ဟဲ ဟဲ …"

"မင်းတွက်ကိန်းနဲ့ မင်းက ဟုတ်လို့ … သူက မင်းကို ပြန်ကြိုက်ပြီလား"

"ပြန်ကြိုက်ရအောင် ကျွန်တော်က ကြိုက်တာတောင် မပြောရသေးဘူး"

"ဩော် … မင်းဟာက ဘာမှမှ မဟုတ်သေးပဲဘဲ … ဘာလဲ … ကိုယ့်ဟာကိုယ် မသေချာသေးဘူးပေါ့"

"သေချာပါတယ် ဖေဖေရ … ဒီကောင်မလေးက သိပ်ချစ်ဖို့ ကောင်းတယ်၊ ကျွန်တော် ချစ်တယ် …၊ မပြောရသေးတာက သေချာလည်း မရင်းနှီးသေးဘူး … သူ့အစ်ကိုကြီးက ညီမကို သိပ်တိုတာ၊ ယက္ခဂုမ္ဘာန် စောင့်သလို ဖြစ်နေတာ"

"ဩော် … ဩော် …"

"ဖေဖေ ဒီမှာပဲ အိပ်ပါလား၊ ကောင်မလေးနဲ့လည်း တစ်ရက်မတွေ့ တစ်ရက်တွေ့ရတာပေါ့"

"မင်းကြိုက်တဲ့ မိန်းကလေးကို မြင်ချင်ပါတယ်ကွာ၊ ဒါပေမယ့် … ဟိုတယ်မှာပဲ တည်းမယ်၊ ဘွတ်ကင်လုပ်





ထားတယ်ကွ၊ ဒရိုင်ဘာ မောင်သောင်းလည်း ပါတယ်၊ နောက်တစ်စင်း မောင်းပြန်ဖို့ ကျော်ဦးလည်း ခေါ်လာတယ်လေ၊ တခြားအလုပ်ကိစ္စ စကားပြောစရာလေးတွေလည်း ရှိသေးတယ်၊ တွေ့ရဆုံရ စကားပြောရ အဆင်ပြေအောင် ဟိုတယ်ပဲ တည်းလိုက်တာ ကောင်းတယ်"

"ဒါဖြင့် အန်ကယ် ကျွန်တော်တို့ သုံးယောက်ရဲ့ လက်ရာလေးတွေ မစားရတော့ဘူးပေါ့"

"နောက်မှ စားပါတော့မယ်ကွာ"

စကားပြောနေကြရင်း ဗီဒီယိုခွေ ငှားရမ်းသူတွေလည်း လာနေလေရာ နန္ဒနှင့် ဇော်ထူးက အခွေငှားပေးနေရပါသည်။ ဆိုင်ခန်းလေး တစ်ခန်းစီက ခြေဆန့်လက်ဆန့် နေသာထိုင်သာလေး ကျယ်ဝန်း၍ ဆိုင်ခန်းထဲ ချထားသော ပလတ်စတစ်မီခုံတွေမှာပဲ ဦးမင်းကြီးက ထိုင်စကားပြောနေတာ ဖြစ်ပါသည်။

အခွေတွေ ငှားကြ အပ်ကြမို့ …

"မင်းတို့ဆိုင်လေးက လူစည်သားပဲ"

"နေ့ဘက် ကွန်ပျူတာဆိုင်က လက်တောင်မလည်ဘူး … ကော်ပီကူးရ စာရိုက်ရနဲ့ ထမင်းစားချိန် ဖွတ်ရပ်နေရတယ်၊ အခွေဆိုင်က ညနေစောင်းမှပဲ စဖွင့်တာ ဖေဖေ၊ ဒီအပတ်ကစပြီး ကွန်ပျူတာကို တနင်္ဂနွေ တစ်ရက်တော့ ပိတ်တော့မယ်၊ နားကို မနားရဘူး၊ အလှည့်ကျ ဆိုင်မှာ နေလိုက်၊ အိမ်ထဲချက်ပြုတ်လိုက် လုပ်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နားရက်တော့ ထားဦးပေါ့ကွာ"

ထိုစဉ်တွင် မောင်မင်းတို့ ဆိုင်ခန်းထဲသို့ ရှေ့က အကြည် ... နောက်က ခင်လေးရှင် ရှေ့ဆင့် နောက်ဆင့် ဝင် လာပါသည်။ အကြည့် လက်ထဲ ပြန်အပ်မည့်အခွေ ပါလာပြီး ခင်လေးရှင်က ဘယ်သူ့ကိုမှ မကြည့်ဘဲ အလကားနေရင်း ရှိုးတိုးရှန့်တန့်ဖြစ်ကာ ဆံပင်လေးနှင့် မျက်နှာကို ခပ်ကွယ်ကွယ် ပြုလျက် ဆိုင်ခန်းနံရံက ကြော်ငြာဓာတ်ပုံတွေကို ကြည့်နေပါ သည်။

"ဟာ ... ဖေဖေ ... ဖေဖေ ... အဲဒါ ... အဲဒါ ..."

မောင်မင်းရဲ့ လေသံသဲ့သဲ့ကြောင့် ဦးမင်းကြီးက ကမန်းကတန်းပင် အနီးအနားကို ကြည့်ရပါသည်။ အလိုလိုနေရင်း ရှိုးတိုးရှန့်တန့်လေး ဖြစ်နေသည့် ကောင်မလေးကို တွေ့ကတည်းက ဒက်ခနဲ သူပဲရယ်လို့ သိပါသည်။

"အကျႌ ပန်းရောင်လေးနဲ့ ဖေဖေ"

"အေးပါကွာ ... ငါတွေ့ပါတယ်ကွာ"

နန္ဒတို့က အခွေငှားနေသည့် ကောင်တာထဲ ရောက် နေတာမို့ ဦးမင်းကြီး သိအောင် တမင်တကာပင် ...

"မခင်လေးရှင် ... ခွေသစ်တွေ ဒီမှာရှိတယ်"

ခွေတစ်ထပ်ကို လှမ်းကိုင်ပြကာ ခပ်ကျယ်ကျယ် အော်ပြောလေသည်။ ခင်လေးရှင်က ခပ်သွက်သွက်လေးပဲ တစ်ချက် လှမ်းရွေးလိုက်ကာ ... "ဒါယူသွားမယ်"ဟု တိုးတိုးဆိုသည်





အပ်တဲ့အခွေကို အကြည်ကပဲ ပိုက်ဆံရှင်းပြီးပြီမို့ နှစ်ယောက်သား ခပ်သုတ်သုတ်လေး ပြန်ထွက်သွားကြလေသည်။

"မင်းကောင်မလေးက မဆိုးပါဘူးကွ ... ချစ်စရာ ကောင်း ပါတယ် ...၊ ငါ ထင်တယ် ... သူ့အစ်ကိုဆိုတာ ငါ မြင် ဖူးတယ် ထင်တယ်၊ ငါ့မိတ်ဆွေ ဦးထွန်းမြတ်နဲ့ ခင်တယ် ထင်တယ်၊ ဒီကောင်မလေး မျက်နှာနဲ့ ခပ်ဆင်ဆင်ပဲလား၊ နာမည်တော့ သေချာမသိဘူး၊ မျက်နှာကို သိနေတယ်"

"ဟုတ်တယ် ဖေဖေ ... သူတို့မောင်နှမနှစ်ယောက် ရုပ် ချင်းအတော်ဆင်တယ်၊ သူ့အစ်ကို နာမည်က ဦးဘုန်းပြည့် တဲ့"

ဦးမင်းကြီးက သူ့သားရဲ့ တက်တက်ကြွကြွ စိတ်လှုပ် လှုပ်ရှားရှား ပုံစံကို ကြည့်ပြီး သဘောကျနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

ဦးဘုန်းမြင့်သည် ခင်လေးရှင်ရဲ့ သင်တန်းအနီးမှာ မှာ ကားကို ရပ်ထားရင်း ဟိုဟိုဒီဒီ မျက်စိဝေ့ဝဲလျက် ကြည့်နေ ပါသည်။ ဟိုနားမှာ ခင်လေးရှင်ရဲ့ကားကိုတော့ တွေ့နေရပါပြီ ဟိုအကောင်သုံးကောင်ကို တွေ့လိုတွေ့ငြားတော့ မျက်စိကို ဂ တစိုက် အသုံးချကာ ရှာဖွေနေပါသေးသည်။

အမြဲတမ်းတော့လည်း ခုလို လာစစ်ဆေးနေနိုင်မှာ မဟုတ်။ ပြီးခဲ့တဲ့ အပတ်ကလည်း တစ်ရက်လာပြီး အရိပ်အခြေ ကြည့်ပြီးပါပြီ။ အဲဒီနေ့ကတော့ မောင်မင်းကြီးသားတို့ကို မတွေ့ ခဲ့ပါ။ ဒါပေမယ့် တစ်ရက်တည်း လာကြည့်ပြီး စိတ်ချလိုက်ရ ဘယ်ဖြစ်ပါ့မလဲ။ နောက်ရက်တွေလည်း လာရင် လာဦးမှာပေါ့

အထူးသဖြင့် ဒီလို တနင်္ဂနွေမှာ။





ကျန်ရက်တွေမှာ ဒီကောင်တွေ သုံးယောက်တွဲကြီး အပြင်ထွက်ဖို့ လွယ်တဲ့ကိစ္စ မဟုတ်။ ဆိုင်မှာ အနည်းဆုံး လူနှစ် ယောက်တော့ ကျန်ရစ်ရမည်ဖြစ်ကာ တစ်ယောက်တည်း ထွက် လာမှပဲ ဖြစ်မှာ။ ဒါတောင် မလွယ်လှပါ။ စည်စည်ကားကားလေး အလုပ်များနေတတ်တဲ့ သူတို့ဆိုင်မှာ သုံးယောက်လုံး ရှိနေမှ လက်လည်တာ။

တနင်္ဂနွေကိုတော့ သူတို့က အခု ဆိုင်ပိတ်လေ့ရှိကြ သည်။ ဒီနေ့ဟာ တနင်္ဂနွေဆိုတော့ သူတို့ အားလပ်နေမှာ။ ခင်လေးရှင်ကလည်း တနင်္ဂနွေနေ့လယ်မှာ သင်တန်းတစ်ချိန် ရှိနေပါသည်။ ဦးဘုန်းပြည့်ကတော့ ဒီနေ့ ကုမ္ပဏီရုံးပိတ်ရက် ဖြစ်ကာ ခင်လေးရှင်ကို စောင့်ကြည့်ဖို့သက်သက် တကူးတက ထွက်တာတော့ မဟုတ်ပေ။

သူ့အလုပ်ကိစ္စနှင့် ပတ်သက်၍ လူတစ်ယောက်နှင့် တွေ့ဆုံစရာရှိ၍ ဒီကနေ့ ချိန်းဆိုထားရာကို သွားတွေ့ဆုံ စကား ပြောပြီး အပြန်ဖြစ်ပါသည်။ အိမ်ကိုတန်းမပြန်သေးဘဲ ခင်လေးရှင် ရဲ့ ကျောက်မျက်သင်တန်းဆင်းချိန်နှင့် နီးနေ၍ သင်တန်းအောက် မှာ အရိပ်အခြည် လာကြည့်နေတာပါပင်။

ခုထိတော့ မောင်မင်းကြီးသားတို့နှင့် ခပ်ဆင်ဆင်ကို ဝင် မတွေ့။ အနီးအပါးက လက်ဖက်ရည်ဆိုင်တွေကိုလည်း စေ့စေ့စပ်စပ် ကြည့်ပါသေးသည်။ မိုးတိုးမတ်တတ်ထဲလည်း မတွေ့ ...လက်ဖက်ရည်ဆိုင် ထိုင်နေသူတွေထဲလည်း မတွေ့။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင်တော့ ခင်လေးရှင်တို့ သင်တန်း လွှတ်လိုက်ပါသည်။ ခင်လေးရှင်နှင့် သူ့သူငယ်ချင်း ကောင်မလေး တစ်ယောက် ခင်လေးရှင် ကားထဲ ဝင်ထိုင်လိုက်ကြပြီး မောင်း ထွက်သွားပြီမို့ ဦးဘုန်းပြည့်ကလည်း ကားကို စက်နှိုး ခင်လေးရှင် ကားနောက်မှပဲ လိုက်လာဖြစ်သည်။ အမှန်တော့ အိမ်ပြန်တော့ဖို့ပင်။

ခင်လေးရှင်က ကားကို ကမ်းနားလမ်းအထိ ဆင် ချသွားပြီးမှ ကမ်းနားလမ်းအတိုင်း မောင်းသွားသည်မှာ မြို့လယ် အပေါ်လမ်းတွေက ကားရှုပ်ကားကျပ်တာကြောင့် ဖြစ်နိုင်သည် အပြင် သူ့သူငယ်ချင်းကို ပြန်ပို့ဖို့ စသဖြင့်လည်း ဖြစ်နိုင် သည်။ ဦးဘုန်းပြည့်ကလည်း ဘာရယ်မဟုတ်ပင် ခင်လေးရှင် ကားနောက်မှ နှစ်စီးလောက်ခြားပြီး တောက်လျှောက်ပါလာ ပါသည်။

ညောင်ပင်လေးဈေးနား ရောက်သည့်အခါ ကားတွေ ရှုပ်လာတဲ့အပြင် ဈေးရဲ့ တစ်နေရာနားက ဒေါ်ဂျစ်ကြီးတစ်စီးက လက်ပြလမ်းယူပြီး ခင်လေးရှင် နောက်ဘက် ကားတန်းထဲ ဝင်လာပါသည်။

ကားပေါ်က လက်ထွက်ပြနေတဲ့သူကို မြင်လိုက် သော ဦးဘုန်းပြည့်ကတော့ မျက်ခုံးတွေပင့်တက်သွားရပါသည် ဒါ နန္ဒ ဆိုတဲ့ကောင်ပဲ။ ကြည့်စမ်း ...။ ဒီလမ်းက ပြန်မည်သိလို့





ကြိုစောင့်သလား ... အမှတ်တမဲ့ မတော်တဆပဲလား ဝေခွဲမရနိုင် ပေမယ့် သင်းတို့သုံးယောက်ပါသော ဒေါ်ဂျစ်ကြီးကတော့ ခင်လေး ရှင်ရဲ့ ကားနောက် ဝင်သွားပါပြီ။

ကြည့်စမ်း တောက်လျှောက်လိုက်လာမိပေလို့ တွေ့ရ သိရတာ။ ဒီကောင်တွေတော့ကွာ ... တောက် ...။

ဦးဘုန်းပြည့်မှာ အတော်အသည်းယား စိတ်တိုကာ ကားကို အဆက်မပြတ်အောင် မနည်းကပ်၍ လိုက်ရသည်။ ဒေါ်ဂျစ်ဟာ ခင်လေးရှင်ကားရဲ့နောက် ကပ်ရက်မှာဖြစ်ပြီး ဒေါ်ဂျစ်နှင့် ဦးဘုန်းပြည့် ကားကြားမှာ ဗဲင်တစ်စီး ပစ်ကပ်တစ်စီး နှစ်စီး ခြားနေပါသေးသည်။

ကြားဝင်ခံသော ဗဲင်ကားသမားကို မဆီမဆိုင် ဒေါသတွေပွနေကာ ဒေါ်ဂျစ်နောက်ရောက်အောင် ကျော်ဖို့ကြိုးစား ပေမယ့် မရ။ ဒေါ်ဂျစ်တုန်းက အဖြတ်ခံခဲ့ပြီး ကျော်တက်ဖို့လုပ် သည့်ကားကို နေရာမပေးသည့် ဗဲင်သမားနှင့် ကြားက ပစ်ကပ် သမားကို ဦးဘုန်းပြည့် စိတ်တိုလှသည်။

"ဟာ ... ရှေ့က ရှင်ရှင့်ကားကွ ... ရှင်ရှင့်ကား"

နန္ဒက အလန့်တကြား ထအော်လိုက်ကာ မောင်မင်း က အပြုံးမပျက် မအံ့သြပဲ ရှိသည်။

"မင်း သိလို့ ဖြတ်ဝင်လိုက်တာလား ... မျက်စိကတော့ ဒါမျိုးကျ လျင်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အမှတ်တမဲ့ ဝင်လိုက်တာပါ ... ဝင်လိုက်ပြီးပြီးချင်း ရှင်ရှင့် ကားမှန်း သိတာပေါ့ကွ၊ ဒီအရောင် ဒီကားကို က အမှတ်တမဲ့ ဖြစ်စရာလား၊ မင်းတို့သာ ခုမှသိတာ

"ဟော့ကောင် ... လိုက် ... လိုက် ..."

"လိုက်နေတာပဲလေ၊ ကားချင်းကပ်နေတဲ့ဟာ ... ဒီထ လည်း လိုက်လို့မရဘူးလေ"

"မီးပွိုင့်မှာ မကျန်ခဲ့စေနဲ့"

"ဘယ်ကျန်ခဲ့စေလိမ့်မလဲ"

"တိုက်ဆိုင်လိုက်တာကွာ ... ဒီကောင်ကတော့ ကြ ကံကောင်းနေတာပဲ"

"ရှင်ရှင် သင်တန်းက အပြန် ဖြစ်မယ်ကွ"

"အေး ... ဘောမှာလည်း တစ်ယောက်ပါသေးတယ်"

"ဟွန်းတီးကွာ"

"ဟော့ကောင် ... မလုပ်ပါနဲ့ကွ၊ ဒီကားက ဟွန်းကွဲကြ လန့်သွားပါ့မယ်"

ဒီနေ့ အားရက်မို့ ဇော်ထူး အဖေပွဲရုံကို သူ ထွက်လာကြတာ၊ လာတုန်းကတော့ သက်သက်အလည်သ ပင်။ အိမ်မှာ ထိုင်မနေချင်လို့သာ ထွက်လာတာ။ ဟိုရောက်ေ ညောင်ပင်လေးဈေးကို ဂုန်ပို့ပေးဖို့ ကားတစ်စီး မောင်းမ မရှိ ဖြစ်နေတာနှင့်ကြုံ၍ သူတို့သုံးယောက် အပျော်သက်သ





ဂုန်ကုန်ပို့ပေးတာ။ ဈေးမှာ ပစ္စည်းချ ငွေယူပြီး အပြန် ခုလို ရှင်ရှင့်ကားနှင့် တိုက်တိုက်ဆိုင်ဆိုင် တိုးနေတာပါပဲ။

ကားက တဖြည်းဖြည်း အလုံဘက်ထိ ရောက်လာ ပါပြီ။

"မင်းတို့ မသိသေးတဲ့ အချက်တစ်ချက် ရှိသေးတယ်"

"ဘာလဲ ... မင်းနဲ့ ရှင်ရှင်လား ... ငါတို့ကို လျှို့ထားတာ ပေါ့လေ"

"မဟုတ်ပါဘူးကွာ ...၊ လျှို့ထားတာကို မရှိဘူး၊ အခုရှိနေတာ တခြားတစ်ခု"

"ဘာလဲ"

"ငါတို့နဲ့ နောက်နှစ်စီးကျော်မှာ ဦးဘုန်းပြည့်ရဲ့ ပါဂျဲရို ကြီး ပါလာတယ်ကွ"

"ဟေ ..."

"ဟော့ကောင်တွေ ... ပြူးပြဲမကြည့်နဲ့လေကွာ ... ပြဿနာပဲ"

"ဟာ ... ဟုတ်တယ် ထင်တယ်ကွ ... ကားအရောင် တူတယ်"

"တူတာမဟုတ်ဘူး၊ ဦးဘုန်းပြည့် အစစ်၊ ငါ ကြည့်နေတာ ကြာပြီ၊ သူ့ကိုပါ တွေ့ပြီးပြီ"

"အဲဒါ ဘယ်လိုလုပ်မလဲ"

"ဘာလုပ်ရမှာလဲ ဒီတိုင်းပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ညီမကားနောက်က သူက ဘာလို့လိုက်လာတာလဲ"

"ညီမကို လိုက် Check နေလားမှ မသိတာ။ ခုလောက်ရှိ ငါတို့ကိုလည်း တွေ့ပြီးလောက်ပြီ ဖြစ်နိုင်တယ်"

"ငါတို့ကို ဒီကားကြီးနဲ့ ဘယ်ဆက်စပ်မိပါ့မလဲကွ"

"အေး ... ဆက်တော့ ဆက်စပ်မိမှာ မဟုတ်ဘူး၊ ဒါပေ မယ့် နန္ဒက ခေါင်းထွက်ကြည့်လိုက် ... လက်ထွက်ပြလိုက် နဲ့ မြင်ရင်လည်း မြင်သွားနိုင်တာပဲ"

"မြင်သွားရင်တော့ တမင်လိုက်တယ် ထင်ဦးမှာပဲ"

"ရှေ့နားက ကြည့်မြင်တိုင်မှာ ဆိုက်ကားတွေ တအားရှုပ် ပြီကွ၊ ဒီလူကြီး မီးပွိုင့်တစ်ခုခုနဲ့ ငြိကျန်ရစ်ခဲ့အောင် မင်း နည်းနည်း ကိုးရိုးကားရားလုပ်လိုက်"

"ငါလည်း စဉ်းစားနေတာပဲ"

"ဟော့ကောင် မောင်မင်း ... ကြည့်မြင်တိုင်ဈေး အောက် ဘက်မှာ မီးပွိုင့်တစ်နေရာရှိတယ် ... အဲဒီနားတစ်ဝိုက် အတော်တော့ ကားရော ဆိုက်ကားရော လူရော ရှုပ်တယ် သူ အဲဒီမှာ ကျန်ခဲ့ရင် ကောင်းတယ်"

"အေး ကြိုးစားကြည့်မယ်၊ ငါ့နောက်မှာ သူနဲ့ကြားမှာ အစက နှစ်စီး ... အခု သုံးစီးဝင်နေပြီကွ ... သူ့ကားကောင်း ကြီး သူ ညှာနေရတော့ သိပ်ရမ်းလို့ မရဘူး ... ဟိုသုံးမီး ပါ မီးပွိုင့်မှာ ရှေ့က ပိတ်ကျန်ရစ်ရင် တော်တော်နဲ့ သူ ပြန်မကပ်နိုင်တော့ဘူး"





"လုပ်ကွာ ..."

မောင်မင်းသည် ကားကို လမ်းလည်းမပေး ... ဘက်ကနေ ခပ်နှေးနှေးခွာ၍ နောက်ကားတွေကို ရှေ့မီးပွိုင့်၌ ကျန်ရစ်အောင် ကြံစည်ကြိုးစားနေပါသည်။

"မင်းပါ ကျန်ခဲ့ဦးမယ်"

"ပိုင်ပါတယ်ကွာ"

"ပိုင်မနေနဲ့ ... ရှင်ရှင့် ကားက လှည်းတန်းကနေ အပေါ် တက်သွားရင် အဲဒီလမ်းတွေပေါ် ဒေါ်ဂျစ်လိုက်မောင်းလို့ မရတော့ဘူးနော် ... ဆင်မလိုက်လောက်ရောက်ရင် သူ ရှေ့ဆက်တည့်တည့်သွားလည်းပဲ မင်းကတော့ ဘုရင့်နောင် ဘက် ကွေ့ရတော့မှာ"

"ဟုတ်လား ..."

မောင်မင်းက ရန်ကုန်က ကားဝင်ရ မဝင်ရ နယ်မြေ ယာတွေ နားမလည်သူမို့ ဇော်ထူး ပြောမှ သိရပါသည်။

"ရှင်ရှင်ကလည်း ဘုရင့်နောင်ဘက် သွားမှာကို မဟုတ် ဘူး ... သူ့အိမ်ပဲ ပြန်မှာ ... လှည်းတန်း ဆက်သွားမှာပဲ"

"ကားပေါ်မှာ ကောင်မလေးတစ်ယောက် ပါသေးတယ်လေ၊ သူ့ကို ဒီဘက် တစ်နေရာရာ ပြန်ပို့မလို့ ဒီအောက်ဘက်က လာတာလည်း ဖြစ်နိုင်သေးတယ်၊ နို့မို့ရင် မြို့ထဲကတည်းက သူ ကမ်းနားလမ်းကို ရွေးချယ်မှာ မဟုတ်ဘူး၊ အပေါ်ဘက် ကပဲ ပြန်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း နန္ဒနှင့် ဇော်ထူးက ကိုယ့်အယူအဆနှင့် ကိုယ် ငြင်းခုန်နေပြန်သည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ လိုက်လို့ရလည်းလိုက် ... မရလည်း ကိုယ်ပြန်ရမယ့် ဘုရင့်နောင်ပဲပေါ့၊ ပြီးတာပဲ ..."

"အေး ... အရေးကြီးတာက မင်းယောက်ဖလောင်းကြီးကို အသည်းတယားယားနဲ့ ဒေါ်တွေပွပြီး ပြတ်ကျန်ရစ်ခဲ့အောင် လုပ်ဖို့ပဲကွ"

"သနားတောင် သနားပါရဲ့ကွာ"

"သနားနားနဲ့ပဲ လုပ်မှာပဲမို့လား"

"အေး ..."

သုံးယောက်သား တဟီးဟီး တခွီးခွီး အူတွေမြူးနေ ကြပါသည်။

❦ ❦

"ဟဲ့ ... အနောက်က ဒေါ်ဂျစ်ကြီးက လမ်းပေးလည်း ကျော်မတက် ... မြန်မြန်မောင်းလည်း ကပ်လိုက်လာ စက်သံတညံညံနဲ့ ... ဘာဖြစ်နေမှန်း မသိဘူး"

ခင်လေးရှင်က ညည်းညူကာ နောက်ကြည့်မှန် ကြည့်သည်။ နောက်ကြည့်မှန်ကတစ်ဆင့် ကြည့်တော့ သူတို့ကား





က မြင့်သည့်အပြင် မှန်မှာ ဖုန်တွေညစ်နေ၍ မသဲကွဲ။ ခင်လေးရှင် နံဘေးမှ ဝတ်မှုန်က လှူပါလှည့်၍ ခေါင်းလေးလိမ်ကာ လှည့်ကြည့် ရင်း ...

"ယောကျ်ားသုံးယောက်ဟဲ့ ... ဒီဘက်စွန်းက တစ်ယောက်က ခေါင်းထွက်ပြီး လက်ပြနေတယ်"

"အောင်မာ ... ကုန်ကားမောင်းတဲ့ဟာတွေ ငါတို့ကို လိုက်စ,နေတာဟဲ့"

"အံ့ပါရဲ့ ...၊ လိုက်စ,စရာလား"

"လမ်းပေါ်ဆုံလို့ စတာနေမှာပါဟယ် ... နင့်အိမ်ဘက် ကွေ့ဝင်ရတော့မှာပဲဟာ၊ ဆက်လိုက်မှာ မဟုတ်ပါဘူး"

ရှေ့မှာ ဘုရင့်နောင်လမ်းမကြီးပေါ် ကွေ့ဝင်ရမည့် လှိုင်ရိပ်မွန်အိမ်ရာ ရှိသော လမ်းချိုးကို ရောက်နေပါပြီ။ ခင်လေး ရှင်က ကားကို ကွေ့ဝင်ချလိုက်ရင်း နောက်ကို မှန်မှ ကြည့်သည်။

"ဟဲ့တော် ... ဒီထဲထိ လိုက်ဝင်လာပြီ"

"တောက် ... အနုတ်စုတ် ဂုတ်စုတ်တွေ ... ဒီထိလိုက်တုန်း"

နောက်က ဒေါ်ဂျစ်ကြီး ပေါ်မှာတော့ မောင်မင်းတို့ သုံးယောက်သားဟာ တဟီဟီ မြူးထူးနေပါသည်။ ဦးဘုန်းပြည့် ကားကို မီးပွိုင့်တစ်ခုမှာ ဖြတ်ချန်ထားခဲ့တဲ့အပြင် ... ဆင်မလိုက် ထောင့်ရောက်တော့လည်း မောင်မင်းတို့ကားနှင့် နောက်ထပ်နှစ်စီး အပြီးမှာ ကမ်းနားဘက်ကလာတဲ့ ကားတန်းကို လုံးဝပိတ်တား ထားလိုက်ပါသည်။

www.burmeseclassic.com



ရှင်လောင်းလှည့်တာလား ... ဘုရားပင့်တာလား ... ဆွမ်းကြီးလောင်းတာလား ... ဘာမှန်းမသိသော ယာဉ်တန်းနှင့် အိုးစည်ဗုံမောင်းတွေ အပါအဝင် လူတွေပါ တစ်တန်းကြီးလျှောက်နေသည့် အဖွဲ့တစ်ဖွဲ့ကို လူတန်းမပြတ်စေရန် ကားတွေကို ခဏတားထားလိုက်တာပါ။

အဲဒီအပြင် ... ခင်လေးရှင်ကလည်း သူတို့ထင်သလို လှည်းတန်းဘက်ဆီ မသွားဘဲ ဘုရင့်နောင်ဘက်သာ ကွေ့ချသွား၍ တောက်လျှောက်လိုက်နိုင်ပြီ ဖြစ်ကာ ပျော်လိုက်ကြရတာ။ လှိုင်ရိပ်မွန်ကို ရောက်တော့ သူတို့ ကွေ့ချဝင်သွား၍ ကိုယ်ပါလိုက်ကွေ့လာတာမို့ နောက်က ဦးဘုန်းပြည့် ဒလကြမ်းဆက်လိုက်လာလျှင်ပင် ကားတွေကို မတွေ့တော့ဘဲ မျက်ခြည်ပြတ်သွားမှာပါ။

"ပါလာတဲ့ ကောင်မလေးတစ်ယောက်အိမ် ပို့မလို့ ထင်တယ်"

"အေးကွ ... မင်း ဘာလုပ်မှာလဲ ... ဒီထဲထိ လိုက်ပြီး"

"တစ်ခွန်း နှစ်ခွန်းပဲ စကားပြောရပြောရ နှုတ်ဆက်ရဆက်ရပေါ့ကွာ"

"ဟာ ... ဟာ ... ဟိုမှာ ရပ်သွားပြီ"

"မင်း ရှေ့ကို ကျော်ပြီးရပ်လိုက်ကွ"

ဝတ်မှုန်ရဲ့ ခြံရှေ့မှာ ကားရပ်လိုက်သော ခင်လေးရှင်သည် သူ့ကားကိုကျော်ကာ ရှေ့က ရပ်လိုက်သော ဒေါ့ဂျစ်





ကြီးကို ဘေးကအဖြတ်မှာ မျက်စိစွေ၍ စိတ်တိုစွာ ကြည့်သည်။ သူတို့ကားကြီး ယှဉ်ဖြတ်နေ၍ ဝတ်မှုန်လည်း တံခါးဖွင့်မရသေးဘဲ မဆင်းရသေးပါ။

ခင်လေးရှင်မှာ ဘေးတံခါး မပါသော ဒေါ့ဂျစ်ကြီးကို မသိမသာ ကြည့်ရာမှ မောင်းလာသူဟာ မောင်မင်း ဖြစ်နေတာ တွေ့လိုက်ရလျှင် အကြီးအကျယ် အံ့အားသင့်သွားပါသည်။ ကုန်ကားမောင်းသမားတွေ ထင်နေတာ။ မောင်မင်းက ဘယ့်နှယ်ကြောင့် ဒီကားကြီး မောင်းနေရတာလဲ။

ဟိုးတစ်ခါကလည်း မောင်မင်း ကိုယ်တိုင် ဝပ်ရှော့ပ်မှာ သူ့ကားကို ဆေးပေးလိုက်တယ်ရယ်လို့ ကိုကိုကြီး အိမ်မှာ ပြန်ပြောဖူးပါသည်။

"အလကား ... ဒေါ်စိန်ဥမြေးတဲ့ ...၊ ပလီစီချောက်ချက်လျှောက်ပြောတာ နေမှာပေါ့ ...၊ ဝပ်ရှော့ပ်မှာ ကားဆေးနေပြီးတော့များ၊ မင်းက သူဌေးမကြီးမြေးဆိုကွ ... ဆိုတော့ အဘွားက နှင်ချထားလို့လို့ ပြောတာပဲ ... ယုံရတဲ့ကောင်တွေ မဟုတ်ဘူး ... အလကားပါကွာ"

အဲဒီကနေ မှားမကြာခင် ဆိုင်တွေ တကယ်ဖွင့်ကိုယ်ပိုင်အလုပ် လုပ်နေကြပြန်တော့ ...

"ဒီကောင်တွေ ငွေရှင်းတော့လည်း ရှိတယ်ကွ၊ ဟုတ်များဟုတ်နေရော့လား၊ ပြောသလိုလည်း တကယ်လုပ်နေတဲ့ကောင်တွေ ... ဘာတွေမှန်းကို မသိရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့မှာလည်း ဝင်လုပ်နေခဲ့ဖူးတဲ့ မောင်မင်းတို့ဟာ ကုန်ကားကြီးကိုလည်း မောင်းနေပြန်ပြီ။

"ဝတ်မှုန် ... ဝတ်မှုန် ..."

"ဘာလဲ"

ကားတံခါးဖွင့် ဆင်းတော့မည် ပြင်နေသော ဝတ်မှုန်က မဆင်းဖြစ်သေးဘဲ ခင်လေးရှင်ဘက် လှည့်လာပါသည်။

"အဲဒါလေ ... ငါ နင့်ကို ကြွားရင်ပြမယ်ဆိုတဲ့ သူပဲ၊ သူ့ကိုယ်သူ ဒေါ်စိန်ဥ မြေးဆိုတဲ့ဟာလေ"

"ဩော် ... မောင်မင်းကြီးသား ဆိုတာ"

"အေး ... အေး"

"သူ့အဖေ ဦးမင်းကြီး ဆိုတာတော့ မှန်တယ်လေ၊ နေပါဦး ... သူက ဘာလို့ ကုန်ကားကြီး မောင်းနေရတာလဲ"

"ငါလည်း မသိဘူးလေ"

"အခုက နင့်နောက် လိုက်လာတာပေါ့"

"ငါလည်း မသိဘူးလေ"

"နင် ဘာသိလဲ"

"ဘာမှမသိဘူး ... နင်ပဲ သူ့ကို သိမသိကြည့်၊ နင် ဒေါ်စိန်ဥမြေးကို မြင်ဖူးတယ်ဆို"

"အင်း"

"အဲဒါ ဟုတ်လား"





ကားပေါ်မှ မောင်မင်းတို့သုံးယောက်လုံး ဆင်းလာကြပါပြီ ..."

"ဟယ် ... အဲဒီ တီရှပ်အသားရောင်လေးနဲ့ဟာ ဒေါ်စိန်ဥ မြေးဟဲ့ ...၊ ဟုတ်တယ်"

"သေချာလား"

"ဩော် ... သေချာတာပေါ့ ...၊ သူတို့ရဲ့ သိမ်အလှူတော်တုန်းက မေမေတို့ကိုလည်း ဖိတ်လို့ ငါလည်း ပါသွားတယ်လေ ...၊ သူ့လည်း တွေ့ခဲ့တာပေါ့ ...၊ သူ့ အဘွားသူ့အဖေနဲ့ တူတူ သူလည်း ရေစက်ချတာပဲ၊ အစစ်ပေါ့ ... သူပဲ ..."

"ဒါဖြင့် သူ့အဘွား နင်ချလိုက်တယ်ဆိုတာ အဟုတ်ပဲထင်တယ်"

"ဟုတ်မှာပေါ့ ...၊ အဲဒါကို ငါ မန္တလေးကို ဖုန်းဆက်မေးလိုက်ရင် သိပါတယ်၊ သူ ဒေါ်စိန်ဥမြေး အစစ်ဆိုတာတော့ သေချာတယ်"

"ပိုင်လုချည်လား"

"ဒီလောက် လူသိများတာဟယ် ... ရွယ်တူမိန်းကလေးတွေလည်းသိ ... အရွယ်မတူ့တတူတွေလည်းသိ၊ အသိကြဆုံးကတော့ သူ့အမေအရွယ် သမီးရှင်တွေပေါ့ဟယ် ... သမီးရှင် အတော်များများက သူ့ကိုပဲ ချောင်းနေကြ ... အမြဲအခြည် ကြည့်နေကြတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တောင်ပဲလား ..."

"ဟဲ့ ... သူတို့ လာနေပြီ ... ကားပေါ်က ဆင်းမှာလား"

"ဆင်းစကားပြောရင် နင့်အိမ်ရှေ့ကြီးမှာ ရရဲ့လား ..."

ဝတ်မှုန်က သင်တန်းတွေမျိုးစုံတက်ဖို့ ရန်ကုန်က ကြီးဒေါ်ဆီ လာနေတာ ဖြစ်ပါသည်။

"အမယ်လေး သိပ်ရပေါ့ ... အိမ်ထဲဖိတ်လို့တောင် ရသေး ငါ့ကြီးဒေါ်လည်း ဒေါ်စိန်ဥကို သိတာပဲ၊ ဒေါ်စိန်ဥမြေး ငါက ရင်းနှီးခင်မင်နေတယ်ဆိုရင် တော်လှချည်လားဆို ဆုတောင်ချမှာ သေချာတယ်"

ခင်လေးရှင်က ရယ်မိပါတော့သည်။

သူတို့က ခင်လေးရှင်ကားရှေ့ ရပ်နေကြပါပြီ နှစ်ယောက်က နောက်နားမှာ။ မောင်မင်းက ကားဘောနက်ပေါ် လက်ထောက်ကာ ခင်လေးရှင်ကို ပြုံးကြည့်နေပါသည်။

"ဟဲ့ ... လှကြည့်နေပြီ။ ဒီတိုင်းကြီး ထိုင်ကြည့်ခံနေမှာ လား၊ ဆင်းနှုတ်ဆက်လိုက်တာက တော်သေးတယ်"

ဝတ်မှုန် ပြောတာ မှန်ပါသည်။ ခင်လေးရှင်သည် မကြည်သာလို့ မဟုတ်သော မျက်နှာမှုန်မှုန်လေးနှင့် ကားပေါ်မှ ဖြည်းဖြည်း ဆင်းလိုက်ကာ ...

"ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်တော် ဘယ်လိုဖြစ်လို့လဲ ရှင်ရှင်"

"ဘာလို့ လိုက်လာတာလဲ"





"ကျွန်တော် တမင်လိုက်တာတော့ မဟုတ်ပါဘူး ... ညောင်ပင်လေးဈေးကနေ ကားကွေ့တက်လိုက်တာ ... ရှင်ရှင့် ကားနောက် ရောက်သွားတာပဲ"

"ဒီကားကြီးနဲ့ကကော ဘယ်လိုဖြစ်တာလဲ"

"ဒါ ... ဖော်ထူးအဖေ ပွဲရုံက ပစ္စည်းပို့တဲ့ ကားလေ"

"ဪ ..."

"ဒီနေ့ အားနေလို့ ကူပို့ပေးတာ"

"ဪ ... ဒီလိုလား ...၊ ဒါဖြင့် ဟိုးတစ်လောက ရှင် ဝပ်ရှော့ပ်မှာ လုပ်နေတာကရော ..."

"အဲဒါက နန္ဒအဖေဝပ်ရှော့ပ်"

"ဪ ..."

"ဆိုင်မဖွင့်ခင် ကူလုပ်ပေးနေကြတာပေါ့ ... မုန့်ဖိုးရတယ်လေ ... ဟဲဟဲ ...။ ဒီနေ့က ဆိုင်ပိတ်တော့ သူ့အဖေဆီ သွားလည်တာ ... ကုန်ပို့စရာ ရှိနေတာနဲ့ ကူညီလုပ်ကိုင်ပေးတာ"

ခင်လေးရှင်က မောင်မင်းကို မပြုံးတပြုံးလေး ကြည့်နေမိရာမှ ...

"ရှင်တို့ ဒီထဲမှာရော ဘာကိစ္စရှိလို့လဲ"

"ဒီမှာတော့ ဘာကိစ္စမှ မရှိဘူး၊ ရှင်ရှင့်နောက် ဆက်လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့လိုက်လာတာသာ ကိုကိုကြီး သိရင် ဒေါ်တွေပွနေ
ဦးမှာ၊ အမြဲပဲ ရှင်တို့လာသလား နောက်ကလိုက်သလား
နှောင့်ယှက်သလား မေးနေတာ"

"ခုလောက်ဆိုရင် တအား ဒေါ်တွေပွနေပြီပေါ့"

"ဘာလို့လဲ"

"အစ်ကိုကြီးကားလည်း နောက်က ပါလာတယ်လေ"

"ဟင် ... တကယ်"

ခင်လေးရှင်မှာ အံ့ဩစိတ်ညစ်သွားရပါသည်။

"တကယ် ... ရှင်ရှင့် ကားနောက်က ကျွန်တော်တို့
ကျွန်တော်တို့ နောက်က နှစ်စင်း သုံးစင်းခြားပြီး သူ့ကား
ပါလာတယ်၊ ကြည့်မြင်တိုင်လောက် အထိ"

"ဟင် ... ရှင်တို့ကို တွေ့သေးသလား"

"တွေ့နိုင်တယ်"

"ဘယ်နားကျန်ခဲ့ပြီလဲ"

"မီးပွိုင့်မိ ကျန်ခဲ့တယ် ... ဆင်မလိုက်ရောက်တော့လည်း
တစ်ကြိမ် လူတန်းကြီး ဖြစ်နေတာနဲ့ ကားတွေတားပစ်လိုက်
တော့ သူ မျက်ခြည်ပြတ်သွားလောက်ပြီပေါ့"

"ရှင်ဘို့က တမင်မလိုက်ဘူး ဆိုပေမယ့် ရှင်တို့ကို ကိုကို
ကြီးတွေ့ရင် တမင်လိုက်တယ်ပဲ ထင်မှာပဲ၊ စိတ်တွေတိုနေ
မှာ"





"ရှင်ရှင့် အစ်ကိုကြီးက ကျွန်တော်တို့ကို ခြေလျင်တစ်လှည့်
ကုန်းကြောင်းတစ်လှည့် ဘတ်စ်ကားတစ်လှည့်ကောင်တွေ
က သူ့ညီမသင်တန်းအောက်က စောင့်စရာလားဆိုပြီး
ဒေါ်တွေပွတာ။ ကားတိုက်မိတဲ့နေ့က ကျွန်တော်တို့ တမင်
စောင့်နေတာ မဟုတ်ဘူး၊ ရှင်ရှင် ကျောက်မျက်သင်တန်း
တက်နေတာတောင် သိတာမဟုတ်ဘူး၊ မတော်တဆ
တိုက်ဆိုင်ပြီး ဆုံတာအမှန်ပါ။ ကဲ... ဒီနေ့တော့ ကျွန်တော်
တို့က ကုန်းကြောင်းမဟုတ်ဘူးလေ ကားနဲ့လိုက်တာ၊
ကားလေးနဲ့တောင် မလိုက်နိုင်တဲ့ကောင်တွေ ဆိုပြီး သူက
ရှုံ့ချချင်သလိုရှိတာ ... ခုတော့ ရှုံ့ချလို့ မရတော့ဘူးပေါ့
ဗျာ"

"ရှင်ကလည်းနော် ... အတော် အရွဲ့တိုက်ချင်တယ်"

"တမင်အရွဲ့တိုက်ပြီး ဒေါ်ဂျစ်ကြီးနဲ့ လိုက်တာတော့ မဟုတ်
ပါဘူးဗျာ၊ တိုက်ဆိုင်သွားတာပါ"

"ဒါပေမယ့် အရွဲ့တိုက်တယ်ပဲ ကိုကိုကြီးက ထင်မှာ၊
ကိုကိုကြီးကို အရွဲ့မတိုက်ပါနဲ့ ...၊ ကိုကိုကြီးက တကယ်တော့
သဘောကောင်းပါတယ်"

"ကျွန်တော် နားလည်ပါတယ်၊ ညီမကို တိုတာသက်သက်
ပါ"

"ပြီးတော့ လူကြီးလူကောင်းဆန်မှ ကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့လောက်မှ မကြီးသေးဘဲဗျာ၊ လူငယ်လူကောင်းပေါ့၊ ကောင်းရင် ပြီးရော မဟုတ်ဘူးလား၊ တိုက်ပုံကြီး ဝတ်ထားမှလား"

"အဲဒါလည်း ရှင်ရွဲ့တာပဲ၊ ကိုကိုကြီး ကိုယ်တိုင်လည်း အမြဲတိုက်ပုံဝတ်နေတာမှ မဟုတ်တာ၊ နေတာထိုင်တာ တည်ငြိမ်ကျခြေရရင် Gentleman နဲ့ တူတာပဲ"

"တည်ငြိမ်ကျခြေရရကြီး နေထိုင်ပြီး လူကွယ်ရာမှာ ညစ်ပတ်နေတဲ့လူတွေ အများကြီးဗျ၊ အတွင်းစိတ်ဖြောင့်ဖို့နဲ့ စာရိတ္တကောင်းဖို့က လိုရင်း မဟုတ်ဘူးလား ရှင်ရှင်"

"ဒါတော့ ဒါပေါ့"

"ကျွန်တော်တို့ သုံးယောက်လုံး လူငယ်ပေမယ့် လူကောင်းတွေပါ ရှင်ရှင်"

"ဒါပေမယ့် လူကြီးမျက်စိမနောက်ဖို့က လိုသေးတယ်"

"ဦးဘုန်းပြည့်ကတော့ သူ့ညီမလေးကို ချဉ်းကပ်လိုတဲ့သူ ဆိုရင် ဘယ်သူ့ကိုမဆို မျက်စိနောက်မှာပဲ ထင်ပါရဲ့"

"အို ... ရှင်ပြောတာကလည်း တစ်မျိုးကြီး ..."

"ဟုတ်တယ်လေ ... ကျွန်တော်ကလည်း ရှင်ရှင့်ကို ချဉ်းကပ်ခွင့်ရဖို့ ကြိုးစားနေမိတာကို"

"အို ... ရှင်ကလဲ ..."

ခင်လေးရှင်က ရှက်ရွံ့ကာ မျက်လွှာလေး ချလိုက်မိပါသည်။ ခဏနေမှ ...





"ရှင် ကိုကိုကြီးကို အရွဲ့တိုက်ချင်ရုံ ... စိတ်တိုအောင် လုပ်ချင်ရုံနဲ့တော့ ကျွန်မကို မနှောင့်ယှက်ပါနဲ့ မောင်မင်း ရယ်"

ခင်လေးရှင်ရဲ့ 'မောင်မင်း' ခေါ်သံလေးက မောင်မင်း နှင့်ထဲ နွေးသွားရပါသည်။

"မဟုတ်ရပါဘူး ရှင်ရှင်၊ ကျွန်တော် ရှင်ရှင့်ကို စ,နေ နောက်နေမိတာတွေက ရှင်ရှင့်ကို ချစ်လို့စ,တာပါ"

ခင်လေးရှင် မျက်နှာလေးက နီမြန်းသွားရပါသည်။

"ခက်တာက ရှင်ရှင့် အစ်ကိုကြီးက ကျွန်တော့်ကို သက်သက် မျက်မုန်းကျိုးနေတာပဲ"

"မျက်မုန်းကျိုးတယ်တော့ မဟုတ်ပါဘူး၊ ပြီးတော့လည်း ကိုကိုကြီးက သဘောကောင်းပါတယ်၊ ရှင်ကောင်းကောင်း မွန်မွန် ပြောဆိုဆက်ဆံရင် ကိုကိုကြီး အမြင်ကတ်စရာ မရှိပါဘူး ... ကိုကိုကြီးက အထက်တန်းကျတာ လူကြီး လူကောင်းဆန်တာကို ကြိုက်တယ်၊ ရှင် အထက်တန်းကျကျ အဆင့်မြင့်မြင့် ပြောဆိုကျင့်ကြံ နေထိုင်ရင် ကိုကိုကြီးနဲ့ တည့်မှာပဲ"

မောင်မင်းက ရှုံ့မဲ့လိုက်မိပါသည်။

"ကျွန်တော်ကလည်း အဲဒါမျိုးတွေကို မုန်းလို့ကို ရန်ကုန် ရောက်လာရတာ၊ ဒါတွေကို အရွဲ့တိုက်မိလို့ အသွားက နှင်ချလိုက်တာ၊ အဲလို မနေတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ပေကတ်ကတ် သိပ်နိုင်မယ့်သူပဲ"

"အပင်း ... အဘွားကလည်း ဒီအတိုင်း ပြောတယ်"

ခင်လေးရှင်က ဝတ်မှုန်ဘက် လှည့်ကြည့်ရင်း ...

"ဩော် ... ရှင် သူ့ကို မသိဘူးလား မန္တလေးကပဲ"

မောင်မင်းက ဝတ်မှုန်ကို လှည့်ကြည့်ရင်း သူ မသိ၍ ပြုံးပြလိုက်ပါသည်။

"ကျွန်မကိုတော့ ရှင် သိမှာမဟုတ်ဘူး၊ ကျွန်မ့အဘွားက ဒေါ်စိမ်းမြပါ၊ အဘွားဒေါ်စိန်ဥနဲ့ ခင်ပါတယ်"

"ဩော် ... ဟုတ်ကဲ့ ... အဘွားစိမ်းတော့ သိပါတယ်"

"အခု ... ဝတ်မှုန်ကို မေးကြည့်နေတာလေ ... ရှင်က တကယ် ဒေါ်စိန်ဥ မြေးအစစ် ဟုတ်မဟုတ်ပေါ့"

ခင်လေးရှင်က မချိုမချဉ်လေးပြုံး၍ ပြောနေတာမို့ မောင်မင်းက နှာခေါင်းကိုရှုံ့ရင်း ...

"ဩော် ... ရှင်ရှင်ကလည်း ကျွန်တော့်ကို သိပ်အယုံအကြည် မရှိဘူးပေါ့လေ"

"မယုံလို့တော့ မဟုတ်ပါဘူးနော်၊ ရှင်ရှင်က ကိုယ်နဲ့ခင် ရမယ့်သူ ဘယ်သူလဲ သေချာချင်လို့ပါ"

မောင်မင်းက ခင်လေးရှင် ပြောပုံလေးကို အသည်းတယားယားနှင့် ပြုံးကြည့်နေမိပါသည်။





၇ .

"ရှင်ရှင် ... ဒေါက်ဒေါက်"

တံခါးခေါက်သံနှင့် ကိုကိုကြီး ခေါ်သံကြောင့် ခင်လေးရှင်က ရှုံ့မဲ့လိုက်မိပြီး ...

"ရှင်"

"ဘာလုပ်နေလဲ"

"ဗီဒီယို ကြည့်နေတယ် ကိုကိုကြီး"

"လာဦး ..."

ကိုကိုကြီး မေးမြန်းမှာ ဆူမှာကို ရင်မဆိုင်ချင်၍ အိမ်ပြန်ရောက်သည်နှင့် အခန်းထဲဝင်ကာ ရှောင်နေပါတယ်ဆိုမှ။ ခင်လေးရှင် ပြန်ရောက်တော့ ကိုကိုကြီး ကားကို တွေ့၍ ကိုကိုကြီး ပြန်ရောက်နေပြီဆိုတာ သိပါသည်။ ခင်လေးရှင် ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာ မသိအောင် အိမ်ထဲကို တိတ်တိတ်ဆိတ်ဆိတ် ဝင်လာ
အခန်းအောင်း ဗီဒီယို ကြည့်နေလိုက်ပါသည်။

နာရီဝက်လောက်ပဲ ရှိသေးသည်။ ပြန်ရောက်ကြော
ကိုကိုကြီး သိသွားပြီ။ ခင်လေးရှင်က အခန်းပြင် ထွက်လာ
သည်။

"ဘာအခွေ ကြည့်နေတာလဲ ... ဘယ်ကရလဲ"

"ဟို ... ငှားထားတဲ့ အခွေပါ ကိုကိုကြီး"

"ဘယ်ကငှားလဲ၊ ဟိုဘက်ဆိုင်ကမှ ဟုတ်ရဲ့လား"

ခင်လေးရှင်က မဖြေ ...။

"အဲဒီဘက်ဆိုင်ကို အခွေသွားသွား မငှားနဲ့လို့ ပြော
ဘယ် မဟုတ်လား၊ ပြောစကားလည်း နားမထောင်
လား"

"ကိုကိုကြီးက သွားမငှားနဲ့ဆိုတော့ ရှင်ရှင် မသွားပါ
အကြည်တို့ ... အန္တိတို့ကို သွားငှားသွားအပ်ခိုင်းတာ

"ကိုယ်တိုင် မသွားတာဘဲ တော်သေးတာပေါ့၊ ဒါပေ
ဒီကောင်တွေဆိုင်က ငှားတာကိုတောင် ကြိုက်တာမဟု
ဘူး ..."

"ခြော် ... အစ်ကိုကြီးကလည်း ... ဒီလောက် နီးနီး
နားမှာ အဆင်ပြေနေတဲ့ဟာကို"

ယုဇနက ဝင်ပြောလိုက်၍ ခင်လေးရှင်က
ပြောအားရှိကာ ...





"အင်းလေ ... အဝေးကြီး ကားနဲ့ထွက်ငှားနေရဦးမှာ ... ကိုကိုကြီးက ညဘက်ထွက်ငှားရင်လည်း မကြိုက်ဘူး၊ ကိုကိုကြီးနဲ့ မှာလိုက်ရင်လည်း ရှင်ရှင် ကြိုက်တာ မရဘူး"

"အကြည်တို့ ငှားတော့ရော ... ငှားတတ်လို့လား ... နင် ကြိုက်တာ ရလို့လား"

"အကြည်တို့ကို လွှတ်ပေမယ့် သူတို့က ကောင်းတဲ့အခွေ ပေးလိုက်တာ၊ အကြည်တို့ကတော့ ဘယ်ငှားတတ်မလဲ၊ သူတို့ပေးလိုက်တဲ့ အခွေတွေ အမြဲလို ကြည့်ကောင်းတယ်၊ ရှင်ရှင် မကြည့်ချင်ရင်လည်း အကြည်တို့ကို ပြန်လဲခိုင်း လိုက်တာပေါ့၊ ပြီးတော့ သူတို့ဆိုင်မှာ ဟိုးတုန်းက ကား ဟောင်းတွေ ကလပ်စစ်တွေ ရှိတယ်"

"မှန်းစမ်း ... ခုကော ဘာအခွေ ပေးထားလဲ"

"Over the bridge ဆိုတာ ... အရမ်းကြည့်လို့ ကောင်း တာပဲ"

"မဟုတ်တရုတ်အခွေတွေ ငှားလိုက်ဦးမယ်"

"ကိုကိုကြီးကလည်း သူတို့ အဲလောက် အောက်တန်း မကျဘူး၊ ဒီကားဆို ဇာတ်လိုက်က အဘွားကြီး တစ်ယောက် နဲ့ ကလေးလေး တစ်ယောက်ပဲ"

ဦးဘုန်းပြည့် ထွက်သွားရာနောက်သို့ တိဗိပိတ်ပြီး ခင်လေးရှင် လိုက်လာခဲ့ပါသည်။ အောက်ထပ်ဆင်းသွားပြီးနည်း



www.burmeseclassic.com

www.burmeseclassic.com



ခန်းမှာထိုင်သောကြောင့် ခင်လေးရှင်က ယုဇန ဘေးက ဆက်တီ တစ်ခုမှာထိုင်ပြီး မှီအုံးလေးကို ရှေ့ဆွဲယူ ဖက်ပိုက်ထားပါသည်။

"အခု အသံမကြား ဘာမကြားနဲ့ အိမ်ပြန်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"နာရီဝက်ကျော်ကျော်ရှိပြီ ကိုကိုကြီး"

"ဘာလို့ အသံတိတ်နေတာလဲ"

"အခွေ ကြည့်နေတာပဲဟာ ... ကိုကိုကြီးကလည်း ..."

"သင်တန်းကအပြန် ... ဘယ်ဝင်သေးလဲ"

"ဝတ်မှုန် ပါလာလို့ ဝတ်မှုန်ကို အိမ်ပြန်ပို့ပေးတယ်"

"ဘယ်မှာလဲ အိမ်က"

"လှိုင်ရိပ်မွန်မှာပါ"

"ဘုရင့်နောင်လမ်းပေါ်ပေါ့"

"ဟုတ် ..."

ဦးဘုန်းပြည့်သည် ဟိုကောင်တွေနဲ့ တွေ့သေးလားဟု မေးလိုက်လျှင် အကယ်၍ တွေ့လည်းမတွေ့ သိလည်းမသိပါက သူ့နောက်က မောင်မင်းတို့ နောက်ယောင်ခံလိုက်ကြောင်း ကိုယ်တိုင် အသိပေးလိုက်ရသလို ဖြစ်မှာလည်းစိုး။ နောက်က လိုက်လာကြသည်ဆိုလျှင် ဘာပဲဖြစ်ဖြစ် စိတ်လှုပ်ရှား စိတ်ကူးယဉ်မှာ ကိုပင် တိုထွာနေပါသည်။

မမေးလို့ကလည်းမဖြစ်။ အကြံအိုက်အိုက်နှင့်ပင် ...





"ဘာထူးသေးလဲ"

ခင်လေးရှင်က ကိုကိုကြီးကို ရယ်ချင်သွားပါသည်။ လုံးလုံးကြီးလည်း မညာချင်ပါ။ လှိုင်ရိပ်မွန် အိမ်ရာတွေထဲထိ လိုက်လာသည် ဆိုရင်လည်း မောင်မင်းကို ကိုကိုကြီး ဒေါသဖြစ်မှာ စိုးကာ ဖုံးဖုံးဖိဖိလေးတော့ ဖြေမည်ဟု စိတ်ကူးလိုက်ပါသည်။

"ဘယ်လိုထူးတာလဲ ကိုကိုကြီး"

"ဘယ်သွားတယ် ဘယ်လာတယ် ... ဘယ်ဝင်တယ် ... ဘယ်သူနဲ့ တွေ့တယ်ပေါ့"

မေးခွန်းက လေးခုထုတ်သော်လည်း နောက်ဆုံး တစ်ခုကိုသာ သိချင်တာမှန်း ခင်လေးရှင် သိပါသည်။

"ဪ ... ဟိုသုံးယောက်နဲ့ တွေ့တယ်"

"ဘယ်သုံးယောက်လဲ ..."

ဦးဘုန်းပြည့် အသံကြီးက မာလာသည်။

"ဟိုဘက်က မောင်မင်းတို့ သုံးယောက်ကို ပြောတာ ကိုကိုကြီး"

"ဒီကောင့်ကို လူရင်းတွေ ခေါ်သလို မောင်မင်းလို့ လိုက်ခေါ်ဖို့ မလိုဘူး"

"သူ့နာမည်ကြီးက ပြောရခက်ကြီးကို ... ကိုကိုကြီးကလဲ"

"ကဲ ... ပြော ... ဘယ်လို တွေ့တာလဲ"

"မောင်မင်းက ... အင်း မောင်မင်းကြီးသားက ဒေါ့ဂျစ်ကြီး မောင်းလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ဟုတ်တယ် ...၊ ဒီကောင်တွေ ညည်းနော
ကို လိုက်နှောင့်ယှက်ကြတယ် မဟုတ်လား"

"မနှောင့်ယှက်ပါဘူး ကိုကိုကြီးရယ်"

"ဘာမနှောင့်ယှက်ရမှာလဲ ...၊ တမင် လိုက်တာမဟုတ်ရ
မြို့ထဲကနေ အဲဒီအထိ ဘာလို့ တောက်လျှောက် လိုက်လ
ရတာလဲ"

"သူတို့ကားက ဘုရင့်နောင်ပွဲရုံကိုသွားတဲ့ဟာ ကိုကိုကြ
ကလည်း ..."

"နင်ကကော ဘာကြောင့် ဒီနေ့မှ အဲဒီလမ်းက ပြန်ရတ
လဲ"

"ဝတ်မှုန်ကို ဘုရင့်နောင်လမ်းပေါ် ပို့ရမှာဆိုတော့ ကာ
လမ်းသင့်မလားလို့ ကမ်းနားလမ်းကပဲ လာလိုက်တာပ

"ဒီကောင်တွေ ဘယ်ကတည်းက ပါလာလဲ ညည်းသိလာ

"ညောင်ပင်လေးဈေးကတဲ့ ..."

"ဘာ ..."

ဦးဘုန်းပြည့်က ဒေါတွေ ကြီးလာကာ ...

"ဒါဖြင့် နင်နဲ့ စကားပြောလိုက်ကြရသေးတယ်ပေါ့"

"ဟုတ်ကဲ့ ..."

"ဘာကိစ္စ သူတို့နဲ့ စကားပြောဆိုနေရတာလဲ"

"သွားတွေ့နေတော့ ဒီလိုပဲ ရီးရီးသားသား ပြောဆိုန
ဆက်တာပဲဟာ"





"ဘယ်လိုလုပ် သွားတွေ့မှာလဲ၊ နင်က လှိုင်ရိပ်မွန်ထဲ ဝင်သွားရမှာ၊ သူတို့က ပွဲရုံထိ တောက်လျှောက် အဖြောင့်သွားရမှာ ... နင်က ကားရပ်ပေးတာလား"

"အို ... ရှင်ရှင်က လှိုင်ရိပ်မွန်ထိပ်မှာပဲ ဝတ်မှုန်ကို ချမှာဆိုတော့ ကားရပ်လိုက်တာပေါ့"

"ဒီတော့ ဒီကောင်တွေကလည်း လိုက်ရပ်တယ်ပေါ့"

"ဟုတ်"

"တောက် ... တွေ့လား၊ တမင်တကာကို လိုက်တာ ... ခွေးကောင်တွေ အသုံးမကျတဲ့ဟာတွေ"

"တမင်တကာ မလိုက်ပါဘူး၊ တမင်လိုက်ဖို့ဆိုရင် ရှင်ရှင့်သင်တန်းအောက် လာစောင့်နေရင် ပိုမသေချာဘူးလား ကိုကိုကြီးရဲ့၊ အခုဟာက ရှင်ရှင်ကလည်း ကမ်းနားလမ်းကို ရွေးမိတာ၊ သူတို့က ညောင်ပင်လေးဈေးကနေ ဖြတ်ဝင်တာ တိုက်ဆိုင်ပြီး ရှင်ရှင့် ကားနောက် ရောက်တာတဲ့"

"... တဲ့ ... ဆိုတော့ သူတို့ပြောတိုင်း ယုံစရာလား"

"ယုတ္တိရှိနေတဲ့ဟာ ယုံရမှာပေါ့ ကိုကိုကြီးရဲ့၊ ရှင်ရှင်ခါတိုင်း ကမ်းနားလမ်းကမှ မပြန်တာ၊ အခုက တိုက်ကိုတိုက်ဆိုင်တာ၊ ဘုရင့်နောင်ကို ဦးတည်တာချင်း တူနေတဲ့ဟာ သွားဆုံတာပေါ့"

ဦးဘုန်းပြည့်သည် မကျေနပ်လှသော်လည်း ဘာမှမပြောမငြင်းသာ၍ ...

www.burmeseclassic.com



"ဒီကောင်တွေ တခြားဘာပြောသေးလဲ"

"ဒီလိုပဲ … အာလာပသလ္လာပတွေပါပဲ"

"အဲဒါတွေ သူတို့နဲ့ ညည်းက ရပ်ပြောနေစရာလား …"

ခါးကိုထောက်ပြီး လက်ညှိုးတထိုးထိုးနှင့် ဒေါသတကြီး ပြောနေဟန်မှာ ရယ်ဖို့လည်း ကောင်းပါသည်။ ယုဇနက ခင်ပွန်းသည်ဖြစ်သူကို ပြုံးနေမိတော့သည်။

"ပြီးတော့ ဝတ်မှုန်က သူ့ကိုသိတော့ ဝတ်မှုန်နဲ့လည်း စကားပြောတာနဲ့ …"

"ဝတ်မှုန်က ဘယ်လိုသိတာလဲ"

"ဝတ်မှုန်က မန္တလေးကပဲလေ ကိုကိုကြီးရဲ့၊ ဟိုမှာ သူ့မိဘတွေ သူ့အဘွားတွေနဲ့ ဒေါ်စိန်ဥက ခင်နေတာ၊ အဲဒီတော့ ဒေါ်စိန်ဥမြေးနဲ့ သူသိတာပေါ့"

"ဒေါ်စိန်ဥ မြေး ! …"

"အင်းလေ …"

"ဒီမောင်မင်းကြီးသားက ဒေါ်စိန်ဥမြေးအစစ် ဟုတ်တယ်ပေါ့"

"ဟုတ်တယ်လေ …၊ ဝတ်မှုန် မြင်ဖူးနေတာပဲ"

ယုဇနက ဦးဘုန်းပြည့်ကို ငုံ့ကြည့်လိုက်ပါသည်။ ဦးဘုန်းပြည့်က မျက်ခုံးကို ရှုံ့ကာ ခင်လေးရှင်ရဲ့ စကားကို ချင့်ချိန်တွေးနေပုံ ရပါသည်။





"အစ်ကိုကြီးက ဒီကောင်လေးကို ဒေါ်စိန်ဥ မြေးလို့ မယုံလို့လား"

"မယုံဘူးလည်း မဟုတ်ဘူး … ယုံတယ်လည်း မဟုတ်ဘူး၊ ဒီလိုပဲစဉ်းစားရတာပေါ့ကွ၊ ဒီကောင့် ကြည့်ရတာ ရှင်ရှင့်ကို ဟိုကလှည့်လိုက် ဒီကလှည့်လိုက် … စကားပြောဖို့ချောင်းလိုက် … ကျန်တဲ့နှစ်ကောင်က ကြည့်ရတာ အေးအေးဆေးဆေးပဲ၊ ဒီမောင်မင်းကြီးသားက ကိုယ့်ညီမကို စိတ်ဝင်စားပုံ ဖြစ်နေတာ ထောင့်စေ့အောင် စဉ်းစားကြည့်မှ ဖြစ်မှာပေါ့ကွ"

"အစ်ကိုကြီးပြောတာ နည်းလမ်းကျပါတယ်၊ ဒါပေမယ့် ဒီကောင်လေးက ရှင်ရှင့်ကို ကြိုက်ပြီး တကောက်ကောက်လိုက်တယ်ထားဦး … ရှင်ရှင့်မှာ ဒီအတွက် ဘာအပြစ်ရှိလို့တုန်း၊ ဒေါသတွေ မထွက်ဘဲ ကောင်းကောင်းမေးမြန်းလည်း ရပါတယ် အစ်ကိုကြီးရယ်၊ အပျိုလေး ချောချောလှလှရှိရင် ယောကျ်ားပျိုတွေ ရစ်ဝဲတာ ဓမ္မတာပဲ၊ ရှင်ရှင့်ကို ကြိုက်ကြလိုက်ကြတဲ့ သူတွေ အများကြီး၊ ဒီတစ်ယောက်ကျမှ နီးနီးနားနားမှာရှိနေ … အစ်ကိုကြီး သိနေတော့ အစ်ကိုကြီးက ဒီတစ်ယောက်အပေါ်ပဲ ပြုံမဲပြီး အခဲမကျေသလို ဖြစ်နေတယ် … ဒီလိုသာ ဒေါသဖြစ်ရကြေးဆိုရင် အစ်ကိုကြီး ဒေါသထွက်ရမယ့်သူတွေ အများကြီးပဲ …"

www.burmeseclassic.com



"ဟ ... ကိုယ့်ညီမကို ရစ်နေတာ ငါက ဒေါသမထွက်လို့ ပျော်နေရမလား"

"ပျော်လည်း မပျော်ရဘူး ... ဒေါသလည်း မထွက်ရဘူး၊ ဒါ သဘာဝ ... သဘာဝကို အေးအေးဆေးဆေး လက်ခံရမှာပေါ့ အစ်ကိုကြီးရဲ့၊ တစ်ခုခု ... ဥပမာ ... နိမ့်ကျနေတယ် ဆိုးသွမ်းနေတယ် စာရိတ္တ မကောင်းဘူး စသဖြင့် ချို့ယွင်းချက် ရှိနေတဲ့သူ ဆိုရင်လည်း ဒီချို့ယွင်းချက်တွေ ရှိကြောင်း ရှင်ရှင့်ကို နားဝင်အောင် ပြောပြရုံပဲ၊ ကောင်းတာတွေဆိုလည်း ကောင်းသလို အမှတ်ပေးပြီး မြင်ပေါ့ ...

"လူဆိုးလူသွမ်း ဖြစ်နေပစေဦး ... ဆိုးတဲ့လူက လာကြိုက်တာဟာလည်း ရှင်ရှင့် အပြစ် မဟုတ်ပါဘူး ရှင်ရှင်လည်း စဉ်းစားတတ်တဲ့သူပဲ၊ ကိုယ့်ကိုလာကြိုက်တာနဲ့ပဲ မခေါ်ရ မပြောရ မဆက်ဆံရလို့ အိမ်ကလူကြီးတွေကသာ ပညတ်ရရိုးဆိုရင် အစ်ကိုကြီးလည်း ယုကို ရခဲ့မှာ မဟုတ်ဘူး"

"ဒါတော့ တူသလားကွ ... မင်းက"

"မောင်မင်းက နေထိုင်ဝတ်စားပုံ ခေတ်လူငယ်ဆန်တာ တစ်ခု ... အစ်ကိုကြီး မျက်စိနောက်မယ်ဆို နောက်စရာ ဖြစ်ကောင်းဖြစ်ပေမယ့် ကျန်တာတွေ မဆိုးဘူး၊ တော် လည်းရတယ်၊ လူကောင်းလည်း ဖြစ်ပုံရတယ်၊ ဗိုက်ဆံလည်း ရှိတယ်"





"ဒေါ်စိန်ဥမြေး သူဌေးသား ဆိုတာနဲ့ မင်းက မက်ကောလား"

"ဒီသူဌေးသား ကိုယ်က လိုက်ဖမ်းနေတာမှ မဟုတ်ဘဲဟာ၊ သူ့ဟာသူ လာကြိုက်တဲ့ဟာ၊ သူဌေးသားမမက်ဘူးဆိုတော့ ဆင်းရဲသားနဲ့မှ ပေးစားဖို့ ရည်ရွယ်ထားလို့လား အစ်ကိုကြီးရဲ့"

"မင်းပြောလိုက်မှဖြင့် နားကို မခံသာဘူး၊ ဒီကောင်က ရှင်ရှင့်ကို ကြိုက်တော့ ကြိုက်နေပြီပေါ့ ... ချစ်ရေးဆိုပြီး ပြီပေါ့ ... ဟုတ်လား ရှင်ရှင်"

ဒီနေ့ ပြန်ခါနီးလေးမှာ "ရှင်ရှင့်ကို ကျွန်တော်ချစ် ...ယ်"လို့ ခပ်တိုးတိုး ပြောသွားပါတယ်လို့ ခင်လေးရှင် ဘယ်လို ...ဉ် ပြောရပါ့မလဲ။ ကားရပ်ပေးလို့ အပြောခံရတာပေါ့ရယ်လို့ ...ကိုကြီးက ဆူပါဦးမည်။

"ဘာမှ မပြောရသေးပါဘူး၊ ကိုကိုကြီးပဲ လိုက်ပူနေတာ"

"နေပါဦး ... ဒီနေ့ ရှင်ရှင်တို့နောက်က မောင်မင်း ပါလာတာကို အစ်ကိုကြီးက ကြိုသိနေပုံ ရပါတယ်၊ ရှင်ရှင့်ကို မေးမယ့်သာ မေးနေတာ၊ ပါလာတာ ကြိုသိလို့ မေးပုံပဲ"

ဦးဘုန်းပြည့်က ခဏတုံ့သွားပြီးမှ ...

"သိတာပေါ့ကွ ... ငါလည်း ပါတာပဲဟာ"

"ဟင် ... ဘယ်လိုပါလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက သင်တန်းဆင်းကတည်းက ရှင်ရှင့်နောက်က ပါတာ အောက်ကကို ထိုင်စောင့်နေတာ၊ တောက်လျှောက်ပါလာ တော့ ဒီကောင်တွေကား ဖြတ်ဝင်သွားတာ မြင်တာပေါ့"

"သင်တန်းအောက်က ဘာလို့ သွားစောင့်နေရတာလဲ"

"ဒီကောင်တွေ အဲဒီကို လာလာနေမယ် ထင်လို့ကို သွား စောင့်တာ"

"အစ်ကိုကြီးကတော့လေ ...၊ ကဲ ... ဒါဖြင့် အစတုံးတောက် လျှောက် ပါမလာဘဲ အစ်ကိုကြီးက ဘယ်ကိုဝင်နေသေး လို့လဲ"

"ဘယ်ဝင်ရမှာလဲ ... ဟိုကောင်တွေ မတော်တဆလား တမင်လား ... တမင် ထင်ပါတယ်ကွာ ... တောက် ... ရှေ့ ကနေ ကိုးရိုးကားရား မောင်းနေတာ ငါ့ကားရှေ့မှာ နှစ်စီး သုံးစီး ပိတ်ပြီး မီးပွိုင့်မှာ အနီမိ ကျန်ခဲ့တာပေါ့ ...၊ ကား ကလည်း ဘာကြောင့်မှန်း မသိဘဲ ရှေ့တိုးမရဘဲ အကြာ ကြီး ရှေ့မှာ ကားတွေပိတ်ပြီး ရပ်စောင့်နေရတာ၊ ငါ ဘုရင့်နောင်ပေါ်ရောက်တော့ သူတို့ကား နှစ်စီးလုံးကို မတွေ့တော့ဘူးလေ"

ဦးဘုန်းပြည့်က ပြောရင်း မျက်ခုံးမြင့်တက်ကာ —

"ဟော ... အဲဒီတုန်းကတည်းက ညည်းကား မရှိတော့ဘူး ပြန်ပြီဆိုရင် ... ညည်းက ငါ့အရင် ရောက်ရမှာပေါ့ — ဘယ်ကို ဝင်နေသေးလဲ"





"ဘယ်မှ မဝင်ပါဘူး ကိုကိုကြီး"

"ဒါဖြင့် ငါ့ထက် ဘာလို့ မိနစ်နှစ်ဆယ်လောက် နောက် ကျလဲ"

"ရှင်ရှင် ဝတ်မှုန် အိမ်ထဲ ဝင်သေးတယ်"

"ဟင် ... နင် ခုနပြောတော့ ဝတ်မှုန်ကို လမ်းထိပ်မှာချ လို့ ကားရပ်ရတာဆို"

"အို ... ပထမတော့ လမ်းထိပ်မှာ ချတာ ...၊ သူတို့နဲ့ ကားခဏရပ်ပြီးပြောတော့ ဝတ်မှုန်နဲ့ စကားပြောချင်သေး အိမ်ထိပြန်ပို့ရင်း စကားထိုင်ပြောနေလို့ပါ"

"ဟုတ်ကွဲ့ ဒါပဲနဲ့နော် ကောင်မလေး၊ တယ်မရိုးသားချင် ဘူး၊ လမ်းထိပ်ရပ်တာက ဟိုကောင်တွေကားလို့များ ညည်း ရပ်ပေးတာလား"

"မဟုတ်ပါဘူး ... ကိုကိုကြီးကလည်း ..."

"ကိုယ့်ဟာနဲ့ကိုယ် နေစမ်း၊ ဒီကောင်တွေနဲ့ သွားမရောနဲ့၊ ဒေါ်စိန်ဥမြေး မကလို့ ဒေါ်စိန်ဥ ဘိုးအေဖြစ်ပစေဦး ... ဘာမှ ဒီလောဝင်စရာ အကြောင်းမရှိဘူး ကြားလား ..."

"ဟုတ်"

"မြင်ချင်ယောင်ဆောင်ပြီး လုံးဝမခေါ်ရဘူးလို့ မပြောဖို့ ဘူး ... ဒါပေမယ့် ခပ်မှန်မှန်ပဲနေ၊ ဒီကောင်တွေ မိုးစိုက် နောက်ချင် ပြောင်ချင် ရှိချင်တာက များနေတယ် ...၊ သူ တို့က ကြိုက်တယ်ဆိုဝိုင်းလည်း အဟုတ်မှတ်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ သူနဲ့မှ မဟုတ်ပါဘူး ... ရှင်ရှင် နားလည်ပြီးသား ပါ ကိုကိုကြီးရယ်၊ သူများပြောတိုင်း အဟုတ်မှတ်ရလော အောင်လည်း ရှင်ရှင် အသိဉာဏ် မနည်းသေးပါဘူး"

အင်း ... သို့သော်လည်း သူများတွေနှင့်တုန်း နည်းနည်းကလေးတောင် ဝင်စားလှုပ်ရှားမှု မရှိတဲ့ ရှင်ရှင့် စိ ကလေးဟာ မောင်မင်းနဲ့ကျတော့ လှုပ်လှုပ်ခတ်ခတ်။ ဘာ ဘာမှ မဟုတ်သေးခင် သူတို့ပြောင်းလာစ သူ့ကို စ,မြင်ဖူး တည်းက သူ့မျက်နှာ သူ့ရုပ်ရည် သူ့ပုံစံလေးအပေါ် ခင်မင်မေ သက်ဝင်မိနေတာကျတော့လည်း အခက်သားပါလား။

သင်တန်းလေ့ကား ခြေရင်းမှာ မောင်မင်းကို လိုက်ရလျှင် ခင်လေးရှင်သည် ရင်ခုန်ကျေနပ်ခြင်းတစ်ဝက် အထိတ်တလန့် စိတ်ကျဉ်းကျပ်ခြင်းတစ်ဝက်နှင့် ဘယ်ညာဆော ကို မျက်လုံးလေး ဝေ့ဝဲမိသည်။

"အစ်ကိုကြီးကို ရှာတာလား"

"အင်းပေါ့ ..."





"ကျွန်တော် ရှာပြီးပါပြီ ... မရှိပါဘူး ... တစ်ချိန်လုံး အစ်ကိုကြီး အရိပ်အခြည်ပဲ ကြည့်နေတာ"

"ကားကို တခြားမှာရပ်ပြီး လူချည်းလာရင်ကော ..."

"လူချည်းပဲလည်း မရှိဘူး၊ လုံးဝမရှိတာ သေချာတယ်၊ ရှာရတာ ခေါင်းတွေမူးပြီး မျက်စိတွေတောင် မှုန်ကုန်ပါပြီ"

"ဘာလို့ လာသေးလဲ"

"စကားပြောချင်တာကိုး ရှင်ရှင်ရယ် ...၊ ကျွန်တော်တို့မှာ နီးရက်နဲ့ဝေး ဆိုတာနဲ့ တကယ်အကိုက်ပဲ၊ ဒီလောက် ခြံချင်းကပ်နေရက်နဲ့ တွေ့ချင်ရင် အခက်ကြီး လာတွေ့ရတယ်"

"လာမတွေ့နဲ့ပေါ့ ... မတွေ့ချင်နဲ့ပေါ့"

"နေမှ မနေနိုင်တာ"

မောင်မင်းရဲ့ အသံတိုးတိုးက ရှင်ရှင့် ရင်ကို တုန်ယင်ဖိုလှိုက်စေပါသည်။

"သင်တန်းရှိတဲ့ နေ့တိုင်းကို ရောက်လာနေတော့တာပဲ၊ ဆိုင်မှာ နန္ဒကို ဖော်ထူးတို့ပဲပေါ့နော်"

"အင်းပေါ့ ..."

"မောင်မင်းကို အမြဲတွေ့နေတာ မကြည်ဖြူဘဲ နေပါဦးမယ်"

"သူငယ်ချင်း အရင်းကြီးတွေပဲဟာ၊ ဒီလောက်ကိစ္စနဲ့တော့ မကြည်ဖြူ မဖြစ်သင့်တော့ပါဘူး"

www.burmeseclassic.com



နှစ်ယောက်သား မတိုင်ပင်ရဘဲ ခပ်လှမ်းလှမ်းက Snack ဆိုင်ကလေးဆီ လျှောက်ခဲ့ကြပါသည်။ ရောက်လာနေတာ သုံးလေးခေါက် ရှိနေပြီဆိုတော့ ဆိုင်ကလေးမှာ အတူထိုင်ကြတာပင် ကျင့်သားရနေပါပြီ။ သင်တန်းအခန်းရှေ့တည့်တည့်က လက်ဖက်ရည်ဆိုင်လေးက အကာအကွယ်မရှိသလို ဖြစ်နေ၍ ဒီဆိုင်ကလေးကို ရွေးချယ်ထိုင်ဖြစ်တာပင်။ မှန်တံခါးညိုပိတ် ဆိုင်ကလေးမို့ တမင် ဝင်လာမှပဲ သူတို့ကို တွေ့နိုင်မှာ ဖြစ်ပါသည်။

"ဘာဂါစားနော်"

"ဟင့်အင်း ... တစ်ခုခုပဲ သောက်မယ်"

"ဘာလို့လဲ ... ဗိုက်မဆာတာတော့ မဖြစ်နိုင်ပါဘူး၊ စား နိုင်တဲ့ အချိန်ပါ"

"မစားချင်လို့ပါ"

မောင်မင်းက ပြုံးရင်း ...

"ကျွန်တော့်ကို ဘာလို့ ရှက်တာလဲဟင်"

"မရှက်ပါဘူးနော်"

"ကျွန်တော့်ရှေ့မှာ အစားစားဖို့ ဝန်လေးတာ ရှက်တာပေ ရှင်ရှင်က ပါးစပ်ကြီးဟပြီး မုန့်ကို ကိုက်စားနေလို့ အထ ပျက်ရင် ကျွန်တော်က မချစ်ဘူး ထင်လို့လား"

"အို ... ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"





"ဟုတ်တယ်လေ ... လူတိုင်းဟာ အစာစားရင် ပါးဖောင်းနေမှာပဲ၊ မေးရိုးကိုလှုပ်ပြီး ဝါးနေရမှာပဲ၊ ပါးစပ်ထဲခွံ့တုန်း မပေကျံအောင် ပါးစပ်ကို ကျယ်ကျယ်ဟ,ရမှာပဲ၊ ဒါသဘာဝပဲဟာ၊ ကိုယ့်ဗိုက်ထဲကိုယ် အဟာရဖြည့်တာ ဘယ်သူ့မှ ရှက်နေစရာ မလိုပါဘူး ...

တစ်နေ့ကျရင်လေ ... ရှင်ရှင်နဲ့ ကျွန်တော် ချစ်သူတွေ ဖြစ်သွားကြတဲ့အခါ ... အဲဒီနောက်မှာ နောက်တော့ လက်ထပ်ကြတဲ့အခါ ..."

"အို ... ဘာမှန်းမသိဘူး ... ဘယ်သူက ခေါင်းညိတ်သေးလို့လဲ"

"သဘောကို ပြောပြတာလေ၊ နောင်ဆို ... နေ့တိုင်း အနပ်တိုင်းတောင်မှ မျက်နှာချင်းဆိုင် စားရမှာ၊ ရှက်နေလို့ ဘယ်ပြီးမလဲ ... အကျင့်ရသွားအောင် အခု စားကျင့်ထားပေါ့၊ ကျွန်တော် ဖွဲ့ပေးမယ်နော်၊ သေးသေးကွေးကွေးလေးတွေ ဖြစ်အောင် ဖွဲ့ပေးမယ်၊ စားပါနော်၊ ရွတ် ... ဘာဂါ နှစ်လုံး ... စထရော်ဘယ်ရီမစ်စ်ခ်ရှိတ် နှစ်ခွက်"

ခင်လေးရှင် မတားနိုင်မီ မောင်မင်းက မှာလိုက်ပြီ။

"ရှင်ရှင်က ရယ်ရတယ်"

"ဘာရယ်ရလို့လဲ"

"ကျွန်တော့် ရှေ့မှာ စားရမှာ ရှက်နေတာ ရယ်ရတာပေါ့၊ ကဲ ... ဟိုတစ်နေ့က ရှင်ရှင့် သူငယ်ချင်းတွေနဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရှင် စားသောက်တယ်လေ၊ သူတို့ကိုကျ မရှက်ဘူး … ကျွန်တော့်ကျ ရှက်တယ် … အဲဒါ ဘာဖြစ်လို့လဲ”

“ဘယ်သိမလဲ”

ခင်လေးရှင်သည် ရယ်ချင်တာကို နှုတ်ခမ်းကိုကိုက်ကာ မောင်မင်းကို မျက်စောင်းထိုးမိသည်။

“ကျွန်တော် သိတယ်”

“ဘာလဲ … ပြော …”

“သူတို့အပေါ် ရိုးသားလို့ ရှင်ရှင် မရှက်တာလေ၊ ကျွန်တော့်အပေါ် မရိုးသားတော့ ရှက်တာပေါ့”

“အောင်မာ … ကောက်ချက်ဆွဲပုံလေးက သူ့ဘက်သူယက်လိုက်တာ”

“ဟုတ်တယ်လေ … အစ်ကိုကြီးတို့ မမယုတို့နဲ့ နေ့စဉ်နဲ့အမျှ ထမင်းအတူစားနေတယ် မရှက်ကြဘူး၊ ဘာဖြစ်လို့လဲ အဲဒါ … စိတ်ထဲ ဘာမှမရှိဘဲ သန့်ရှင်းရိုးသားနေလို့ပေါ့၊ ကျွန်တော်နဲ့ကျတော့ ရှင်ရှင်က ပါးစပ်ဟရမှာလည်းရှက်၊ အသံကျယ်ရမှာလည်းရှက် … လမ်းလျှောက်ရင်လည်း တောင့်နေတယ်၊ မျက်နှာကိုတောင် အလကားနေရင်း ဆံပင်ဘေးဆွဲပြီး ရတာတ်သလောက် ကွယ်ထားတယ်၊ အဲဒါတွေဟာ ကျွန်တော့်အပေါ် ရှင်ရှင် မရိုးသားလို့လေ၊ ရှင်ရှင် စဉ်းစားကြည့်လေ၊ အင်း … ကောင်မလေးတစ်ယောက်တော့ ငါ့အပေါ် မရိုးတော့ပါလား”





ခင်လေးရှင်မှာ မျက်နှာလေး နီမြန်းကာ …

“မောင်မင်းနော် …”

“မရိုးတာပဲ ကောင်းပါတယ်လေ၊ ငါကလည်း ရိုးမှမရိုးပဲ၊ ငါကလည်း အဲဒီကောင်မလေးကို တအားချစ်နေတာ မဟုတ်လား၊ ချစ်တာမှ သူ့အစ်ကိုကို ကြောက်ကြောက်နဲ့ တိတ်တိတ်လေး လာခိုးတွေ့နေရတဲ့ အထိပဲ၊ ကောင်မလေး ကြည့်ရတာလည်း ငါ့ကို ချစ်ပုံတော့ ရပါတယ်လေ၊ ခုတောင် အရမ်းရှက်နေတာ ကြည့်ပါလား … အင်း …”

“မောင်မင်း …”

မောင်မင်းက ပေါက်ကရတွေ ပါးစပ်က ကရားရေ[illegible]တ်ပြောနေ၍ ခင်လေးရှင် မျက်နှာလေးမှာ နီမြန်းရောင်အဆင့်မှ [illegible]ကျမသွားတော့ပါ။ ခပ်ကြိတ်ကြိတ်ကလေး မာန်သလို [illegible]လိုက်၍ …

“ခင်ဗျာ”

“ဘယ်လို ဖြစ်နေတာလဲ … အဲလိုတွေ ပြောနေတာ ရှင်ရှင် မနေတတ်ဘူး … ရှက်တယ် …”

“ရှက်ဖို့ပဲ လှည့်ချောင်းနေပါလား၊ ဟော … မုန့်လာပြီ … ပေး … ကျွန်တော် ဖွဲ့ပေးမယ်”

မောင်မင်းက ခင်လေးရှင် ပန်းကန်ကိုယူကာ ဘာဂါ[illegible]နွန်း,မားတို့နှင့် ကျင်ကျင်လည်လည် လီးဖွဲ့ပေးနေပါသည်။ [illegible]ပျံ့သော ရနံ့ကြောင့်ရော … နဂိုကလည်း ကြိုက်နှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



သော အစာဖြစ်၍ရော ခင်လေးရှင်မှာ ဗိုက်ဆာလာသလိုတော
ရှိပါသည်။ ဒါပေမယ့် မစားချင်တာဟာ မောင်မင်း ပြောသလို
မောင်မင်း ရှေ့မှာ ပါးစပ်အကျယ်ကြီး ဟရမှာ ... ပါးဖောင်းအော
ဝါးရမှာတွေကို ရှက်နေလို့ပင်။

တခြားသူတွေကို မရှက်ဖူးပဲ ... သူ့ရှေ့ကျမှ ရှ
စနိုး ဖြစ်နေမိတာဟာ မောင်မင်း ပြောသလိုပဲ မရိုးသားလို့ပဲ ဖြ
မှာပါ မောင်မင်းရေ ...။ တစ်ခါမှ ရင်မခုန် မလှုပ်ရှားဖူးပဲ
ခုန်ရတာဟာ အဆန်းတကြယ် မောဟိုက်စရာ ကောင်းလိုက်တာ

သုံးလေးလလောက် ဆုံစည်းရသည့်အတွင်း
သူ့အပေါ် စိတ်ညွတ် မေတ္တာပိုမိတာဟာ အညှာလွယ်လွန်း
ကျသည်ဆိုလျှင်လည်း ခံရမှာပါပဲ။ သူ့မျက်နှာမှာ ရိုးသား
စင်ခြင်းကိုသာ တွေ့နေရ၍ သူ့အချစ်ကိုလည်း ခင်လေး
ယုံကြည်မိပါသည်။

"ရော့ ... ဒီမှာ ဖုတ်ပြီးပြီ ... ရှင်ရှင် စားတော့"

ခင်လေးရှင်က ကွမ်းသီးလုံးရွယ်လေးတွေလော
သာရှိသော ဖုတ်ပြီးသား အတုံးကလေးများကို စိုက်ကြည့်၍ ပြုံး
မိပါသည်။ မောင်မင်းက ... သူ့ဘာဂါကို သူခပ်ကြီးကြီး
ဖြတ်နေရင်း ...

"ဒါ ... ရှင်ရှင် ရှိလို့၊ ရှင်ရှင် ရှက်မှာစိုးလို့ ကျွန်တော်
လီးစားမှာ၊ နို့မို့ရင် လက်ကကိုင်ပြီး ကိုက်ချလိုက်
အလွန်ဆုံး သုံးလုပ်စာပဲ"





"အဲလိုကြီး မစားပါနဲ့"

"မစားပါဘူး၊ ရှင်ရှင် ရှိတော့ သပ်သပ်ရပ်ရပ် စားမယ်လေ၊ မန္တလေးကနေ အဘွားက နှင်ချလိုက်တာ ဒီကိစ္စမျိုးပဲပေါ့"

"ဘာဖြစ်လို့လဲဟင်"

"အဘွားက ကျွန်တော့်ကို သူဌေးမြေးမတစ်ယောက်နဲ့ သဘောတူနေတာ၊ ဒီကောင်မလေးက သိပ်ကိန်းကြီးခန်းကြီးနိုင်တော့ ကျွန်တော်က ကြည့်မရဘူးလေ၊ ကောင်မလေးကလည်း ကျွန်တော် ဟိတ်ဟန်မရှိတာကို ကြည့်မရဘူး၊ နှစ်ယောက်သား မျက်နှာကြော မတည့်ကြဘူးပေါ့၊ အဲဒါ ... အဲဒီကောင်မလေး မိသားစုကို ညစာထမင်းပွဲ ဖိတ်ကျွေးတဲ့ ပွဲတစ်ခုမှာ ကောင်မလေး ကိန်းခန်းချဲ့ထွင်ပြီး စားသောက်နေတာကို ကျွန်တော်က အစွဲ့တိုက်ပြီး လက်ကကိုင် ကိုက်စားတာမျိုး လုပ်မိလို့ အဘွားက အရှက်ကွဲပါတယ်ဆိုပြီး နှင်ချတာလေ၊ အဘွား သက်တော်ရာကျော် ရှည်ပါစေသော်၊ အဘွား နှင်ချလို့ ကျွန်တော် ရှင်ရှင်နဲ့ လာဆုံတွေ့ရတာနော်"

ခင်လေးရှင်သည် မောင်မင်းကို ချစ်စနိုး ပြုံးကြည့်နေမိပါသည်။

"ကဲ ... စား ...၊ မရှက်နဲ့ကွာ၊ တူတူစားမယ်၊ ခက်ရင်းနဲ့ ယူလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးရှင်က ပြုံးရင်း အတုံးသေးတစ်ခုကို ခက်ရင်းနှင့် ထိုးလိုက်ပါသည်။

"ကဲ ... စားမယ်၊ ဝမ်း ... တူး ... သရီး ..."

မောင်မင်းက တိုင်မင်အော်ပြီး နှစ်ယောက်အတူ ကိုယ့်ပါးစပ်ထဲ ကိုယ်ခွံ့လိုက်ကြကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ရယ်မောမိကြပါသည်။





## ၈

"ဟာ ... အဲဒါမှ ပြဿနာပါပဲကွာ၊ လူကြီးနဲ့တွေ့ဖို့ ချိန်းထားတာ၊ လူကြီးကို တင်ရမယ့်စာက ခုထိ စာကြမ်းပဲ ရှိသေးတယ် ... လုံးဝ အချောမရိုက်ရသေးဘူး"

မနက်စောစော ဦးဘုန်းပြည့်ရဲ့ စိတ်ညစ်ညစ်ညူးညူး ညည်းညူသံကြီးကြောင့် ယုဇနက ဦးဘုန်းပြည့် လက်ထဲက စာရွက်တွေကို လာကြည့်လိုက်ရင်း ...

"ညက မရိုက်လိုက်ဘူးလား"

အိမ်မှာလည်း ဦးဘုန်းပြည့် သုံးသော ကွန်ပျူတာရှိနေ၍ တော်ရုံတန်ရုံစာတွေတော့ သူကိုယ်တိုင်ပင် ရိုက်ဖို့လိုက ရိုက်လိုက်တတ်တာပါပင်။

"ညက စာရင်းတွေ တွက်ချက်နေရတာ ... ဒါကို ရိုက်ဖို့ မေ့သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုရိုက်လိုက်ပေါ့ အစ်ကိုကြီးရဲ့၊ သုံးရွက်တည်းပဲ ... သိ
မကြာဘူး ထင်ပါတယ်"

"မဖြစ်ဘူးကွ၊ ညက အိပ်ချင်လာလို့ ရပ်လိုက်တာ ...
ညက အတည်ဖြစ်ထားတဲ့ စာရင်းတွေကို ဒီဇယားတွေ
ဂဏန်းတွေ လိုက်ဖြည့်ရဦးမယ်၊ ဒါတော့ မိတယ်ဆို
ဒီမနက်မှ လုပ်မယ်ဆိုပြီး အိပ်ရာဝင်လိုက်တာ၊ ခေါင်းချ
နောက်လာလို့၊ အခု အဲဒီဇယားတစ်ထပ်ကြီးကို ဖြည့်
ဦးမယ်"

"ယု ကူလုပ်ပေးလို့ ရလား ... စာတော့ မရိုက်တတ်ဘူး"

"ယု ကူလုပ်လို့လည်း မရဘူး၊ နားလည်မှာ မဟုတ်ဘူ
ရှင်းပြနေရတာနဲ့ ပိုကြာမှာ"

"ဖြစ်ရမယ် အစ်ကိုကြီးကလည်း ... ဒုက္ခပဲ"

နောက်နားက ရောက်လာသော ခင်လေးရှင်
ယုဇနကို လက်တို့လိုက်၍ ယုဇန လှည့်ကြည့်လိုက်လျှင်
ဖက်ခြံကို မေးငေါ့ပြကာ လက်ချောင်းလေးတွေကို စာရိုက်တဲ့
နှိပ်ပြလိုက်ပါသည်။

"ဟယ် ... ဟုတ်သားပဲ၊ မောင်မင်းတို့ဆီ သွားရိုက်လိုက်
အစ်ကိုကြီး"

"ဟာကွာ"

"ဘာဟာကွာလဲ၊ ကိုယ့်မှာ အရေးကြီးနေတဲ့ဟာ
မရိုက်လို့မှ မဖြစ်ဘဲ"





"ဒီကောင်တွေဆီ ကိုယ်သွားမရိုက်ချင်ပါဘူးကွာ"

"အစ်ကိုကြီးကလည်း ... အရေးထဲမှာ ဘာတွေကတ်ဖိုး
ကတ်ဖဲ့နိုင်မှန်း မသိဘူး၊ အစ်ကိုကြီး ဒီဇယားတွေလုပ်တုန်း
သူတို့ကို ရိုက်ခိုင်းထားရင် အတော်တော့ပြီးမှာပေါ့၊ ဒါမှမဟုတ်
ရင် ဇယားတွေပြီးမှ အိမ်ကထွက်မှ တခြားမှာ သတ်သတ်
ထပ်ဝင်ရိုက်နေရဦးမယ်"

"အေး ... အဲလိုလုပ်ဖို့လည်း မမိဘူး၊ ကိုးနာရီခွဲအတိ
လူကြီးဆီ ရောက်ရမှာ"

"အဲဒါကြောင့် ပြောနေတာပေါ့၊ သွားရိုက်ခိုင်းလိုက်ပေါ့
အစ်ကိုကြီးရယ်၊ ဘာမှ ဖြစ်နေစရာ အကြောင်းမရှိဘဲနဲ့
အစ်ကိုကြီးဟာ"

"ကိုယ်မသွားချင်ဘူးကွ ... ဒီကောင်တွေကို မျက်နှာကြော
သိပ်တည့်တာ မဟုတ်ဘူး"

"ကဲ ... ဒါဖြင့် ယု သွားရိုက်ခိုင်းလိုက်မယ်"

"ယုလည်း မသွားပါနဲ့"

"ရော် ... အစ်ကိုကြီးဟာက ဘယ်လိုဖြစ်နေတာလဲ"

"ရိုက်မှလည်း ဖြစ်မှာပါ ... သြော် ... ဒီလိုလုပ် ...
အကြည့် ခေါ်လိုက်စမ်း၊ စာရွက်ပဲ ပေးလိုက်မယ်၊ အကြည့်
ကို သွားရိုက်ခိုင်းလိုက်"

ယုဇနက သက်ပြင်းတစ်ချက်ချရင်း ...

"အကြည့်ရေ ..."



www.burmeseclassic.com

www.burmeseclassic.com



အကြည် ရောက်လာတဲ့အခါ ဦးဘုန်းပြည့်က သူ
လက်ရေးစာရွက် လျှောက်လွှာသုံးမျက်နှာစာကို အကြည့် လက်ထဲ
ထည့်ရင်း ...

"ရော့ ... ဒါကို ဒီပုံစံအတိုင်း ဒီစာပိုဒ်ခွဲပုံအတိုင်း ရိုက်
လို့ ... အပေါ်က နေ့စွဲကို ဒီနေ့ နေ့စွဲတပ်လို့ ... ကြား
လား၊ ဟိုဘက်ခြံကကောင်တွေ ဆိုင်မှာ ကွန်ပျူတာသွား
ရိုက်ချည်၊ ပြီးရင် နင် ထိုင်စောင့်ယူခဲ့ ကြားလား"

"ဟုတ်ကဲ့"

"ယူ ပိုက်ဆံပေးလိုက်"

"အင်း ... အင်း ..."

အမှန်က နားလည်တဲ့သူ ထိုင်စောင့်မှ ကောင်းမှာ
လက်ရေးမသဲကွဲတာ ... မရှင်းတာပါလို့ မေးချင်လျှင် ဖြေနိုင်မှာ
သူမှ ဖြစ်မှာပင်။ သို့ပေမယ့် ဦးဘုန်းပြည့် လက်ရေးက ရှင်းလင်
ပီသတတ်၍ တော်ပါသေးသည်။ ယုဇနက အကြည့်ကို ပိုက်ဆံ
ပေးကာ လွှတ်လိုက်ရင်း ခင်လေးရှင်နှင့် တစ်ယောက်ကိုတစ်
ယောက် မျက်စပစ် ရွှံ့မဲ့ရပါသေးသည်။

"ကွန်ပျူတာ ရိုက်ချင်လို့"ဟု အကြည် ရောက်လာ
လျှင် မောင်မင်းက အကြည့်လက်ထဲက စာရွက်တွေကို ယူကြည့်
လိုက်ပါသည်။ ဦးဘုန်းပြည့် အလုပ်ကိစ္စတွေ။ သူကိုယ်တိုင်တော့
လာမရိုက်ဘဲ ကောင်မလေးကို လွှတ်လိုက်သည်။ ဒါတောင်မှ
အတော်ကို မတတ်သာလွန်း၍သာ ရိုက်ခိုင်းလိုက်တာ ဖြစ်မှာပင်





ရိုက်ရင်းတန်းလန်း မရှင်းတာ နားမလည်တာ မေးလိုလျှင် ဘယ်
လိုလုပ်မလဲ။

ဒီလူကြီးဟာ အတော်ကတတ်သီးကတ်သတ်နိုင်တဲ့
လူကြီး။

"ဘာပြောလိုက်လဲ အကြည်"

အကြည်နှင့်တော့ သူတို့တစ်တွေက ရင်းနှီးနေပါပြီ။

"အဲဒီအတိုင်းပဲ ရိုက်တဲ့၊ အဲဒီစာပိုဒ်ခွဲပုံပဲတဲ့၊ ဒီနေ့ နေ့စွဲ
တပ်တဲ့"

"မှာတာ ဒါပဲလား"

"ဒါပဲ ကိုမောင်မင်း"

"ပြီးရင် ဘယ်သူစစ်မှာလဲ"

"ဘာစစ်တာလဲဟင်"

"ငါတို့ရိုက်တာ မှန်လား မှားလား ... ကျေနပ်ပလား စစ်
ရမှာပေါ့၊ နင် စစ်တတ်လား"

"ဟင် ... ကျွန်မ ဘယ်စစ်တတ်ပါ့မလဲ၊ ဖတ်ဖို့တောင်
ဖြည်းဖြည်းပေါင်းရမှာ"

"အေး ... အဲဒါများ နင့်ကို ဘာကြောင့် လွှတ်ရတာလဲ"

"သိဘူး ကိုမောင်မင်းရဲ့၊ ဦးက သူလည်း မသွားဘူးတဲ့၊
မမယုက သူသွားရမလား ဆိုတော့လည်း မသွားရဘူးတဲ့၊
အဲလိုပြောသံကြားနေတုန်း အကြည့်ကို လှမ်းခေါ်ပြီး လွှတ်
လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဆီ လာရိုက်ရမှာ သူ အောက်တယ်များ ထင်နေလား မသိဘူး၊ ကဲ ... မောင်မင်း ... မင်းယောက်ဖစာ မင်းပဲ ရိုက် ... ငါတို့ မရိုက်ဘူး၊ တော်ကြာ ချေးများ အပြစ်ရှာပြီး နိမ်ချပြောနေဦးမယ်၊ မင်းကတော့ အပြောခံလိုက်ပေါ့ကွာ ... ယောက်ဖပဲဟာ"

"ဟော့ကောင် ဖော်ထူး ... အကြည့်ရှေ့ ဒီလိုပဲ ပြောရသလားကွ"

"အဟိ"

မောင်မင်းက တားလိုက်စဉ် အကြည်က ကုပ်ကိုပုပြီး ရယ်နေပါသည်။

"ဟဲ့ ... နင့်အိမ်ကျ ပြန်ပြောမနေနဲ့ဦး"

"ဟုတ်ကဲ့ပါ ... မမရှင် ကိုပဲ ပြောမှာပါ"

မောင်မင်းက ကွန်ပျူတာရှေ့ ဝင်ထိုင်ပြီး ခပ်သွက်သွက် စ,ရိုက်လိုက်ပါတော့သည်။ ဦးဘုန်းပြည့် လက်ရေးက ခပ်ရိုးရိုးနှင့် ရှင်းသည်။ ခြစ်ရာတွေ ပြင်ရာတွေ ပါသော်လည်း ရှုပ်ပွမနေဘဲ သပ်ရပ်သည်။ မောင်မင်းက သေသေသပ်သပ် ကျကျနန နှင့် အမြန်ဆုံး ရိုက်လိုက်ပါသည်။ ရိုက်ပြီးပြီးချင်း ကိုယ်ကိုယ်တိုင် အမှားစစ် သတ်ပုံစစ်၍ Proof တစ်ခေါက် ဖတ်လိုက်ပြီးလျှင်

"ဟဲ့ အကြည် ..."

"ရှင် ..."





"နံ့ဦးကို သွားပြော ... ကိုယ်တိုင် လာစစ်မလား ... အကြမ်းထုတ်ပေးရမှာလားလို့၊ အကြမ်းတစ်စောင် ထုတ်ပေးရရင် တစ်ရွက် တစ်ရာ့နှစ်ဆယ်၊ ကွန်ပျူတာထဲ လာဖတ်ပြီးစစ်ရင် တစ်ရွက်တစ်ရာလို့ ပြောလိုက်"

အကြည်က မောင်မင်း မှာတာကို ပြန်ပြောတတ်အောင် နှစ်ခေါက် သုံးခေါက် ရေရွတ်ကြည့်ပြီးမှ ဟိုဘက်အိမ်ကို ပြန်ပြေးသွားပါသည်။ အကြည့် လက်ထဲ ဘာမှ ပါမလာဘဲ ပြေးဝင်လာတာတွေ့လျှင် ညှိခန်းစားပွဲမှာပင် ဖယားတွေဖြည့်စွက်ကာ ရုံးသွားဖို့ အသင့်ဝတ်စား ဆင်ပြင်ပြီးနေပြီဖြစ်သည့် ဦးဘုန်းပြည့်က လှည့်ကြည့်ကာ ...

"ဘာလဲ"

"ဦး ... ဟိုဥစ္စာ ... အကြမ်းထုတ်ရင် တစ်ရာ့နှစ်ဆယ် ... ကွန်ပျူတာမှာ လာ[illegible]ပြင်ပြီး တစ်ကြိမ်ပဲထုတ်ရင် တစ်ရာတဲ့၊ စာလာစစ်ပါတဲ့"

"ဘာ ... အောင်မာ ... ကြီးကျယ်လို့၊ ငါက စာလာစစ်[illegible]ယ်၊ [illegible]စစ်နိုင်ဘူးလို့ ပြောလိုက်၊ ကိုယ့်ဟာကိုယ် သေချာအောင် စစ်ပြီး အချောတစ်ခါတည်းထုတ်လို့"

"ဟုတ်၊ကဲ့"

"ပြောခဲ့တော်လား"

"ဟုတ်ကဲ့ ... လာမစစ်နိုင်ဘူး ကိုယ့်ဟာကိုယ် သေချာအောင်စစ်ပြီး အချောတစ်ခါတည်းထုတ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သွား ..."

အကြည်က ပြန်ပြေးသွားပါသည်။ အကြည် ပြန်ပြေးလာတာမြင်လျှင် ဦးဘုန်းပြည့် စာလာမစစ်ဘူးဆိုတာ မောင်မင်း သိလိုက်ပါသည်။ အစကတည်းကလည်း လာစစ်မည် မဟုတ်တာ သိပြီးသားပါ။ သိပါလျက် တမင်တကာ လွှတ်ပြောခိုင်းလိုက်တာ ပါ။ အခုလည်း ကိုယ့်ဟာကိုယ် အသေအချာ စစ်ဆေးကာ အမှား အယွင်း အကျအပေါက် မရှိရအောင် ပုံမှန်ထက် ပိုဂရုစိုက်ထားတာ ပါ။ သူတို့ကို အထင်သေးတာမျိုး ... မသေချာတဲ့သူ ညံ့တဲ့သူ စာရင်းသွင်းမှာမျိုး မောင်မင်းက အဖြစ်မခံနိုင်ပါ။

"လာမစစ်ဘူးပေါ့ ... ဟုတ်လား ..."

"ဟုတ်ကဲ့ ... လာမစစ်နိုင်ဘူး ... ကိုယ့်ဟာကိုယ် သေချာ အောင် စစ်ပြီး အချောတစ်ခါတည်းထုတ် ... တဲ့ ..."

"မင်းယောက်ဖကြီးကတော့ ပိုင်ပေ့ကွာ"

မောင်မင်းက ခပ်ပြုံးပြုံးနှင့်ပင် အချောထုတ်လိုက် ပါသည်။ ထုတ်ပြီးတဲ့အခါ သုံးစုံမိတ္တူကော်ပီ ဆွဲလိုက်ပါသေးသည်။ ရုံးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းတွေဟာ တစ်စုံတည်းနှင့် ပြီးတာမှ မဟုတ်ဘဲ။ အနည်းဆုံး ကိုယ့်အတွက် လက်ခံတစ်စုံ တော့ ရှိရပါဦးမည်။ အားလုံးပြီးလျှင် စာအိတ်ညိုထဲထည့်ပေး ပြီး ...

"ရော့ ... သုံးစုံလုပ်ပေးလိုက်တယ်လို့ ပြောလိုက် အကြည်"

"ဟုတ်ကဲ့ ... ဘယ်လောက်ကျလဲ ကိုမောင်မင်း"





"သုံးရာ့ခြောက်ဆယ် ကျတယ်"

"ဟုတ်ကဲ့"

အကြည် ပေးသော ငါးရာတန်ကို ပြန်အမ်းပေး လိုက်ပါသည်။ ရှင်းရှင်းနှင့် ပတ်သက်နေ၍ ဤငွေလေး မဖြစ်စ လောက်ကို မယူဘဲ စေတနာ မေတ္တာ သက်သက်နှင့် လုပ်ပေး လိုသော်လည်း ဤသို့ ငွေမယူလိုက်လျှင် ပြဿနာတွေက နောက်ဆက်တွဲ အရစ်ရှည်နေပါဦးမည်။ ငွေယူလိုက်တာပဲ အေး သည်။

တစ်ဖက်ခြံက အိမ်ထဲမှာတော့ အကြည့် ထံမှ စာ ရွက်တွေကို ခုမှ စစ်ဆေးဖတ်ရှုရင်း သေပ်ကျနသော ရိုက်စရိုက်န တွေကို ဦးဘုန်းပြည့်က စိတ်ထဲက ကျိတ်သဘောကျနေပါသည်။ စာလုံးပေါင်းတွေလည်းမမှား၊ စာတစ်လုံးမှလည်း မကျန်။ ဘာ အမှားအယွင်းမှ မရှိ၊ ကွက်တိပြီးပြည့်စုံနေသည်။ မြန်လည်းမြန် သည်။ ကောင်နာလေး ပညာတွေ ပြလိုက်တာပေါ့လေ။

"သုံးစုံ လုပ်ပေးလိုက်တယ်တဲ့ ဦး"

"အေး ..."

ကိုယ်တိုင်ပင် ကော်ပီပွားဖို့ မမှာလိုက်မိပါ။ မှာဖို့ မေ့လျော့သွားပါသည်။ အမှန်တကယ်က သုံးစုံလိုအပ်ပါသည်။ တစ်ချိတည်း ကူးပေးလိုက်၍လည်း စိတ်က ကျေနပ်စိတ်တိုင်းက သွားရပါသည်။

"ပိုက်ဆံယူလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ယုပစေပေါ့ အစ်ကိုကြီးကလည်း၊ ဒါ သူတို့
စီးပွားရေးပဲ"

"ဟုတ်ပါတယ် ... ပြောတာလည်း ဆုံးအောင်နားထော
ပါဦး ဒေါ်ယုဇနရေ၊ ပိုက်ဆံမယူဘဲ အလကားပဲတင်
မျက်နှာလို မျက်နှာရ လုပ်ပေးလိုက်မှာ စီးလို့ပော့၊ မယ
လိုက်ဘူး ဆိုရင် ခုချက်ချင်း ဖွတ်သွားပေးခိုင်းမလို့ ဆေ
ရတာ၊ ဘယ်လောက်ကျလဲ အကြည်"

"သုံးရာ့ခြောက်ဆယ်ပါဦး"

"အေး ... ပြီးရော"

ဦးဘုန်းပြည့်က စာရွက်တွေကို စုထပ်ကာ သူ့
သားရေအိတ်ထဲ စနစ်တကျ ထည့်လိုက်ပါသည်။

❦ ❦

တကယ်တော့ ခင်လေးရှင်သည် F.M.I စင်တာ
ဝတ်မှုန်နှင့် အတူလာတာပင်။ ဆိုင်ခန်းတွေကို လျှောက်
ပတ်ကြည့်နေရင်း ဝတ်မှုန်ရဲ့ ညီအစ်မဝမ်းကွဲ အုပ်စုနှင့် တွေ့
သူတို့က ဒီကအပြန် ရုပ်ရှင်ဆက်ကြည့်ဖို့ ဝတ်မှုန်ကို ခေါ်သည်
ဝတ်မှုန်က ပထမတော့ ခင်လေးရှင် တစ်ယောက်တည်း ကျန်
အားနာ၍ ငြင်းပါသေးသည်။





ခေါ်တဲ့အုပ်စုကလည်း ဖွတ်ပဲခေါ်နေ၍ ခင်လေးရှင်
က ဝတ်မှုန်ကို ပြန်အားနာကာ သူ့ညီအစ်မတွေနှင့် လိုက်ပါသွား
အောင် ဖွတ်တွန်းထိုးထည့် လွှတ်လိုက်ရတာပါ။ ဝတ်မှုန် မရှိတော့
တော့ ... ခင်လေးရှင် တစ်ယောက်တည်း။ ဒါပေမယ့် မရောက်
တာကြာပြီဖြစ်၍ ကိုယ့်ဟာကိုယ်ပတ်ကာ အဝတ်အထည်တွေ
အထည်အလိပ်တွေ ကြည့်ဦးမည်ရယ်လို့ တစ်ယောက်တည်းပဲ
လျှောက်သွားနေမိပါသည်။

တစ်ထပ်ပြီးတစ်ထပ်။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်။
ကိုယ့်ဟာနဲ့ကိုယ် အေးအေးဆေးဆေး လျှောက်ကြည့်နေဆဲ အနှောင့်
အယှက် ကိုယ်တော်ချော နှစ်ယောက် အုပ်စုက နောက်ကပါလာ
တာ။ ခင်လေးရှင် ဝင်သော ဆိုင်တိုင်းကို လိုက်ဝင်။ ခင်လေးရှင်
မေးသော အကျီကို သူတို့လည်း ဈေးလိုက်မေး၊ ကိုင်ကြည့်။
အားကပ်ကာ တီးတိုးရိသ့ဲသ့ဲပြော။

အချင်းချင်း ပြောသလိုနှင့် ခင်လေးရှင်ကို စောင်း
ပြော။ ချစ်တယ်တို့ လှတယ်တို့ ပါးစပ်က လျှာအရိုးမရှိတိုင်း
ပပ်ပြောနေကာ ဖိနပ်တက်နင်းမတတ် တစ်ကောက်ကောက်လိုက်
နေတဲ့အခါ ခင်လေးရှင် အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်
တော့တိုလာပါသည်။

ခုမှ ဈေးဝယ်လာရင်း မတော်တဆ, တွေ့ဖူးတာကို
ချစ်တယ်တွေ ဘာတွေ ပါးစပ်က ထွက်ဝံ့သည့် ယောကျ်ားစား
တွေကို ခင်လေးရှင်က ရွံလှသည်။ အလကား ပါးစပ်အရသာခံတာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြောနေရင်း ပြန်အရောဝင်တတ်တဲ့ ကောင်မလေးမျိုးတွေ ကိုယ့်ဣန္ဒြေနှင့်ကိုယ် မနေတတ်တဲ့ ကောင်မလေးမျိုးတွေနဲ့ တွေ့လို့ ဇာတ်လမ်းတွေ ဖြစ်သွားကြရင်လည်း သူတို့လို လူစားတွေအတွက် အမြတ်ပေါ့။ မိန်းကလေးက ခပ်တင်းတင်း ဆိုရင်လည်း အရှုံးမရှိ အရင်းပဲလို့ တွက်ကြပုံ ရပါသည်။

"မ, မ, နာမည်လေး ဘယ်လိုခေါ်လဲဟင်"

ရွယ်တူဖြစ်ရင်ဖြစ် ... မဖြစ်လည်း သူတို့ကပင် ကြီးနိုင်သေးပါလျက် တမ,မ,နှင့် နောက်မှ ကြာသံပါပါ လိုက်ပြောနေပါသည်။

"မ, အရမ်းလှတာပဲ၊ ကျွန်တော်တို့က တကယ် စိတ်ဝင်စားလို့ပါ"

ဘေးကလိုက်ယှဉ် နားနားကပ်ပြော။ ရှောင်ကွေ့၍ တခြားတစ်လမ်းကို ထွက်သွားလျှင် မရမကကပ်လိုက်။ ထပ်ပြော။

"မ, တကယ်ချစ်ဖို့ ကောင်းတယ်ဗျာ၊ မျက်နှာကြီးက တင်းနေတာပဲ၊ စိတ်ဆိုးလို့လား ... စိတ်မဆိုးပါနဲ့ဗျာ တကယ် ချစ်တာပါ"

မိနစ်ပိုင်းအတွင်း တကယ်ချစ်နိုင်သူများလည်း ရှိသေးသကိုး။ ခင်လေးရှင်သည် သူတို့ကို မုန်းတီးရွံရှာတာနှင့်ပဲ ဆက်မကြည့်တော့ဘဲ ပြန်ဖို့စဉ်းစားလိုက်ပါသည်။ အပေါ်ထပ်တွေဘက် ရောက်နေရာမှ လှေကားနှင့်ပဲ တစ်ထပ်ပြီးတစ်ထပ် ဆင်းကာလာသည်။





ထိုလူကဲလူရဲ နှစ်ယောက်သည် ခင်လေးရှင်ကို တစ်ဖက်တစ်ချက်ညှပ်ကာ လှေကားအတိုင်း ဘေးချင်းယှဉ်ပါလာကြပါသည်။

"မ, ပြန်တော့မလို့လား ... မပြန်ပါနဲ့ဦး ... စိတ်ဆိုးသွားပြီလား"

လူချင်း အတော်နီးကပ်လာ၍ ခင်လေးရှင်က ခြေလှမ်းကိုရပ်ရင်း ...

"တော်လောက်ပြီ ထင်တယ်နော် ... ရှင်တို့ လွန်လာပြီ၊ မိန်းကလေးတစ်ယောက်ကို အဲဒီလောက် ရှုပ်ပျက်ဆင်းပျက် လိုက်မနှောင့်ယှက်နဲ့"

"နှောင့်ယှက်တာ မဟုတ်ပါဘူး ... ချစ်လို့ပါ"

ခင်လေးရှင်သည် လှုပင် ဆတ်ဆတ်တုန်လာကာ ...

"ရှင်တို့ သိပ်ရိုင်းလာပြီနော်၊ ကျွန်မနောက်ကို လုံးဝဆက်မလိုက်ပါနဲ့ ... တော်တော့ ..."

"မ,ကလည်း ... စိတ်ဆိုးနေလည်း ချစ်ဖို့ကောင်းတာပဲ"

"တောက် ..."

ဣန္ဒြေမရှိ ပြိတီတီရုပ်တွေကို ခင်လေးရှင် မုန်းတီးရွံရှာလှသည်။ ရှေ့ဆက်လျှောက်လျှင်လည်း ကပ်လိုက်မည့်ပုံပဲမို့ ဘယ်သူ့ကို ဘယ်လို အကူအညီ တောင်းရမလဲ ... ဟိုဟိုဒီဒီ ဝေ့ဝဲ ရှာဖွေစဉ်မှာပင် လှေကားအတိုင်း အောက်ဆုံးထပ်မှ အောင်မင်း၊ နန္ဒနှင့် ဇော်ထူးတို့ တက်လာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်း"

ခင်လေးရှင်ရဲ့ ဝမ်းသာအားရ အားကိုး အားထားသံ ကလေးမှာ လှိုက်လှဲနေပါသည်။

"ရှင်ရှင် ... ဘာဖြစ်နေတာလဲ"

သုံးယောက်လုံး ကမန်းကတန်း လှမ်းတက်လာကြ ကာ ခင်လေးရှင် အနားရောက်လာပါသည်။ ခင်လေးရှင်သည် ခုနက ဣန္ဒြေပျက်လောက်အောင် ရှက်နေခဲ့ရတာမို့ ခုမှ အားကိုး တွေ့ကာ ဝမ်းနည်းမျက်ရည်လည်ရင်း ...

"ဒီမှာ ... ရှင်ရှင့်ကို လိုက်နှောင့်ယှက်နေကြတယ်"

"ဟော့ကောင်တွေ"

ချက်ချင်းပင် မောင်မင်းသည် နီးရာတစ်ယောက် ရှပ်အင်္ကျီစ,ကို လှမ်းဆွဲဆုပ်လိုက်ပါသည်။ ကျန်တဲ့ တစ်ယောက် ကို ဖော်ထူးနှင့် နန္ဒက အသင့်ရံထားလိုက်တာမို့ နှောင့်ယှက်သူ နှစ်ယောက်မှာ ခြေကားကား လက်ကားကားနှင့် ...

"နှောင့်ယှက်တာ မဟုတ်ပါဘူးဗျ"

"နှောင့်ယှက်တာ မဟုတ်ရင် ဘာလုပ်တာလဲ"

"ဟို ... လှလို့ လိုက်ကြည့်တာပါ"

"လိုက်ကြည့်စရာလား ...၊ မင်းကြီးဒေါ် မင်းသွားကြည့်ပါ လား၊ တောက် ...၊ ရှင်ရှင် သူတို့ ဘာလုပ်သေးလဲ"

"အတင်းပဲ လိုက်ကပ်ပြီး စကားတွေ ပြောနေတာ နားနားကို ကပ်ကပ်ပြောတာ၊ လိုက်နေတာတောက်လျှောက်





ပဲ ကြာလှပြီ၊ ရှောင်သွားလို့လည်း မရဘူး၊ ပေါက်ကရတွေ လိုက်ကပ်ပြောတယ်"

"တောက် ... မင်းတို့ အောက်တန်းကျလှချည်လား"

"ဆောရီးပါဗျာ ... တစ်ယောက်တည်း မှတ်လို့ပါ"

"တစ်ယောက်တည်းဖြစ်ကော နှောင့်ယှက်စရာလား၊ နှမ ချင်း စာနာဖို့ မင်းတို့ မတွေးတတ်ဘူးလား"

"စကားလေးပဲ ကပ်ပြောတာပါ၊ ဘာမှ မလုပ်ပါဘူး"

"စကားလိုက်ကပ်ပြောနေတာကလည်း မိန်းကလေးတစ် ယောက် ဣန္ဒြေသိက္ခာကို ထိခိုက်တာပဲ၊ ဟာကွာ ... ငါ လုပ်မိရင် ပြဿနာ တက်တော့မယ်"

"မောင်မင်း ... ဘာမှ လုပ်မနေနဲ့၊ အလကားဟာတွေနဲ့ ဖက်မဖြစ်နဲ့"

"သွား ... သွား ... မင်းတို့ အခုပဲ ထွက်သွား"

မောင်မင်းက ပါးစပ်က နှင်ထုတ်ကာ အင်္ကျီစ ဆုပ်ကိုင်ထားသော လက်ကလည်း တွန်းလွှတ်လိုက်တာမို့ သူ့ အင်္ကျီ တွန့်ကြေတာကို သူ ပြင်ရင်း ကောင်လေးနှစ်ယောက်က စောင်းကန်း စောင်းကန်းနှင့် ထွက်သွားပါသည်။ လူရမ်းကား လေးတွေ ဖြစ်ပုံရသော်လည်း နှစ်ယောက်နှင့် သုံးယောက်မို့ ပြဿနာမပွားချင်တော့ပုံ ပေါ်ပါသည်။ မျက်နှာထားတွေက မကြည်လှပေမယ့် ထွက်တော့ ထွက်သွားကြပါသည်။

မောင်မင်းက ရှင်ရှင့်ကို စေ့စေ့ကြည့်ရင်း ...

www.burmeseclassic.com



"ရှင်ရှင်က တစ်ယောက်တည်းလား"

"အင်း ..."

"ဘာလို့ တစ်ယောက်တည်း လာရတာလဲဗျာ"

"လာတုန်းက ဝတ်မှုန် ပါတယ်၊ သူ့ဝမ်းကွဲညီအစ်မတွေနဲ့ ဒီထဲမှာတွေ့လို့ ဟိုအုပ်စုက ခွတ်ဆွဲခေါ်သွားတာနဲ့ ပါသွားတယ်၊ အဲဒါကြောင့် ရှင်ရှင် တစ်ယောက်တည်း ကျန်ရစ်တာ"

"တစ်ယောက်တည်း ကျန်ခဲ့ရင်လည်း ပြန်လိုက်ရောပေါ့ဗျာ"

"လျှောက်ကြည့်ချင် ဝယ်ချင်သေးလို့"

"နောက်မှ ထပ်လာဝယ်ပေါ့ ... အခုက စကားနဲ့မဲ နှောင့်ယှက်လို့ တော်သေးတယ်၊ တော်ကြာ လက်ပါပြီး ဆွဲလားလွဲလား လုပ်ရင် ဘယ်လိုလုပ်မလဲ"

ခင်လေးရှင်က ဝမ်းနည်းသည့် မျက်နှာလေးနှင့် ခေါင်းငုံ့ အဆူခံနေပါသည်။

"တစ်ယောက်တည်း လျှောက်လျှောက်မသွားပါနဲ့ ရှင်ရှင်ရယ်၊ စိတ်မချလို့ ပြောတာပါ"

"ရှင်ရှင် မသွားပါဘူး၊ ခုလည်း ပြန်တော့မလို့ပါ"

"ဝယ်စရာ ပြီးပြီလား"

"ဘာမှ မဝယ်ရသေးတာ"





"ဒါဖြင့်လည်း ပြန်တက်ရင်တက် ... ကျွန်တော် လိုက်ခဲ့မယ်"

"ဟော့ကောင် ... မောင်မင်း ... မင်းပဲ လိုက်သွားလိုက်တော့၊ ငါတို့ စကော့ဈေးထဲ အရင်ဝင်မယ်၊ ကိုမောင်မောင့်ဆိုင်က စောင့်နေမယ်"

"အေး ... ကောင်းတယ်"

နန္ဒနှင့် ဇော်ထူးက လမ်းခွဲထွက်သွားကြပါသည်။ လှေကားထစ်ကျယ်ကြီးများမှာ မောင်မင်းနှင့် ခင်လေးရှင် ခပ်တိတ်တိတ် တိတ်ဆိတ်ဆိတ် ကျန်ခဲ့ကြပြီးလျှင် ...

"ကျွန်တော် ဒီပေါ်တက်လာမိလို့ တော်သေးတယ်၊ ကျွန်တော့်ကို နတ်နှိုးဆော်သလား မသိဘူး"

"ဟုတ်တယ် ... မောင်မင်း ရောက်လာလို့ တော်သေးတယ်၊ မောင်မင်း ဘာလာဝယ်တာလဲ"

"ကျွန်တော်ကတော့ ဝယ်စရာမရှိပါဘူး ... နန္ဒက ဒီထဲက အီးဒီးရိုက်ဒါ ခဏသွားမယ်၊ ပြီးရင် အပေါ်ထပ်မှာ ဗိုက်ဖြည့်မယ်ဆိုပြီး ဝင်လာတာ"

"ကိုနန္ဒတို့ စောင့်နေရဦးမယ် ... ရှင်ရှင်လည်း ပြန်လိုက်ပါတော့မယ်လေ"

"ခုမှတော့ မပြန်သေးပါနဲ့ဦးဗျာ ... တိုက်တိုက်ဆိုင်ဆိုင် ရှားရှားပါးပါးလေး အပြင်မှာ လာဆုံရတာ၊ မတော်တဆရတဲ့ အခွင့်အရေးလေး ဖျက်မပစ်လိုက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးရှင်က ထပ်မငြင်းဘဲ ပြုံးပြုံးကလေး ရှိနေပါသည်။

"မုန့်အ[illegible]သွားစားရအောင်"

"အင်း"

"သာလေ"

နှစ်ယောက်သား ယှဉ်တွဲပြီး လှေကားထစ်တွေကို ပြန်တက်လာခဲ့ပါသည်။ အပေါ်ထပ်က မုန့်ဆိုင်ကလေးမှာ နှစ်ယောက်အတူထိုင်ပြီး ကော်ဖီအေးနှင့် ပူတင်းကိတ် စားကြပါသည်။

"ရှင်ရှင် ... တဖြည်းဖြည်းနဲ့ ကျွန်တော့်ရှေ့မှာ စားရဲလာပြီနော် ... မရှက်တော့ဘူးနော်"

"ရှက်တာတော့ ရှက်တာပဲ၊ မောင်မင်းက မကြည့်နဲ့ပေါ့"

"တွေ့တုန်းလေးမှ မကြည့်ရရင် ဘယ်အချိန် သွားကြည့်ခွင့်ရတော့မှာလဲ ရှင်ရှင်ရယ် ... အိမ်တွေဘာတွေ အေးအေးဆေးဆေး ဝင်ထွက်ခွင့် ရရင်လည်း တစ်မျိုးပေါ့၊ ခုတော့ အိမ်ကို ဝင်ထွက်ခွင့် ရဖို့နေနေသာသာ ခြံစည်းရိုးကြားက မြင်ရသလောက် ခိုးကြည့်ဖို့တောင် အစ်ကိုကြီး အလစ်ကို ချောင်းရသေးတာ၊ အဲဒီ အစ်ကိုကြီးလည်း ဘယ်ရှေးရေစက်ကြောင့် ကျွန်တော့်ကို အမြင်ကတ်လည်း မသိဘူးနော်"

"ကိုကိုကြီးက နေတာထိုင်တာ ဝတ်တာစားတာ ပြောတာဆိုတာတွေကို သိပ်ဂရုစိုက်တယ် မောင်မင်းရဲ့၊ မောင်မင်းပြောသလို လူကွယ်ရာမှာ အတွင်းစိတ်က ညစ်ပတ်နေရင်ကော ဆိုတာကလည်း မေးစရာ တစ်ခုပေါ့၊ ဒါပေမယ့် ကိုကိုကြီးရဲ့မူက အတွင်းစိတ်က ညစ်ပတ်နေရင်ကော ဆိုတာကလည်း မေးစရာ တစ်ခုပေါ့၊ ဒါပေမယ့် ကိုကိုကြီးရဲ့မူက အတွင်းစိတ်လည်း ကောင်းရ ဖြောင့်ရမယ်၊ စာရိတ္တလည်း ကောင်းရမယ် ... လူ့ကောင်းလူတော် ဖြစ်နေရမယ့် အပြင်ကို အပြင်ပန်းက ဝတ်စား နေထိုင် ပြောဆို လှုပ်ရှားပုံတွေကိုပါ တွဲပြီး အဆင့်အတန်း ရှိနေစေချင်တာ"

"လူကောင်းဖို့က အဓိကလား၊ အများအမြင်မှာ ရုပ်ပြ အဆင့်မြင့်ဖို့ အဓိကလား ရှင်ရှင် ရယ်"

"နှစ်ခုလုံး ရှိရမယ်လို့ ကိုကိုကြီးက သတ်မှတ်ထားတာ၊ ကိုကိုကြီးက တစ်မျိုး ... မောင်မင်းရဲ့၊ ဥပမာ ညှော်သည် လာတယ်၊ ကိုယ်က အိမ်နေရင်းပဲဆိုပြီး စွပ်ကျယ်စုတ်လိုဟာနဲ့ ညှော်ခံရင် စကားပြောရင် အဲဒီညှော်သည်ကို မလေးစားတဲ့သဘော သက်ရောက်တယ်လို့ သတ်မှတ်တယ်"

"ဆိုင်လို့လားဗျာ"

"ဒီညှော်သည် အရေးမကြီးပါဘူး ... အစုတ်နဲ့ ထိုင်တွေ့လည်း ရတယ်ဆိုတဲ့ သဘောပေါ့၊ ဒီညှော်သည်အတွက် တကူးတက ကိုယ့်ကိုယ်ကိုယ် သပ်ရပ်ဖို့တောင် မလိုဘူး ဆိုတဲ့ သဘောပေါ့၊ ဒါဟာ မလေးစားတဲ့ သဘောပဲတဲ့"

"အင်း ..."







www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းက သက်ပြင်းရှည်ကြီး ဆွဲချလိုက်ပါသည်။

"ညစာစားရင် မိသားစုစုံညီစားတာ ဖြစ်တယ် ... ဒီညစာ ပွဲကို ကိုယ်က အထူးဂရုစိုက် အရေးထားတယ် ... နွေး ထွေးမှုကို တကူးတက ဖန်တီးမယ်ဆိုတဲ့ သဘောမျိုးနဲ့ ညစာကို ရှင်ရှင်တို့ မမယုတို့ ဖြစ်ကတတ်ဆန်း ဝတ်ဆင် ပြီး မစားရဘူး၊ ဥပမာ အိမ်နေရင်း ဂါဝန်ဖားလျားကြီးနဲ့ လာမစားရဘူး၊ ညစာစားချိန်မှာ သပ်ရပ်တင့်တယ်တဲ့ ဝတ်စုံမျိုးနဲ့ ထမင်းစားပွဲကို လာရတယ်"

"စိတ်ကျဉ်းကျပ်စရာကြီးဗျာ"

"ကိုကိုကြီး ကိုယ်တိုင်လည်း ဘယ်လိုရာသီဥတုမျိုး ဖြစ် ပစေ ... အဲကွန်းဖွင့်ဖွင့် မဖွင့်ဖွင့် ရှပ်အင်္ကျီလက်ရှည် ပုဆိုးတို့နဲ့ သပ်သပ်ရပ်ရပ် တင့်တင့်တယ်တယ် ဝတ်စား တယ်"

"ဟာ ... အိုက်လိုက်တာဗျာ၊ ကျွန်တော် ဆိုရင် ထမင်းစား ရင် စွပ်ကျယ်လက်ပြတ်စုတ်စုတ်နဲ့ စားချင်စားတာပဲ အခါခပ်သိမ်း စားပွဲမှာ ဟင်းခွက်တွေနဲ့ ထိုင်မစားနေပါ ဘူး၊ ထမင်းပန်းကန်ထဲ ဟင်းတွေခပ်ပုံ ဇွန်းတပ်ပြီး ဆော် ခန်းလာထိုင် ဂျာနယ်ဖတ်ရင်း စားရင်စားတာပဲ၊ တီဗီ ကြည့်ရင်း စားရင် စားတာပဲ"

"အဲဒါတွေကို ကိုကြီးက သိပ်ရှုံ့ချတာပဲ၊ ထမင်းစားပွဲက လွဲလို့ ဘယ်မှာမှ ပန်းကန်သယ် မစားရဘူး၊ ထမင်းစား





ရင်း တီဗီမကြည့်ရ စာမဖတ်ရဘူး၊ ထမင်းစားပွဲပေါ်မှာ လည်း ထမင်းစားခြင်းကိစ္စနဲ့ မပတ်သက်တဲ့ ဘာပစ္စည်းမှ ရှိမနေရဘူး၊ စာဖတ်လက်စမို့ စာအုပ်ပါလာတာ ... သီချင်း နားထောင်ရင်း ထလာလို့ ဝေါက်မင် ပါလာပြီး ထမင်း စားပွဲပေါ် တင်မိတာ ... အဲလိုဆို အရမ်း အဆူခံရတာ"

"တစ်မျိုးကြီးပဲဗျာ ... ကျွန်တော်သာ သူ့ညီဆိုရင်တော့ နေ့တိုင်း ကြိမ်းမောင်းဆူပူက်နေရမှာပဲ၊ သူ မကြိုက်တာ တွေ ကျွန်တော် လုပ်ကျင့်ရှိတာ အများကြီးပဲ"

"ခုလို ... မောင်မင်း ဝတ်ထားသလို တီရှပ်နဲ့ ဘောင်းဘီ က စကောစက ဒူးလောက်တိုပွပွဆိုရင် သူ လုံးဝကြည့် မရဘူး"

"ဟာ ... ခုခေတ်မှာ လူငယ်တွေ ဘောင်းဘီတိုဝတ်နေ ကြတာပဲလေ"

"အများကြီး ဝတ်ကြပါတယ်၊ ဘောင်းဘီရှည် ဝတ်တာ တောင် ကိုယ့်မြန်မာဝတ်စုံ မဟုတ်ဘူးဆိုပြီး ကိုကိုကြီးက သိပ်မကြိုက်တာ၊ ဘောင်းဘီဝတ်မှ ဖြစ်မယ်ဆိုလည်း သူ တချို့ပွဲလမ်း ညှော်ခံပွဲတွေကို အပေါ်က ကုတ်ပါဝတ်ပြီး ဆုတ် အပြည့်နဲ့ သွားတယ်၊ ဘောင်းဘီချင်းတူတူ အဲလို ဝတ်ရင် သိက္ခာရှိတယ် ... စနစ်ကျတယ် ... လူကြီးလူ ကောင်း ဆန်တယ်ပေါ့"

"စံပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘောင်းဘီတိုဆိုတာကတော့ သရုပ်ပျက်တယ်တဲ့၊ ဘော ဘီ ဂရုမစိုက် ကိုယ်နေချင်သလို လွတ်လွတ်လပ်လပ် နေ တယ်ဆိုတဲ့ ပုံမျိုး ပေါက်လို့ ပတ်ဝန်းကျင်ကိုလည်း မလေးစားရာ ရောက်တယ်တဲ့၊ ကိုယ့်အိမ်ထဲ ကိုယ်ဝတ် ညအိပ်ရင် ဝတ် … ရတယ်တဲ့၊ ဘောင်းဘီတိုတွေဝတ်ပြီး ခြေထောက်ပေါ် ဒူးပေါ်နဲ့ မြို့ထဲသွားလာနေတာကျတော့ သူ့မျက်စိထဲမှာ ပုဆိုးခါးတောင်းကျိုက်ပြီး လျှောက်သွား နေတာနဲ့ တစ်သဘောတည်းပဲလို့ မြင်တယ်တဲ့"

မောင်မင်းက မနေနိုင်တော့ဘဲ တဟားဟားနှင့် ရယ်မောမိပါတော့သည်။ အင်း … ပုဆိုးကို ခါးတောင်းကျိုက် ပြီး မြို့ထဲမှာ လျှောက်သွားစမ်း ဆိုရင် တော်ရုံတန်ရုံလူတော့ ဘယ်လိုမှ လျှောက်သွားမှာ မဟုတ်တဲ့ ကိစ္စပါ။ အလုပ်ကြမ်း လုပ်နေတဲ့သူတွေ အလေးအပင် မ,သယ်နေတဲ့သူတွေ၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် သိပ်မသိတော့တဲ့ အမူးသမားတွေလောက်သာ ပုဆိုးကို ခါးတောင်းကျိုက်၍ သွားလာလှုပ်ရှားဝံ့မှာပါ။

တချို့ ပေါင်လည်လောက်သာ ရောက်သော ဘောင်း ဘီတိုတွေနှင့် သွားလာနေကြတာဟာ တကယ် စဉ်းစားကြည့် လိုက်တော့ ပုဆိုးခါးတောင်းကျိုက်ထားတာထက် နည်းနည်းဆိုး သာပါသည်။ ခါးတောင်းကျိုက်ထားလို့ ပေါင်ပေါ်နေရင် ရှက်စရာ ကြီးလို ဖြစ်နေပြီး ဘောင်းဘီတိုတွေဝတ်ပြီး ပေါင်ပေါ်ကာ သွား လာနေတာကျတော့ ရှက်စရာ မဟုတ်သလို ဖြစ်နေပါသည်။





တချို့ကတော့ ဒူးလောက်ရောက်တဲ့ ဘောင်းဘီတို မျိုး။ ဒါက သိပ်တိုတာထက်စာရင် တော်သေးပေမယ့် ဦးဘုန်း ပြည့် ပြောသလို ကိုယ်ဝတ်ချင်ရာဝတ်မယ်ဟု ပတ်ဝန်းကျင်ကို ဂရုမစိုက်တဲ့ သဘောမျိုးကတော့ ဆောင်နေပါသည်။

"မိန်းကလေးတွေတင် ဖုံးဖုံးဖိဖိ လုံလုံခြုံခြုံ နေရမှာ မဟုတ်ဘူး၊ ယောက်ျားတွေလည်း ဖုံးဖုံးဖိဖိ လုံလုံခြုံခြုံ နေရမယ်တဲ့၊ မိန်းကလေးတွေက ကိုယ့်ကာယကျန်းမာရေးအတွက် လုံခြုံရမယ်၊ ယောက်ျားတွေက ဘေးပတ်ဝန်းကျင်က မိန်းမတွေကို လေးစားသမှုနဲ့ ကိုယ့်ဂုဏ်သိက္ခာအတွက် လုံခြုံရမယ်တဲ့"

"ဘာပဲဖြစ်ဖြစ် … အစ်ကိုကြီးဟာ ကျင့်ဝတ်သိက္ခာတို့ စည်းကမ်းနည်းလမ်းတို့ကိုတော့ အတော်စောင့်ရှောက်ထိန်း သိမ်းတာပဲ၊ သူ့လိုလိုက်နေနိုင်ဖို့က အခါခပ်သိမ်းမလွယ် ပေမယ့် သူ့ဝါဒ သူ့အတွေးတွေက လေးစားချီးမွမ်းသင့် တာတော့ အမှန်ပဲ"

"ကိုကိုကြီးက သူလည်း အတတ်နိုင်ဆုံး အပြစ်ဆိုစရာ ထောက်စရာ မရှိအောင်နေပြီး အဲဒီလို ထိန်းထိန်းသိမ်း သိမ်း စောင့်စောင့်စည်းစည်း စည်းနဲ့ကမ်းနဲ့ နေတဲ့သူမျိုး ကိုမှလည်း သဘောကျတာ မောင်မင်းရဲ့"

"သူ့ညီမလေးကိုလည်း သူ့ရဲ့ ဒီဉပဒေသတွေနဲ့ စည်းကမ်း တကျ ထားမှာပဲနော်၊ အဲဒါ ကျတော့လည်း ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



စရာကြီး ဖြစ်သွားရပြန်ရော၊ သူမိန်းမယူတော့လည်း အတော့်ကို ရွေးချယ်စိစစ်ခဲ့မှာပဲနော်”

“ဟုတ်မှာပေါ့ … မမယု ကလည်း ကိုကိုကြီး စကား နားထောင်တယ် မောင်မင်းရဲ့”

“ရှင်ရှင်လည်း နောက်ဆို ကျွန်တော့်စကား နားထောင် ရမယ်နော်”

“ဟာ … ဘယ်လိုဖြစ်နေတာလဲ၊ အပြောရဲလိုက်တာ”

“အဟင်း … ဖြစ်ချင်လွန်းလို့ စိတ်ကူးပဲ ယဉ်နေရတာပါ ရှင်ရှင်ရယ်၊ ကျွန်တော့်ကို အဖြေပေးပါတော့နော်”

ခင်လေးရှင်က ခေါင်းလေး ငုံ့နေပါသည်။

“ရှင်ရှင် ကျွန်တော့်ကို မကြိုက်တဲ့ အချက် မကျေနပ်တဲ့ အချက် ဘာတွေရှိလဲဟင်”

“အဲဒီလို မရှိပါဘူး”

“မုန်းတီးအမြင်ကတ်တဲ့ စိတ်ကော ရှိလား”

“မရှိပါဘူး မောင်မင်းရယ်”

“ဒါဖြင့် ချစ်လို့ မဖြစ်ဘူးလားဟင်”

“… … …”

“ကျွန်တော်လေ ကျွန်တော့် တစ်သက်မှာ ရှင်ရှင် တ… ယောက်တည်းကိုပဲ ပထမဆုံး ချစ်မူးသေးတာပါ၊ တ… ပါ … အရွယ်ရောက်တဲ့ ယောကျ်ားတစ်ယောက်အ… ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့ဖူးသေးတာပါ၊ အချစ်ဆို…





ကို စိတ်မဝင်စားသလို နေခဲ့တာပါ၊ ခေါင်းထဲကို မရှိခဲ့ တာ၊ အခု ရှင်ရှင့်ကို တွေ့တာ လပိုင်းပဲဆိုတော့ အချိန် တိုသေးတယ် ပြောရင် ရပေမယ့် ဒီလေးငါးလအတွင်းမှာ အချိန်ကာလနဲ့ မပတ်သက်ဘဲ ရှင်ရှင့်ကို ရုတ်တရက် မြင်မြင်ချင်း ချစ်ခဲ့မိလို့ပါ”

“… … …”

“အချိန်တိုသေးလို့ဆိုပြီး မယုံကြည်တဲ့ သဘောမျိုးလည်း မထားပါနဲ့ ရှင်ရှင်ရယ်၊ ကျွန်တော် ရှင်ရှင့်ကို တစ်သက် လုံး တစ်ဘဝလုံးအတွက် တစ်ယောက်တည်းအဖြစ် ရွေး ပြီးချစ်တာပါ … အိမ်ထောင်တစ်ခု တည်ဆောက်ဖို့ဆိုရင် လည်း ကျွန်တော့်မှာ လုံလောက်တဲ့ အသက်မွေးလုပ်ငန်း တွေ ရှိပြီးသားပါ၊ မန္တလေးမှာတုန်းက ဖေဖေ့ လုပ်ငန်း တွေထဲက ကျွန်တော် ခွဲပြီး တာဝန်ယူ ကိုင်တွယ်နေတာတွေ ရှိပါတယ်၊ အခုသာ အဘွားနှင်ချလို့ ယာယီအနေနဲ့ ဒီအလုပ် လုပ်နေတာပါ”

“… … …”

“ကျွန်တော့်မှာ ရှင်ရှင့်ကို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ သူများထက်သာအောင် အမြင့်မှာ ထားနိုင်တဲ့ အစွမ်းလည်း ရှိပါတယ်၊ ရှင်ရှင့် အစ်ကိုကြီး သဘောတူလာအောင်က တော့ လူကြီးတွေနဲ့ နားဖောက်စကားပြောရမှာပေါ့၊ ကျွန် တော့်မိဘ ဆွေမျိုးအသိုင်းအဝိုင်းကလည်း အစ်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးရမယ့် အခြေအနေ မဟုတ်ပါဘူး၊ လူကြီးချင်း ပြောဆိုရင် အစ်ကိုကြီးလည်း နားလည်ခွင့်ပြုမယ်လို့ ထင်ပါတယ်"

ခင်လေးရှင်က မျက်လွှာလေး လှန်ပင့်၍ မောင်မင်းကို တစ်ချက်ကြည့်သည်။

"ရှင်ရှင် ဘာပြောချင်တာလဲ"

"ကိုကိုကြီးက ခွင့်ပြုမှာပါ သဘောတူမှာပါသာ ပြောနေတယ်၊ သူ့အဘွားကကော သဘောတူမှာမို့လို့လား၊ သူ့အဘွားကဖြင့် တခြားတစ်ယောက်နဲ့ သဘောတူနေတာ"

"အဘွားက ဒီကောင်မလေးနဲ့ ယူရမယ်လို့ မဟုတ်ပါဘူး အဲသလို အတိအကျ စီစဉ်တာ မဟုတ်ပါဘူး၊ သူသဘောကျတဲ့ အသိုင်းအဝိုင်းက မိန်းကလေးတစ်ယောက်ကို သူ ရည်ရွယ်တယ်ဆိုပြီး ကျွန်တော့်နဲ့ပါ ဆုံစေတဲ့ အဆင့်ပဲ ရှိပါသေးတယ်"

"ဖွတ်ပေးစားရင်ကော ..."

"ဖွတ်မပေးစားပါဘူး၊ အဘွားနဲ့ ပြဿနာဖြစ်ကတည်းက လည်း အဲဒီမိန်းကလေးကို လုံးဝမကြိုက်ဘူး လုံးဝမယူနိုင်ဘူးဆိုတာ အပြီးပြောခဲ့ပြီးသားပါ"

"ပြောတိုင်း ရမှာမို့လား"

"ပြောတိုင်း ရတာပေါ့ ... ကျွန်တော်က ကိုယ့်ဟာကိုယ် ကောင်းအောင် မှန်အောင်နေပြီး မဟုတ်တာ ဘာမှမလုပ်





တာလည်း အဘွား သိတယ် ... ဖွတ်ပုံစံချလို့ မရတာလည်း အဘွား သိတယ်၊ ကျွန်တော် ကိုယ်ကြိုက်တာ ကိုယ်ရှာယူမယ်လို့ ပြောခဲ့ပြီးရင် သူဘယ်သူနဲ့မှ စီစဉ်ပေးစားလို့ မရဘူးဆိုတာ အဘွားသိပါတယ်"

"သူ့အဖေကလည်း ရှိသေးတယ်"

"ဖေဖေလား ..."

မောင်မင်းက ပြုံးလိုက်ရင်း ...

"ဖေဖေကဖြင့် ရှင်ရှင့်ကို တွေ့ပြီးပြီ၊ ချစ်စရာလေးဆိုပြီး သဘောတွေ ကျနေတာ"

"ဟင် ... ဘယ်တုန်းကလဲ"

"ဟိုးစောစော ... ဆိုင်ဖွင့်စက ရှင်ရှင် အခွေတွေလာငှား တတ်သေးတယ်လေ၊ အခုသာမငှားရတော့တာ မဟုတ်လား၊ ရှင်ရှင် လာတဲ့ တစ်နေ့မှာ ဆိုင်ခန်းထဲ ဖေဖေရှိနေတယ်"

"ဟင် ... ဟုတ်တယ် !..."

"ဟုတ်တယ် ..."

"အဲ ... မှတ်မိသလိုပဲ၊ မောင်မင်းနဲ့ လူကြီးတစ်ယောက် ခွေဆိုင်ထဲက ပလတ်စတစ်ခုံတွေမှာ အတူယှဉ်ထိုင်နေတယ်လေ၊ အဲဒီတုန်းက ဆိုင်ရှေ့မှာလည်း ကားအကောင်းကြီး တစ်စီး ရပ်ထားတယ်"

"ဟုတ်တယ် ... အဲဒါ ဖေဖေပဲ"

"မောင်မင်းက ရှင်ရှင့်ကို ပြတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ပြလိုက်တယ်၊ အဲဒါ ကျွန်တော်ချစ်တဲ့ ကောင်မလေး ဆိုပြီးတော့"

"ဟင် ... ရှက်စရာကြီး မောင်မင်းရာ"

"ဖေဖေက ရှင်ရှင့်ကို သဘောကျတယ်၊ ' ကျွန်တော် တကယ်ပြောတာ ... ယုံနော်၊ ဖေဖေက ကျွန်တော့်ကိုလည်း ယုံပါတယ်၊ ကျွန်တော်က ငယ်ငယ်ကတည်းက မဟုတ်တာ မကောင်းတာ ဘာမှ မလုပ်ခဲ့ဘူး၊ ကျွန်တော့်မှာ အသိဉာဏ် စဉ်းစားဆင်ခြင်ဉာဏ်တွေ ရှိတာ ဖေဖေ သိပြီးသား၊ ကျွန်တော်က တစ်ဘဝလုံးအတွက် ရွေးချယ်ပါ တယ်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို မမြင်ဖူးရင်တောင် ဖေဖေ ယုံကြည်မှု ရှိပြီးသားပါ"

"ဟင်း ... အပြောကတော့ ကောင်းလိုက်တာ မောင်မင်း ရယ်၊ စိတ်ချမ်းသာစရာချည်းပဲ"

"ဟုတ်တာပဲလေ၊ ရှင်ရှင်က ချစ်ပါတယ်ဆိုတဲ့ အဖြေလေး ပေးဖို့ တစ်ခုပဲ ကျန်တာ"

ရှင်ရှင်က ရှက်သွေးသွေးကလေး ပြုံးနေပါသည်။

"ပြောလေ ရှင်ရှင်"

"မောင်မင်းက အချိန်ကာလက အရေးမကြီးဘူး ဆိုပေမဲ့ ရှင်ရှင်တို့ မိန်းကလေးတွေ အဖို့တော့ လူတစ်ယောက်နဲ့ ခပ်မြန်မြန်ကြီး ပြန်လက်ခံ ခေါင်းညိတ်ဖို့ဆိုတာ မဖြစ်နိုင် ပါဘူး မောင်မင်းရယ်"





မောင်မင်းက ခပ်ပြုံးပြုံးနှင့် ...

"ဘာပဲဖြစ်ဖြစ် လက်ခံခေါင်းညိတ်ဖို့ကတော့ သေချာပြီး သားပေါ့ ... နော်"

"မောင်မင်းကလည်းကွာ ..."

"ဒီ ငါးလဆိုတဲ့ အချိန်ကိုလေ စိတ်ထဲမှာ တိတ်တိတ်လေး ဆယ့်နှစ်နဲ့ ခိုးမြှောက်လိုက်ပေါ့၊ ဒါဆို စိတ်ထဲမှာ ငါးနှစ် ဖြစ်သွားမယ်၊ ငါးနှစ်ကို စိတ်ထဲမှာထား ... လက်သုံးချောင်း ထောင် ..."

ရှင်ရှင်သည် ရယ်ဟဟနှင့် ...

"လက်သုံးချောင်းက ဘာလုပ်ဖို့လဲ"

"ဝမ်း ... တူး ... သရီး ... ချစ်တယ်ပေါ့ ..."

ခင်လေးရှင်က နှုတ်ခမ်းလေးကိုက်ကာ ရယ်ရင်း ... ရီလဲ့သော မျက်လုံးလေးတွေနှင့် မောင်မင်းကို ကြည့်နေမိပါသည်။ မောင်မင်းကလည်း စိုက်ကြည့်နေကာ အကြည့်ချင်းက နွေးထွေး ရှိန်းမြစွာ အကြာကြီး ရင်ဆိုင်ဆုံတွေ့နေပါသည်။

"နော် ... ခေါင်းညိတ်လိုက်ပါ ရှင်ရှင်ရယ်"

ခင်လေးရှင်ရဲ့ ခေါင်းကလေးတ မသိမသာ ငုံ့ကျ သွားသလို ညိတ်လိုက်သလို မသဲမကွဲ ...။ မောင်မင်းကတော့ ကိုယ်လိုရာ ဆွဲယူကာ "ဟေး"ခနဲ တအားပျော်သွားရပါသည်။ ခင်လေးရှင်ရဲ့ လက်ချောင်းထိပ်ဖျားလေးတွေကို ရင်ခုန်ကြည့်နေ စွာ ဆုပ်ညှစ်ထားမိလျက် ခင်လေးရှင်ကလည်း မရုန်းဖယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်းပဲ သူတို့ရဲ့ အပျော်ဟာ မကြာလိုက်ရပါ။ ခုပဲစ ...၊ ခုပဲ အဆုံးသတ်။ ဆိုင်ကလေးထဲက ယှဉ်တွဲထွက်လာကာ အောက်ထပ်ကို ပြန်ဆင်းအလာ ကွန်ပျူတာစီဒီချပ်တွေ ရောင်းသော ဆိုင်တွင်းမှ ထွက်လာသည့် ဦးဘုန်းပြည့်နှင့် ဘွားခနဲကြီး မျက်နှာချင်းဆိုင် သွားဆုံနေပါသည်။

ခြေလှမ်းကျဲ တလွှားလွှားနှင့် ဦးဘုန်းပြည့် အနားရောက်လာလျှင် ခင်လေးရှင်မှာ တစ်ကိုယ်လုံး တုန်ယင်အေးစက်ကာ မျက်နှာငယ်လေးနှင့် ဖြစ်နေပါတော့သည်။

"အစ်ကိုကြီး ... ကျွန်တော်တို့ ..."

"ဟေ့ကောင် ... မောင်မင်းကြီးသား ... မင်း ဘာမှမပြောနဲ့။ ငါလည်း ဘာမှမပြောဘူး၊ လူလယ်ကောင်ကြီးမှာ ငါ့ညီမကို ငါ ရန်းရင်းဆန်ခတ် မဖြစ်စေဘူး၊ မင်းလည်းပြန်၊ ရှင်ရှင်လာခဲ့ ..."

ရှင်ရှင်သည် မောင်မင်းကို တစ်ချက်ကြည့်ကာ မျက်ရည်အဝိုင်းသား မျက်နှာငယ်လေးနှင့် ဦးဘုန်းပြည့် နောက်မှ ခပ်ကုပ်ကုပ် လိုက်ပါသွားသည်ကို မောင်မင်းက သက်ပြင်းတစ်ရှိုက်နှင့်သာ ငေးကြည့် ကျန်ရစ်ခဲ့ရပါသည်။





၉

"နင် ပြောသလိုဆိုရင် နင်ရှိတဲ့နေရာ နင်ရောက်နေတဲ့နေရာတွေကို ဘွားခနဲ ဘွားခနဲ မိုးပေါ်က ကျလာသလို ရောက်ရောက်လာနေတာ ဒီကောင် လူစင်စစ်ကော ဟုတ်သေးရဲ့လား ... တစ်ခါလည်းမဟုတ် နှစ်ခါလည်းမဟုတ်၊ ဘာလဲ ဒီကောင်က အကြားအမြင် ရနေလား"

"အစ်ကိုကြီးကလည်းကွယ်"

"ယု ... မင်း မပြောနဲ့"

"ကျွတ် ... အစ်ကိုကြီးက ကိုယ့်စိတ်ချည်းပဲ တစ်ယူသန်"

ဦးဘုန်းပြည့်သည် ခင်လေးရှင်ကိုပဲ ခါးထောက်ရပ်ကြည့်ကာ ...

"ဟင် ... ပြောလေ၊ ဒီကောင်က အာရုံရနေလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီးက ရှင်ရှင် ပြောတာ မယုံတာ ရှင်ရှင် သိ
ဝမ်းနည်းတာပဲ၊ သူ့ဟာသူ ရောက်လာတာ အမှန်ပဲ
သူလည်း ကြိုမသိနိုင်ဘူး၊ တိုက်ဆိုင်တာ သက်သက်ပဲ"

ခင်လေးရှင် အသံလေးက ငိုသံပါနေသည်။

"တိုက်ကလည်း တိုက်ဆိုင်နိုင်လွန်းလှချည်လား"

"ဟုတ်တယ် ... တိုက်ဆိုင်နိုင်လွန်းတယ်၊ ဘာလို့ အဲလော
တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့ရတာလဲ ဆိုတာ ရှင်ရှင်လည်း
မပြောတတ်တော့ဘူး"

"အောင်မာ ...၊ မာရေကျောရေနဲ့"

"မမာကျောပါဘူး ... ငိုသံပါနေတာပါ၊ ကိုကိုကြီးကိုလည်း
မအော်ဝံ့ပါဘူး၊ သူ့ဟာသူ သွားဆုံတာ ဘယ်လိုလုပ်တာ
နိုင်မှာလဲ၊ ပြီးတော့ ဒီနေ့ဆုံတာက ဘုရားသိကြားမ,တာ
သူနဲ့ ဆုံရလို့ တော်သေးတာပေါ့ ကိုကိုကြီးရဲ့၊ နို့မို့ရင်
ဟိုနှစ်ယောက် လိုက်နှောင့်ယှက်နေတာ ဣန္ဒြေပျက်လှပြီ
မောင်မင်းတို့ ရောက်လာလို့သာ ဟိုနှစ်ယောက် ထွက်သွား
တာ၊ အဲဒါတွေကမှ တကယ့် ကလေကချေတွေ"

"တစ်ယောက်တည်း လမ်းသလားတာကိုး"

"သွားတုန်းက ဝတ်မှုန်နဲ့ပါဆို ကိုကိုကြီးကလည်း ...
နောက်မှ ဝတ်မှုန် ဝမ်းကွဲညီအစ်မတွေအုပ်စုက ရုပ်ရှင်
ကြည့်မယ်ဆိုပြီး ဖွတ်ဆွဲခေါ်သွားတာပါဆို"

"နင် ... မောင်မင်းနဲ့ ချိန်းတွေ့တာ မဟုတ်ဘူးလား"





ခင်လေးရှင်သည် မျက်ရည်ရစ်ဝဲလာကာ ...

"မဟုတ်ပါဘူးဆို ကိုကိုကြီးကလည်း ..."

"နင်နဲ့ မောင်မင်းက ဘယ်လိုလဲ၊ တွဲလျှောက်လာတဲ့
မျက်နှာတွေ ငါကိုယ်တိုင် မြင်တာနော်၊ တခြားလူ ပြန်
ပြောတာ မဟုတ်ဘူး ..."

ခင်လေးရှင်က ငြိမ်နေပါသည်။

"ပြောစမ်း ... ဘာတိတ်နေတာလဲ ... မေးရင်ဖြေ"

"သူ ... သူက ... ရှင်ရှင့်ကို ပရိုပို့စ် လုပ်တယ်"

"ဘာ ... ဒီကောင်က ..."

ယူဇနက မျက်ခုံးလေးတွန့်ကာ ...

"သြော် ... အစ်ကိုကြီးရယ်၊ ဒေါသပဲ ထွက်ဖို့ပြင်နေတာပဲ၊
အပျိုကို လူပျိုက ချစ်ရေးဆိုတာ ဘာဖြစ်သလဲ"

နင်ကကောလို့ ပြန်မေးလိုက်ရင် ဒီနေ့ပဲ ချစ်သူတွေ
ဖြစ်ခဲ့ပါတယ်လို့ ဝန်ခံရမလား ညာပြောဖုံးကွယ်ရမလား မစဉ်း
စားနိုင်သေးမီ ကိုကိုကြီး အာရုံက မမယုဆီ ရောက်သွား၍ တော်
ပါသေးသည်။

"ဟာ ... ဒီကောင် ...၊ ခုမှ ဒီရောက်လာတာ ဘယ်လောက်
ကြာသေးလို့လဲ၊ ရှင်ရှင့်ကို မြင်ဖူးတာမှ ဘယ်နှလရှိသေး
လို့လဲ"

"အစ်ကိုကြီးကလည်းကွယ်၊ လူက အခိက ကျပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အမိကကျတဲ့လူကိုက ဗရုတ်ဗရက်နဲ့၊ ဒီနေ့ ဝတ်ထားပုံကလည်း ခန့်ခန့်ထည်ထည်ကို မရှိဘူး၊ တီရှပ်နဲ့ အောက်က ဘောင်းဘီတိုနဲ့ ... ကြည့်စမ်း၊ ဘောင်းဘီတိုကြီးနဲ့ လမ်းထွက်နေတဲ့ကောင်၊ ဘောင်းဘီကလည်း အိတ်တွေ ပလုံးတွေနဲ့ သရုပ်ပျက်လိုက်တာ ပွတီးပွတနဲ့ ပုံကမကျ၊ အောက်ကကျတော့ ကြိုးသိုင်းဖိနပ်၊ ကိုယ့်ကိုယ်ကိုယ် လူလားမြောက်အောင် မဆင်ယင်ဘူး၊ ကလေးလို ဝတ်စားထားတာ၊ အသက်က နှစ်ဆယ့်ခြောက်တဲ့ကွ၊ ကိုယ့်ဖိနပ် ကိုယ်မနိုင်လို့ ကျွတ်ထွက်မယ့် အရွယ်မို့ ကြိုးသိုင်းစီးရတာလား"

"အစ်ကိုကြီးရယ်၊ ခုခေတ်လူရွယ်တွေ ဒီလိုပဲ ဝတ်စားကြတာပါပဲ"

"သူများတွေဝတ်လေ ... ငါ့ညီမကို နောက်ပိုးပိုးမယ့်ကောင်က တည်တည်ငြိမ်ငြိမ် ကြန့်ရဲရဲ ရှိမှပေါ့၊ သူများဝတ်တာငါနဲ့ ဘာဆိုင်လဲ၊ ဒီကောင်ဝတ်တာ လာဆိုင်တယ်"

"အဝတ်အစားဆိုတာ ကိုယ်လိုချင်သလို ပြုပြင်ယူလို့ရပါတယ် အစ်ကိုကြီးရဲ့"

"အခု ငါ့ညီမနဲ့ တွဲလျှောက်လာတာ ကိုးရိုးကားရားပုံနဲ့ မျက်စိကို နောက်နေတာပဲ၊ ပုဆိုးလေးနဲ့ ကြန့်ရဲရဲဆိုနည်းနည်းတော်သေးတယ် ...၊ ခုတော့ သိတဲ့သူ မြင်သွားရင် ဦးဘုန်းပြည့် ညီမက ဘယ်လိုပုံစံနဲ့ တွဲလာသလဲ





ပြောမှာပေါ့ ... ဝေဖန်မှာပေါ့ ... ရှပ်အင်္ကျီနဲ့ ပုဆိုးဝတ်တာ ခေတ်နောက်မကျပါဘူးကွ ... တုံးတယ် မခေါ်နိုင်ပါဘူး၊ တိုက်ပုံဝတ်ခိုင်းနေတာမှ မဟုတ်ဘဲ"

"ပြုပြင်ယူလို့ ရပါတယ် အစ်ကိုကြီးရယ်"

"အေးပါ ... ဒီကောင့်ကိုများ ဂရုတစိုက် ပြုပြင်နေရဦးမယ်၊ သူများက လိုက်ပြုပြင်နေရတယ် ဆိုကတည်းက ဘယ်ဟန်ကျတော့မလဲ၊ ကိုယ့်ဟာနဲ့ကိုယ် ကိုယ့်အသိစိတ်ရှိရမှာ၊ တစ်ခါတည်းကွာ ... ရှက်တောင်ရှက်တယ်၊ ကိုးရိုးကားရား ပုံစံကောင် တစ်ကောင်နဲ့ တွဲလျှောက်လာရတာ နင် မရှက်ဘူးလား ရှင်ရှင်"

"... ... ..."

"ဖြေလေ ..."

"ရှက်တာတွေ မရှက်တာတွေလည်း မသိပါဘူး၊ ဒီလိုပဲ ရိုးရိုးပဲ ... တွေ့လို့ အတူဆင်းလာကြတာပဲဟာ"

"တွေ့လည်း နှုတ်ဆက်ရင် ပြီးပြီပေါ့၊ ကိုယ့်ကိုပြောထားတဲ့သူ ကိုယ်ကလည်း အဖြေမပေးရသေးဘဲ တွဲလျှောက်စရာလား၊ ကြန့်ရှိမှပေါ့"

"ရှင်ရှင် ကြန့်မမဲ့ပါဘူး"

"ဘာမမဲ့တာလဲ ... နင် ကြိုက်သလား ... ဒီကောင့်ကို"

"ကိုကိုကြီးကလည်း ..."

"ကြိုက်နေသလား ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ...၊ အစ်ကိုကြီးဟာက ကိုယ့်ညီမကိုယ် ချောင်ပိတ်နေတာပဲ၊ ဆုံးမတာ ဆုံးမပေါ့၊ ချောင်ထဲပိတ်ပြီး ထွက်ပေါက်မရအောင်တော့ မပြောနဲ့ပေါ့၊ ဒါ အစ်ကိုကြီး မေးမြန်းရမယ့်ကိစ္စလည်း မဟုတ်ပါဘူး၊ ယုတို့ညီအစ်မချင်း အေးအေးဆေးဆေး မေးလည်း ရတယ်၊ အစ်ကိုကြီး ပြောချင်တာတွေ မှာချင်တာတွေ ယုကို ပြောခိုင်းလည်း ရတယ်၊ ဒီလောက် ဒေါသကြီးရအောင်လည်း ရှင်ရှင်က ကလေကချေ အဆင့်မရှိ အစုတ်အပြတ်နဲ့ ကြိုက်နေတာ မဟုတ်ဘူးလေ"

"မင်းကလည်း ဒီဒေါ်စိန်ဥ မြေးဆိုတာ တစ်ချက်ကိုပဲ အပိုင်ကိုင်ပြီး ကျိတ်သဘောတူနေသလိုပဲ"

"တူသင့်တဲ့သူနဲ့ တူရမှာပေါ့ ... မတူသင့်တဲ့ သူနဲ့ဆို မတူဘူးပေါ့ ... သူဌေးသား သူဌေးမြေးမို့ မက်မောပြီး ကိုယ်က လမ်းခင်းနေတာလည်း မဟုတ်ဘူး၊ သူ့ဟာသူ လာကြိုက်တာ ကိုယ့်ကုသိုလ်ကံပဲ၊ ကိုယ်ကြိုက်ရင် ရွေးချယ်၊ မကြိုက်ရင် ငြင်းမယ် ... ဒါပဲပေါ့ အစ်ကိုကြီးရဲ့"

"မင်းကိုက ဒေါ်စိန်ဥမြေးမို့ အရေးလုပ်ချင်နေတာပါ"

"ဒေါ်စိန်ဥမြေး ဆိုတာ အစ်ကိုကြီး ပြန်ပြောလို့ သိရတာ၊ မသိခင်ကတည်းက ကောင်လေးတွေပုံစံက မွန်မွန်ရည်ရည် ရိုးရိုးဖြောင့်ဖြောင့်တွေမို့ စိတ်က ခင်မင်ပြီးသားပါ





သူဌေးမို့ ယုကဆွဲပြီး မတ်တော်ဖို့ ဖမ်းချင်နေသလို မပြောပါနဲ့"

ခင်လေးရှင်ကို ကြိမ်းမောင်းရာမှ ဦးဘုန်းပြည့်တို့ လင်မယား စကားများရတော့မလို ဖြစ်လာပါသည်။ ခင်လေးရှင်က သူ့ဘက်က ယောက်မဖြစ်သူ ကာကွယ်ပြောပေးနေ၍ ဘာမှဝင်မပါဘဲ ငြိမ်ကုပ်နေပါသည်။

"ဆင်းဆင်းရဲရဲ အစုတ်ပလုတ်တွေ လာကြိုက်ရင်လည်း သူပဲဒေါပွဦးမယ်"

"ဟ ... ပွမှာပေါ့ ... ငါ့ညီမက အလကားကောင်တွေနဲ့ တန်သလား"

"အခုက သူဌေးလေ ... အလကားကောင်လည်း မဟုတ်ဘူး၊ သူ့အဘွားကလည်း အစ်ကိုကြီးထက်တောင် အဆတစ်ရာလောက် ချမ်းသာမလား မသိဘူး၊ အလှူပွဲလမ်းဆိုစိန်တွေ ဆီးသီးလုံးလောက်တွေ ဝတ်တာတဲ့"

"ဟာ ... မင်းတို့ မိန်းမတွေ စိန်လုံးကြီးကြီး မြင်ရင် သွားရည်တမျှားမျှားကျပြီး ခင်ချင်မင်ချင် ဖြစ်ကြရော"

"မဆိုင်ပါဘူး၊ ဒီအဘွားကြီးလည်း မြင်တောင်မမြင်ဖူးဘူး၊ သဘောတရားကို ပြောပြတာ"

"ဒါတွေကော ဟုတ်ပါတယ်လို့ ဘယ်သူ အာမခံလဲ၊ ကိုယ်လည်း သူ့အဘွားကို သိတာမဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်မှုန်လည်း ပြောတယ်လေ ... သူ မြင်ဖူး သိဖူးနေတာပဲ"

"ဒါက ဘယ်လောက် သေချာလို့လဲ"

"အစ်ကိုကြီးရယ် ... ဒီလောက် နာမည်ကြီးနဲ့တပ်ပြီးတော့တော့ ဘယ်သူမှ ဖြောင်လိမ်ပြီး မလှည့်ဖြားနေပါဘူး ချမ်းသာဟန်ဆောင်ချင်တဲ့သူ ဆိုရင်တောင် တော်ရုံတန်ရုံပေါ့၊ မျိုးစုံပြောလို့ ရနေတာပဲ၊ ကိုယ်ချစ်နေပြီး ရည်ရွယ်ထားတဲ့ မိန်းကလေးကိုတော့ ဒီလောက်ကြီး အတိအလင်း တပ်ပြီး ဘယ်သူက လိမ်မှာလဲ၊ လိမ်လည်း မပေါ်မယ့်ကိစ္စမှ မဟုတ်ဘဲ"

ဦးဘုန်းပြည့်မှာ ဘယ်ဘက်က ထပ်အပြစ်ရှာ ပြောရမလဲ စဉ်းစားမရသေးဘဲ တစ်ခဏ ငြိမ်နေပါသည်။ အင်း ... ဒီကောင့်ကို မြင်နေကတည်းက စိတ်ထဲ အလိုလို ထင်လာတာပဲ၊ ကိုယ့်ညီမကို လာကြိုက်မယ့်ကောင်လား မသိဘူးလို့ အလိုအလျောက်ကို တွေးမိထင်မိနေတာ။ ဒါကြောင့်ပဲ ခပ်အင်အင်နှင့် သိပ်မျက်နှာကြော မတည့်ချင်တာ။ ခုတော့ တကယ်ပဲ လာကြိုက်ပြီ။ ခင်လေးရှင်ဟာလည်း တစ်နေ့နေ့မှာ ပြန်ကိုကြိုက်မှာ လက်ခံမှာလို့ စိတ်ထဲက အလိုအလျောက် ထင်နေပြန်ပါပြီ။

ကိုယ်က ကလေးလို သဘောထားတဲ့ ကိုယ့်ညီမငယ်လေးကို သဝန်တိုတို နှမြောမြောနှင့် နေရင်း ထိုင်ရင်း ဟိုကောင့်ကို ဆန့်ကျင်နေမိတာလည်း ဖြစ်နိုင်ပါရဲ့။ ဟိုကောင်





ဟာ ကြိုက်စရာတွေ သဘောကျစရာတွေ အချက်ပေါင်းများစွာ ရှိတဲ့သူလို့လည်း ကြည့်ရင်း အကဲခတ်ရင်း သိသိနေပါရဲ့။ အလကားကောင်ဆိုလည်း တစ်ခါတည်း အနားက လွင့်ထွက်သွားအောင် ကန်ထုတ်လိုက်ရုံပေါ့။

ခုတော့ သင်းဟာ ကန်ထုတ်လိုက်ရမယ့် ကောင်စားလေး မဟုတ်တာကိုလည်း ဟိုတုန်းကတည်းက မြင်စတွေ့စကတည်းက စိတ်က နားလည်နေကာ အောင့်သက်သက်နှင့် အမြင်သာ ဖီကတ်နေမိတာ။ အားလုံးကို အစောကြီးကတည်းက ကြိုတင်မှန်းဆနိုင်နေပြီး ကြိုတင်ဝန်တို ရန်လုပ်နေမိသလားလည်း မပြောတတ်ပါ။

ပါးစပ်က ပြောနေသမျှတွေဟာလည်း ညီမငယ်လေး ချစ်သူရသွားတော့မှာကို မလိုတမာလိုလို ဖင်ကျိန်းရမလိုလိုနှင့် အပြစ်မရှိ အပြစ်ရှာနေတာတွေကများကြောင်း ကိုယ့်ဟာကိုယ် သိပါရဲ့။ ကိုယ်အပြစ်မြင်နေသလောက် ကောင်လေးမှာ ချို့ယွင်းချက်မရှိကြောင်းလည်း ဦးနှောက်က သိပါရဲ့။ အင်း ... လုံးချာလပတ် လိုက်နေပြီ။

တစ်နေ့ အိမ်ထောင်ရက်သား ပြုမည့်တူတူတော့ အရွယ်ကောင်းတုန်း မြတ်နိုးသူရှိတုန်း ကောင်းကောင်းကိုရတုန်း ရွေးချယ်ထားဖို့ လိုတဲ့သဘောကိုလည်း နားမလည်လို့ မဟုတ်။ အင်း ... တကယ့်ကို ဘာဆက်ပြောလို့ ပြောရမည်မှန်းကို မသိတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ရှင်နော် ... ကျပ်ကျပ်သတိထားဦး၊ ဟင်း ..."

မရေမရာ အဆုံးပိတ်တစ်ချက် ကြိမ်းလိုက်ရင်း ဦးဘုန်းပြည့်က လှည့်ထွက်သွားပါသည်။ ယုဇနက ပခုံးကိုကျုံ့ကာ မရယ်ချင့် ရယ်ချင် ရယ်လိုက်ရင်း သူ့ခင်ပွန်းသည်သူ အောရ သလို မျက်ခုံးလေး တွန့်နေပါသည်။

"အစ်ကိုကြီးနဲ့မှပဲ သွားတိုးရတယ်လို့ ရှင်ရှင်ရယ်"

"ရှင်ရှင် ပြောတာတွေ အမှန်ပဲ မမယု၊ ရှင်ရှင်တို့ လုံး ချိန်းမတွေ့ဘူး"

"အေးပါ ... မမယု ယုံပါတယ်၊ သူတို့သုံးယောက် အတူ ထွက်သွားတာလည်း မနက်က မြင်လိုက်ပါတယ်၊ ချိန်း တွေ့ဖို့ သွားမှာဆိုရင်လည်း ဘယ်သူက အဖော်တတန်း တန်း ခေါ်နေမှာလဲ"

"အက်ဖ်အဲမ်အိုင်ထဲရောက်မှ ကိုနန္ဒနဲ့ ကိုဇော်ထူးက စကော ဈေးဘက် သွားနှင့်မယ်ဆိုပြီး ထွက်သွားတာ"

"အင်းပေါ့ ... ဒါကတော့ သူတို့ သူငယ်ချင်းအတွက် သူတို့ အခွင့်အရေး ဖန်တီးပေးတာ နေမှာပေါ့၊ လူငေ တွေ ဒီလိုတွေပဲဟာ၊ အစ်ကိုကြီးက အလကားပါကွယ် ညီမကို တိုနေတာပါ၊ တစ်ဖက်ကကြည့်တော့လည်း ပစ်ခါခါ လုပ်ပစ်ဖို့က ခက်နေ ... ပစ်ရမှာ အဆီဝင်း စားရမှာ သဲတရှပ်ရှပ် ဆိုတာလို သူ့တစ်ကိုယ်တည်း ရှ





ယှက်ရစ်ပတ်ပြီး စိတ်နဲ့ ကိုယ်နဲ့ ပြဿနာတက်နေတာပဲ နေမှာ ...၊ မမယု သိပါတယ်"

"ကိုကိုကြီး ပြောနေသလောက်လည်း သူက အပြစ်တုံး အပြစ်ခဲကြီး မဟုတ်ပါဘူး မမယုရယ်"

"ဟုတ်တယ်လေ ... သူပဲ သူ့အကြောင်းနဲ့သူ ကြည့်မရတာ၊ ဟိုးအစ ဂစ်တာသံပေးကတည်းက သူ့ညီမကို လှမ်းရစ်နေ တယ်ဆိုပြီး မကြည်မသာ ဖြစ်နေတာပေါ့၊ သူ့ညီမကို ဂစ်တာသံ လှမ်းပေးရကောင်းလား ဆိုတာကစပြီး မကြည် နေတာ၊ အကြောင်းသိသိလာတော့ သူထင်သလို အလကား ကောင်က ဟုတ်မနေ၊ ဒါနဲ့ပဲ တင်းရခက် လျှော့ရခက်နဲ့ သူ့ဟာသူ ပြဿနာတက်နေရော"

"မမယု"

ခင်လေးရှင်က ယုဇနဘက် တိုးကပ်၍ မျက်လုံးလေး ပြူးကာ အသံကို တိုးတိတ်နှိမ့်ဖွရင်း ...

"ရှင်ရှင်တို့ ချစ်သူတွေ ဖြစ်နေပြီ"

"ဟင်"

ဒါကိုတော့ ယုဇနပင် အံ့အားသင့်သွားရပါသည်။

"ဟယ် ... ဘယ်တုန်းကတည်းကလဲ ရှင်ရှင်ရဲ့"

"ဒီနေ့ပဲ မမယု"

"အဖြေပေးတာ မမြန်ဘူးလား ရှင်ရှင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြန်တယ်လို့တော့ ကိုယ့်ကိုယ်ကိုယ် ထင်ပါတယ် ... ဒါပေမယ့် ရှင်ရှင်လည်း ..."

ခင်လေးရှင်က ရှက်စနိုး ခေါင်းလေး ငုံ့သွားပါသည်။

"အင်း ... မောင်မင်းက သူ့တစ်ကိုယ်ရေ အနေနဲ့ ကြည့်ရင်လည်း မဆိုးပါဘူး ... ကြိုးကြိုးစားစား ရိုးရိုးဖြောင့်ဖြောင့်ပါပဲ ...၊ မိဘဆွေမျိုး အသိုင်းအဝိုင်းကလည်း ပြည့်စုံတင့်တယ်တယ် ...၊ ဒါပေမယ့် တစ်ခုတော့ စဉ်းစားရမှာက အဘွားက သူ့ကို နှင်ချတယ်ဆိုတာ ဘာပြစ်မှုနဲ့လဲ၊ ပြီးတော့ ဘယ်လိုနှင်ချပုံမျိုးလဲ ... အမွေပြတ်စွန့်လွှတ်တာလား ... ဒါတွေ ရှင်ရှင် သိသလား"

"ရှင်ရှင် သိပါတယ်"

ခင်လေးရှင်က အဘွား နှင်ချရခြင်း အကြောင်းရင်းကို ယုဇနကို ပြောပြလိုက်ပါသည်။

"သူ့အဖေကတော့ နှင်ချတဲ့ထဲလည်း မပါဘူး၊ အမေက စိတ်ဆိုးလို့သာ ကြည့်နေရတာပါ၊ ဟိုးတစ်လောကလည်း သူ့အဖေ ရန်ကုန်လာပါတယ်၊ ရှင်ရှင့်ကိုတောင် သူက ပြလိုက်သေးတယ်၊ သူ့အဖေလည်း ဘာမှ မကန့်ကွက်ဘူး သဘောကျတယ်လို့တော့ ပြောတာပဲ မမယု"

"ဒီလိုဆိုတော့လည်း မဆိုးပါဘူး၊ သူက တစ်ဦးတည်းသော သားပဲမို့လား"

"ဟုတ်ကဲ့"





"သူတစ်ယောက်တည်းရှိတာဆိုတော့ သူ့အဘွားလည်း အကြာကြီးတော့ ဖြတ်ထားမယ် မထင်ဘူးလို့ တွက်ရတာပဲလေ၊ ဘာပဲဖြစ်ဖြစ် ရှင်ရှင့် ဘက်က လိမ်လိမ်မာမာနေပေါ့ကွယ်၊ အစ်ကိုကြီးကိုတော့ မမ တဖြည်းဖြည်း ပြောပြပါ့မယ်"

"ကျေးဇူးပါပဲ မမယုရယ်"

ခင်လေးရှင် မျက်နှာလေးက ဝင်းပကာ ယုဇနလက်မောင်းကို ကလေးလို ဖက်တွယ်ထားလိုက်ပါသည်။

❦ ❦

ဒီညနေ ဦးဘုန်းပြည့် ညော့်သည်တစ်ယောက်ကို ညနေစာ ကျွေးစရာရှိ၍ ခင်လေးရှင်ရော ယုဇနပါ အကြည်တို့အနွဲ့တို့နှင့်အတူ မီးဖိုနှင့် ထမင်းစားခန်းထဲ ကူးလူးအလုပ်များနေပါသည်။

"ညော့်သည်က ဘယ်သူလဲဟင် မမယု၊ ကိုကိုကြီးက လိုအပ်ချက်မရှိအောင် ပြင်ဆိုတော့ အရေးပါတယ် ထင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးက ဦးထွန်းမြတ် ဆိုတာပါ၊ အစ်ကိုကြီးထက် ဟော့ အသက်ကြီးတယ်၊ ဟိုးငယ်ငယ်ကတည်းက အိမ်နီးနားချင်း နေဖူးလို့ ခင်မင်တာ ရှင်ရှင် မကြားဖူးဘူးလား"

"ခင်ကြတုန်းက ရှင်ရှင်တောင် မွေးချင်မှ မွေးဦးမှာ၊ မွေးရင်လည်း ငယ်ငယ်လေး ရှိမှာပေါ့"

"ဒီလူကလည်း ဆောက်လုပ်ရေးလုပ်ငန်း လုပ်တာပဲ ... ဟိုးတစ်ကြိမ်လည်း ရန်ကုန်မှာ သူရတဲ့ လုပ်ငန်းတစ်ခု ထဲက သူ မနိုင်လို့ အစ်ကိုကြီးကို ခွဲဝေပေးဖူးတယ် ခုလည်း သူ ရန်ကုန်ကို ဒီကိစ္စမျိုးနဲ့ပဲ လာတယ်ဆိုတော့ အစ်ကိုကြီးက အလုပ်တစ်ဝက်တစ်ပိုင်းများ ခွဲရနိုင်မလား မျှော်လင့်တာပေါ့၊ သူတို့တွေက လုပ်ငန်းကြီးသမားတွေ ပေါင်းတော့ သူတို့ရတဲ့ အလုပ်တွေက ကြီးတယ်၊ တစ်ခါတစ်ရံ ကိုကိုကြီး ဆောက်ရတဲ့ သာမန်အဆောက်အအုံမျိုးတွေ မဟုတ်ဘူးပေါ့၊ ခုလည်း ဘာအိမ်ရာစီမံကိန်းလည်း မသိပါဘူး ... ခပ်ကြီးကြီး အလုပ်ကိစ္စတစ်ခု လာတာပဲ"

"ဟိုလေ ... မောင်မင်း အဖေကလည်းလေ ဒီဆောက်လုပ်ရေး အလုပ်မျိုးတွေ လုပ်တယ်တဲ့ မမယုရဲ့ ... နယ်တွေ ဘာတွေဘက်မှာ ကန်ထရိုက်ရတယ်ဆိုတာ ကြားတယ်"





"အင်း ... အဲဒီ မောင်မင်းကိစ္စ ပြောရဦးမယ်၊ ခုတလော ကွန်ပျူတာဆိုင်က မဖွင့်တစ်ချက် ဖွင့်တစ်ချက် ... ဖွင့်ပြန်ရင်လည်း ဆိုင်မှာ မောင်မင်းကို မတွေ့ရတာများသတဲ့၊ သူ့ပဲ ကားဖြတ်ရင်း အရိပ်အခြေကြည့်နေတာပေါ့၊ တစ်ခါတလေ ဆိုင်ပိတ်ပြီး သုံးယောက်လုံး ရှိပုံမပေါ်ဘူးတဲ့ ...

အဲဒါ အစ်ကိုကြီးက ထုံးစံအတိုင်း ရှုံ့ချနေတာပေါ့၊ အလုပ်ဖြစ်မဖြစ်ဘူးပေါ့၊ လုပ်တာမှ သုံးလေးလ ရှိသေး ဆိုင်က ဖွင့်ချင်မှဖွင့် ... မဖွင့်ချင်ပိတ်နဲ့ပေါ့လေ၊ တစ်ခါတစ်ခါ မောင်မင်း တစ်ယောက်တည်း မရှိတာဆိုတော့ ဘာတွေ လုပ်နေလဲ ... ဘာညာ ... အမှန်တော့ စိတ်ပူတာ ဖြစ်ပါလိမ့်မယ်၊ ရှင်ရှင်နဲ့ ပတ်သက်ပြီး စိတ်ပူတာမျိုးပေါ့၊ ဒါပေမယ့် ထုံးစံအတိုင်း ပါးစပ်ကတော့ ရှုံ့ချပြောဆိုနေတာပေါ့၊ သူတို့ ဘာလို့ ဆိုင်ခဏခဏ ပိတ်နေတာတုံး"

"မောင်မင်းက သူ့အဖေ ခိုင်းထားတဲ့ အလုပ်တွေ လုပ်နေရတယ်လို့ ပြောတယ် မမယု၊ သူနေ့တိုင်း သွားရတယ်တဲ့ ... ပင်လည်းပင်ပန်းတယ်တဲ့၊ တစ်ခါတစ်ရံ လိုအပ်ရင် ကိုနန္ဒတို့ ကိုဇော်ထူးတို့ပါ ခေါ်သွားတာတဲ့"

"အဖေ ခိုင်းတာလည်း လုပ်ရမှာပေါ့ ... အစ်ကိုကြီးကတော့ အလုပ်တစ်ခုကို ကြာကြာစွဲစွဲမြဲမြဲ မလုပ်ဘူးဆိုတဲ့ ဘက်က အပြစ်ဆိုနေတာပေါ့၊ အဲဒါ ဘယ်မှာဘာလုပ်နေတာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“သူပြောတော့ ဆိုက်ထဲမှာ ... ဆိုက်ထဲမှာနဲ့ပဲ”

“ဒါဖြင့် ဆောက်လုပ်ရေးနဲ့ ပတ်သက်တာများလား”

အဲဒီတုန်းမှာ အိမ်ရှေ့ဘက်ဆီက ဦးဘုန်းပြည့်ရဲ့ ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်သံ ပေါ်ထွက်လာပါသည်။ ဧည့် သည်ရောက်လာပြီပေါ့။ သူတို့ရဲ့ စကားပြောဆိုသံတွေကို ထမင်း စားခန်းနှင့် မီးဖိုဖက်ဆီမှ ခပ်သဲ့သဲ့ ကြားနေရပါသည်။ ယုဇနက လှုလှုပပ ထည့်သိုပြင်ဆင်ဖို့ကအစ မှာစရာတွေ အနှေးစိတ်မှာ ကြားခဲ့ရစ်ကာ ဧည့်သည်ဆီ ထွက်လာခဲ့ပါသည်။

ဧည့်ခန်းမှာ ဦးဘုန်းပြည့်တို့ စကားဝိုင်းက အရှိန် ရနေ၍ ယုဇနက ဦးထွန်းမြတ်ကို ပြုံး၍ နှုတ်ဆက်ရုံဆက်ပြီး ... မလှမ်းမကမ်း ခုံတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။

“လှိုင်မြို့နယ်ထဲပါတဲ့ အိမ်ရာစီမံကိန်းပဲဗျ ... မနက်ကတော့ ကျွန်တော် ဝင်ကြည့်ခဲ့ပြီးပြီ၊ ဟိုမှာ ဖြေရှင်းမြေညှိလုပ်နေပြီး ဆက်တိုက်ချနေတာပဲ၊ ဒီတစ်လပြီးရင် ဆောက်လုပ် ရေးဝင်တော့မယ်ဗျ”

“ကွန်ဒိုတွေလား ဦးထွန်းမြတ်”

“အင်း ... ကွန်ဒိုမီနီယမ်က လေးလုံးပါတယ်၊ လုံးချင်း အိမ်က နှစ်ဆယ့်လေးလုံးပါမယ်၊ လုံးချင်းအားလုံးက သူကတစ်ဆင့် ကန်ထရိုက်ပြန်ပေးမှာ၊ ကျွန်တော်ကတော့ မှန်းထားတာ ... ရှစ်လုံးပဲယူမယ်လို့၊ ကျွန်တော့်အဖို့က ဟိုနဲ့ဒီ ပြေးနေရမှာ ... ရှစ်လုံးလောက်ပဲ နိုင်တယ်၊ ဆယ့်





ခြောက်လုံးကို တခြားကို ထပ်ပေးရမှာပေါ့ ... အမှန်က အားလုံး ကျွန်တော် ယူလိုက်ပြီး ကျွန်တော်ကမှတစ်ဆင့် ဆပ်ဘ်ကန်ထရိုက် ပြန်ပေးလိုက်လည်း ရတယ်၊ ဒါပေမယ့် အဘိုးကြီးက အဲလို မလုပ်စေချင်ဘူး၊ နိုင်သလောက်ပဲ ယူစေချင်တယ် ... အဆင့်တွေ များသွားရင် အဆင့်တိုင်းက ကိုယ့်အတွက် ချန်ပြီး ကွာလတီ ညံ့သွားမှာ သူ စိုးရိမ် တယ်”

“ဟုတ်တာပေါ့”

“အဲဒါ ကိုဘုန်းပြည့်ကို အရင်သတိရလိုက်ပြီး လာပြောတာပဲ၊ ဟိုတစ်ခေါက်က ကိုဘုန်းပြည့် လုပ်ပုံကိုင်ပုံလည်း သိရပြီးပြီ ... ကွာလတီကောင်းတယ် ... နာမည်ပျက်မခံဘူးလေ ... ဒီလိုလူကိုပဲ ရှာပေးချင်တယ် ... ကိုယ်ဆက် သွယ်ပေးတဲ့လူက မဟုတ်တရုတ် လုပ်ချသွားရင် နေရင်း ထိုင်ရင်း ကိုယ်မျက်နှာပျက်တယ်”

“ဟာ ... ကျွန်တော် ယူချင်တာပေါ့ဗျာ၊ ကျွန်တော်လုပ်တာ ကိုင်တာတော့ ဦးထွန်းမြတ် အကြောင်းသိပါတယ် ... ကျွန်တော်လည်း ဦးထွန်းမြတ် အတိုင်း ရှစ်လုံးလောက်ယူ ချင်ပါတယ်”

“အိမ်ပုံစံတွေကတော့ သူတို့သတ်မှတ်ထားတဲ့ အတိုင်း ပေါ့ ... ပုံစံသုံးမျိုး ... တစ်မျိုးကို ရှစ်လုံးဆောက်မှာပေါ့၊ ကွန်ဒိုမီနီယမ်ကြီးတွေကတော့ သူကိုယ်တိုင် လုပ်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်လည်း သူ ရန်ကုန်မှာ အစီအစဉ်တွေ ရှိသေးတယ် ... လူကြီးပိုင်းနဲ့ ညှိနှိုင်းပြီး သူ့ပရောဂျက်တွေ တင်ထားတာတွေရှိတယ် ... သူတို့ကတော့ အံလုပ်ကြီးကြီး လုပ်နေတော့ ရှေ့ဆက် အများကြီး ရှိဦးမှာပါ၊ မင်းကြီး ဆောက်လုပ်ရေးပေါ့ ... သူက နယ်စပ်ဘက်တွေ အလုပ်ရတော့ ကိုယ်လည်း အဲဒီထိ လိုက်မလုပ်နိုင်ဘူး၊ ရန်ကုန် မန္တလေးမှာ ရှိရင်တော့ ခွဲပေးဖို့လိုရင် ယူပါ့မယ်ပဲ ပြောထားတယ်"

"မင်းကြီး ဆောက်လုပ်ရေးဆိုတော့"

"ဦးမင်းကြီး ဆိုတာလေ ... နာမည်တော့ ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ် ဦးထွန်းမြတ်"

ဦးဘုန်းပြည့်က ယုဇနဘက်ကို မသိမသာ ငဲ့ကြည့်လိုက်ပါသည်။ ယုဇနကလည်း မျက်ခုံးလေးပင့်၍ ခင်ပွန်းသည်ကို ပြန်ကြည့်မိပါသည်။

"သိရိသုခမ္မသိင်္ဂီ ဒေါ်စိန်ဥရဲ့ သားလေ"

"ဟုတ်ကဲ့ ... သိပါတယ်"

"ရန်ကုန်မှာ သူ့သားရှိတယ်လို့ ပြောတယ် ... ကျွန်တော်တို့ စာချုပ်တွေ ဘာတွေချုပ်တော့ မန္တလေးမှာပဲ ချုပ်ရမှာ ... ဟိုကိုတော့ သွားရလိမ့်မယ်"

"သွားရမှာပေါ့ဗျာ"





"နောက်ပိုင်းကိစ္စတွေကတော့ သူ့သားနဲ့ ဆက်လုပ်ဖို့များလိမ့်မယ်၊ သူက ရန်ကုန်ကို တစ်ခါတစ်ရံလောက်ပဲ ဆင်းလာမယ့်သဘော ရှိတယ်"

ဦးဘုန်းပြည့်က သက်ပြင်းတစ်ချက် ကျိတ်ရှိုက်လိုက်မိပါသည်။

"သူနဲ့ အဆက်အစပ် ရထားရင်တော့ ရှေ့လုပ်စရာတွေ များမှာပေါ့ဗျာ၊ ကျွန်တော်နဲ့ကတော့ ခင်ပါတယ်၊ ကိုဘုန်းပြည့်နဲ့လည်း နောက်တော့ ခင်မင်သွားမှာပေါ့ ... သဘောကောင်းတဲ့ လူကြီးပါ၊ ကျွန်တော်တို့က အသေးစားလေးတွေဆိုတော့ သူ့လို အကြီးစားတွေနဲ့ ဂျိတ်ဆက်ထားရတာပေါ့ဗျာ ... ဟား ဟား"

ဦးဘုန်းပြည့်မှာ ခေါင်းတညိတ်ညိတ်နှင့် စကားနည်းသွားရပါသည်။ သူ့သားနှင့် ဆက်လုပ်ရမည် ဆိုရင်တော့ ဟိုဘက်က မောင်မင်းကြီးသားနဲ့ ဆက်လုပ်ရဖို့ များနေပြီ။ အဲဒီလိုလုပ်ရကိုင်ရတဲ့အခါ ကိုယ်ဟာ ဘယ်နည်းနဲ့မဆို သူ့ထက်နိမ့်တဲ့နေရာက ...။ အင်း ...။ ရင်ထဲ မသက်မသာကြီးနှင့် ဦးထွန်းမြတ်နှင့် စကားဝိုင်းမှာ ဦးဘုန်းပြည့် ဘက်က နှုတ်ဆိတ်လျက်ရှိသည်။

ခင်ပွန်းသည်ကို ရိပ်မိသော ယုဇနက စကားဝိုင်းကို ဝင်ကာ မိသားစုရေး သားရေးသမီးရေးတွေကို ရွှန်းရွှန်းဝေဝေဖြစ်အောင် ဖာထေး စကားထောက်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်းပြည့် အလုပ်များ ရှိသေးလား … အားရဲ့လား"

"ဟာ … ဘာမှ မရှိပါဘူး၊ အားပါတယ် ဦးထွန်းမြတ်ရာ အေးအေးဆေးဆေးပဲ … ဦးထွန်းမြတ် အတွက် မိန်းမချော ညီမရော သေသေချာချာ စပါယ်ရှယ် လက်စွမ်းပြထားခိုင်းတာ"

"တကူးတကဗျာ … ကြုံသလို စားမှာပေါ့ … လုပ်ရင်းဟာ"

"အလုပ်ရှိလာတဲ့အခါ ကျွန်တော့်ကို အရင်ဆုံး သတိရတဲ့ ကျေးဇူးကို မမေ့ပါဘူး ဦးထွန်းမြတ်ရာ၊ ရောက်တုန်းလေး မကျွေးမွေး မပြုစုရရင် ဘယ်စိတ်ကောင်းပါ့မလဲ"

"ဒီညနေတော့ ကျွန်တော်လည်း အားလို့ အေးအေးဆေးဆေး လာလိုက်တာပါ၊ ထမင်းပွဲကြီးလည်း အဆင်သင့်ဆိုတော့ ဟန်ကျတာပေါ့ … မသိပါဘူး … ကိုဘုန်းပြည့်ကြည့်ရတာ တခြားအလုပ်ကိစ္စရှိလို့များ စိတ်ရောက်နေသလားလို့"

"ဘာမှမရှိပါဘူး၊ ကျွန်တော် ခေါင်းလေးသိပ်မကြည်လို့ပါ … ခုတစ်လော ခေါင်းမကောင်းဘူး ဖြစ်ဖြစ်နေလို့ပါ အုံတုံတုံ နောက်တောက်တောက်နဲ့"

"ကိုဘုန်းပြည့်တို့က အများကြီး ငယ်ပါသေးတယ်၊ ကျွန်တော်ဆို လေးဆယ်ကျော်ပြီးကတည်းက သွေးတိုးလေးက စချင်လာပြီ၊ ဂရုစိုက်ပြီး နေရတယ်၊ ခေါင်းနောက်တယ်





အုံတယ် ဆိုရင်တော့ ငယ်သေးပေမယ့် ပရက်ရှာလေး ဘာလေး စမ်းကြည့် စစ်ကြည့်ပါဦး"

"ဟုတ်တယ်ဗျာ … စစ်ကြည့်ရဦးမယ်၊ ဦးထွန်းမြတ် မစားခင် နည်းနည်းချဦးမလား"

"ကောင်းတာပေါ့ … လုပ်လေ၊ ခင်ဗျားက ဖြစ်ရဲ့လား … ခေါင်းနောက်နေတယ်ဆိုတာ"

"ဖြစ်ပါတယ် … မဖြစ်စလောက်ပါဗျာ၊ ယုရေ … ဒါဖြင့် ခြံထဲမှာဝိုင်းဖို့ တစ်ခုခု စီစဉ်ပေးပါဦး"

"အဆင်သင့်ပဲ အစ်ကိုကြီး၊ အမြည်းကတော့ အစကတည်းက စီစဉ်ထားတယ်၊ အစ်ကိုကြီးတို့ ဘာသောက်မလဲ … ဘီယာလား လေကာလား"

"ဘီယာပဲ သောက်တာပေါ့ ကိုဘုန်းပြည့် … အဆင်ပြေရဲ့လား၊ ထွက်ဝယ်လိုက်ရမလား"

"ယု အားလုံး စီစဉ်ထားပါတယ် … ဝယ်ဖို့မလိုပါဘူး … ဒါဖြင့် ခြံထဲမှာ သွားပြင်လိုက်ဦးမယ်နော်"

ယုဇနက ထ,ထွက်လာကာ ခြံထဲမှာ စားပွဲဝိုင်း ခုံဝိုင်းတွေချဖို့ ကမန်းကတန်း ပြင်ဆင်စီစဉ်ရပါသည်။ စီစဉ်နေရင်းလည်း ဖြစ်လာတဲ့ အခြေအနေကို အံ့သြကာ ပြုံးချင်နေမိပါသည်။

"မမယု … ဘာပြုံးတာလဲဟင်၊ ရယ်ချင်လို့ ပြုံးတာမျိုးလည်း မဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်တော့ပါဘူး ရှင်ရှင်ရေ ...၊ ညည်းအစ်ကိုကြီး တော့ ဘယ်လိုဖြစ်ဦးမယ် မသိဘူး"

အိမ်ရာစီမံကိန်းကြီးတစ်ခုမှာ လုံးချင်းအကြီးစား ရှစ်လုံးဆောက်ဖို့ အလုပ်ရသည်ဆိုတာ ဦးဘုန်းပြည့်လို အနေအထား နှင့်ကတော့ အကျိုးရှိလှသော လုပ်ခွင်တစ်ခုပါ။ ဘာပဲဖြစ်ဖြစ် မက်မောလောက်ပါသည်။ အင်း ... အစ်ကိုကြီးတို့ကတော့ ပစ် ရမှာလည်း အဆီဝင်းဝင်း ဆိုတဲ့ စကားပုံထဲကကို ပြေးလို့မလွတ် တော့ပါလား။

ဒီအလုပ်ကို လုပ်ပြီဆိုကတည်းက မောင်မင်းဟာ ဦးဘုန်းပြည့် အပေါ် တိုက်ရိုက်မဟုတ်တောင် သွယ်ဝိုက်၍တော့ ဩဇာသက်ရောက်သွားပြီ။ မောင်မင်းကို အခုလက်ရှိ သူ ရန်လို မောင်းမဲ ဆက်ဆံနေသလိုမျိုး ဘယ်ဆက်ဆံလို့ ရတော့မှာလဲ။

မောင်မင်းဟာ စိတ်ထားသေးသိမ်မည်လို့တော့ ယူဆ မထင်ပါ။ ဒါပေမယ့် မောင်မင်းကများ ဦးဘုန်းပြည့် အပေါ် မကျေနပ်ချက်ထား၍ ပညာပြမည်ဆိုလျှင် ပြလို့ရနိုင်နေပြီဖြစ်သည့် အနေအထားပင်။ ဦးဘုန်းပြည့်မှာ လုပ်လည်းလုပ်ချင်ပေလိမ့်မည်။ လုပ်ဖို့ရာမှာလည်း အိုးတိုးအမ်းတမ်း မအီမလည် ခံစားနေရပေ လိမ့်မည်။

"ဘာဖြစ်လို့လဲ မမယု ... အခု ဒီလူကြီးက ကိုကိုကြီးကို ကန်ထရိုက်ရအောင် ဆက်သွယ်ပေးမှာဆို ..."

"ဟုတ်တယ်"





"အခု ဘာဖြစ်လို့လဲဟင်"

"ရှစ်ဆယ်ပတ်လည် မြေကွက်တွေမှာ လုံးချင်းနှစ်ထပ်တိုက် ခပ်ကြီးကြီးတွေ ရှစ်လုံးဆောက်ခွင့်ရမှာ၊ အစ်ကိုကြီးအတွက် အရမ်းအကျိုးရှိတာပေါ့"

"အဲဒါကောင်းတာပေါ့"

"အဲဒီအိမ်ရာစီမံကိန်း ပိုင်ရှင်က မင်းကြီးဆောက်လုပ်ရေး၊ မောင်မင်းအဖေ ဦးမင်းကြီးတဲ့"

"ဟယ်"

"အေး ... အဲလို ဖြစ်နေတယ်"

"မောင်မင်း အဖေဟာ ဖြစ်နေတော့ ဘာဖြစ်လဲ မမယု ရယ်၊ ကိုယ်အကျိုးအမြတ်ရမယ့် အလုပ်ပဲ၊ ကိုကိုကြီးက မလုပ်တော့ဘူးတဲ့လား"

"လုပ်မယ်လို့တော့ ဦးထွန်းမြတ်ကို ပြောပြီးပြီ ... ဒါပေ မယ့် တကယ်လုပ်ရင် ဦးမင်းကြီးနဲ့ ဆက်ဆံပြီး လုပ်နေရမှာ မဟုတ်ဘူး၊ မောင်မင်းနဲ့ ဆက်ဆံပြီး လုပ်ရမှာ"

"အဲဒီတော့ ကိုကိုကြီး မလုပ်ချင်တော့ဘူးလား"

"ရှင်ရှင့် အစ်ကိုကြီးအကြောင်း သိသားနဲ့ ... မအီမလည် ဖြစ်နေမှာပေါ့"

"မောင်မင်းက ဝမ်းတောင် သာနေဦးမှာပါ၊ ကိုကိုကြီးနဲ့ စီးပွားဖက် အနေနဲ့ ဆက်ဆံခွင့် ရတော့မှာလေ"

"မမယုလည်း ဒီလိုပဲ ယူဆပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီးကကော ..."

"သူက မာရေကျောရေနဲ့ မိန်းကလေးရှင်ဆိုပြီး ရန်လို မောင်းမဲ လုပ်ခဲ့တာ မဟုတ်လား၊ အခု သူ့မှာ ဆက်ဆံ ရေးပုံစံ ပြောင်းရခက် မပြောင်းရခက် ဖြစ်နေမှာပေါ့"

"ကိုကိုကြီးသာ သူ့တစ်ယောက်တည်း ပြဿနာတက်နေ တာ ... မောင်မင်းကတော့ သိရင်ဝမ်းသာမှာ သေချာတယ်"

သူတို့ ပြင်ဆင်ပြီးစီး၍ ယုဇနက သွားခေါ်လိုက်သည် အတွက် ဦးထွန်းမြတ်နှင့် ဦးဘုန်းပြည့် ဆင်းလာကြပါသည်။ နေရိပ်ရသောနေရာမှာ ချခင်းထားသော သံခုံဝိုင်းလေးတွေမှာ ထိုင်ရင်း စကားပြောဆိုရင်း ဘီယာသောက်နေကြတာမို့ ယုဇန နှင့် ခင်လေးရှင်က အိမ်ပေါ် ပြန်တက်လာကြပါသည်။

ခင်လေးရှင်က မြင်ကွင်းကောင်းသော ဘုရားခန်း မှာရပ်ကာ တစ်ဖက်ခြံကို ကြည့်နေမိပါသည်။ မောင်မင်းတို့ မ ကြဘူး ထင်ပါရဲ့။ သူတို့နှစ်ယောက် တွေ့ရဖို့ အခွင့်အရေး ရှာ လှပါသည်။ အဲဒီအထဲ အခုတစ်လော မောင်မင်းက မအားလပ် ဟင် ... ဟိုမှာ မောင်မင်းပါလား။

အိမ်ထဲက ထွက်လာကာ ချက်ချင်း အပြင်ပြန်ထွက် မည့်ပုံနှင့် မောင်မင်းက အိမ်ကိုသော့ခတ်ရင်း ခင်လေးရှင် ရ ကြည့်နေတတ်ကျဖြစ်သော ဘုရားခန်းဘက် ဖျတ်ခနဲ လှမ်းကြည့် လိုက်ပါသည်။ ခင်လေးရှင်က ခြင်ဆန်ကာတံခါးဖွင့်ကာ သံပန် ကြားမှ လက်လေးထုတ်ပြလိုက်၍ မောင်မင်းကလည်း လက်လှမ်း





ပြလိုက်ပါသည်။ မောင်မင်းက ပြုံး၍ ခဏရပ်ကြည့်နေပြီးမှ သွားတော့မယ်ဟု လက်ဟန်ပြကာ ခြံဝကို လျှောက်သွားပါသည်။

မောင်မင်း လက်ပြလိုက်ကတည်းက တွေ့လိုက်သော ဦးဘုန်းပြည့်သည် အပေါ်ကနေ ခင်လေးရှင် ကိုယ်ယောင်ပြနေပြီ ကို သိကာ မျက်နှာကြီး တင်းသွားပါသေးသည်။ ကြံကြံဖန်ဖန် သံတိုင်စည်းရိုးကြားက လှမ်းမြင်နေရသေးသည်။ ဦးဘုန်းပြည့်က ရုတ်တရက် အကြံတစ်ခုရရင်း ...

"ဦးထွန်းမြတ်ရေ ... ဟိုဘက်ခြံမှာ လျှောက်သွားနေတဲ့ ကောင်လေး တစ်ချက်ကြည့်ကြည့်လိုက်ပါဗျာ"

ဦးထွန်းမြတ်က လှည့်ကြည့်လိုက်ပါသည်။ မောင်မင်း ဆားတိုက် ခပ်မတ်မတ် လျှောက်သွားနေတဲ့ပုံကို စက္ကန့်ပိုင်းမျှ ကြည့်လိုက်သည် ဆိုလျှင်ပင် ...

"ဟာ ... အဲဒါ မောင်မင်းကြီးသား မဟုတ်လားဗျ ... ဒီမှာ နေတာလား"

"ဟုတ်တယ် ... ခင်ဗျားသိတယ် ဟုတ်လား ... ဦးထွန်းမြတ်"

"အဲဒါ ခုနပြောတဲ့ ဦးမင်းကြီးရဲ့ သားတော်မောင်လေ"

"သြော် ... ကျွန်တော်လည်း ဒီကောင်လေးကို မန္တလေးက ဦးမင်းကြီးရဲ့သားလို့ ကြားတာနဲ့ ဦးထွန်းမြတ် သိမလားလို့ မေးကြည့်တာပါ"

"ကောင်လေးက လူငယ်ဘာဝ ဂျစ်ကန်ကန်လေး တစ်ခါ တစ်ရံ ရှိတတ်တာကလွဲရင် လူကောင်းဗျ၊ အသွားကတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် ဂုဏ်မောက်ပြီး ကိန်းခန်းကြီးတယ် ခုလို နှင်ချလိုက်တော့ ကျွန်တော်တို့တောင် စိတ်လေသွား မှာ ဝင်စိုးရိမ်နေမိတာ ... အခု သူ့အဖေက သူ့ကိုဆ သွယ်ပြီး ဒီကဲဆိုက်ထဲထားမှာ၊ ခင်ဗျား ကံကောင်းတာပေ နီးနီးနားနား ဆက်ဆံပြောဆိုရမှာ"

ဦးဘုန်းပြည့်က ခေါင်းကို ခပ်လေးလေး ညိတ်လိုက် ရပါသည်။





## ၁၀

"ကိုယ်လည်း နောင်ကို သူနဲ့ ဆက်ဆံရမယ် ... အလုပ် လုပ်ရမယ် ဖြစ်နေပြီဥစ္စာ၊ ပြေပြေလည်လည်လေး နေလိုက် ပေါ့ အစ်ကိုကြီးရယ်"

"ဒီကောင်နဲ့ တွဲလုပ်ရမလို ဖြစ်နေတော့ စိတ်တောင်နည်း နည်းပျက်တယ်ကွာ"

"ဘာစိတ်ပျက်စရာရှိလဲ အစ်ကိုကြီးရယ်၊ မောင်မင်းက ဘာဖြစ်နေလို့လဲ"

"ဦးထွန်းမြတ်ကိုလည်း လုပ်မယ့်အကြောင်း ပြောလိုက်ပြီး နေပြီ"

"ပြောလိုက်ပြီးတော့ ဘာဖြစ်လဲ ... လုပ်ရုံပေါ့"

"ဦးမင်းကြီးနဲ့ ဆက်ဆံရ လုပ်ရမယ်ဆို ဟုတ်တုတ်တုတ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့သားနဲ့လည်း ဘာဖြစ်လဲ ... အစ်ကိုကြီးက အလကား နေရင်း မောင်မင်းကို မကြည်လင်နေတာ၊ အဲဒါညီမကို သဝန်တိုနေတာ"

"ဟာ ... ဒီကိစ္စ မသိခင်ကတည်းက ဒီကောင့် ကြည့်မရ တာ"

"ဂစ်တာတီးကတည်းက ညီမကို အသံပေးတယ်ဆိုပြီး မကျေနပ်ခဲ့တာ မဟုတ်လား၊ နောက်တော့လည်း မောင်မင်း ကြည့်ရတာ ဟိုနှစ်ယောက်နဲ့ မတူဘဲ ... ရှင်ရှင့်ကို ရိုးသား ပုံမရဘူး ... စိတ်ဝင်စားနေပုံ ရတယ်ဆိုပြီး အစ်ကိုကြီး စိတ်က မကြည်နေတာ ... ဒါပဲ"

ဦးဘုန်းပြည့်က ဘာမှ မပြော။ ပြောစရာလည်း သူ့မှာ မရှိ။

"ကဲ ... အခု ... မောင်မင်းက ဦးမင်းကြီးသား အစ် လေ ... သေချာပြီလေ"

"အဲဒီတော့ ဘာဖြစ်လဲ"

"ရှင်ရှင်နဲ့ ကိစ္စကလည်း ရှိတယ်လေ၊ ကလေးတွေရဲ သဘောတူလိုက်ပေါ့၊ ကြည်ကြည်ဖြူဖြူ နေလိုက်ပေါ့"

"အောင်မာ"

ဦးဘုန်းပြည့် မျက်နှာက နီမြန်းရောင် သန်းလာ သည်။





"တော်ကြာ နောင် သူနဲ့ အလုပ်တွဲလုပ်ပြီးမှဆိုရင် သူတို့ ရဲ့ ပြည့်စုံမှုတွေ အခြေအနေတွေ တွေ့လာသိလာလို့ သဘောတူရာ ကျနေမယ်"

"အောင်မာ ... သဘောတူဖို့ကိုပဲ ငါက နေ့ကောင်းရက်သာ ရက်ရာဇာ ရွေးနေရဦးမယ်၊ မိန်းကလေးရှင်ကွ"

"ဟုတ်ပါတယ် ... အခု ကြည်ဖြူပေးထားလိုက်ရင် ကိုယ့်ဘက်က ခပ်မှန်မှန် အနေအထားနဲ့ နေလို့ရတယ် လေ ...၊ အလုပ် အတူတွဲလုပ်နေရပြီးမှဆိုရင် ဘာပဲဖြစ်ဖြစ် ကိုယ်က သူ့သဘောကျ လုပ်ရကိုင်ရမယ့် အနေအထား သူ့မျက်နှာ ကြည့်ရမယ့် အနေအထား ရှိနေတယ်"

"သူ့မျက်နှာ ကြည့်မနေနိုင်ပါဘူး"

"အစ်ကိုကြီးက ဖွတ်တိုးမပြောနဲ့လေကွယ်၊ ယု ပြောတာ သဘောပေါက်စမ်းပါ"

"ဟ ... ငါ့ဘက်ကိုလည်း စဉ်းစားပါဦး၊ ခပ်တင်းတင်း နေရာက ရုတ်တရက်ခေါ်ပြီး သဘောတူတယ်ဟော့ ... ဟီးဟီးဟဲဟဲနဲ့ လုပ်ဖို့ ဘယ်လောက်အောက်လဲ"

"ဟီးဟီးဟဲဟဲ လုပ်စရာ မလိုပါဘူး"

"ဒါဖြင့် ဘာလုပ်ရမှာလဲ"

"အစ်ကိုကြီး ဘာမှကို လှုပ်ရှားဆောင်ရွက်နေဖို့ မရှိပါ ဘူး ... အစ်ကိုကြီးက အစ်ကိုပဲ ... ကိုယ့်ဟာကိုယ် သင့် သလို ခပ်ရှောင်ရှောင်လေး နေပေါ့ ... ယု တစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြားခံရှိပါသေးတယ်၊ ယုပဲ ပြောဆို စီစဉ်မှာပေါ့၊ အစ်ကိုကြီးကို ခုပြောနေတာက ဘာမှ မကန့်ကွက် မနှောင့်ယှက်ဘဲ ကြည့်ရတာ အမြင်ကတ်တာတွေ မဖြစ်ဘဲ သဘောတူပါတယ် ... မင်း ကြည့်လုပ်ပေါ့ ... ဆိုတာလေးပဲ ယုကိုပြောရုံပဲ"

"နေပါဦး ... ငါတို့က သဘောတူပါတယ် ... သဘောတူပါတယ်နဲ့ ဖြစ်နေရအောင် သူတို့ချင်းက ဘာဖြစ်သေးလို့လဲ ... ဟိုကောင်က ကြိုက်နေတယ် ... ဒါပဲမို့လား ..."

ယုက ပြုံးကာ ခေါင်းကလေး ယမ်းလိုက်ရင်းက ...

"ဒါပဲမဟုတ်ဘူး ... ရှင်ရှင်ကလည်း မောင်မင်းကို မေတ္တာရှိတယ်"

"ဘာ ... သူတို့က ချစ်သူတွေ ဖြစ်ပြီလား"

"ဖြစ်နေပြီ အစ်ကိုကြီးရဲ့"

"ဟင် ... တောက် ... ဒီဟာမတော့ကွာ၊ ဘယ်သူ့မှလဲ မတိုင်ပင် ... ကွျတ်"

"ရှင်ရှင်က ယုကို ပြောပါတယ် ... သူပြောလို့ ယုသိတာပေါ့ ...၊ အစ်ကိုကြီးကတော့ အလကားနေ ဒေါပွနေတာ သူက ဘယ်ပြောရဲမလဲ"

"မင်းကို ပြောတယ်ဆိုတာလည်း ရည်းစားဖြစ်ပြီးမှ မဟုတ်လား ယုရဲ့"

"သူအဖြေပေးတဲ့နေ့ပဲ ပြောပြတယ်၊ ဒါတော်လှပြီပေါ့





ပြန်စဉ်းစားကြည့်ပါဦး၊ ယု ဆိုရင်လည်း ဒီလိုပဲ အစ်ကိုကြီးကို အဖြေပေးပစ်လိုက်တာပဲလေ၊ ကိုယ်ကြိုက်တာကိုး၊ အိမ်ကိုတော့ အစ်ကိုကြီးက ပရိုပိုစ် လုပ်ထားပြီး ဝင်ထွက်နေသယောင်ပဲ ရှိသေးသလို ပြောထားခဲ့ရတာပဲ မဟုတ်လား ...

လူကြီးမိဘတွေ သဘောကျတတ်တဲ့ ... နှစ်နဲ့ချီတဲ့ အချိန်အပိုင်းအခြားကိုရောက်မှ ကိုယ်အဖြေပေးပြီးတာဖြင့် အတော်ကြာမှ အိမ်ကို လူကြီးမိဘကို ဖွင့်ပြောတာပဲလေ၊ မေမေက စဉ်းစားခိုင်းထားသေးတယ် ... မြန်မြန်ကြီး အဖြေပေးရင် ဆူလိမ့်မယ်ဆိုတော့ အစ်ကိုကြီး ဘာပြောခဲ့လဲ ... မေမေ မသိအောင် ကြိုအဖြေပေးထားပါဆို ... မှတ်မိရဲ့လား ..."

"ကျွတ် ..."

ဦးဘုန်းပြည့်က ဘာမှ မပြောနိုင်၍ မျက်နှာကြီးကို မဲ့ထားပါသည်။

"ကိုယ့်တုန်းကနဲ့ နှိုင်းယှဉ်ကြည့်မှပေါ့ ...၊ ကိုယ်လူကြီးဖြစ်လာတာနဲ့ ကိုယ်ငယ်စဉ်တုန်းက ဘယ်လိုနေခဲ့ထိုင်ခဲ့တာကို မေ့မပစ်နဲ့လေ အစ်ကိုကြီးရဲ့၊ အစ်ကိုကြီးဆို နေ့တိုင်းပဲ ကျောင်းတက်နေတဲ့ ယုကို ကလပ်စ်ထဲက လာလာထုတ်သွားတာပဲ၊ လျှောက်လည် ... မုန့်စား ... ဘုရားသွား ရုပ်ရှင်ကြည့်နဲ့ ... ရှင်ရှင်နဲ့ မောင်မင်း ဆိုရင် ဒီလိုမသွား



www.burmeseclassic.com

www.burmeseclassic.com



မလာကြရရှာပါဘူး ... စဉ်းစားကြည့်ရင် မောင်မင်းတ
အစ်ကိုကြီးထက်တောင် မိန်းကလေးရှင်ကို အရိုအသေ
ထားပါသေးတယ်"

"တော် ... တော် ... တော်တော့ ဒေါ်ယုဇနေ၊ ဆက်ပြောနေ
ရင် ငါသာလျှင် ရစရာမရှိ အဆိုးကြီးလုံးလုံး ဖြစ်ရတော့
မယ်"

"ဟုတ်တယ်လေ ... သူတို့စုံတွဲက ကိုယ်တို့စုံတွဲထက်
အများကြီး ထိန်းသိမ်းလိမ္မာတာပဲဟာ"

"တော်ပါဆိုကွာ ...၊ ဒီမိန်းမ ဘယ်လိုဖြစ်နေလဲ ... တော်
တော့ ... ကဲ ... မင်း ဘာဖြစ်စေချင်လဲ ... မောင်မင်းတို့
ရှင်ရှင်နဲ့ ငါသဘောတူစေချင်တယ် ဟုတ်လား၊ ငါကအော
လုံးဝ သဘောမတူဘူးလို့ တစ်ခွန်း ပြောမိသေးလို့လား"

"ဒါဖြင့် သဘောတူတယ်ပေါ့"

"မျက်နှာကြော မတည့်တာလေးပဲ ရှိတာ"

"သဘောတော့ တူတယ်ပေါ့"

"တူရတော့မှာပေါ့ ... ကိုယ့်ညီမက ကြိုက်နေမှပဲ"

"အောင့်သက်သက်ကြီး သဘောမတူပါနဲ့ ... ရှင်ရှင် ဝမ်း
သာအောင် ကျေကျေနပ်နပ် သဘောတူလိုက်ပါ"

"ဟာ ... မင်းဟာကကွာ ... တစ်ထစ်ပြီးတစ်ထစ် ... တ
ခါတည်းကို မပြီးဘူး၊ ကျေနပ်တယ်ကွာ၊ သဘောတူတယ်
ကွာ၊ ဒီလောက်ဆို တော်လောက်ပြီ ထင်တယ်"





ယုဇနေက ရယ်မောကာ ဦးဘုန်းပြည့် ပခုံးစွန်းကို အသာအယာ ရိုက်ပုတ်မိပါသည်။

"သဘောတူတာကတော့ ထားတော့ ... ရုတ်တရက် အိမ်ပေါ်တက် ဝင်ထွက်လာရင်တော့ ငါ မျက်နှာပူတယ်နော်"

"ဒါတော့ ... ကြည့်ကျက်လုပ်ရမှာပေါ့"

"အကြောင်းခိုင်ခိုင်လုံလုံလေးနဲ့မှ ရောက်လာပစေ၊ သဘောတူတယ်ဟေ့ ... လာဟေ့ ဆိုတာမျိုးတော့ မလုပ်နဲ့နော်ယု"

"မလုပ်ပါဘူး အစ်ကိုကြီးရယ် ... ယု စဉ်းစားလိုက်ပါဦးမယ်၊ လောလောဆယ်တော့ ရှင်ရှင်က တစ်ဆင့် အိမ်က မကန့်ကွက်ပါဘူး ဆိုတာလောက် ပေးသိထားမှာပေါ့"

"မျက်နှာပူစရာ မဖြစ်အောင်တော့ လုပ်ကွာ"

ဘာပဲဖြစ်ဖြစ် ကိုကိုကြီး မီးစိမ်းပြလိုက်သည်ဆိုသည့် သတင်းကို ယုဇနေထံမှ သိရတဲ့အခါ ခင်လေးရှင် အကြီးအကျယ် ပျော်ရွှင်ရပါသည်။ အင်း ... ခက်တာက ခုတစ်လော အလုပ်များ အလုပ်ရှုပ်လွန်းကာ အားလပ်ချိန်မရှိနိုင်လောက်အောင် ဖြစ်နေတဲ့ မောင်မင်းကို မီးစိမ်းသတင်းပြောပြဖို့ပင် သူတို့ မတွေ့ကြရတာ ဖြစ်ပါသည်။

မနက်ဆို မောင်မင်း အပြင်ထွက်သွားတတ်သည့် အချိန်တွေမှာ ကိုယ့်အိပ်ခန်း ပြတင်းပေါက်မှ ... ဒါမှမဟုတ် ...



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်း ပြတင်းပေါက်မှ လှယောင်ပြ နှုတ်ဆက်လက်ပြရတာ ကလေးမျှသာ ရှိပါသည်။

မောင်မင်းက နေ့လယ်အားလပ်လို့ ခဏကလေး လစ်ထွက်လာတွေ့နိုင်တယ် ဆိုရင်တောင်မှ ခင်လေးရှင်ရဲ့ ကျောက် မျက်သင်တန်းက ပြီးစီးသွားပြီမို့ သင်တန်းကို မသွားရတော့တဲ့ အတွက် လာတွေ့လို့မရနိုင်တော့ပါ။ ခင်လေးရှင် ဘာသာ ကိုယ့် ကိစ္စနှင့်ကိုယ် အပြင်ထွက် ဈေးသွား ... သွားလာတာတွေ ရှိပေ မယ့် ဘယ်တော့ ဘယ်ကိုသွားမည်ဆိုတာ မောင်မင်းကို ပြောခွင့် မသာပါ။

ကံဆိုးတာက မောင်မင်း အိမ်မှာ ဖုန်းမရှိခြင်းပါပဲ။ အကြည်တို့ဟာ ဟိုဘက်ခြံက ဗီဒီယိုခွေ ဆိုင်လေးကို ရောက်တတ် ကြတုန်းပါ။ ဆိုင်မှာ ဆိုင်ထိုင်ဖို့ ကောင်လေးနှစ်ယောက် ခန့်ထား ကာ တစ်ခါတစ်ရံလည်း မောင်မင်းတို့တစ်တွေပါ ရှိတတ်လျက် တစ်ခါတစ်ရံလည်း တစ်ယောက်တလေသာ ရှိတတ်ပါသည်။

အကြည်တို့ အနှံ့တို့ အခွေသွားငှားတုန်း စာကလေး တစ်စောင်တလေ ရေးပေးလိုက်လို့ ရနိုင်သော်လည်း ခင်လေးရှင်က ဤသို့ ရေးပေးလိုက်ရမှာကို ရှက်ပါသည်။ မောင်မင်း ကိုယ်တိုင် ကလည်း အကြည်တို့နှင့် စာပါးလိုက်တာမျိုး မလုပ်တဲ့အတွက် ခင်လေးရှင်ကလည်း မလုပ်လိုပါ။

သို့ပေမယ့် မမျှော်လင့်ဘဲ အခွင့်အရေးတစ်ခု ပေါ် လာတာက ဦးဘုန်းပြည့် မန္တလေးကို သွားရဖို့ကိစ္စ ပေါ်လာလို့





ပါပဲ။ အလုပ်ကိစ္စအတွက် ဦးမင်းကြီးနှင့် တွေ့ဆုံစာချုပ်ချုပ်ဆိုဖို့ ရှိသောကြောင့် ဦးဘုန်းပြည့် မန္တလေးကို နှစ်ရက် သုံးရက်မျှ သွားရပါမည်။

ကိုကိုကြီး ရှိနေ၍ မျက်စိနောက်မှာ ကြည့်မရမှာ စိုးရိမ်ပြီး မောင်မင်းနှင့် ခြံစည်းရိုးကြားက စကားပြောခွင့်လေးပင် မဖန်တီးရဲသော ခင်လေးရှင်မှာ ကိုကိုကြီး ခရီးသွားမည်ဆိုတော့ အတော် ဝမ်းသာရပါသည်။ မမယုကတော့ မောင်မင်းကို သဘောကျသူပင်ဖြစ်၍ ခင်လေးရှင်ကို ကန့်ကွက်နှောင့်ယှက်မည် မဟုတ်။

မောင်မင်းနှင့် စကားပြောခွင့်ရဖို့တော့ ဖန်တီးရမည်။ ကိုကိုကြီး မရှိဘူးဆိုရင် မောင်မင်း ဒီဘက်ကိုလာပြီး စကားပြော လို့ ရသလို ခင်လေးရှင်လည်း မောင်မင်းထံသို့ စကားပြောရုံ ခဏတဖြုတ်တော့ သွားလို့ ရနိုင်ပါသည်။ ကိုကိုကြီး မိးစိမ်းပြ တယ်ဆိုလျှင် မောင်မင်း ဝမ်းသာမှာ အမှန်မို့ ထိုပျော်စရာသတင်း ကို ပေးလိုလှပါသည်။

အဲဒီသတင်းကလေး ပေးရဖို့ကိုပဲ စောင့်လိုက်ရတဲ့ ရက်တွေ။ စိတ်များပင် မရှည်နိုင်အောင်။ ကိုကိုကြီးက မနက်ခင်း တစ်ခုမှာ ရထားနှင့် မန္တလေးကို ထွက်ခွာသွားပြီ ဆိုတဲ့အခါ ခင် လေးရှင်မှာ ရင်တခုန်ခုန်နှင့် တစ်ဖက်ခြံကို အရိပ်အကဲ ကြည့်ရ သည်။ အိမ်နောက်ဘက်မှာ နန္ဒကို တွေ့နေရတာမို့ အိမ်မှာလူတော့ ရှိသည်။ မောင်မင်းသာ ရှိမရှိ မသေချာတာ။



www.burmeseclassic.com

"မမယု"

"ဘာလဲ ရှင်ရှင်"

"ရှင်ရှင် မောင်မင်းကို စကားခဏသွားပြောချင်တယ်၊ ဆိုင်ခန်းတွေရှေ့လောက်မှာပဲ ရပ်စကားပြောပါ့မယ်"

မမယုက ဦးဘုန်းပြည့် လစ်မှ လှုပ်ရှားဝံ့တော့သော ခင်လေးရှင်ကို ဟက်ဟက်ပက်ပက် ရယ်ပါသည်။

"ဟုတ်တယ် မမယုရယ်၊ ကိုကိုကြီးက ခေါင်းညိတ်ပါပြီ ဆိုတာတောင်မှ သူထပ်မျက်စိနောက်မှာစိုးလို့ တစ်ချက်မှ မလှုပ်ဝံ့ဘူး၊ မောင်မင်းကလည်း ကိုကိုကြီး ရုံးသွားချိန်တွေပါ သူက မရှိ။ သူကလည်း အလုပ်တအားများနေတော့ ပြတင်းပေါက်ကပဲ လှမ်းမြင်ရပြီး စကားတောင် မပြောရတာ တစ်လလောက်တောင် ရှိပါပြီ မမယုရယ်"

"အေးလေ ...၊ ဟုတ်ပါရဲ့ ...၊ ကဲ ... သွား ... သွား ... မောင်မင်း အပြင်ထွက်သွားဦးမယ်"

ခင်လေးရှင်သည် ခြေဦးပင် မသုန်းရဘဲ ကြာပြီဖြစ်သော တစ်ဖက်ခြံက ဆိုင်ခန်းလေးတွေရှေ့သို့ ကလေးတစ်ယောက်နှယ် အပြေးရောက်ခဲ့ပါသည်။

"မောင်မင်း ... မောင်မင်းရေ ..."

"... ... ..."

"မောင်မင်းရေ"





ခြံနောက်ဖက်မှ နန္ဒ ပြေးထွက်လာကာ ခြံတံခါးဝ ရောက်လာပြီး ...

"မခင်လေးရှင်"

"ဩော် ... ကိုနန္ဒ ..."

ခင်လေးရှင်က ခြံဝဘက် ဆက်လျှောက်လာကာ ...

"မောင်မင်း သွားပြီလားဟင်"

"သွားပြီဗျ"

"ညနေ ဘယ်အချိန် ရောက်မလဲ"

"ဘယ်ကိုလဲ ... ဟိုကိုလား၊ လေယာဉ်နဲ့ဆိုတော့ ခဏပဲလေ ... ခုလေးတင်ပဲ ရောက်မှာပေါ့"

"ဟင် ... ဘယ်ကို ပြောနေတာလဲ"

"ဟင် ... မခင်လေးရှင်က ဘာကို မေးတာလဲ"

"မောင်မင်း ... သူ့ဆိုက်ထဲ ဆိုတာကို သွားလားလို့"

"ဩော် ... မောင်မင်းက ဒီမနက်ဘဲ မန္တလေးကို သွားတယ်လေ"

"ဟင် ..."

"မခင်လေးရှင် မသိဘူးလား"

"ဘယ်သိပါ့မလဲ ...၊ ကျွန်မတို့ တွေ့မှ မတွေ့တာ"

"ဩော် ... ဟုတ်လား ...၊ လုံးဝ မတွေ့ဘူးလား၊ မသိပါဘူး ... ကျွန်တော်တို့က တစ်နည်းနည်းနဲ့တော့ တွေ့နေရနေလားလို့"

www.burmeseclassic.com



"သူကလည်း မအားဘူး၊ ကျွန်မကလည်း သင်တန်းမသွားတော့ဘူး၊ အဲဒီတော့ မတွေ့ကြဘူး၊ လှမ်းမြင်ရတာလောက်ပဲ ရှိတာ"

"ဟောဗျာ ...၊ ခင်ဗျားတို့ကလည်း နေနိုင်လိုက်တာ၊ မောင်မင်းက သူ့အဖေ ဒီမှာဆောက်မယ့် အိမ်ရာစီမံကိန်းအတွက် လုပ်စရာ ကိုင်စရာ စာချုပ်စရာတွေရှိလို့ မန္တလေးကို ခုမနက်ပဲ သွားတယ်၊ သိပ်မကြာပါဘူး၊ နှစ်ရက် သုံးရက်ပဲ ကြာမှာ"

ခင်လေးရှင်က နှာခေါင်းရှုံ့မိသည်။ ကိုကိုကြီး ပြန်ရောက်မှာနဲ့ အံကိုက်ပဲ။ သိပ်ဝကျတာပဲ။

"ခင်ဗျားကလည်း ခုလို လာလို့ရရဲ့သားနဲ့ ... အရင်ရက်တွေကတော့ လာပါလား"

"အို ... မလာရဲပါဘူး၊ ကိုကိုကြီးလည်း ဒီမနက် ခရီးသွားလို့ ဒီမနက်မှ လာရဲတာ ..."

"ဗွန်း ... ခင်ဗျားတို့ဟာကလည်း မလွယ်ပါလား၊ မောင်မင်းဖုန်းနံပါတ် မှတ်သွားလေ၊ သူ့အခု အလုပ်များလာတော့ ဟဲန်းဒ်ဖုန်းတစ်လုံး ကိုင်ထားတယ် ...၊ နောက်ဆက်လို့ရအောင်"

နန္ဒာ ပြောသော နံပါတ်ကို ခင်လေးရှင်က စိတ်နှင့်ပင် မှတ်ထားလိုက်ပါသည်။





"ခင်လေးရှင်တို့ အိမ်ဖုန်းလည်း ပေးခဲ့ဦး၊ မောင်မင်းက ဆက်ချင်တာ၊ နံပါတ်ကမသိ။ ဘယ်သူ့ကိုမှလည်း သူက မမေးချင်။ ခင်ဗျားတို့ ဥစ္စာကလည်း အလွဲချည်းပဲ"

ခင်လေးရှင်က အိမ်ကဖုန်းနံပါတ်ကို နန္ဒကို ပေးခဲ့ရပါသည်။ ပြန်ဖို့အလှည့်တွင် ...

"နှစ်ရက် သုံးရက်နေရင် မောင်မင်း ရောက်မှာပဲ၊ တွေ့လို့ရဖို့ ပြောထားမယ်လေ"

"ပြောမနေနဲ့တော့ရှင်၊ ကိုကိုကြီးကလည်း နှစ်ရက်သုံးရက်နေ ရောက်မှာ၊ အတူတောင် ပြန်ရင်ပြန်လာမှာ ... မန္တလေးချည်းပဲ သွားကြတာပဲဟာ၊ ပြီးတော့ ကိုကိုကြီးက မောင်မင်းအဖေနဲ့ အလုပ်လုပ်ဖို့ စာချုပ်ချုပ်တာဆိုလား ဘာလားမသိဘူး ... အဲဒါ သွားလုပ်တာ"

နန္ဒက မျက်ခုံးပင့် အံ့သြနေပါသည်။

"ဟုတ်လား။ ဒါဖြင့် သိပ်မလွဲတော့ဘူး၊ နည်းနည်းတည့်လာပြီ ထင်တယ်"

ခင်လေးရှင်မှာ စိတ်ဓာတ်ကျကျနှင့် နေးတုံ့တုံ့ ပြန် လာခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းပြည့် တည်းခိုဖို့ ဟိုတယ်ကို ဦးထွန်းမြတ် လမ်းညွှန်ပေးပါသည်။ မိတ်ဆွေတွေထည်းကပဲ ဒီမှာတည်းလိုက်ပါဆို၍ ဦးထွန်းမြတ် ညွှန်သော ဟိုတယ်မှာပဲ တည်းခိုလိုက်ပါသည်။ ကိုယ့်အခန်းထဲ ကိုယ်စ,ဝင်မည့်ဆဲဆဲမှာပင် အလယ်စင်္ကြံလေးရဲ့ ဟိုတစ်ဖက်ခြမ်း မျက်စောင်းထိုး အခန်းလောက်က တံခါးချပ်ခနဲ ပွင့်လာကာ ထွက်လာသူကို တွေ့လိုက်လျှင် ဦးဘုန်းပြည့်သည် တအံ့တသြနှင့် ကိုယ့်အခန်းကိုယ် အမြန်လှမ်းဝင်လိုက်ပါသည်။

မောင်မင်းကြီးသား။

သူကလည်း မန္တလေးရောက်နေကာ ဒီဟိုတယ်မှာ တည်းခိုနေပါလား။ ဟိုတယ်မှာ တည်းတာကတော့ အဘွားကနှင်ချထား၍ အိမ်ပေါ် အသာလေး ပြန်တက်မနေလိုတာ ဖြစ်မည်။ မန္တလေး ရောက်နေတာကတော့ ဦးဘုန်းပြည့် ရောက်လာရသော အလုပ်ကိစ္စအတွက်ပဲ ဖြစ်ဖို့ကလွဲ၍ ဘာမှ မဖြစ်နိုင်ပါ။

သူက ကိုယ့်ထက်အရင် ဒီဟိုတယ်ကို ရောက်နေ၍





ကိုယ်တည်းခိုတဲ့နေရာ လိုက်တည်းတယ်လို့ လုံးဝပြောလို့ မရပါ။ အခု အနေအထားမှာတော့ ဦးဘုန်းပြည့်ဟာ မောင်မင်းကို အမြင်ကတ်ဖို့ထက် မအီမလည်ကြီးသာ ခံစားနေရပါသည်။ ဒီကောင်နှင့် မျက်နှာချင်းဆိုင်ကာ အလုပ်ကိစ္စတွေ ပြောရ ဆိုရပေဦးမည်။

နောက်တစ်နေ့မှာပဲ ဦးဘုန်းပြည့်နှင့် နောက်တစ်ယောက်ဖြစ်သော ဦးဝင်းမောင်တို့ အဆင်သင့်ဖြစ်ကြောင်း ဦးထွန်းမြတ်က ဦးမင်းကြီးကို အကြောင်းကြားကာ ထိုနေ့လယ်မှာ ဦးမင်းကြီးရဲ့ ရုံးခန်း၌ တွေ့ဆုံကြဖို့ အချိန်းအချက်ပြုကာ ဟိုတယ်ကို ဖုန်းဆက်အကြောင်းကြားပါသည်။

ကိုယ်တိုင်က ရန်ကုန်မှာ မြေကွက် အပြီးဝယ်ကာ ရှစ်ထပ်တိုက်ကြီးတွေ ကိုယ်ပိုင်ဆောက်နေတဲ့ လူစားမျိုးဖြစ်သော်လည်း ဦးမင်းကြီးနှင့် ယှဉ်တော့ သူတို့ဟာ ကန်ထရိုက်တာ အဆင့်သာ ရှိပါတော့သည်။ ဦးမင်းကြီးကတော့ ဒဗလော့ပါပေါ့။ သူကတစ်ဆင့် ဦးဘုန်းပြည့်တို့ကို အလုပ်ပြန်ပေးတာဖြစ်၍ ကိုယ့်အဆင့်ဟာ ကန်ထရိုက်တာသာပါ။

ဤလုပ်ငန်းမှ ကိုယ့်အတွက် အကျိုးအမြတ် ရချိန်၌ ကျန်ရစ်မှာကြောင့် ကျေနပ်တက်ကြွတာကတစ်ပိုင်း၊ မောင်မင်းနှင့် လုပ်ကိုင်ပြောဆိုရမှာကိုလည်း စိတ်ပျက်နေတာကတော့ တစ်ပိုင်းပင်။ နေ့လယ်စာ Lunch အပြီးမှာ ဦးမင်းကြီး ရုံးခန်း



www.burmeseclassic.com

www.burmeseclassic.com



ကို သွားကြမှာမို့ အခန်းချင်းကပ်လျက်နေသော ဦးဝင်းမောင်နှင့် ဦးဘုန်းပြည့်တို့ နေ့လယ်စာကို အတူဆင်းစားကြပါသည်။

စားနေကြတုန်း စားပွဲထိုးကောင်လေး ကပ်လာကာ_

"အစ်ကိုတို့ကို ဧည့်သည်တစ်ယောက်က စကားပြောချင်လို့ပါ ခင်ဗျာ"

နှစ်ယောက်သား ခေါင်းမော့ကြည့်လိုက်လျှင် စားသောက်ခန်း အပေါက်ဝနားက ကောင်တာမှာ ရပ်နေသော မောင်မင်းကို တွေ့လိုက်ရပါသည်။ တန်းမလာဘဲ ခွင့်တွေ ဘာတွေတောင်းလို့ ...။

"ရပါတယ် ခေါ်လိုက်ပါ"

ဦးဘုန်းပြည့် ခေါင်းညိတ်လိုက်ရပါသည်။

"ဦးဘုန်းပြည့် ဧည့်သည်လား"

"အဲဒါ ... ဦးမင်းကြီးရဲ့ သားဗျ"

"ဩော် ... ဟုတ်လား၊ ခင်ဗျားနဲ့က သိပြီးသားလား"

"အင်း ... သိတယ် ဆိုပါစို့ဗျာ၊ ရန်ကုန်မှာ သူက ဘေးခြံကပ်ရက်မှာ လာနေလိုက်တော့ သိသွားတာပါ"

"ဟာ ... အဆင်ပြေတာပေါ့ဗျာ၊ ရန်ကုန်ကျ သူနဲ့လုပ်ရမယ်လို့ ပြောတယ်"

မောင်မင်းက အနားရောက်လာလျှင် ခုံတစ်လုံးဆွဲ၍ တရင်းတနှီးပင် ဝင်ထိုင်လိုက်ပါသည်။





"ဒီအလုပ်ထဲ အစ်ကိုကြီး ပါတာ ဒီမနက်မှ သိတယ်၊ ဦးထွန်းမြတ် ဖုန်းဆက်ပြောတာ၊ ဒီမှာတည်းနေမှန်းတောင် မသိဘူး ... မြင်လည်း မမြင်မိဘူး ..."

"အခန်းထဲပဲ နေနေလို့ ..."

"ဦးထွန်းမြတ်က စာချုပ်မယ့် ကန်ထရိုက်တာတွေထဲမှာ ဦးဘုန်းပြည့်လည်း ပါတယ်ဆိုလို့ ... ကျွန်တော်က ဘယ်က ဦးဘုန်းပြည့်လည်းလို့ မေးကြည့်တာ၊ မင်းတို့ဘေးခြံက လေတဲ့၊ မမျှော်လင့်ဘူးဗျာ၊ ဝမ်းသာလိုက်တာ"

သူကတော့ တကယ်ပင် ဝမ်းသာအယ်လဲ ဖြစ်နေကာ ဦးဘုန်းပြည့်မှာတော့ ကောင်းကောင်းပင် မပြုံးနိုင်ပါ။ မျက်နှာက အလိုအလျောက် အရေပြား တင်းနေသလို ဖြစ်နေသည်။

"ဒါက ဦးဝင်းမောင်တဲ့ ...၊ ကိုယ့်လိုပဲ စာချုပ်မယ့်သူပဲ"

"ဟုတ်ကဲ့ ... သိရတာ ဝမ်းသာပါတယ်"

"သူကတော့ မောင်မင်းကြီးသားတဲ့။ ဦးမင်းကြီးရဲ့သားပေါ့ဗျာ"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ် ... ငယ်ငယ်ပဲ ရှိသေးတာကိုး၊ အင်းလေ ... ဦးမင်းကြီး ကိုယ်တိုင်ကိုက သိပ်မကြီးသေးဘူး ကြားတယ်"

"ဟုတ်ကဲ့ ... ဖေဖေက ငါးဆယ်ကျော်ပါပြီ"

"ငယ်သေးတာပါပဲ ... ညီလေးတို့ဆို ရှေ့ဆက် ဒီကောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ဖို့ အချိန်တွေ အများကြီး ရှိသေးတယ် ... ငယ် ငယ်ရွယ်ရွယ်နဲ့ အောင်မြင်နေတာပဲ"

"မအောင်မြင်သေးပါဘူး ခင်ဗျာ၊ ဖေဖေ ခိုင်းတာ လုပ် တာလောက်ပဲ ရှိပါသေးတယ်၊ ကျွန်တော်က တခြား ဖေဖေ့ အလုပ်တွေ ကူခဲ့ဖူးပေမယ့် ဆောက်လုပ်ရေးနဲ့ ပတ်သက်ပြီး ခုမှ စ,ရမှာပါ၊ အစ်ကိုကြီးတို့တွေဆီက ပြန်လေ့လာရပါဦးမယ်"

ဦးဝင်းမောင်နှင့် မောင်မင်းက စကားလက်ဆုံ ဆက်ကျနေပြီး ဦးဘုန်းပြည့်က လူသိလို ဖြစ်ပါလျက် စကား နည်းနေရပါသည်။ ဒီကောင်က မျက်နှာပူတာ ဘာညာမရှိ ပေါ့ ပါးလွတ်လပ်နေလျက် ကိုယ်သာလျှင် စိတ်ကျဉ်းကျပ်နေပါသည်။

"စားပြီးရင် ဖေဖေ့ရုံးခန်း သွားကြမှာပဲ မဟုတ်လား၊ ကျွန်တော် ဖေဖေ့ဆီက ကားတစ်စီး ယူထားတယ်၊ တစ်ခါတည်း တူတူသွားလိုက်ကြတာပေါ့"

"ရပါတယ်ကွာ ... ကိုယ့်အစီအစဉ်နဲ့ကိုယ် လာလိုက်ပါ့ မယ်"

"ဩော် ... အဲဒီကိုပဲ သွားမယ့်ဟာချည်းပဲဟာ ... အတူတူ သွားတာပေါ့၊ အစ်ကိုကြီးတို့ ဟိုတယ်က ကားငှားနေရဦး မယ် ... အချိန်လည်းနီးနေပြီ ... စားပြီးရင် တစ်ခါတည်း ထွက်တာပေါ့"





"ညီလေးရော စားသောက်ပြီးပြီလား"

ဦးဝင်းမောင်က ညီလေး တစ်ခါခေါ်လိုက်လျှင် ဦးဘုန်းပြည့်မှာ တွန့်ခနဲ ဖြစ်ရပါသည်။ သူကတော့ ညီလေး မခေါ်နိုင်ပါ။

"စားပြီးပါပြီ ခင်ဗျ"

ခုတော့ စကားပြောတာ မွန်မွန်ရည်ရည်နှင့်ပင်။ ဝတ်စားထားတာကတော့ ... အရေးပါတဲ့ စီးပွားရေးစကား ပြော ဆိုစာချုပ်ချုပ်ဖို့အတွက် လိုက်ဖက်ညီသော ဝတ်စုံမျိုးမဟုတ်ပါ။ ထုံးစံအတိုင်း ဂျင်းဘောင်းဘီ အနက်ရောင်ပွအိအိ။ အပေါ်က တီရှပ်မီးခိုးရောင်ပေါ် မီးကာသားဆန်ဆန် လက်ပြတ်ခေါင်းဆောင်း ပါသည့် အဖြူတစ်ထည်ကို ရှေ့ဇစ်ဖွင့်ကာ ထပ်စွပ်ထားပါသည်။

အင်း ... ဦးဝင်းမောင် ကိုယ်တိုင်တောင် စပို့ရှပ် ခြေမှအစင်းတစ်ထည်နှင့် ပုဆိုး ဝတ်ထားပါသည်။ ဦးဘုန်းပြည့် သာလျှင် ရှပ်လက်ရှည် ကြည်ပြာနု တစ်ထည်ကို လည်ပင်းကြယ် သီး လက်ကြယ်သီးများ အပြည့်အစုံ တပ်ဆင်၍ အားလုံးထဲ သပ်ရပ်ထွက်နေသည်။

ဦးမင်းကြီးထံရောက်၍ စကားပြောဆိုကြတော့လည်း အလုပ်သူကပဲ ခြိမ်းနားချင်းအဖြစ် ခင်ခင်မင်မင် ဆက်ဆံပြ နေလို့ပဲလား မသိ ...၊ ဦးဘုန်းပြည့်ကို ဦးမင်းကြီးက လိုက်လိုက် လဲလဲ့ ဆက်ဆံပါသည်။

www.burmeseclassic.com



ဦးမင်းကြီး ဆိုသူဟာလည်း သဘောသကာယ ကောင်းမွန်ပြည့်ဝပုံ ရကာ ... စကားပြော မွန်ရည်ယဉ်ကျေးလှပါသည်။ ဦးဘုန်းပြည့်ကပင် သူ့ကို အမည်သာ ကြားဖူးပါလျက် သူက ဦးဘုန်းပြည့်ကို မြင်ဖူးပါသတဲ့။ လွန်ခဲ့တဲ့တစ်နှစ် လုပ်ငန်းရှင်များ ကုမ္ပဏီများကိုသာ ဖိတ်ကြားပြသသော ထရိတ်ဖဲတစ်ခုမှာ ဦးထွန်းမြတ်နှင့် နှုတ်ဆက်စကား ပြောဆိုတာ တစ်ခါမြင်ဖူးရုံနှင့် မှတ်မိနေပါသည်တဲ့။

ဦးမင်းကြီး ကိုယ်တိုင်က ဟက်ဟက်ပက်ပက် လှိုက်လှိုက်လှဲလှဲ ရှိလှ၍ ဦးဘုန်းပြည့်မှာ လိုက်လျောညီထွေရှိအောင် ကိုယ်ပါ ဟက်ဟက်ပက်ပက် ဝမ်းပန်းတသာ ပြန်လှပ်နေရပါသည်။ ထိုနေ့က စာချုပ် ချုပ်ဆိုသောကိစ္စ ချောချောမွေ့မွေ့ပြီးစီး၍ ညနေစာကို ဦးမင်းကြီးက ဟိုတယ်တစ်ခုမှာ တည်ခင်းကျွေးမွေးပါသည်။

ဟိုတယ်ပြန်ကြတော့ မောင်မင်းက အရောတဝင်တင် တကပ်ကပ်နှင့်။ နက်ဖြန်တစ်ရက်ကို မန္တလေးမှာ လည်ပတ်ဖို့ သန်ဘက်ခါမှ သူနှင့်အတူ လေယာဉ်နှင့်ပြန်ဖို့ စည်းရုံးနေသော်လည်း သူနှင့် စကားပြောရတိုင်း အီလည်လည် ယားကျိကျိ မသက်မသာ ရှိလှတဲ့ ဦးဘုန်းပြည့်က နက်ဖြန်နံနက်မှာပဲ ရထားနဲ့ပဲ ပြန်မည်ဖြစ်တဲ့အကြောင်း ... ဦးဝင်းမောင်နှင့်အတူ ကြိုတင်လက်မှတ် စီစဉ်ပြီးဖြစ်ကြောင်း ဖွတ်ပဲ ငြင်းဆိုရပါသည်။





ဟိုတယ်မှာလည်း ညဘက်တံခါးခေါက် ခေါ်ထုတ်ပြီး ကော်ဖီပွဲ တည်ခင်းရတာနှင့် ... ပြန်မည့်မနက်မှာ ဘရိတ်ဖတ်စ်ကို သူကပဲ တာဝန်ယူ ကျွေးမွေးရတာနှင့် အတင်းကို လုံးနေတော့ကာ ဦးဘုန်းပြည့်ကလည်း မထားတတ်သော မျက်နှာကြီးနှင့်ပင် လျော့လည်းမလျော့ တင်းလည်းမတင်းအောင် မနည်းကြိုးစားပမ်းစား နေနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

မောင်မင်း အရင်ပြန်ရောက်လာရင် ကောင်းမှာပဲ ရယ်လို့ ဆုတောင်းနေမိသော ခင်လေးရှင်မှာ ဆုတောင်းမပြည့်ရပါ။ ဦးဘုန်းပြည့် ပြန်ရောက်လာသော ညဘက်၌ မောင်မင်းက ပြန်မရောက်သေးပါ။ ကိုကိုကြီး ပြန်ရောက်ပြီး ပစ္စည်းတွေချ ... အိတ်ရှင်းနှင့် လုပ်နေရင်း မမယုက ...

"မန္တလေးက ဘာလေး ညာလေး မဝယ်လာဘူးလား အစ်ကိုကြီးရဲ့ ..."

"ဘာ ... ဘာလေး ညာလေးတွေလဲ၊ ဟိုမှာရှိတာအားလုံး ဒီမှာရှိတာပဲ ...၊ ဝယ်လို့ရတာပဲ၊ ဘာဝယ်နေရဦးမှာလဲ ဟိုကောင်က တစ်ရက်နေပြီး လျှောက်ကြည့် ဝယ်ခြမ်းပါ





ဦးတော့ ပြောသားပဲ၊ မဝယ်တော့ပါဘူး၊ အလုပ်ကိစ္စပြီး ပြန်ရုံပဲပေါ့၊ အဲဒီထိုးမုန့်တွေ ... မလိုင်ကရေကရာတွေ ... ဘာညာရှိသမျှ မုန့်အားလုံးလည်း ဒီကောင် ဝယ်ပေးလိုက်တာပဲ ...၊ ကိုယ် ဘာမှ ဝယ်မလာဘူး ..."

"အားလုံး အဆင်ပြေတယ်မို့လား"

"ပြေပါတယ် ... အကုန် အဆင်ပြေတယ် ... ဦးမင်းကြီးကလည်း သဘောကောင်းပါတယ်၊ စကားပြောလို့ ကောင်းတယ်"

"မောင်မင်း အဘွားနဲ့ရော တွေ့ခဲ့သေးလား"

"သူ့အဘွားနဲ့ ဘာကိစ္စ တွေ့ရမှာလဲ ...၊ အိမ်သွားစရာ ဘာအကြောင်းရှိလို့လဲ၊ အလုပ်ကိစ္စ သွားလုပ်တာ ဦးမင်းကြီး ရုံးခန်းပဲ ရောက်တာပေါ့၊ မင်းတို့ မောင်မင်း တောင်မှ သူ့အိမ်သူ မသွားတာ၊ ဟိုတယ်မှာပဲ တည်းတာ ..."

"ဩော် ... အဲလိုလား ..."

"အလုပ်နဲ့ ပတ်သက်လို့ကတော့ ကျေနပ်စရာပါ၊ ဦးမင်းကြီးက ရှင်းတယ် ပြတ်တယ် ... အချိန်လည်း ဆွဲမနေဘူး၊ ပြောစရာရှိတာပြော ... သဘောတူစရာရှိတာတူ ... လက်မှတ်ထိုး၊ တစ်နေ့လယ်ခင်းပဲ၊ အဲဒီမှာ ဖိုင်လ်အစိမ်းလေး တစ်ချက် နှိုက်လိုက်စမ်းပါ၊ လက်ဆွဲအိတ်အပြားလေးထဲ ရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ပြဿနာ စ,တော့တာပင်။

ကိုကိုကြီးမှာ လက်ဆွဲအိတ်ပြားလေးတစ်ခုနှင့် အင်္ကျီနှစ်စုံလောက်ပဲ ထည့်ယူသွားသည့် လက်ဆွဲအိတ်က တစ်လုံးဒါပဲ ပါပါသည်။ အိတ်ပြားလေးထဲမှာက စာရွက်စာတမ်းတွေ ထည့်တာပင်။ ကိုကိုကြီး ပြောသည့် ဖိုင်လ်အစိမ်းလေးကို လက်ဆွဲအိတ်ထဲလည်း မတွေ့၊ အိတ်ပြားထဲလည်းမရှိ။

အားလုံးဟာ ရှုပ်ရှပ်ထွေးထွေး မရှိဘဲ အရှင်းကြီး။ ဖိုင်လ်အစိမ်းလေး လုံးဝမပါလာပါ။

"လုံးဝမရှိတာ အစ်ကိုကြီးရဲ့ ... ဘာဖိုင်လ်လဲ"

"ပြဿနာပါပဲကွာ၊ ဘာဖိုင်လ်ရမှာလဲ၊ လောလောလတ် ဦးမင်းကြီးနဲ့ ချုပ်လာတဲ့ စာချုပ်ပေါ့"

"ဟင် ... ဒုက္ခပဲ ...၊ ဘယ်ထဲထည့်မိသေးလဲ"

"ဒီနှစ်ခုပဲရှိတာ ... ဘယ်ထဲမှ မထည့်မိလို့ပေါ့"

"ရထားပေါ် ကျန်ရင်တော့ ဒုက္ခပဲ ...၊ ကျကျန်တာလား မပါတာလား"

"ဟာ ... ဘယ်သိမလဲကွာ ... မင်းကလည်း ..."

"အစ်ကိုကြီးက ဒီတိုင်းပဲ ...၊ အိတ်ပြားထဲ တစ်ခါတည်း အပြီးထည့်ထားလိုက်ရင် ပြီးနေပြီ၊ အရေးကြီးတာဆို အစ်ကိုကြီး အကျင့်က မကြာ မကြာ ထုတ်ထုတ်ကြည့် တယ်၊ လက်က ကိုင်ထားတတ်တယ်၊ တခြားဟာတွေ ရောထားရင် ပျောက်မှာစိုးပြီး သတ်သတ်လေး ကိုင်





တယ်၊ အဲလိုထုတ်ကိုင်ပြီး တစ်နေရာရာချထားရစ်ခဲ့တာ နေမှာပဲ"

"တောက် ... ဘယ်မှာချရစ်ခဲ့မိလဲ မသိပါဘူးကွာ"

ဦးဘုန်းပြည့်မှာ အတော်စိတ်ညစ်ကာ ခေါင်းတွေ ထုပူလာပါသည်။ လုပ်ငန်းကြီးတစ်ခုအတွက် ကန်ထရိုက်စာချုပ်။ ဒီရက်ပိုင်းကမှ ချုပ်ဆိုခဲ့ပြီး ... အခု ပျောက်ပြီ ...။

"တစ်ခုချင်း ပြန်စဉ်းစားပါဦး ... ရထားပေါ်မှာ ပြန်ဖတ်သေးလား"

"မဖတ်ဘူး"

"သေချာလား"

"သေချာတယ် ... ဦးဝင်းမောင်တောင် သူ့စာချုပ် ထုတ်ဖတ်နေသေးတယ်၊ ကိုယ် ထုတ်မဖတ်ဘူး"

"ဒါဖြင့် မန္တလေးမှာပဲ ကျန်ခဲ့ပြီပေါ့ ...၊ ဟိုတယ်မှာပဲ ဖြစ်မှာပဲ၊ အိပ်ခန်းထဲလား ... ဒါမှမဟုတ် တခြားနေရာတွေ ဟိုချဒီချ ချမိလား ... ဘယ်အချိန် ထုတ်ကိုင် ထုတ်ကြည့်မိလဲ စဉ်းစားစမ်းပါ"

"မမှတ်မိဘူးကွ"

"အစ်ကိုကြီးကလည်းကွာ ..."

"အဲဒါ ဟိုကောင့်ကြောင့်ပဲ ..."

ဟိုကောင် ဆိုတာ ဘယ်သူ့ကို ရည်ညွှန်းလဲ ရှင်းတာမို့ ယုဇနရော ခင်လေးရှင်ပါ မျက်ခုံးပင့်ရင်း ...

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဟာ ... တစ်ချိန်လုံး လူကိုတကပ်ကပ်နဲ့ ... အာရုံများအောင် လုပ်နေတာ ...၊ အဲဒီညကလည်း ကော်ဖီခေါ်တိုက်တာ ... ပျာယာတွေခတ်နေတာပဲ...၊ နောက်မနက်လည်း ဒီအတိုင်းပဲ၊ ပစ္စည်းတွေနဲ့ တစ်ခါတည်းဆင်းလာပြီး ဘရိတ်ဖတ်စ်စားတာ သူ့လက်တွေပဲ ရှုပ်နေတာ ...၊ ဟိုဟာသယ်ပေးတော့မလို ... ဒီဟာ ကိုင်ပေးတော့မလိုနဲ့ ... သူ့လက်ထဲဘာ ... ကိုယ့်လက်ထဲဘာ ... သတိကို မရတော့ဘူး"

"ဒီအိတ်ပြားထဲ အသေထည့်ထားရင် သူဘာလာကိုင်ကိုင် ဘာပျောက်စရာရှိလဲ၊ အစ်ကိုကြီးကိုက ထုတ်ထုတ်ကိုင်နေလို့ပေါ့"

"ထုတ်ထုတ်ကြည့်မိတာတော့ ခဏခဏပဲ၊ သတ်သတ်ထုတ်ကိုင်ထားမိတယ် ထင်တယ် ... ဦးဝင်းမောင် အိမ်ပုံစံနဲ့ ကိုယ့်အိမ်ပုံစံက မတူတော့ နှစ်ယောက်သား ထုတ်တိုက်ကြည့် ... ဆွေးနွေးတာတွေ ရှိတယ်"

"အဲလို ခဏခဏလုပ်ရင်း တစ်နေရာ ကျန်ရစ်မှာပေါ့ ... အစ်ကိုကြီးကတော့လေ ..."

"ကိုယ့်ဟာကိုယ်ဆို ဘာမှ ကျန်ရစ်စရာ မရှိဘူး၊ အဲဒီ မောင်မင်းကြီးသား ရှိနေလို့ပေါ့ ... သူ အနားရောက်လာရင် လူက နေရထိုင်ရလည်းကျပ် ... စိတ်လည်းကျဉ်းကျပ် အရမ်းအာရုံနှောက်တာ ... ငါ့ဟာနဲ့ငါ မျက်နှာကမှ လွှက မေ့လျော့သတိလစ်ကုန်ရော၊ မနက်စာ စားတုန်းလည်း ဘာတွေ တကပ်ကပ် လုပ်နေမှန်း မသိဘူး ... ဟိုဟာဆွဲကိုင် ... ဒီဟာဆွဲကိုင်နဲ့ ... ဒီကောင် ပျာယာခတ်လို့ ဖြစ်တာ"

"ဘာဆိုင်လဲ အစ်ကိုကြီးကလည်း၊ အမိပ္ပာယ်မရှိတာ၊ သူကပ်တာနဲ့ပဲ အစ်ကိုကြီးက ဘာထူပူနေစရာလိုလဲ၊ နေမြဲထိုင်းနေပေါ့၊ အစ်ကိုကြီးကိုက ဖြစ်နေတာ"

"ဒီကောင်ကလည်း သိပ်ဖားတာပဲ၊ ဦးဝင်းမောင်ရှေ့ ရှက်တာပေါ့ကွ"

"ဘာရှက်စရာရှိလဲ၊ ဦးဝင်းမောင်က ဘာသိတာမို့လဲ၊ သူ့ဟာသူ တစ်ယောက်တည်း ဖြစ်နေတာ၊ မောင်မင်းလည်း ဘာမှ မဖြစ်ဘူး ... ဦးဝင်းမောင်လည်း ဘာမှ မဖြစ်ဘူး၊ အစ်ကိုကြီးပဲ ဖြစ်နေတာ၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေပေါ့၊ ရှက်စရာတွေ ထူပူစရာတွေ ဘာမှ အကြောင်းမရှိဘူး၊ ဖြစ်စရာ အကြောင်းမရှိ ... သူ့ဒုက္ခသူရှာ ဖြစ်နေတာပဲ ... သူ့သူ့ကိုယ်ကိုယ် နှမတွေ ရည်းစားထားကြတာပဲ၊ အစ်ကိုကြီးလို ဘယ်သူမှ မဖြစ်ဘူး ... သူ့ကျမှပဲ ..."

"ဟော့ ... ယူ။ မင်း တော်ကွာ"

ဦးဘုန်းပြည့်နှင့် ယုဇနမှာ ရန်ဖြစ်တော့မလို ဖြစ်ပေါ်သည်။

"ကဲ ... အခု ဘာလုပ်မလဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဟိုတယ်ကို အရင် ဖုန်းဆက်ရမှာပေါ့ကွ"

"ဘယ်နေရာချမှန်းလဲ မမှတ်မိတာ၊ ဟိုတယ်တစ်ခုလုံး ပိုက်စိပ်တိုက် ရှာရမလိုပဲ …၊ မောင်မင်းဆီ ဆက်လိုက်ပါလား"

"မဆက်ဘူးကွာ …"

"မတွေ့တော့ရင် ဘယ်လိုလုပ်မလဲ"

"ငွေကြေး အပေးအယူစာချုပ်မှ မဟုတ်တာ။ မတွေ့လည်း ပြောပြ၊ ပြောပြလို့ မရလည်း ပြီးပြီပေါ့ကွာ၊ ဒီအလုပ် မလုပ်ရုံဘဲ … မတတ်နိုင်ဘူး"

ဟိုတယ်ကို ဖုန်းပြန်ဆက်တော့ မနက်ကမှ ပြန်သွားသော ဦးဘုန်းပြည့်ကို ကောင်တာမှ ရီဆက်ပ်ရှင်နစ်စ်ရော မန်နေဂျာပါ မှတ်မိပါသည်။ သို့သော် သူတို့ မျက်စိမြင်ကွင်းထဲ တော့ ဖိုင်လ်အစိမ်းကို ဘယ်သူမှ မတွေ့။ အရေးကြီး စာချု စာတမ်းများ ပါသည်ဆို၍ ရှာပေးပါမည်ဟုတော့ တာဝန်ယူ သည်။ သို့သော် တွေ့ပါမည်လို့တော့ အာမ မခံနိုင်ပါ။

တကယ်တော့ ဟိုတယ်မှာ မဟုတ်ဘဲ ဘူတာရုံမှာ ရထားပေါ်မှာ စသဖြင့် ကျန်ရစ်နိုင်တာပဲလို့ ဓဝေဓဝါ ဖြစ်လာ ရပါသည်။ ဒီလို ညဘက်ကြီးမှာ ဦးမင်းကြီး ရုံးခန်းကိုလည်း ဖုန်းဆက်မရနိုင်ပါ။ ဦးမင်းကြီး အိမ်ဖုန်းကိုတော့ လုံးဝမသိပါ။ ဦးထွန်းမြတ်ကို ဆက်မေးရင်တော့ သိနိုင်သည်။ သို့သော်





ဦးဘုန်းပြည့်သည် သူ နမော်နမဲ့ နိုင်သလို ဖြစ်နေသော ကိစ္စကိုလည်း ရှက်နေပါသည်။

မနေ့က စာချုပ်ချုပ်၊ ထိုအရေးကြီး စာချုပ်ကို ဒီနေ့ပျောက်ဆိုတော့ … သိက္ခာကျစရာ ဖြစ်နေပါသည်။ ဒါကြောင့် လည်း ဖုန်းတွေလျှောက်ဆက်ဖို့ သူ အလွန်ဝန်လေးနေကာ ထို တစ်ညလုံး ယုဇန တတွတ်တွတ် နားပူနေတဲ့ကြားက ဘယ်သူ့ကိုမှ မဆက်တော့ပါ။

သူ့စိတ်ထဲ ကျိတ်၍ မောင်မင်းကိုတော့ မျှော်လင့် ချက် ထားနေမိပါသည်။ သူကလွဲရင် သူ့အနား တစ်ချိန်လုံး တကပ်ကပ် လုပ်နေတဲ့ မောင်မင်းသည်သာ ဖိုင်လ်အစိမ်းကို တွေ့ကောင်း တွေ့နိုင်မည့်သူ ဖြစ်နေပါသည်။ ဒီကောင်များ ကောက်ရမလား။ ကောက်ရရင်တော့ ကောင်းမှာပဲလို့ စိတ်ထဲ ကျိတ်ကာ မျှော်လင့်ဆုတောင်းနေပေမယ့် ဘယ်သူ့ကိုမှတော့ င့်မပြောပါ။

မောင်မင်းများ တွေ့လေမလား … သိမ်းထားလေ သားလို့ မခိုင်လုံဘဲ အလိုအလျောက် ကျိတ်ထင်မြေယောင်နေ၍ ပ်ပြန် မောင်မင်း လေယာဉ်နှင့် ပြန်လာချိန်ကို စောင့်လိုက်ချင် သေးသည်။ မောင်မင်း ဆီက ဘာမှ မထူးတော့မှပင် ဦးထွန်းမြတ် ဆက်မည်ရယ်လို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ကာ ထိုညကို လုံးလူးတလိမ့်လိမ့်နှင့် အိပ်ရေးပျက်စွာ ကျော်ဖြတ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်မှာတော့ ညက အိပ်ရေးပျက်ပေမယ့် ဦးဘုန်းပြည့် အစောကြီး နိုးထ,နေသည်။ အမှန်က ဒီနေ့ ကိုယ့်ရုံးကို ကိုယ်သွားဖို့ ဆုံးဖြတ်ထားပေမယ့် ရုံးမတက်တော့ဟု ဆုံးဖြတ်လိုက်သည်။ မောင်မင်း ရောက်လာမည့်အချိန် သူ အိမ်မှာ ရှိချင်၍ ဖြစ်ပါသည်။

ယုဇနသည်လည်း မိုးလင်းကတည်းက ဘာမှမလုပ် ရုံးလည်းမသွား ငူငူကြီး လုပ်နေသော ဦးဘုန်းပြည့်ကို အားမလို အားမရ ဒေါသတွေပွနေသည်။ သူ့ဟာသူ ကြိုက်ကြိုက် မကြိုက်ကြိုက် ... မောင်မင်း ပြန်ရောက်လာရင်တော့ အကျိုးအကြောင်း ပြေးပြောပြပြီး ... ဘာလုပ်လို့ရမလဲ အကူအညီ တောင်းရမှာပဲ ဟု တေးထားပါသည်။

သဘောတူညီမှု စာချုပ်သာဖြစ်၍ ငွေပေးငွေယူမဖြစ် သောကြောင့် ပျောက်သွားပါတယ်ဟု ပြောပြကာ တစ်နည်းနည်း ဖြေရှင်းလို့ ရနိုင်ကြောင်း ရှာလိုသည်။ တကယ်တော့ ဦးမင်းကြီး ထံလည်း ဤစာချုပ် မူပွားဟာ ကျန်ရစ်မှာပဲမို့ လူမှုရေးအရ စာချုပ်သစ် ပြန်လုပ်ပေးမည်ဆိုလည်း မခက်ခဲဘူးဟု ယုဇနက ထင်ပါသည်။ ဒီလူဟာ ကိုယ်နှင့် စာချုပ်ချုပ်ခဲ့သူ အမှန်မှန်းလည်း ဦးမင်းကြီး သိနေတာပဲဟာ။

မောင်မင်းကိုသာ ဦးဘုန်းပြည့်ရော ... ယုဇနရော ခင်လေးရှင်ပါ ကျိတ်၍ မျှော်နေကြပါသည်။ ခင်လေးရှင်သည်





လည်း ကိုကိုကြီးကို ကူညီပါဦးဟု မောင်မင်းကို မရမက နားပူ နားဆာတိုက်ဖို့ ကြံစည်ထားပါသည်။ ကိုယ့်ချစ်သူဆိုတော့ အားကိုး အားထားကလည်းဖြစ် ... မောင်မင်း ဖြေရှင်းပေးနိုင်လိမ့်မည်လို့ လည်း ယုံကြည်မျှော်လင့်ချက် ထားနေမိပါသည်။

ခင်လေးရှင်က ကိုယ့်အခန်းပြတင်းမှ ... ယုဇနက ဘုရားခန်းပြတင်းမှ ... ဦးဘုန်းပြည့်က အောက်ထပ် ဧည့်ခန်းထဲက တစ်မျိုး ခြံထဲဆင်းလျှောက်ရင်းတစ်မျိုး စောင့်ကြိုမျှော်လင့်နေကြသော မောင်မင်းကြီးသားက မကြာခင် အငှားကားတစ်စီးနှင့် အိမ်ရှေ့ ထိုးဆိုက်လာပါတော့သည်။ ကားဟွန်းသံကြောင့် ဖော်ထုး ထွက်လာ တံခါးဖွင့်တာမြင်လျှင် ဦးဘုန်းပြည့်က ခြံထဲမှ တက်လာခဲ့သည်။

ဒီကောင့်ကို ဘယ်လိုခေါ်မေးရပါ့မလဲ အကြံထုတ်နေပါသည်။ မောင်မင်းဆီ သွားပြောပြဖို့ ဆင်းလာသော ယုဇန မှာလည်း ဧည့်ခန်းထဲ ဦးဘုန်းပြည့် ရှိနေ၍ သွားရခက်ကာ ထမင်းစားခန်းနားတွင် ပတ်၍ မယောင်မလည် ဖြစ်နေသည်။ ခင်လေးရှင်ကတော့ မောင်မင်း ဟန်းဒ်ဖုန်းကို ဆက်ဖို့ ချောင်း နေပါသည်။ အပေါ်ထပ်မှာ ဖုန်းလိုင်းခွဲ ရှိပေမယ့် အဲဒီက ဖုန်း ခေါ်လျှင် အောက်ထပ်ဖုန်းမှာ ကလင် ကလောင်နှင့် မြည်နေတတ် သည်။ လောလောဆယ် ကိုကိုကြီးက အောက်ထပ်ဖုန်းနံဘေး မှာမို့ ခေါ်ရခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ... အစ်ကိုကြီး"

ရုတ်တရက် ထွက်လာသော အိမ်ရှေ့က ခေါ်သံ ကြောင့် ဦးဘုန်းပြည့် လှုပ်ရှားသွားပါသည်။ မောင်မင်း အသံရယ် လို့ အတပ်သိပါလျက် ...

"ဟော ... အိမ်ရှေ့က ခေါ်နေတယ်ဟေ့ ... ကြည့်ကြဦး"

ခင်လေးရှင်လည်း အောက်ထပ်ဆင်းလာ ... ယုဇန ကလည်း အိမ်တံခါးဝ ပြေးထွက်လာပါသည်။ ယုဇနက ကမန်း ကတန်း တံခါးကိုဖွင့်ရင်း ဝမ်းသာအားရနှင့် ...

"မောင်မင်း ပါလား ...၊ ပြန်ရောက်ပြီလားကွယ် ... လာ လာ ... ဝင် ..."

အသံကလေးပင်တုန်အောင် ဝမ်းသာအားရ ဆီးကြို လိုက်မိသည်မှာ မောင်မင်း လက်ထဲ ကိုင်လာသော ဖိုင်လ်အစိမ်း ရောင်အိတ်လေးကို မြင်လိုက်၍ပင်။

"ခုပဲ ရောက်တာ မမယု၊ အစ်ကိုကြီး ရုံးသွားလား"

"မသွားဘူးကွယ် ... ဒီနေ့ ...၊ ဒီမှာရှိတယ်"

"ခရီးပန်းလာလို့ နားတယ်ထင်တယ်"

မောင်မင်းက တံခါးဝမှ လှမ်းဝင်လိုက်ပါသည်။ ညှိခန်းရောက်အောင် ကြားကွက်လပ်လေးတစ်ခုကို ကျော်ရေ ဖြတ်ရကာ ... ညှိခန်းဝရောက်လျှင် ထိုင်မလို ထမလို ဖြစ်နေ သော ဦးဘုန်းပြည့်ကို တွေ့လိုက်ရပ ည်။

ထ,ရပ်နေပြန်လည်း ဒီကောင့်ကို ကြိုဆိုရာ ကျ





ိးကာ ... ထိုင်နေပြန်လည်း အရေးကြီးစာချုပ် ပျောက်နေပါလျက် သိပ်အေးအေးလူလူ ဖြစ်နေဟန် ရှိမည်ကို မလိုလား၍ ထိုင်မလို ထမလို ကုန်းတိကုန်းကွ ဖြစ်နေရာမှ ဦးဘုန်းပြည့်က ပေါ်ပေါ် လွင်လွင် ရပ်လိုက်ရင်း ...

"ပြန်ရောက်လာပြီလားကွ"

အသံခပ်တောင့်တောင့်နှင့် လှမ်းမေးလိုက်ပါသည်။

မောင်မင်းသည် ညှိခန်းရဲ့ ထောင့်ချိုးလှေကားရင်း လး၌ လုစ်ခနဲ ပေါ်လာသော ခင်လေးရှင်ကို တစ်ချက်ခိုးကြည့် ိုက်ရင်း ...

"ခုပဲ ကားဆိုက်တာ အစ်ကိုကြီး၊ အစ်ကိုကြီးရဲ့ ဖိုင်လ်"

"ဩော် ... အေး ... မင်းဆီပါသွားတာ ဖြစ်မယ်ပဲ ငါ တွက်ထားတာကွ"

ခင်လေးရှင်နှင့် ယုဇနက တစ်ယောက်ကို တစ် ာက်ကြည့်ကာ ကိုကိုကြီးကို ရှုံ့မဲ့မိကြပါသည်။

"အစ်ကိုကြီးဖိုင်လ်ပျောက်ရင် ဖုန်းများ လှမ်းဆက်မလား လို့ ထင်သေးတာ"

"မင်းပဲ ကိုယ့်နားတကပ်ကပ်နဲ့ ... ဟိုဟာကိုင် ဒီဟာသယ် ပေးဆိုတော့ မင်းလက်ထဲ ပါသွားမယ်ဆိုပြီး ဖုန်းမဆက် တော့ပါဘူး ... မပျောက်ဘူးလို့ပဲ ယုံထားတာ"

"ဟာ ... အစ်ကိုကြီးကလည်း ... ကျွန်တော်သာ မတွေ့ ရင် ပျောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းပြည့်က မျက်နှာတစ်မျိုးကြီး ဖြစ်သွားပါသည်။

"ကျွန်တော့်လက်ထဲ မပါပါဘူး ... အစ်ကိုကြီးဆီကလည်း အဝတ်အိတ်သာ ယူဆွဲပေးတာပါ၊ ဒီဖိုင်လ်ယူမကိုင်ပါဘူး အစ်ကိုကြီး နှစ်ခါ သုံးခါ ထုတ်ကြည့်နေတော့ မေ့ပြီး ချထားခဲ့မိမှာတောင် စိုးတာ၊ ဒါပေမယ့် သတိပေးဖို့ အစ်ကိုကြီး မကြိုက်မှာစိုးလို့ မပြောတော့တာပါ"

"ဒါဖြင့် မင်းဆီ ကျန်ခဲ့တာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး၊ ကျွန်တော်တောင် ဒီမနက်မှ တိုက်ဆိုင်လွန်းလို့ တွေ့တာ"

"ဒီမနက်မှ ! ..."

"ဟုတ်တယ်ဗျ"

"မနေ့ကတည်းက ကိုယ် ပြန်သွားတာပဲ၊ ဒီမနက်မှတွေ့တယ်ဆိုတော့ ဘယ်မှာတွေ့တာလဲ"

"အစ်ကိုကြီး မနေ့က ဘူတာဆင်းခါနီး အိမ်သာဝင်တယ်လေ"

"ဟေ ..."

"အဲဒီမှာ ကျန်ခဲ့တာပေါ့၊ အိမ်သာထဲ အစ်ကိုကြီး ဖိုင်လ် ယူသွားတာ"

"ဟေ ..."





ဦးဘုန်းပြည့်မှာ ခုမှ တဟေဟေနှင့် သတိရလာပါတော့သည်။ မှန်သည်။ ဖိုင်လ်ကို သတ်သတ်ကိုင်ထားပြီး အိမ်သာဝင်မည်လုပ်တော့ အိတ်တွေနား ချထားခဲ့ရင် ပျောက်မှာစိုးပြီး လက်ဆွဲအိတ်အကြီးနှင့် အိတ်ပြားကိုသာ စားသောက်နေသော စားပွဲမှာ ထားရစ်ပြီး ဖိုင်လ်ကို လက်ကတစ်ပါတည်း ကိုင်သွားခဲ့မိတာ။ ဦးဘုန်းပြည့်က ယုဇနနှင့် ခင်လေးရှင်ဘက် လှည့်ကြည့်ပြီး ခပ်ရှက်ရှက် ဖြစ်သွားရရှင်း ...

"ဒါဖြင့် မင်းက အိမ်သာထဲက ပြန်တွေ့လာတာ ! ..."

"ဟုတ်တယ်ဗျ ... ကျွန်တော်လည်း ဒီမနက် လေဆိပ်သွားခါနီးမှ ဟိုတယ်က အိမ်သာကို တစ်ချက်ဝင်တာ၊ တိုက်ဆိုင်စွာ အစ်ကိုကြီး ဝင်ခဲ့တဲ့ အခန်းကို ဝင်လိုက်မိလို့ပေါ့"

"ဩော် ..."

"အဲဒီမှာ ရေဆွဲတဲ့ ဖလပ်ခ်စ်ခ်က အမြင့်မှာလေ ... အဲဒီခေါင်မိုးပေါ် အစ်ကိုကြီး တင်ထားတာ၊ ကျွန်တော်ကလည်း ဖိုင်လ်စိမ်းလေး လှမ်းတွေ့တော့ ထင့်ခနဲ လှမ်းယူကြည့်လိုက်တာ၊ အစ်ကိုကြီးရဲ့ဖိုင်လ် ဖြစ်နေတာနဲ့ ယူလာခဲ့တာပေါ့၊ အစ်ကိုကြီးတော့ ဒေါင်းတောက်နေပြီထင်တာ ... မနက်ပိုင်း သန့်ရှင်းရေးသမားကလည်း ဘယ်လောက်စေ့စပ်လဲ၊ အောက်ပဲကြည့်ပြီး ရှင်းလင်းဆေးကြောသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ်၊ ဒီဖိုင်လ်ကို တွေ့မသွားလို့ပေါ့၊ သူတွေ့ရင်တော့လည်း မန်နေဂျာကို အပ်မှာပါ၊ အဲဒီကတစ်ဆင့် အစ်ကိုကြီးဆီ ပြန်ပို့ဖို့ ဘာညာ အဆင့်တွေ ရှုပ်ဦးမှာ"

ဦးဘုန်းပြည့် ဘာမှ မပြောသေးမီ ...

"ဟုတ်ပါရဲ့ မောင်မင်းရယ်၊ မောင်မင်း တွေ့လာလို့ အဆင်ပြေလိုက်တာ၊ ကျေးဇူးတင်လိုက်တာကွယ်။ သူတော့ မသိဘူး မမယုတော့ ညကတည်းက သိကတည်းက အိပ်တောင်မပျော်ဘူး၊ ပျောက်သာသွားခဲ့ရင် နောက်ပိုင်း ရှင်းလင်းညှိနှိုင်းလို့ ရတယ်ထားဦး ... ပျောက်ရတယ်ဆိုတဲ့ အဖြစ်က ဘယ်ကောင်းမလဲ"

"မင်းကလည်းကွာ ... ငါက မောင်မင်းဆီ ပါသွားတယ် ထင်နေတာပါ"

"အခု သူ့ဆီပါတာမှ မဟုတ်ဘဲဟာ ... အစ်ကိုကြီးဘာသာ ကြုံရာတင်ခဲ့တာပဲ"

"မင်းကတော့ ငါ့ကို အပြစ်ဖို့ဖို့ပဲ"

"ဖို့ရမှာပဲ ဦးစွာ"

"ခု ပြန်ရပြီ ... ပြီးပြီပေါ့ကွ"

"အို ... ဘာပဲဖြစ်ဖြစ် မောင်မင်းကို ကျေးဇူးအရမ်းတင်ရမှာပဲ၊ ထမင်းဖိတ်ကျွေးချင်တယ်၊ မောင်မင်း ညနေကျ အားလား"





မောင်မင်းက ခင်လေးရှင်ထံ တစ်ချက်ကြည့်ကာ ...

"ကျွန်တော် နှစ်ရက် မအားဘူး မမယု ... မိုးချုပ်မှာ၊ သန်ဘက်ခါတော့ နည်းနည်းစောပြန်နိုင်မယ်"

"ဒါဖြင့် သန်ဘက်ခါ ညနေစာပေါ့၊ ဆက်ဆက်လာစားနော် မောင်မင်း၊ နန္ဒနဲ့ ဇော်ထူးပါ ခေါ်ခဲ့"

"ဟာ ... သူတို့ အားမအားတော့ မသိဘူး မမယု၊ အမှန်ပြောရရင် အားရင်တောင် သူတို့ လိုက်စားမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲကွယ်"

"သူတို့ စိတ်ကျဉ်းကျပ်မှာ ... အမှန်တော့ ကျွန်တော်လည်း အဲဒါမျိုး စိတ်ကျဉ်းကျပ်တတ်တယ်၊ ဒါပေမယ့် ... ဒါပေမယ့် ... ကျွန်တော်ကတော့ ..."

"အေးပေါ့ ... မောင်မင်းကတော့ တစ်မျိုးပေါ့၊ ရှေ့ကိုလည်း အလုပ်ခွင်မှာ အစ်ကိုကြီးနဲ့က ဆက်စပ်ရဦးမှာ၊ ပိုပြီးလူရင်းကျတာပေါ့၊ မောင်မင်းတော့ စားဖြစ်အောင် လာစားနော် မမယု သေသေချာချာ စီစဉ်ထားမှာနော်"

မောင်မင်းက ဦးဘုန်းပြည့်ကို တစ်ချက်ကြည့်လိုက်ပါသည်။ ဦးဘုန်းပြည့်က မေးစေ့ပင့်ပင့်နှင့် ...

"အေးပေါ့ကွာ၊ ထမင်းလာစားလိုက်ပေါ့"

"ဟုတ်ကဲ့ ... သန်ဘက်ခါညနေ ကျွန်တော် လာစားပါ့မယ်၊ သွားလိုက်ဦးမယ် အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ..."

"မမယု ... ရှင်ရှင် ...၊ ကျွန်တော် ပြန်ဦးမယ်"

ခင်လေးရှင်က မျက်လုံး လက်လက်လေးနှင့် မောင်မင်းကို ကြည့်ကာ ပြုံးပြလိုက်ပါသည်။





## ၁၂

"နက်ဖြန်ကျရင် နောက်မကျနဲ့နော် မောင်မင်း"

"အင်းပါ ... စောစောပြန်လာပါ့မယ် ရှင်ရှင်ရယ်"

"အိမ်မှာ ညစာကို ခြောက်နာရီခွဲတိတိမှာ စားတာ မောင်မင်းရဲ့ ..."

"ဟင် ... အဲလို အချိန်အတိအကျကြီးလား"

"အင်းပေါ့"

"အဲဒီထက်စောပြီး ဗိုက်ကဆာလာရင်ကော ရှင်ရှင်တို့ မစားကြဘူးလား"

"ပုံမှန်စားနေတော့ ဗိုက်စောဆာတာလည်း မရှိတော့ပါဘူး မောင်မင်းရယ် ...၊ တစ်ခါတလေ သိပ်မဆာသေးဘဲနဲ့ စားလိုက်ရတာသာ ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းဆိုတာ ဗိုက်ဆာချိန်မှာစားမှ အဟာရ ဖြစ်မှာပေါ့၊ အစ်ကိုကြီးကလည်း ဘွားဘွားနဲ့ သူမသာ ကိုယ်မသာ မတိမ်းမယိမ်းပဲ၊ ဘွားဘွားလည်း ဒီတိုင်းပဲ၊ ဘွားဘွားကဆို ထမင်းစားခန်းကနေ မောင်းတောင်တီးလိုက်သေးတယ်၊ မောင်းတီးသံကြားရင် ဆင်းလာရတယ်၊ မဆာသေးလို့ဆိုပြီး ကျွန်တော်က တစ်ခါတလေ မဆင်းရင် အဆင့်မြင့်မြင့် စည်းကမ်းဗလနားနဲ့ မနေတတ်သလို ပွက်လောညံတော့တာပဲ"

ခင်လေးရှင်က ခပ်တိုးတိုး ရယ်မိပါသည်။ ခုတော့ မောင်မင်းနှင့် ညဘက်တွေ ဖုန်းပြောနေရပြီလေ။ မောင်မင်း ပြန်ရောက်တဲ့ညကတည်းကပေါ့။ တကယ်တော့လည်း နှစ်ရက်သာရှိသေးတာပါ။ နှစ်ရက်လုံး ခင်လေးရှင်ကသာ ဖုန်းခေါ်သည်။ မောင်မင်း ခေါ်ရင် ညကြီးမင်းကြီး ဒီဘက်မှာ ဖုန်းသံမြည်လာမှာစိုးလို့ပါ။

"ကျွန်တော်က စည်းကမ်းတွေကို မုန်းတာ"

"စည်းကမ်းသည် လူ၏တန်ဖိုးလေ"

"လူကို ထူးပြီး တန်ဖိုးမမဲ့စေတဲ့ စည်းကမ်းမျိုးတော့ ဘာလို့ တင်းတင်းကျပ်ကျပ်ကြီး လိုက်နာနေဖို့လိုလဲ ရှင်ရှင်ရယ်၊ ခြောက်နာရီခွဲ တိတိမှာ ထမင်းမစားဘဲ ခြောက်နာရီမှာစားလိုက်လို့ ... သို့မဟုတ် ... ခုနစ်နာရီမှာ စားလိုက်လို့ လူကိုတန်ဖိုးမဲ့မသွားစေပါဘူး"





"မောင်မင်းနော် ... ခုကတည်းက မသေချာဘူး၊ နက်ဖြန် ခြောက်နာရီခွဲတိတိမှာ ထမင်းစားဖို့ ခြောက်နာရီဆယ့်ငါးမိနစ်မှာ ရှင်ရှင်တို့အိမ် အရောက်လာရမှာ၊ မလာဘူးလား"

"လာပါ့မယ် ရှင်ရှင်ရဲ့ ... ဘယ်မလာဘဲ နေပါ့မလဲ၊ ပထမဆုံး ထမင်းစားဖိတ်ခံရတာ မလာရင် ကျွန်တော် ရိုင်းသွားမှာပေါ့"

"ပြီးတော့ ရှိသေးတယ်"

"ဘာရှိသေးလဲ"

"ကိုကိုကြီးက ထမင်းစားပွဲကို သပ်သပ်ရပ်ရပ်လာမှ ကြိုက်တာ"

"ဘယ်လို သပ်သပ်ရပ်ရပ်လဲ"

"လျှော်ဖွပ် မီးပူပြန့်ပြန့် တိုက်ထားတဲ့ ရှပ်အင်္ကျီလက်ရှည်နဲ့ ပုဆိုးနဲ့ ... သန့်ပြန့်သပ်ရပ်စွာ ကိုကိုကြီးက လာတား ရှင်ရှင်တို့လည်း တစ်ခါတစ်ရံ အိမ်နေရင်း ဂါဝန်လိုဟာမျိုး ဝတ်ထားရင် အဝတ်လဲပြီး လာရတယ်"

"ဟာ ... ကျွန်တော့်မှာ ရှပ်လက်ရှည်တောင် ရှိတာမဟုတ်ဘူး၊ လက်ရှည်ဝတ်ရတာ လက်ရှုပ်လို့ တစ်ထည်မှမဝယ်ဘူး၊ ပုဆိုးလည်း ရေလဲအဆင့်လောက်ရှိတာ တစ်ထည် နှစ်ထည်ပဲ ရှိတယ်၊ လိုလိုမယ်မယ် သဘောနဲ့ ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မောင်မင်းကလည်း … ဣန္ဒြေရရ သွားလာရမယ့် ပွဲလမ်းမျိုးအတွက် ပုဆိုးလေး တိုက်ပုံလေးတောင် မရှိဘူးလား"

"နှစ်စုံလောက်ရှိတယ်၊ ကိုယ့်အလှူပွဲတို့ … မင်္ဂလာဆောင်တို့ ဝတ်ဖို့လေ၊ အဲဒါတွေ မန္တလေးမှာ ရှင်ရှင်ရဲ့၊ ရန်ကုန်ကို လွတ်လပ်ပေါ့ပါးတဲ့ အဝတ်အစားတွေပဲ ယူလာတာ၊ လိုလည်း မလိုအပ်ဘူးလေ"

"အဲဒါကြောင့် မောင်မင်းကို ပုဆိုးနဲ့ မတွေ့ဖူးတာ"

"ပြေးဟ လွှားဟ ပေါ့ပေါ့ပါးပါး လုပ်ကိုင်သွားလာဖို့ကျတော့ ဘောင်းဘီက ပိုလွတ်လပ်တယ်လေ၊ ပုဆိုးက ကျွတ်ရင် ပြင်ဝတ်နေရဦးမယ် … ကျွန်တော်က အဝတ်အစားလည်း မမက်တော့ ဒီအိမ်မှာဆို အဝတ်အစားဆိုလို့ ငါးစုံလောက်ပဲရှိတာ ရှင်ရှင်ရဲ့ …၊ ခုဆို ဆိုက်ထဲမှာက အကြမ်းပတမ်းနေရတော့ အဝတ်တွေ တအားပေ တအားဟောင်းတာပဲ၊ ဂျင်းပဲန်တွေ အားလုံးလိုပဲ အတော်မွဲနေပြီ၊ အသစ်တစ်သုတ်လောက်တောင် ဝယ်ဖို့လိုနေပြီ … အောက်ခြေအနားတွေဆိုရင် လမ်းမတို့ မြေကြီးတို့နဲ့ ပွတ်တိုက်ပါများလို့ ဖွာနေပြီ၊ လူတွေက တမင်စုတ်ဖွာထားတယ်လို့တောင် ထင်ရင်ထင်မယ်"

"ကဲပါကွာ …၊ အင်္ကျီသစ်ဝယ်ပြီး လာခိုင်းရမလို ဖြစ်နေပြီ"





"ဟာ … နက်ဖြန်မနက် အင်္ကျီထွက်ဝယ်နေဖို့ အချိန်မရဘူး ရှင်ရှင်ရဲ့"

"စကားအဖြစ် ပြောတာပါ … ရှိတဲ့ထဲက အသပ်ရပ်ဆုံးနဲ့ မစုတ်မဖွာတဲ့ အသန့်ပြန့်ဆုံးဟာပဲ ဝတ်ခဲ့ပါတော့ … ဘယ်လိုသူ့ဌေးသားလည်း မသိဘူး …"

မောင်မင်းက အားရပါးရ ရယ်မောနေပါသည်။

"ရယ်မနေနဲ့ မောင်မင်းရဲ့ … ရှင်ရှင် စိတ်ပူနေတယ်"

"ရှင်ရှင်က ဘာကို စိတ်ပူနေတာလဲ"

"မောင်မင်းက အဘွားနဲ့ ပြဿနာတက်ခဲ့တာလည်း ဒီထမင်းစားဝိုင်းမှာပဲ မဟုတ်လား၊ အခုလည်းပဲ ပြဿနာ တစ်ခုခုဖြစ်မှာ စိုးရိမ်တယ်"

"ဩော် … အဘွားနဲ့ ဖြစ်ခဲ့ရတာက ကျွန်တော်က တမင်တကာ အရွဲ့တိုက်ပြီး လုပ်တာပဲဟာ၊ အခုကိစ္စမှာတော့ ကျွန်တော်က ဘယ်လိုလုပ် အရွဲ့တိုက်ပါ့မလဲ … ကိုယ့်ကိစ္စဖြစ်နေတဲ့ဟာ။ ကျွန်တော် အရွဲ့တိုက်ပြီး ပေါက်ကရတွေဖြစ်ကုန်ရင် ကျွန်တော်ပဲ ခံစားရမှာလေ … မတူဘူး …"

"အင်းပါ၊ အဓိက,က စောစောစီးစီး ပြန်လာ … ရေမိုးချိုး အဝတ်သန့်သန့်ပြန့်ပြန့်လဲပြီး သပ်သပ်ရပ်ရပ် လာခဲ့နော်"

"စိတ်ချ"

"ဒါဆိုရင် ဒါပဲနော်"

"ကျွန်တော့်ကို ချစ်တယ်လို့ ပြောဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းကို ရှင်ရှင်က သိပ်ချစ်ပါသတဲ့ရှင်"

"ကျွန်တော်လည်း ရှင်ရှင့်ကို တအားချစ်တယ် ... ဒွတ်နိုက် ရှင်ရှင်"

"ဒွတ်နိုက်"

နောက်တစ်နေ့မနက် ကိုကိုကြီး ရုံးသွားကတည်းက ရှင်ရှင်နှင့် ယုဇနတို့ ဖရီဇာကိုဖွင့်ကာ အိမ်မှာရှိသော သားငါး တွေကိုကြည့်ရင်း ဘာဟင်းတွေ ချက်မလဲ တိုင်ပင်စီစဉ်ကြပါသည်။

"ဦးထွန်းမြတ်ကို ထမင်းဖိတ်ကျွေးတုန်းကလို ဆယ်မျိုးလောက် လုပ်စရာ မလိုပါဘူး မမယုရဲ့၊ ခါတိုင်းအိမ်မှာ ချက်တာထက် နှစ်မျိုးလောက် ပိုချက်လိုက်ရင် တော်ပြီပေါ့"

"အို ... တစ်ခါတလေ ဖိတ်ကျွေးတဲ့ဟာ ဖွယ်ဖွယ်ရာရာ ဖြစ်အောင်လုပ်ရမှာပေါ့၊ ရှင်ရှင့် အစ်ကိုကြီးက ပွင့်ပွင့်လင်းလင်း ဝန်မခံလို့သာ၊ ဒီအလုပ်ခွင်ထဲမှာ ဆက်စပ်မှုရှိပြီး လုပ်ငန်းမိတ်ဆွေတွေ ဖြစ်သွားကြပြီဆိုပေမယ့် မောင်မင်းက တကယ်ဆို ဦးထွန်းမြတ် ထက်တောင် ကိုယ့်အတွက် အရေးကြီးတဲ့ နေရာမှာ ရှိနေတယ်၊ ဒီနေရာမှာ မောင်မင်း ဖြစ်နေလို့သာ သဲသဲလှုပ်စရာ မလိုသလို ဖြစ်နေပေမယ့် အမှန်က ဒီနေရာမှာ ဦးမင်းကြီး ရှိနေတဲ့သဘောလေ၊ ဦးမင်းကြီးသာ ဒီနေရာမှာ တာဝန်ယူနေရင် ဘယ်လောက်တောင် အရေးထားရမလဲ စဉ်းစားကြည့် ...





ဦးမင်းကြီးရဲ့သား တာဝန်လာယူမယ် ဆိုထားခဲ့လည်း အဲဒီ ဦးမင်းကြီးသားဟာ မောင်မင်း မဟုတ်ဘဲ သူစိမ်းယောကျ်ားလေး တစ်ယောက် ဖြစ်နေရင် သူ့ကိုလည်း အရေးတယူတွေ လုပ်နေရမှာပဲ ရှင်ရှင်ရဲ့၊ မောင်မင်း ဖြစ်နေလို့သာ အစ်ကိုကြီးက ငယ်နိုင်သဘောမျိုးနဲ့ ခပ်တည်တည် နေခွင့်ရတာ၊ မောင်မင်းကလည်း နဂိုစိတ်ကိုက ရိုးရိုးကုပ်ကုပ် နှိမ့်နှိမ့်ချချ နေတတ်တဲ့စတိုင်၊ 'မော်မော်ကြွားကြွားစရိုက် မဟုတ်လို့ တော်သေးတယ်၊ ရှင်ရှင့် မျက်နှာလည်း သူ့မှာ ရှိသေးတာပေါ့လေ"

တစ်နေ့လယ်ခင်းလုံး ခင်လေးရှင်နှင့် ယုဇနတို့က ဟင်းမယ်များ စီစဉ်ကာ အေးအေးဆေးဆေး ချက်ပြုတ်နေကြပါသည်။ ညနေလေးနာရီခွဲမှာတော့ ယုဇနက ဦးဘုန်းပြည့်ထံ ဖုန်းဆက်သည်။ ဒီညနေ မောင်မင်းကို ထမင်းစား ဖိတ်ထားတာ ထပ်မံသတိပေးတာပင်။

မမယု ဖုန်းဆက်တဲ့အခါ ခင်လေးရှင်လည်း သတိရသွားပြီး မောင်မင်းရဲ့ ဖုန်းကို လှမ်းဆက်လိုက်ပါသည်။

"မောင်မင်းရေ ... ရှင်ရှင်ပါ၊ ဧည့်ပြန်မို့ မေ့မှာစိုးလို့ သတိပေးတာနော်"

"မမေ့ဘူး ... မမေ့ဘူး"

"မောင်မင်း အခု အလုပ်များနေလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ...၊ စိတ်တအားရှုပ်နေတယ် ... ဒီမှာ အလုပ်သမားတစ်ယောက် လမ်းကြိတ်စက်မှာ ခြေထောက်ညပ်လို့ ဆေးရုံပို့မလို့"

"ဟင် ..."

ခင်လေးရှင်မှာ အလန့်တကြား ရင်တုန်သွားရပါသည်။ အတော်ပြင်းထန်တဲ့ ဒဏ်ရာမျိုး ရသွားမှာပဲ။ မောင်မင်းလည်း စိတ်အတော်ညစ်နေမှာပဲ။ ဤလို အရေးကြီး အခြေအနေမျိုးမှာ ကိုယ်က ကိုယ့်ထမင်းစားပွဲအတွက် ပိုပြီးရေးကြီးခွင်ကျယ် လုပ်နေဖို့ မသင့်ဘူး ထင်သည်။

"မောင်မင်း ရှိနေမှ ဖြစ်မှာပဲနော်၊ လူနာ အရေးကြီးနေတာပေါ့၊ ရှင်ရှင်က စောပြန်ဖို့ သတိပေးမလို့ဆက်တာ၊ ဒါပေမယ့် မောင်မင်း နောက်ဆံတင်းမနေနဲ့တော့ သိလား၊ ဟိုမှာ အရေးလည်းကြီးနေ အချိန်ကြာမယ့်ကိစ္စလည်း ဖြစ်နေတော့ အိမ်မှာ ထမင်းစားပွဲဟို ရှင်ရှင် ကြိုဖျက်ထားလိုက်မယ်"

"မဖျက်ပါနဲ့ ... ကျွန်တော် မီအောင်တော့ လာခဲ့မယ်"

"ခုပဲ လေးနာရီခွဲ မောင်မင်းရဲ့၊ ဆေးရုံမှာ ကိစ္စတွေရှိဦးမယ် ... မောင်မင်း နောက်ဆံတင်းပြီး စိတ်မဖြောင့်ဘဲ နေမယ်"

"ဒါပေမယ့် ကျွန်တော် ဘယ်နည်းနဲ့မဆိုတော့ ပြန်ခဲ့မယ်၊ နည်းနည်းလေး ဆယ်မိနစ် ဆယ့်ငါးမိနစ် နောက်ကျကောင်း





နောက်ကျမယ်၊ ရောက်အောင်တော့ လာမယ် ရှင်မွှင်၊ အစ်ကိုကြီးရဲ့ ပထမဦးဆုံး ထမင်းစား ဖိတ်မှုကို ကျွန်တော် မဖျက်ချင်ဘူး၊ ရှင်ရှင် စိတ်မပူနဲ့ ... ကျွန်တော် ဖြစ်အောင် လာစားမယ်၊ ဒါပဲနော် ရှင်ရှင် ... သွားကြတော့မယ်"

ဖုန်းချပြီးသော် မမယုကို အကျိုးအကြောင်း ပြောပြမိပါသည်။

"ဟယ် ... လမ်းကြိတ်စက် ညပ်တာဆို ဆိုးဆိုးဝါးဝါး ဖြစ်မှာပေါ့ ... အရိုးတွေ ဘာတွေ ကျိုးကြေမွကုန်မှာ၊ သူက တာဝန်အရှိဆုံး ဖြစ်နေတော့ ပြန်လာဖို့ လွယ်ပါ့မလား၊ သိပ်ခက်ခဲနေရင် နောက်တစ်ရက် ထပ်ချိန်းတာပေါ့"

"မောင်မင်းကတော့ ကိုကိုကြီးက ပထမဆုံးဖိတ်တဲ့ ထမင်းစားပွဲမို့ မဖျက်ဘူးလို့ ပြောတာပဲ မမယုရဲ့ ... ရအောင်လာမယ်တဲ့"

ညနေမှာ ကိုကိုကြီးက ငါးနာရီခွဲကတည်းက ပြန်ရောက်လာပါသည်။ ကိုကိုကြီး အနားယူ ရေမိုးချိုး အဝတ်လဲပြီးချိန်တွင် မမယုကလည်း မောင်မင်း ကိစ္စကို ပြောပြထားပြီးပါပြီ။ ထမင်းစားပွဲတော့ မဖျက်ဘူးဆိုသော် နည်းနည်းပါးပါး နောက်ကျကောင်း ကျနိုင်သည် ဆိုတာ ကြိုသိထားအောင်ပင်။

ကိုယ်တိုင်လည်း ကိုယ့်လုပ်ငန်းတွေ ကိုယ်အုပ်ချုပ်နေသည့် အကြီးအကဲပဲမို့ မောင်မင်းမှာ တာဝန်ကောင်းတာကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါသည်။ သို့ပေမယ့် ဒီလုပ်ငန်းခွင်ကြီးမှာတော့ အလုပ်သမားခေါင်းများ၊ ကြီးကြပ်ရေးမှူးများ၊ အပိုင်းလိုက် ကန်ထရိုက်များ စသဖြင့် တာဝန်ရှိသူ အဆင့်ဆင့်တွေပေါ်က ဆိုက်မန်နေဂျာ ဆိုတာပါ ရှိနေပါသေးသည်။

တကယ်တော့ မောင်မင်းက သူ့အဖေနေရာ ဝင်နေရတာဖြစ်၍ ဘာပဲဖြစ်ဖြစ် ဒီလုပ်ငန်းရဲ့ ငွေရှင်ကြေးရှင်သူဌေးပါပင်။ အစစအရာရာ ကိုယ်တိုင်ကိုယ်ကျ ပါဖို့ကတော့ မလိုပါ။ မောင်မင်းကိုက ခုမှ စ,ထိတွေ့တဲ့ လုပ်ငန်းသစ်ကို အောက်ခြေက စပြီး အားလုံး လေ့လာချင်လို့သာ ဆိုက်ထဲ နေ့တိုင်းဆင်းနေတာ။ သူ့ကိုက အလုပ်ကို ပေါ့ပါးတက်ကြွစွာ စိတ်ဝင်စားသူမို့သာ။

တစ်နေ့ တစ်ကြိမ်လောက် သွားလည်း ရပါသည်။ မသွားချင်ရင်တောင် ရပါသည်။ ခုလို လုပ်ငန်းခွင် ဒဏ်ရာရ ကိစ္စဟာလည်း ဦးမင်းကြီးသာ ဒီနေရာမှာ ဆိုပါက ကိုယ်တိုင်သွားမည့်ကိစ္စ မဟုတ်ပါ။ မန်နေဂျာနှင့်သာ ပြီးသွားပါလိမ့်မည်။ ငွေရေးကြေးရေးပိုင်း အရသာ ကူညီတာဝန်ယူမည်ဖြစ်ပြီး သူများနှင့်ပဲ လွှတ်လိုက်မှာပါ။

ကဲလေ ရှိပါစေ။ ဦးဘုန်းပြည့်က ဘာပဲဖြစ်ဖြစ် ခိုင်လုံသော အရေးပါသော အကြောင်းပြချက်တစ်ရပ် ဖြစ်နေ၍ ဘာမှမပြောဘဲ စာဖတ်ရင်း စောင့်နေလိုက်ပါသည်။ ခြောက်နာရီခွဲတိတိကနေစပြီး နာရီတကြည့်ကြည့်နှင့် မျှော်သည်။ နာရီအတိ





ကျ စားနေကျဖြစ်သော ဦးဘုန်းပြည့်ရဲ့ ဝမ်းဗိုက်က အရွယ်ာင်း ယောကျ်ားသား တစ်ယောက်ပီပီ အချိန်တန်လျှင် ဆာည်။

ဆာတာကိုအောင့်ပြီး စောင့်ရင်းက ခုနစ်နာရီထိုးသွားအခါ အတော်ပင် နေရခက်လာပြီ။ သူ ဘယ်နှနာရီထိ အောင့်း စောင့်မလဲ။ သတ်မှတ်ချက်မရှိ စောင့်နေပါက ဟိုကောင်ကမှာ သေရေးရှင်ရေးမို့ လုံးဝပြန်မရတော့လို့ မလာတော့ပါဘူးရင် စောင့်ရကျိုးလည်းမနပ်၊ စောင့်ရတဲ့လူအဖို့လည်း အောင့်က်သက် ဖြစ်စရာ။

တကယ်တော့ ဆေးရုံပို့ပြီး လိုအပ်တာ မှာကြား ... လိုရင် ပေးခဲ့ပြီး ပြန်လာလိုက်လို့ ရပါသည်။ ဒီဘက်မှာချိန်းထားတဲ့ ကိစ္စမရှိရင်လည်း တစ်မျိုးပေါ့။ ဤချိန်းဆိုမှုဟာဘဝအရေးအတွက် အရေးပါသော ချိန်းဆိုမှုတစ်ခုလည်းသည်။ တစ်ဖက်က အုပ်ထိန်းသူ လူကြီးနေရာက လူတွေကိုကိုတစောင့်စောင့်နှင့် အဆာခံနေရအောင် လုပ်မထားသင့်။တဲ့နည်းနှင့် လွှဲခဲ့ရစ်ပြီး မီအောင်ပြန်လာရမည်။

သူ့ဘက်က ကိစ္စကို သဘောပေါက်သည်။ ဒါပေမယ့်အနေနှင့် ဒီကိစ္စကို လွှဲခဲ့ဖြတ်ခဲ့ဖို့ နားလည်မှုရှိကိုရှိသင့်သည်။ ချစ်တဲ့ကောင်မ ဗိုက်ဆာဆာနှင့် ဦးဘုန်းပြည့်က စိတ်တွေသာပါသည်။ ညီမလုပ်သူရဲ့ ချစ်သူကို ခေါ်မိတ်ဆက်တဲ့သဘေားမှာ ဒီဘက်က နမရှင် အစ်ကိုဖြစ်သူက အချိန်မီရောက်မလာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ယောက်ဖလောင်းကို ဗိုက်ဟာဟာနှင့် စောင့်နေရလေရာ တဖြည်းဖြည်း ကျွဲမြီးတိုသထက် တိုလာပါသည်။

“ကဲဟေ့ ငါစားမယ်၊ ဆက်မစောင့်နိုင်ဘူး ... ဆာလှပြီ”

ခုနစ်နာရီခွဲ အတိမှာတော့ ဦးဘုန်းပြည့် ဝန်းခံအော်ဟစ်လိုက်ပါသည်။ ခင်လေးရှင်သည် မျက်နှာလေးငယ်ငယ်နှင့် ...

“ဟုတ်တယ် ကိုကိုကြီးရဲ့ စားနှင့်လိုက်ပါ၊ အစ်ကိုကြီး စားနှင့်ပစေလို့တောင် မမယုကို ပြောသေးတယ်၊ ဘယ်အချိန်ထိ စောင့်ရမယ်မှန်း မသိတာ”

“ညည်းကရော စောင့်ဦးမှာလား”

“ရှင်ရှင် မဆာသေးလို့ ကိုကိုကြီး”

“ဘာမဆာတာလဲ၊ ခါတိုင်း ခြောက်နာရီခွဲအတိ စားတာ ခုထိ မဆာတာ ဖြစ်နိုင်သလား၊ ခုမှ ကြိုက်ကြရုံရှိသေး မယုခင်ကတည်းက သူက ပြန်ချင်တဲ့အချိန်ပြန် အိမ်ကလူတွေက ဗိုက်ဟောင်းလောင်းနဲ့စောင့် ဆိုတာ အကျင့်ပါသွားမယ်၊ လာစားချည်၊ ဒီကောင်လာရင် သူ့တစ်ယောက်တည်း သပ်သပ်ပြင်ကျွေးချည်”

“ဟဲ့ [illegible] သူ့ဟာသူ စောင့်ချင်စောင့်ပါစေပေါ့ အစ်ကိုကြီးရဲ့”

“မလိုချင်ဘူး”





အားလုံး ထမင်းစားပွဲကို ဝင်ထိုင်လိုက်ကြစဉ်မှာပင် ခြံထဲကို ဝင်လာသော ကားဟွန်းသံကို ကြားလိုက်ရပါသည်၊ ဒီကားဟာ မန္တလေးက ပြန်ရောက်တဲ့ ညနေကမှ မောင်မင်း ဝယ်လိုက်သော ဟိုင်းလပ်စ်ကားကြီးရဲ့ ဟွန်းဆိုတာ မှတ်မိနေ၍ ရှင်ရှင်က ထရပ်ကာ ...

“လာပြီ ကိုကိုကြီး”

အိမ်ရှေ့ကို အပြေးထွက်သွားလျှင် ဦးဘုန်းပြည့်က ...

“ကဲ ... ကဲ ... ငါ့ပန်းကန်ထဲ ထမင်းထည့်စမ်းပါ၊ စားနှင့်မယ်၊ ခုချိန်ထိ စောင့်နေတာ ဒီကောင် အားရနေဦးမယ်”

ခင်လေးရှင်သည် ကားပေါ်က ဆင်းလာသော မောင်မင်းကို မြင်လျှင် ငိုချင်စိတ် ပေါက်သွားပါသည်။ ဖုန်ချေးသဲတွေ ပေလူးနေသော တီရှပ်တစ်ထည်နှင့် အောက်ကတော့ ဦးဘုန်းပြည့် အတော်မုန်းတဲ့ ဘောင်းဘီတို။ မောကြီးပန်းကြီး တန်းပြေးလာတဲ့ ချစ်သူကိုလည်း အိမ်ပြန်ရေမိုးချိုး အဝတ်လဲခဲ့ဖို့ ခုမှ ခိုင်းမနေလိုတော့ပါ။ အချိန်ကလည်း နောက်ကျနေတာ။

“ခုမှ ပြန်လို့ရလို့ ရှင်ရှင်ရယ်၊ စိတ်မဆိုးနဲ့နော်”

“ရှင်ရှင် စိတ်မဆိုးပါဘူး၊ ကိုကိုကြီးကိုသာ ကြည့်ကျက် ရှင်းပြနော်”

“အင်းပါ”

ဦးဘုန်းပြည့်သည် ထမင်းစားခန်းဝသို့ လာရပ်လိုက်သော မောင်မင်းကို လှမ်းနှုတ်ဆက်သလို မနှုတ်ဆက်သလို တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်မော့ကြည့်ပြီး မျက်မှောင်ကုတ်သွားပါသည်။ အိမ်ရှင်တွေ
သစ်လွင်သပ်ရပ်သော အဝတ်အစားမျိုးနှင့် ကြိုဆိုသော
လာသူက ဂျီးပေ ဖုန်ပေ အဝတ်ရှုတ်နှင့်။ အောက်ကလ
ဘောင်းဘီစကောစက။ ဆံပင်က ပွ၍ ပစ်စလက်ခတ်ပုံ
နေသည်။

တီရှပ်အင်္ကျီမှာလည်း ချိုင်းမှာရော ရင်ဘတ်
ပြင်တို့မှာရော ချွေးတွေ စိုရွှဲလျက် ...

"အစ်ကိုကြီး ... ကျွန်တော် နောက်ကျသွားတယ်ခင်
ဆောရီးပဲ၊ ကျွန်တော် ပေကျံလာလို့ ဒီမှာပဲ လက်
လိုက်မယ်နော်"

ဦးဘုန်းပြည့် ဘာမှ မပြော၍ ယုံနေကာပဲ ...

"ဆေး ... ဆေး မောင်မင်း၊ လူနာ ဘယ်လိုနေလဲ"

"ခြေထောက်က ဖြတ်ရမှာ မမယုရ ... သနားပါ
ဗျာ"

"ဟယ် ... ဖြစ်မှ ဖြစ်ရလေ"

"ကျွန်တော်လည်း ဆေးရုံပို့ခဲ့ပြီး ပြန်ခဲ့ဖို့ပါပဲ၊ ဟိုမှာ
အလုပ်သမားခေါင်းတို့ ကြီးကြပ်ရေးမှူးတို့ မန်နေဂျ
အကုန်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်လိုက်တော့ အ
လိုက်လာကြတာပေါ့"

"ဒါဆို ... မင်း ထားရစ်ခဲ့ပြီး ပြန်လို့ရတာပဲကွ"

ဦးဘုန်းပြည့်က ဖြတ်၍ ဘုတောလိုက်ပါသ





"ဟုတ်တယ် အစ်ကိုကြီး၊ ပထမတော့ ပြန်လို့ရတယ်၊ ဒါပေမယ့် ... အဲဒီလူကို ချက်ချင်းသွေးသွင်းဖို့ ဖြစ်လာရော၊ သူ့သွေးက ဆေးရုံမှာလည်း အသင့်မရဘဲ ဖြစ်နေတယ် ... သွေးကလည်း ကျွန်တော်နဲ့ အုပ်စုလာတူနေတယ်၊ ကျန်တဲ့ လူအုပ်ထဲမှာ သူ့သွေးတစ်ယောက်မှမပါဘူး၊ ဒါနဲ့ ကျွန်တော် သွေးလှူနေသေးတာနဲ့ နောက်ကျသွားတာပါ အစ်ကိုကြီး"

လက်ဆေးရင်း ပြောနေသော မောင်မင်း စကားကြောင့် ဦးဘုန်းပြည့်မှာ ဘာစကား ဆက်မရအောင် ဖြစ်သွားပါသည်။ မွန်မြတ်သော သွေးလှူရှင်ကြီး ဖြစ်နေတော့ ကိုယ်က အပြစ်တင်နေရင် ကိုယ်ပဲ လူယုတ်ကြီးဖြစ်မည်။ သူနောက်ကျရတဲ့ ဖြစ်ရပ်ဟာ အပြစ်တင်လို့ လုံးဝမရပေမယ့် သူလုပ်ချင်ရာ လုပ်မည့်ကောင်ဆိုတဲ့ အချက်ကိုတွေးကာ ဦးဘုန်းပြည့် ကျေတော့ မကျေနပ်နိုင်ပါ။

"အစ်ကိုကြီး စားနှင့်ရောပေါ့ဗျာ၊ အားနာလိုက်တာ"

ဒီချိန်ထိ စောင့်နေတာကို ဖော်ပြောလိုက်တာကိုလည်း အားနာစကား ဖြစ်လင့်ကစား စိတ်ထဲ တနုံ့နုံ့ ဖြစ်ကာနေလေသည်။ ထမင်းဝိုင်း၌ သူ့အိမ်သူ့ရာလို ဝင်ထိုင်လိုက်ပုံကိုလည်း မကြည်လင်။ ဝတ်စားလာတာက ပေရေညစ်ပတ် တစ်စက်မှ သပ်သပ်ရပ်ရပ် မရှိဘဲ ဤထမင်းပွဲကို ဒီကောင့်ဘက်က ဖြစ်ကတတ်ဆန်းသဘောထားပုံ ပေါက်သည်လို့ပဲ စွပ်စွဲတွေးလိုက်မိပါသည်။

မောင်မင်းက ထမင်းပွဲမှာ ထိုင်မိသည်နှင့် ဧည့်သည်လိုမစား။ သူ့ထမင်းပွဲနှယ် အားရပါးရ နိုင်လှသည်။ ကိုကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဦးချရကောင်းမှန်းမသိ။ ဖွန်းခက်ရင်းနှင့် အထက်တန်းကျကျမစား ဘဲ သူတစ်ယောက်တည်းသာ ဖွန်းချည်းနှင့် ကလေးစားသလို စားတော့တာပင်။ စားရင်း သူ့အလုပ်ခွင်က ဒီနေ့ အဖြစ်အပျက်ကို ဇာတ်ကြောင်းပြန်ကာ တောက်လျှောက် စကားပြောနေတာကလည်း ထမင်းဝိုင်း၌ စကားများတာ မကြိုက်သည့် ဦးဘုန်းပြည့် အတွက် အနှောင့်အယှက်။

ဖွန်းနှင့်ချည်းဆိုတော့ အသားတွေ ဖဲ့မရလျှင် လက် ညှိုးလက်မလေးနှင့် ညှပ်ကိုင်ကာ ဒီတိုင်း ကိုက်စားလိုက်တာပင်။ လက်ပေကို တစ်ရှူးဘောက်စ်မှ တစ်ရှူးတစ်ရွက် ဆွဲခနဲဖြုတ်သုတ် လုံးချေပြီး စားပွဲပေါ်ချထား။ ထမင်းတစ်လုပ် ပါးစပ်ထဲထည့်ပြီ တိုင်း တစ်ရှူးတစ်ရွက် ဆွဲခနဲဖြုတ် ပါးစပ်သုတ်၊ လုံးချေ စားပွဲပေါ်ချထား။ စားပွဲပေါ် မောင်မင်း နံဘေးတွင် တစ်ရှူးလုံး တွေ ပွထလျက်။

"ထမင်းက အရမ်းစားလို့ ကောင်းတာပဲ မမယု၊ ကျွန်တော် တစ်ခါတလေဆိုရင် ကြက်ဥကြော်နှစ်လုံးနဲ့လည်း ထမင်း တစ်နပ် ပြီးရတာ"

ပါးစပ်ကလည်း အားရပါးရ ချီးမွမ်းနေ၍ ချက်ပြုတ် ကျွေးမွေးရသူတို့ အဖို့တော့ အမောပြေချင်စရာပါပင်။ လူကြီး ဦးချဖို့ သတိမရထားသော်လည်း ဟင်းတစ်ခုခု သူ့အရသာတွေ့ လျှင်တော့ သူက အိမ်ရှင်နှယ် ...

"ဒါ ကောင်းတယ် ... ရှင်ရှင်၊ ရော့ ..."



ရှင်ရှင့် ပန်းကန်ထဲတော့ လှမ်းခပ်ထည့်ပေးတတ် လေရာ ... ဤသို့ တယုတယ ပြုလေတိုင်း ဦးဘုန်းပြည့် မျက် နှာကြီးက အီလည်လည်။ ယုဇနနှင့် ခင်လေးရှင်မှာတော့ မောင်မင်း စကားတွေထဲ မျောပါနေကာ မောင်မင်း စားသောက်ပြုမူနေတာ တွေ ဦးဘုန်းပြည့် မျက်နှာကြီး အီလည်နေတာတွေကို သမီး ယောက်မနှစ်ယောက်သား မပြုံးမရယ်ရဲ အောင့်ထားရင်း မျက်လုံး ချင်းသာ အချက်ပေး ဆုံတွေ့နေရပါသည်။

စားပြီးတာနှင့် ခပ်တည်တည် အပေါ်တက်သွားတော့ မည်လို့ ဦးဘုန်းပြည့်က ရည်ရွယ်ထားသော်လည်း အစားမြန်လှ တဲ့ မောင်မင်းက အရင်စားတဲ့ ဦးဘုန်းပြည့်ထက် အရင်ပြီးစီးသွား ကာ နာရီတစ်ချက်ကြည့်ရင်း ...

"စားလို့လည်း အရမ်းကောင်းတယ်၊ အစ်ကိုကြီးနဲ့ နောက် ရက်တွေမှပဲ စကားအေးအေးဆေးဆေး လာပြောတော့မယ် နော်၊ ဒီည ကျွန်တော် စကားပြောဖို့ ကိစ္စတစ်ခုကို ကိုးနာရီ မှာ ဖြန့်ချိန်းထားတာရှိလို့ ကျွန်တော် သွားလိုက်တော့မယ် အစ်ကိုကြီး"

သူကပဲ စကားပြောချိန် မပေးနိုင်ဘဲ ကိုယ်ကတော့ သူနဲ့ စကားမဲ့ ပြောချင်နေသယောင်ယောင်။ ဦးဘုန်းပြည့်မှာ သူ့ညီမကို မောင်မင်း ကြည့်သော ချစ်ရည်ရွှန်းလဲ့ မျက်လုံးတွေကို မသိမသာ မြင်တိုင်း ရင်ထဲ ကျလိကျလိနှင့် မလိုတမာ မကျေမနပ် ဖြစ်လို့နေကာ ဘာကိုမှ အကောင်းမမြင်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မမယု ... ကျေးဇူးပဲ၊ ရှင်ရှင် ကျွန်တော် ပြန်မယ်၊ ပြန်ရောက်မှ ဖုန်းဆက်လိုက်မယ်နော်"

အချိန်ရှားပါးလှတဲ့၊ အလုပ်များလှတဲ့ အရေးပါလှတဲ့ သူတစ်ယောက်အချိုးဖမ်းကာ ဖိတ်ကြားသော ထမင်းပွဲကို နောက်ကျမှ ရောက်လာ ...အရင်ဦးဆုံး ထပြန်သွားတာဟာ တမင်သက်သက် လုပ်ပြတာဟု အခံရခက်လျက် ကျန်ရစ်ခဲ့ရသော ဦးဘုန်းပြည့်သည် ထမင်းပြီးသွားသော်လည်း စားပွဲမှ မထသေးဘဲ မှုန်ကုပ်ကုပ် ထိုင်နေပါသည်။

"အစ်ကိုကြီး ... ပြီးပြီလား ... သိမ်းခိုင်းတော့မယ်နော်"

"ဘာတစ်ခုမှ မကျေနပ်ဘူး"

"အမယ်လေး ... လန့်လိုက်တာ အစ်ကိုကြီးရယ်၊ ဘယ်လိုဖြစ်ရတာလဲ"

"ဟိုကောင် ချိုးသွားတဲ့ အချိုးတွေနော် ... တစ်ခုမှ မကျေနပ်ဘူး၊ ဘာကောင်လဲ ဒီကောင် ..."

ခင်လေးရှင်က သက်ပြင်းကျိတ်ရှိုက်မိပါသည်။

"လုပ်ပြန်ပြီ အစ်ကိုကြီးက၊ သူ နောက်ကျရတဲ့အကြောင်းကလုံလောက်တာထက်တောင် ပိုပြီး ရှိစင်နဘယ်လ ဖြစ်ပါသေးတယ်"

"ဟ ... ဒီလောက်ထိ နိုင်နိုင်လုံလုံ နောက်ကျမှာဆိုရင်ကြိုဖျက်ရမယ်၊ ဆယ်မိနစ် ဆယ့်ငါးမိနစ် မဟုတ်ဘူးကွ"





"ဖျက်ဖို့ ရှင်ရှင်နဲ့ ပြောကြပါသေးတယ်၊ သူက အစ်ကိုကြီးဘက်က ဖိတ်ထားတာကို ပထမဆုံးအကြိမ်မှာ မပျက်စေချင် ..."

"ငါဖိတ်တာလည်း မဟုတ်ပါဘူး ...၊ မင်းဖိတ်တာပါ ယူရဲ့၊ ဒီလောက် နာရီနဲ့ချီပြီး နောက်ကျမယ့်ကိစ္စကိုတော့ ဖျက်ကို ဖျက်ရမှာပေါ့၊ သူက မဖျက်ဘူး ... နောက်ကျမှလာမယ်ဆိုတာကို ငါက ထိုင်စောင့်နေရတယ်"

"ဖျက်ရင်လည်း ဖျက်လို့ဆိုပြီး အစ်ကိုကြီး စိတ်တိုဦးမှာပဲ၊ အစ်ကိုကြီးဟာက ဘာမှမဟုတ်ဘဲနဲ့ကို ဒီဂရီတွေက တက်တက်လာနေပြီနော် ... မလိုလားတဲ့ သဘောတွေပြတာက ပိုပိုပြီးပဲ များလာပြီ"

"မလိုလားတော့လည်း ဘာဖြစ်လဲကွ ... မင်းပဲ လိုလားမှုတွေ လွန်ကဲနေတာ"

"အစ်ကိုကြီး စိတ်ထဲ အသည်းထဲမှာ တကယ်ဘာမှသူ့ကို လုံးဝလက်မခံနိုင်တဲ့ ခွဲချက်ပြစ်ချက် ဘာမှမရှိဘူးနော်၊ ယု သိတယ်၊ အစ်ကိုကြီးလည်း သိတယ်၊ ရှေ့က အမြင်ကတ်ထားတာလေးကို မလျှော့ချင်တာနဲ့ပဲ ပါးစပ်ကကန့်လန့်ခွတိုက်စကားတွေ ပြောရင်း ပြောရင်း ဘရိတ်အုပ်မရ ဖြစ်ကုန်ပြီနော်၊ အရှိန်ကို ကိုယ့်ဟာကိုယ် တင်ရင်းတင်ရင်း ပြန်ချမရ ဒုက္ခရောက်လိမ့်မယ်"

"အောင်မာ ...၊ ဒီကောင့်ယောက်ဖမတော်ရင်ပဲ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်မယောင် မင်းက ဆိုလိုတာလား၊ ဟော့ ... သူ့ဆီက ကန်ထရိုက်မရလည်း ဘာမှ မဖြစ်ဘူးကွ"

"ဟော ... လွန်လာပြန်ပြီ၊ စကားတွေက မဆိုင်တာတွေနဲ့ ဒီဂရီ တက်လာပြန်ပြီ၊ အစ်ကိုကြီး ဘယ်လိုဖြစ်နေလဲ ... မပြေလည်စရာ ဘာမှမရှိတဲ့ အခြေအနေ တစ်ခုကို အစ်ကိုကြီး ဖျက်ဆီးနေတယ်နော်"

"ဘာမပြေလည်စရာ မရှိရမှာလဲ၊ ပထမဆုံး အိမ်မှာလက်ခံတွေ့ဆုံတာကို လာချင်သလိုလာ ပြန်ချင်သလို ပြန်တယ်၊ ဒီလောက်နောက်ကျမှာကို အစီအစဉ်မဖျက်ဘဲ ကျန်လူတွေကပဲ သူ့ကို စောင့်ကြဆိုတဲ့ အချိုးချိုးတယ်၊ ရောက်လာတော့ ပေရေစုတ်ပြတ်ပြီး တစ်ဝိုင်းထိစားမယ် လူကြီးလူကောင်းတွေကို မလေးစားတဲ့သဘော။ ဝတ်လာတာကဘောင်းဘီတို ... ဒီကျမှ လက်ပေဆေး မျက်နှာသစ်နဲ့၊ သူလုပ်ချင်သလို လုပ်နေတယ် ...

စားတော့လည်း သူ့အိမ်သူ့ရာ ကျနေတာပဲ၊ ဘယ်သူ့မှ အားမနာဘူး မရှက်ဘူး၊ ငါကျ ဦးချိုဖို့ အသိမရှိဘူး၊ ရှင်ရှင့်ကျတော့ အစ်ကိုရှေ့ ဟောင်းနီးရာရာ ခပ်ထည့်ပေးလို့ မျက်စိကို နောက်နေတာပဲ၊ ထမင်းဝိုင်းမှာလည်း လူစိတ်ဝင်စားမှန်းမသိ မဖင်စားမှန်းမသိ ပြောချင်ရာ လျှောက်ပြောနေတာ နားကို ညည်းနေတာပဲ၊ ဟိုမှာကြည့်စမ်း၊ တစ်ရှူးလုံးတွေ"





"ဘာဖြစ်လဲ ...၊ အဲဒါ သုတ်ဖို့ ထားတာပဲ၊ သူသုတ်တာ ဘာဖြစ်လဲ"

"ဟ ... ကြည့်မရဘူးကွ၊ လုပ်နေပုံတွေက လေးစားမှု အားနာမှု လုံးဝမရှိ ... ရှိုးတိုးရှန့်တန့် မရှိ၊ သူနေနေတဲ့အိမ် ကျနေတာပဲ၊ အစ်ကိုရှေ့ ညဖုန်းဆက်ဖို့ ချိန်းသွားသေးတယ်"

"ဒါ သူ ပွင့်လင်းတာပဲလေ ... ဖုန်းပြောခွင့် အစ်ကိုကြီးက မပေးတဲ့ သဘောလား၊ သူလုပ်သွားတာတွေ အားလုံးဟာ ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် တရင်းတနှီး ပြုမှုတာတွေချည်းပဲ"

"ပြန်လာရင် ဖုန်းဆက်လိုက်မယ် ဆိုတာ ငါ့ရှေ့ မဏ္ဍပ်တိုင် တက်တာပဲကွ"

"ဟင် ... သူ့ဟာသူတောင် သိမှာမဟုတ်ဘူး၊ ယုလည်း ဆတ်မမြင်မိဘူး၊ အစ်ကိုကြီး တစ်ယောက်ပဲ စေ့စေ့ပေါက် ပေါက်အောင်ကြည့်ပြီး ဆိုလို့အခုပေါက်ရှာ အပြစ်ပြောနေတာ၊ သူ ရိုးရိုးစဲ ပြောသွားတာပါ၊ အစ်ကိုကြီးရဲ့ လိုလားမှုကို သူက ရချင်နေတာ မဏ္ဍပ်တိုင် တက်ပြဖို့ အကြောင်းကို မရှိဘူး ...

[illegible] အလုပ်ရှင်တာ တန်းလာရ [illegible] သူ ရေစစ်ရှုံးနေရင် နီထက်နောက်ကျမှာပေါ့၊ အဲဒီကျ အစ်ကိုကြီး ပိုစိတ်ဆိုးစရာ ဖြစ်မယ်လေ၊ စားတာ



www.burmeseclassic.com

www.burmeseclassic.com



သောက်တာကလည်း သူတကယ်စားလို့ကောင်းလို့ အားရပါးရ စားတာပါ၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး တကူးတက ဧည့်ခံနေစရာ မလိုတဲ့ ဧည့်သည်မျိုးက အိမ်ရှင်အဖို့ ပိုတောင် အနေချောင်ပါသေးတယ်"

"မင်းက ဘာကိစ္စ သူ့ဘက်က ဒီလောက် ကာကွယ်နေရတာလဲ"

"အို ... ကိုယ့်ညီမ လူကောင်းသူကောင်း ပြည့်စုံချမ်းသာတဲ့ သူနဲ့ ကံကောင်းပြီး ဖူးစာဆုံတာ ... အချင်းချင်းလည်း ချစ်ကြတာ ... ဖြစ်မြောက်စေချင်တာပဲ၊ အစ်ကိုကြီး ဘာမဟုတ်တာနဲ့ ကန့်လန့်ဝင်တိုက်နေမှာစိုးလို့ ခုခံကာကွယ်ပြောနေတာပေါ့၊ အစ်ကိုကြီး ပြောနေတဲ့ ပြစ်ချက်မျိုး အသေးစိတ်တွေ ရှာနေလို့ကတော့ ဘယ်သူ့မှာ စင်းလုံးချောကင်းနိုင်မှာလဲ၊ လူမှန်ရင် အပရိက အပြစ်လေးတွေ ရှိတာပဲ၊ ဒါတွေဟာ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ၊ အကျင့်စာရိတ္တ၊ ဘဝရေးတွေကို ဘာမှ ဆိုးဆိုးဝါးဝါး တိမ်းစောင်းမသွားစေနိုင်တဲ့ ဟာလေးတွေပါ၊ အရေးမပါတာတွေပါ ...

ကြည့်မရဘူး ဆိုတာ တစ်ချက်ဓာနေ အပြစ်ရှာတဲ့ မျက်စိနဲ့ တစ်ချက်ချင်း ပိုက်စိပ်တိုက်သောက်ပြီး အစ်ကိုကြီး ပိုဆိုးလာတာ၊ ပြောမိပြီးမှ ကိုယ်ပြောတဲ့စကား ပြန်လျှော့မရ၊ လူကြီးဆိုတော့ ပြန်ပြင်ပြောဖို့ခက်၊ ဒီလိုနဲ့





မျက်စိမှိတ်ပြီး အစ်ကိုကြီး အရှိန်မြှင့်နေတာ၊ အရှိန်တွေ ကိုယ့်ဟာကိုယ်တင်ရင်း ပြန်ချမရရင် ဒုက္ခရောက်မယ် ဆိုတာလည်း အစ်ကိုကြီးတို့ရဲ့ လုပ်ငန်းကို ရည်ရွယ်ပြော နေတာ မဟုတ်ဘူး၊ ကလေးနှစ်ယောက်ကို ရည်ရွယ်ပြော နေတာ၊ အချစ်ချင်းလည်းညီ အဘက်ဘက်က ကောင်းမွန် အဆင်ပြေနေရက်နဲ့ ဘာမဟုတ်တာလေး ပြန်အလျှော့ခက် ပြီး ကွဲကြရရင် ကောင်းပါ့မလား၊ ကိုယ့်ညီမမျက်နှာလည်း ထည့်တွက်ဦးမှပေါ့၊ ကိုယ့်ညီမလေးလည်း တစ်သက်မှာ ဒီတစ်ကြိမ်ပဲ ရည်းစားထားတာ၊ မောင်မင်းလည်း ဒါဟာ ပထမဆုံး အချစ်ပဲ"

"ဟား ... ဒါကို မင်းတို့ မျက်စိမှိတ် ယုံတာပဲလား"

"ဟော ... တွေ့လား၊ လုံးဝအခိုင်မှာယ်မရှိ ... ကိုယ့်စကား လည်း ကိုယ်မသေချာဘဲ ရမ်းသန်းပြောပစ်ပြန်ပြီ၊ ဒါကို မယုံဘူးဆိုတဲ့ အယူအဆ ဆုံးဖြတ်ချက်လည်း အစ်ကိုကြီး စိတ်ထဲမရှိဘူး၊ ပါးစပ်က ပြောရပြီးရော လျှောက်ပြောပစ် တာ"

"မင်းလည်း ပြောရပြီးရော ရမ်းသန်းသဘောတွေတူနေတာ"

"မဟုတ်ဘူး၊ အကြောင်းပြချက် အပြည့်ရှိတယ်၊ နေရုံထိုင်ပုံ တည်ကြည်တယ်၊ ဖြောင့်တယ်၊ ဆွေမျိုးအသိုင်းအဝိုင်း ငွေကြေးဥစ္စာ တောင့်တင်းတယ်၊ သူဌေးသားရှယ်လို့ ဘော်ကြော့ လုံးဝမဟုတ်ဘူး၊ လက်ကြောတင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



အောက်သက်ကျေတယ်၊ ဘာအလုပ်ကိုမဆို မြတ်မြတ်နိုးနိုး လုပ်တယ်၊ ကိုယ့်ညီမကိုလည်း ချစ်တယ်"

"ဟင်း ... ဒါတွေဟာ မင်းအထင်တွေချည်းပဲ မို့လား"

"ကတ်သတ်မပြောနဲ့ အစ်ကိုကြီး၊ ပြည့်စုံကောင်းမွန်နေတဲ့ လူတစ်ယောက်ကို ဘာမဟုတ်တာနဲ့ ကိုယ့်ညီမနဲ့ ဝေးသွားဆောင် လုပ်မိပြီးမှ နောင်ကျမှ ဒီလောက်ပြည့်ဝတဲ့သူ ထပ်မတွေ့နိုင်တော့ရင် နစ်နာဆုံးရှုံးမှုပဲ၊ အစ်ကိုကြီးတာဝန် လည်း မကင်းဘူး၊ ဒါလောက်ကြီးလည်း သဝန်မတိုနဲ့၊ တစ်ဖက်စောင်းနင်းလည်း မဆန်နဲ့၊ လောကမှာ သူ့ညီမ ကိုယ့်ညီမ ရည်းစားထားကြ အိမ်ထောင်ပြုကြ လုပ်နေကြတာပဲ၊ အစ်ကိုကြီး အလှည့်ကျမှ သိပ်ကို ခွကျနေတယ်"

"ဟော့ ကြာတယ် ... ဒီလောက်ကောင်းနေရင်လည်း နက်ဖြန် ပေးစားလိုက်ဟော့၊ သိပ်နားညည်းတယ်"

"ဟာ ... အစ်ကိုကြီး စကားက သိပ်လက်လွှတ်စပယ် ဖြစ်သွားပြီနော်"

ခင်လေးရှင်သည် ခေါင်းတွေအုံကိုက်လာရကာ မျက်ရည်ရစ်လည်လာပြီး ...

"တော်ပါတော့ မမယုရယ် ... မပြောပါနဲ့တော့၊ တော်ကြပါတော့၊ ဒီလောက် ငြင်းခုန်ပြဿနာ တက်နေရင် မောင်မင်းကို ရှင်ရှင် လက်မခံတော့ပါဘူး၊ ညကျ သူဖုန်းဆက်ရင် ရှင်ရှင် ပြောလိုက်တော့မယ်၊ လုံးဝရေ့မတိုးနဲ့





တော့ မဆက်သွယ်နဲ့တော့လို့ ... အပြတ်ပဲလို့၊ အစ်ကိုကြီးက လုံးဝသဘောမတူဘူးလို့၊ ရှင့်ကို အစ်ကိုကြီး လုံးဝကြည့်မရလို့ ကျွန်မနဲ့ ခပ်ဝေးဝေးနေတော့လို့ ပြောပစ်လိုက်တော့မယ် သိလား၊ ချစ်လည်း မချစ်တော့ဘူး၊ ယူလည်း မယူတော့ဘူး၊ ရှင်ရှင်နဲ့ မောင်မင်း ဘာမှမဆိုင်တော့ဘူး၊ အစ်ကိုကြီး ကျေနပ်တော့၊ မကျေနပ်တဲ့ စကားတွေ ထပ်မကြားပါရစေနဲ့တော့"

ပြောရင်း ပြောရင်း ရှင်ရှင့် အသံလေးက ငိုသံကြီးပါလာကာ စကားလည်းဆုံး မျက်နှာကို လက်ဝါးလေးနှင့်အုပ်ကာ ချာခနဲ လှည့်ပြေးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၃

အိမ်ရှစ်လုံး ပြိုင်တူဆောက်ရမည်ဖြစ်သည့်အတွက် ပန်းရံကန်ထရိုက် လက်သမားကန်ထရိုက် အသစ်တို့ ရှာဖွေရပါသည်။ လိုအပ်သော အိမ်ဆောက်ပစ္စည်းများ မှာရ ဝယ်ရ ... စီစဉ်ဆောင်ရွက်ရတာတွေက များလှာ လူလည်း ချာလပတ်ယမ်းအောင် ဖြစ်နေလျက် အလုပ်ထဲသာ နစ်နေပါသည်။ တိုက်ရှစ်လုံး တစ်ပြိုင်တည်း မဆောက်ဖူးသေးတာမို့ အလွဲအမှားများ လိုအပ်ချက်များရှိမည် စိုးရိမ်ကာ အချိန်ပြည့် စိတ်က ဒါကိုပဲ တွေးနေပါသည်။

အထည်ချုပ်စက်ရုံကိစ္စကို လုံးဝလှည့်မကြည့်တော့ဘဲ ဒီဘက်မှာသာ လူကို မြှုပ်နှံထားလိုက်သည်မှာ လုပ်ငန်းစတင်ရမည့်ရက်သို့ ရောက်လာပါသည်။ ဒီဇင်ဘာလဆန်းတစ်ရက်နေ့မှာ





လုံးချင်းတိုက်အားလုံး လုပ်ငန်းစတင်ကြရမှာဖြစ်ပြီး ပထမ[illegible] တစ်ရစ်ကိုလည်း ထိုနေ့မှာ ထုတ်ယူကြရပါမည်။ ဒီကြားထဲ [illegible] ကိန်းမြဲနေရာထဲက ကိုယ့်တိုက်ရှစ်လုံးစာ မြေကွက်နေရာ[illegible] ရောက်ဖြစ်သော်လည်း မောင်မင်းနှင့်တော့ မဆုံဖြစ်ပါ။

တကယ်လို့ ရှိနေလည်းပဲ ကွန်ဒိုတွေဆောက်မည့်ဘက်ခြမ်းမှာ ဆောက်ထားသော သူ့ရုံးခန်းနေရာလေးထဲမှာ ရှိနေမှာပေါ့။ ဦးဘုန်းပြည့်ကလည်း သွားတွေ့စရာ အကြောင်းမရှိ၍ သွားမတွေ့။ ထမင်းလာစားသွားပြီးလျှင် အဝင်အထွက်လမ်းပွင့်ကာ အသွားအလာ စိပ်တော့မည် ထင်ပေမယ့် တစ်ကြိမ်မှ ထပ်မရောက်လာခဲ့ပါ။ သူတို့ချင်း ဖုန်းပြောကြလေသလား မပြောကြလေသလားတော့ ဦးဘုန်းပြည့်လည်း မသိ။

ထိုနေ့မှာတော့ ... ပထမအရစ်ငွေ ကြိုပေးမည့်ရက် လုပ်ငန်းစမည့်ရက်ဖြစ်၍ ဦးဘုန်းပြည့် ဦးဝင်းမောင်နှင့် ဦးထွန်းမြတ်ရဲ့ ကိုယ်စားလှယ် ဦးကြိုင် ဆိုသူတို့ ချိန်းဆိုထားတဲ့ ရုံးခန်းဆီသို့ နံနက်ကိုးနာရီခွဲမှာ ရောက်ခဲ့ကြပါသည်။

လေအေးစက်တပ် ရုံးခန်းထဲက ထောင့်စားပွဲကြီးမှာ ထိုင်နေသူမှာ တစ်ကြိမ်မှ မမြင်ဖူးသော လူစိမ်းမျက်နှာသစ် အသက်လေးဆယ်ကျော် လူတစ်ယောက် ဖြစ်နေပါသည်။

"ထိုင်ကြပါ၊ ကျွန်တော်က ဦးတင်အောင်လွင်ပါ၊ မင်းကြီးဆောက်လုပ်ရေးလုပ်ငန်းက အထွေထွေမန်နေဂျာပါ"

သူ့ကိုယ်သူ မိတ်ဆက်၍ ဦးဘုန်းပြည့်တို့ အသီးသီး



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပြီးကြသော် ငွေထုတ်ပေးခြင်း၊ စာချုပ်ချုပ်ခြင်း လုပ်ငန်းများကို ဦးတင်အောင်လွင်နှင့်သာ ဆောင်ရွက်ကြရပါသည်။ မောင်မင်းက ဒီကိစ္စတွေ ဘာကြောင့် မလုပ်ပါလိမ့်ဟု ဦးဘုန်းပြည့် စဉ်းစားနေဆဲပင် ဦးဝင်းမောင်က ဖွင့်မေးလိုက်ပါသည်။

"ကျွန်တော် ဟိုတစ်ခေါက် ဒီထဲလာတော့ မောင်မင်းကြီးသားကို ဝင်နှုတ်ဆက်သေးတယ်ဗျ၊ အခု မရှိဘူးထင်တယ်"

"ဟုတ်ကဲ့ ... မောင်မင်းက မန္တလေး ပြန်သွားပါတယ်"

"ဩော် ... ဒါကြောင့် မတွေ့တာကိုး"

ဦးဝင်းမောင်က ဒီလောက်နှင့် ပြီးသွားသော်လည်း ဦးဘုန်းပြည့်မှာ မပြီးနိုင်။ ထုတ်မေးဖို့လည်း ဦးဝင်းမောင်လို စိတ်ရှင်းရှင်းမရှိဘဲ ကိုယ့်ဟာကိုယ် မလုံမလဲဖြစ်ကာ ဖွင့်မမေးဖြစ်။ မန္တလေး ဘာကြောင့် ပြန်သွားတာလဲ။ ကိစ္စတစ်ခုခုကြောင့်လား၊ အပြီးပြန်တာလား။ အပြီးပြန်တာတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလေ။ ရှင်ရှင် တစ်ယောက်လုံး ရှိနေသေးတာပဲ။

ထိုနေ့ညနေ အိမ်ပြန်ရောက်တဲ့ အခါမှာတော့ ဦးဘုန်းပြည့်က ခင်လေးရှင်ကို အကဲခတ်မိပါသည်။ သူ့ပဲ စိတ်ထင်လို့လား။ ခင်လေးရှင် ပုံစံမှာ အေးတိအေးစက် အံရယ်အပြုံး ကင်းမဲ့လျက် ငိုင်တိုင်တိုင် ရှိနေပါသည်။ ခုမှ သတိထားမိသည်မှာ ဒီ(ကဲ)ရက်တွေအတွင်း ခင်လေးရှင် အမြဲအိမ်မှာရှိလျက် ထမင်း





စားချိန်သာ ဦးဘုန်းပြည့် မြင်တွေ့ရပြီး ... ကျန်အချိန်တွေ အခန်းအောင်းကာ ရှိမှန်းမသိလောက်အောင် ပျောက်နေတတ်တာကိုပင်။

ထမင်းစားချိန်၌ ခင်လေးရှင်ကို တောက်လျှောက် အကဲခတ်နေမိရာ စကားတစ်လုံးမှ မပြောဘဲ တိတ်ဆိတ်စွာသာ စားသောက်ပြီးစီး၍ တိတ်ဆိတ်စွာပင် စားပွဲက ထ,သွားပါသည်၊ ဦးဘုန်းပြည့်က အရေးမကြီးသော အသံမျိုးလုပ်ကာ ...

"ဟေ့ ... ယု၊ ရှင်ရှင် နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"မသိဘူးလေ ... ဘာသံမှမထွက် ... ငိုင်တိုင်မှိုင်တိုင်နဲ့လားလို့"

ယုဇနက ပန်းတစ်ချက်တွန့်ကာ ဘာမှဆက်မပြော၊ ခါတိုင်း ဓာတ်ကတွေ ဆင်ခြေတွေ ဖျောင်းဖျစကားတွေ အာလာသလ္လာပတွေနှင့် တစ်စာ တစ်စာ စကားများတတ်သော ယုဇနခင် စကားနည်းနေသလားလို့။ ခါတိုင်း ဒီလောက်ပြောလျှင် သူ့ထင်မြင်ချက်တွေ အယူအဆတွေ အကြံဉာဏ်တွေ တစ်သီတစ်တန်းကြီး ထွက်လာမည် ဖြစ်ပေမယ့် အခုတော့ ဘာမှ ပြန်မပြော၊

ဤအပြုအမူက ဦးဘုန်းပြည့် စိတ်ကို ပိုထင့်စေရုံပိုပြီး မရိုးမရွ ဖြစ်စေသည်။ တစ်ခုခုပဲလို့ ဒက်ခနဲ ယူဆလိုက်နိုင်ကာ ဒါဟာ ဘာလဲလို့ ကိုယ့်ဟာကိုယ် အဖြေရှာရင်း တစ်ကိုယ်လုံး အိုက်စပ်လာသလိုလို ချွေးတွေ ပြန်လာသည်။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲမသိပေမယ့် ကောင်းသောမင်္ဂလာရှိသော တစ်ခုခုတော့ မဖြစ်နိုင်ပေ။

"ဟော့ … ယု၊ ရှင်ရှင် ဘာဖြစ်နေလဲ … မင်း မသိဘူးလား၊ တစ်ခုခုတော့ ဖြစ်နေတယ်၊ မင်းက အိမ်မှာပဲရှိတာပဲဟာ သိမှာပေါ့"

"အတိအကျတော့ ဘယ်သိပါ့မလဲ အစ်ကိုကြီးရဲ့၊ သို့ပေမဲ့ သူ့ စိတ်ညစ်စရာ တစ်ခုခု ရှိရင်ရှိမှာပေါ့"

"ဘယ်လို စိတ်ညစ်စရာလဲ … သူ့မှာ စိတ်ညစ်စရာ ဘာအကြောင်းရှိလို့လဲ … ဘာသောက ဘာအပူအပင်မှ မရှိတဲ့ဟာ"

"ဘာသောကမှ မရှိဘူးလို့တော့ အစ်ကိုကြီး အတပ်ပြောလို့ ဘယ်ရမလဲ … အလုပ်ကိစ္စ စီးပွားရေးကိစ္စတွေ မရှိတာနဲ့ပဲ ဂဟာ သောက မရှိရတော့ဘူးလား"

"ကဲ … ယု … ဝေ့မနေနဲ့၊ မင်း ပြန်ပြောနေပုံကိုက သူ ဘာဖြစ်နေလဲ မင်းသိနေတယ်၊ ငါလည်း သိချင်တယ်"

"အစ်ကိုကြီးသိလည်း ဘာမှ မထူးပါဘူး၊ ဘာမှလဲ အစ်ကိုကြီး ကူညီဆောင်ရွက်ပေးမှာ မဟုတ်ဘူးလေ၊ ယုကိုလည်း သူ ဘာဖြစ်နေပါတယ်လို့ တစ်ခွန်းမှ မပြောပါဘူး၊ အတိအကျ သိချင်ရင်တော့ အစ်ကိုကြီးညီမ အစ်ကိုကြီးသာ သွားမေးပေတော့"

"မင်းနဲ့များ ပြဿနာရှိလားကွာ"





"အမယ်လေး၊ ဘာပြဿနာမှ မရှိဘူး၊ ရှင်ရှင့်ကို ယောက်မလို့ သဘောထားတာ မဟုတ်ဘူး၊ ကိုယ့်လည်း သားသမီးမရှိတော့ သမီးလိုချစ်တာ၊ သမီးလို စေတနာမေတ္တာကရုဏာထားတာ၊ အစ်ကိုကြီး သူ့အပေါ်ထားတဲ့ မေတ္တာစေတနာကရုဏာထက် ယု ထားတာက ပိုတယ်၊ ယုက သူ့စိမ်းပေမယ့် ပိုတယ်"

"ကျုတ် … နေရင်း ထိုင်ရင်း အသားလွတ် ရန်လိုနေပြန်ပြီကွာ"

ယုဇနက ဘောစင်တွင် ထ,ပြီး ပါးစပ်ဆေး လက်ဆေးနေပါသည်။ ဦးဘုန်းပြည့်သည် အခြေအနေက တစ်မျိုးကြီး ဖြစ်နေလေ ရင်ထဲက သိလိုဇောဆန္ဒက တထင့်ထင့် ကြောင့်ကြမှုတိုးလေနှင့် ဘာမှန်းမသိ ပူပန်လာမိပါသည်။

"ဟော့ ယု …၊ ဟိုဘက်ခြံမှာ နန္ဒတို့ ဇော်ထူးတို့ ရှိသေးလား"

"အစ်ကိုကြီး သူတို့နဲ့ ဘာကိစ္စရှိလို့လဲ"

"ဒီမိန်းမတော့ ဝေ့နေပြီ"

"အစ်ကိုကြီးသာ ဝေ့နေတာ … နန္ဒတို့ ဇော်ထူးတို့ ရှိမရှိကို တကယ်သိချင်လို့လား"

"အေး … မသိချင်ဘူးကွာ၊ ဟိုကောင် မောင်မင်း ရှိမရှိ သိချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူးလေ"

ယုရဲ့ မဆိုင်းမတွ အဖြေက ဦးဘုန်းပြည့် ရင်ကို အောင့်ခနဲ ဆောင့်ထိုးသလို ပွသွားစေသည်။ ယုဇနက စိတ်ဝင်စားနေမှန်း သိပါလျက် ထမင်းစားခန်းက ထွက်သွားတာမို့ နောက်ကကပ်လိုက်ကာ ...

"အေး ... ကိုယ်လည်း ဒီနေ့ပဲ သိလာတယ်၊ ဟိုမှာ ဒီကောင် ရှိရမယ့် နေရာမှာ ဦးတင်အောင်လွင် ဆိုတဲ့ လူတစ်ယောက် ရောက်နေတယ်၊ အဲဒါ ဦးဝင်းမောင်က မေးတော့ မောင်မင်း မန္တလေး ပြန်သွားတယ် ပြောတယ်"

"အစ်ကိုကြီး ဘာသာဆိုရင် မေးထွက်မှာ မဟုတ်ဘူးနော်၊ မောင်မင်းကို မေးရမှာ အောက်မလား၊ သိက္ခာကျမလား တွေးနေမှာပဲ၊ သူများမေးလို့သာ သိရတာ၊ ခုလည်းမရှိမှန်း သိမှ ဘာကြောင့် မရှိလဲလို့ စိတ်ဝင်စားလာတယ်ပေါ့လေ"

"မင်း နေရင်းထိုင်ရင်းနဲ့ ငါ့ကို ဘာကိစ္စ တိုက်ခိုက်တဲ့ စကားမျိုးတွေ ပြောနေတာလဲ ယု"

"မတိုက်ခိုက်ပါဘူး အစ်ကိုကြီးရယ်၊ စိတ်မကောင်းလို့ ဒါတွေ ပြောဖြစ်တာ၊ တကယ်တမ်း တိုက်ခိုက်တာ အစ်ကိုကြီး၊ မောင်မင်းကို အလကားနေရင်း တိုက်ခိုက်တဲ့ အမြင်တွေ စကားတွေနဲ့ ... အကြောင်းမဲ့ မလိုလားနေတာ





တကယ်တမ်း မလိုလားတာထက်ကို ပိုမလိုလားနေတာ တကယ်တမ်း မကြိုက်တာထက်ကို ပိုမကြိုက်နေတာ တကယ်တမ်း မကြည်ဖြူတာထက်ကို ပိုမကြည်ဖြူနေတာ"

"ကဲ ... တော်ပါတော့၊ ခု ဘာဖြစ်နေလဲ"

"အခု မောင်မင်းကို အစ်ကိုကြီး ညီမက အဆက်အဆံဖြတ်ပြီး အဝေးဆုံးနေဖို့ ပြောလိုက်ပြီလေ၊ ဒါကြောင့် သူ မန္တလေး ပြန်သွားပြီ"

"ဟင် ...၊ ဘာပြဿနာ ရှိကြလို့လဲ"

"ဟောတော် ... ဘာပြဿနာ ရှိရမှာလဲ၊ ပြဿနာက အစ်ကိုကြီး ပြဿနာပဲလေ၊ အစ်ကိုကြီး မောင်မင်းကို ဘယ်လိုမှ ကြည့်မရ လက်မခံနိုင်တဲ့ ပြဿနာလေ၊ အဲဒီ တစ်ခုတည်းသော ပြဿနာပဲပေါ့"

"ဟေ ... ဒါကြောင့် ... ရှင်ရှင်က မောင်မင်းကို နှင်ထုတ်ပစ်တယ်"

"ဟုတ်တယ် ... ပြီးရောပေါ့ ...၊ နားအေးသွားတာပေါ့"

ဦးဘုန်းပြည့်မှာ မယုံနိုင်အောင် ငိုင်စိုက်၍ တွေတွေကြီး ကျန်ရစ်ခဲ့ပါသည်။ ပြီးရောပေါ့ ဆိုတဲ့ ဇနီးသည်တို့ယ်တိုင်က ဤကိစ္စအတွက် ခံစားနေတာ ဦးဘုန်းပြည့်ကို မကျေလည်နေတာ မကျေနပ်နေတာ သိသာသည်။ ရှင်ရှင်လည်း ဒီအတိုင်း ရှိမည် သာပင်။ သူ မောင်မင်းကို မကျေနပ်ဘူးဆိုပြီး အပြတ်ပြင်ပစ် လိုက်သတဲ့။ ဒီလောက်တောင်ပဲ သူ့ဘက်က ခါးခါးသီးသီး ဖြစ်



www.burmeseclassic.com

သွားသလား။ သူ အကြီးအကျယ် ဆန့်ကျင်ကန့်ကွက်လိုက်မိသလား။ မဖြစ်နိုင်ဘူး ထင်ပါရဲ့။ တကယ်တမ်း သူ မခါးသီးတာ သဘောမတူနိုင်တဲ့ စိတ်ဆန္ဒ မရှိတာ သူ့ အသိဆုံးပေကိုး။

❦ ❦

လုပ်ငန်းအကြောင်းတစ်ခုခုပြပြီး သူ မန္တလေးက မောင်မင်းဆီ ဖုန်းဆက်ရရင် ကောင်းမလားအထိ သူ တွေးမိပါသည်။ နေ့ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာလေ ညီမငယ် ခင်လေးရှင်ကို သနားတဲ့စိတ်အပြင် မောင်မင်းကိုပါ သနားတဲ့စိတ်က သူ့မှာ ကြိတ်မနိုင် ခဲမရဖြစ်အောင် တနုံ့နုံ့ပွားကာ စိတ်ကို ဆင်းရဲစေပါသည်။

တစ်ချိန်လုံး သူ့ပါးစပ်က ပြစ်တင်စကားတွေသာ ဆိုနေခဲ့ပေမယ့် ဒီစကားတွေဟာ စိတ်ထဲက အလေးအနက် မနှစ်မြို့မှု မပါဘူးဆိုတာ ယုဇနပင် သိနေတာပဲ မဟုတ်လား။ သိလို့ပဲ သူ့ကို ပါးစပ်က လျှောက်ပြောရုံ ပြောနေတာလို့ စွဲချက်တင်သေးတာပဲ မဟုတ်လား။ ဟုတ်တယ်လေ။ ဒီကောင့်ကို စသိသိချင်း အမြင်ကတ်တဲ့ ဓာတ်ခံက နောက်ကိုလည်း စကားကောင်း မပြောဖြစ်စေအောင် လှုံ့ဆော်နေတာ။



သူ့ပါးစပ်က ပြောတဲ့ မောင်မင်းရဲ့ အပြစ်တွေကကော ဘယ်လောက်ကြီးလို့လဲ။ ဥပမာ သူက "ဒီကောင်အကျင့်စာရိတ္တ မကောင်းဘူး" ဆိုတာမျိုး ပြောမိရင်တော့လည်း ရှင်ရှင်ခုလို ဆုံးဖြတ်ရင် ဆုံးဖြတ်စေတော့ပေါ့။ သူ့နှုတ်က ဘာမဟုတ်ဘာတွေ အပြစ်ရှာ ပြောမိရုံလေးနှင့် ရှင်ရှင် ခုလိုလုပ်ပစ်တာတော့ သူ့ကို တရားခံတပ်ရာ ကျတာပဲ။

သူ မသိဘဲ နေပါ့မလား။

ယုဇနရဲ့ မောင်မင်းကို သဘောတူရခြင်း အကြောင်းပြချက်တွေကို သူကကော မမြင် မသိဘူးတဲ့လား။ ဒီလောက်ကျိုကျိုတက် ချမ်းသာပါလျက် ကားဝပ်ရှော့ပ်မှာ ကိုယ်တိုင်ပိုက်ကိုင် ကားရေဆေး ဝင်လုပ်နေတာမျိုး ဦးဘုန်းပြည့် ကိုယ်တိုင်မင် ဒီလိုကြံ့လျှင် ဒီလိုလုပ်မည် မထင်ပါ။ ဘာပဲလုပ်ရလုပ်ရ မရှက်မကြောက် အောက်သက်ကျေကျေနှင့် အလုပ်လုပ်ရခြင်းကို ဂုဏ်ယူတက်ကြွလှတဲ့ သူဌေးသားမျိုး မောင်မင်း တစ်ယောက်သာ ရှိမှာ။

လုံးဝဘဝင်မမြင့်တတ် ဘော်ကြော့မဆန်တတ်တဲ့ သူဌေးသား။ ဟန်မများတဲ့ သူဌေးသား။ သူဌေးသားမို့ တခေါ်တမောနှင့် အတင်းဖမ်း သဘောတူသည့် သဘောမျိုး မရှိသေမယ့် ညီမငယ် သူ့ကုသိုလ်ကံနဲ့သူ သူဌေးသားနဲ့ ဖူးစာဝါတာကိုလည်း ကျေနပ်တာပေါ့။ ဆင်းဆင်းရဲရဲ လူ့ငမွဲနှင့် ချစ်ကြိုက်တာထက်စာလျှင်တော့ သူ့ရှေ့ရေး စိတ်အေးစရာပေါ့။

www.burmeseclassic.com



ဂျစ်ကန်ကန်ဆန်ချင်တဲ့ ဟန်ရှိပေမယ့် ရှင်ရှင်နှင့် ပတ်သက်လာတဲ့အခါကျတော့ အစ်ကိုကြီး ... အစ်ကိုကြီးနှင့် သူ့ကို မျက်နှာချိုသွေး အရေးပေးတဲ့ကောင်ပါ။ ဝတ်စားဆင်ယင်ပုံ သူ့စိတ်ကြိုက် မဟုတ်ပေမယ့်လည်း တစ်ဖက်စွန်း ရောက်လောက်အောင် နားတွေဖောက်၊ နားကပ်တပ်၊ ဆံပင်ဆေးဆိုး၊ တစ်ကိုယ်လုံး ရုပ်တီးရုပ်ယုက် ဆင်ယင်တဲ့ ခေတ်လူငယ်တချို့လောက်တော့လည်း အဆိုးကြီးမဟုတ်ပါပေ။

ကျေနပ်စရာနှင့် မကျေနပ်စရာ ရာခိုင်နှုန်း တွက်လိုက်လျှင် ကျေနပ်စရာဘက်က ကိုးဆယ်ရာနှုန်း အတော်ကျော်ကျော်မှာ ရှိနေတဲ့ ကောင်စားလေးပါ။ ရိုးသားဖြောင့်မတ်ရှိ ထက်မြက်ပုံလေးလည်း ပေါ်လွင်နေသည့် ဒီကောင့်ကို ဦးဘုန်းပြည့် အတွင်းစိတ်မှာ ချီးကျူးအမှတ်ပေးပြီးသား။ ဒါကို ကိုယ်ကိုယ်တိုင်တော့ သိသည်။

ခုတော့ ... ရှင်ရှင် ကိုယ်တိုင်လည်းချစ် ... အဘက်ဘက်ကလည်း ပြည့်စုံသည့် ဤကောင်လေးကို တကယ်ပဲ လက်လွှတ်သွားပြီလား။ ခုလို အဖြတ်ခံလိုက်ရတဲ့အခါ မောင်မင်း ဘယ်လိုခံစားမှာပါလိမ့်။ ပူဆွေးနာကျင် ဝမ်းနည်းတာမျိုးပဲလား ဒါမှမဟုတ် ... ဟိုးအမြင့်က လူတစ်ယောက်ရဲ့ မာန်နှင့် အငြိုးတကြီး မခံမရပ်နိုင် ဖြစ်သွားမလား။ ပြန်လည်ညှိနှိုင်းစေ့စပ်ဖို့ ရပါဦးမလား။ သင့်ကော သင့်တော်ပါ့မလား။





ဘာပဲဖြစ်ဖြစ် အသည်းနှလုံးနှင့် အမှန်တကယ် ချစ်ကြသည့် လူငယ်နှစ်ယောက်အဖို့တော့ ခံစားကြရမှာ သေချာပါသည်။ မောင်မင်းရဲ့ အခြေအနေနဲ့ မောင်မင်း စိတ်ထဲ လောလောဆယ် ဘာရှိမည်ကို သိလိုလှပါသည်။ ဦးထွန်းမြတ်ထံ ဖုန်းဆက်စကား တောက်ကြည့်ရ ကောင်းမလား တွေးကြည့်သော်လည်း ရှေ့ဘာဖြစ်မည် မသိသေးဘဲ စကားတွေ သတင်းတွေ ကားပြန့်ကုန်မှာ စိုးရိမ်ပါသေးသည်။

ဘာလုပ်ရမှန်းကို မသိတော့အောင် ဦးဘုန်းပြည့် ရင်ထဲ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေပါသည်။ ဘာမဟုတ်ပါဘဲနှင့် ညီမလေးအတွက် ထိုက်တန်သော ခင်ပွန်းလောင်း ဆုံးရှုံးရခြင်းပဲ။ ဒါဟာ သူ့ကြောင့် သူ့အပြစ်လို ဖြစ်နေသည့်အတွက် ဦးဘုန်းပြည့် ခံစားရပါသည်။

ရက်အနည်းငယ် အရမှာ သူ မနေနိုင်ဘဲ ယုဇနကို တစ်ခွန်း စ,မိပါသည်။

"ဟေ့ ယု ... ကလေးတွေ ကိစ္စ မင်း ဒီတိုင်းပဲ ထားလိုက်တော့မလား ..."

"ဒီအတိုင်း မထားလို့ ယုက ဘာလုပ်ရမှာလဲ၊ ယုက ရှင်းရှင်းပဲ၊ သိပ်သဘောတူတာ။ သူတို့ကိစ္စ ခုလိုဖြစ်သွားတာလည်း ယု လုပ်တာမှ မဟုတ်တာ"

"မင်းကကွာ၊ စ,လိုက်ရင် ငါ့ပဲ စောင်းအပြစ်ဖို့နေတယ်"

"စောင်းနေစရာ မလိုပါဘူး၊ တည့်တည့်ကြီးကို ညွှန်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အပြစ်ပေါ့ ... ဟုတ်လား၊ ကဲ ... ဒါဖြင့် ငါဘာလုပ်ရမလဲ ပြော ..."

"လုပ်ချင်တာလုပ်ပေါ့ ...၊ ရှင်ရှင် ခုလို ဆုံးဖြတ်လိုက်အောင်လည်း အစ်ကိုကြီးပဲ လုပ်ချင်တာ လုပ်လိုက်တာပဲ"

"ဟာ ... ဒီမိန်းမ၊ စကားပြောလို့ဆိုလို့ကို မကောင်းဘူး၊ ကျွတ် ... ဟိုကောင်ကလည်း မိန်းကလေးက တစ်ခွန်းနှင်ထုတ်လိုက်တာနဲ့ ကျောကော့ ထွက်သွားတော့တာပဲ၊ ပြန်ပြီး အသနားခံဖော် ကြိုးစားဖော်လည်း မရဘူး၊ ဘယ်လိုကောင်မှန်း မသိဘူး"

"ပေါလာပြန်ပြီနော် အပြစ်တွေ၊ ခုထိကို အပြစ်မြင်တာတွေ အဆုံးမသတ်နိုင်ဘူး"

ခင်လေးရှင်ကိုတော့ မျက်နှာလေး ညှိုးနေမှာ မမြင်ရက် မကြည့်ရက်၍ မျက်နှာချင်း မဆိုင်ချင်ဘဲ ရှိကာ ယုဇနကိုတော့ ကိုယ့်အပေါ် အပြစ်တင်သံ ဝေဖန်သံ စကားတွေ ကြားရမှာ ကြောက်၍ မျက်နှာချင်း မဆိုင်ချင်ပြန်။ ရုံးအသွားအပြန်ဖြတ်သွား ဖြတ်လာတွေ့မှာများ ဟိုဘက်ခြံရှေ့ ခြံဝ ခြံထဲတို့၌ နန္ဒနှင့် ဖော်ထူးကို တွေ့လျှင် ခပ်ပြုံးပြုံး လက်ပြရတာ အမောပင်။

ဟိုနှစ်ကောင်ကတော့ သူတို့ကို ပြုံး၍လက်ပြသွားတတ်သည့် ဦးဘုန်းပြည့်ရဲ့ အပြုအမူကို အကြီးအကျယ် အံ့အားသင့်နေပုံ ရပါသည်။ တချို့ရက်တွေမှာတော့ အခွေကြည့်ချင်စိတ်အလျဉ်းမရှိပါဘဲလျက် ဟိုနှစ်ကောင်ကို အရောဝင်ချင်၍ ဗီဒီယို





အခွေဆိုင်ကို သွားငှားကြည့်ပါသေးသည်။ အံ့အားသင့်စေသည့်နှစ်ကောင်သားကို မောင်မင်း အကြောင်းလည်း မေးမထူး၍ မမေးခဲ့ရ။ သူတို့ကလည်း ဦးဘုန်းပြည့် ကိုယ်တိုင် အခွေလာငှားနေတာကို အံ့အားတသင့် အထိတ်တလန့်ပုံစံနှင့် မပြောရဲ မဆိုင်ရဲ အမှားမခံရဲသလို အယောင်ယောင် အကန်းကန်း ရှိတတ်သည်၊

ဘာဆက်လုပ်ရမည်မသိ ဦးဘုန်းပြည့် အကြံကျပ်နေဆဲ တစ်ရက်မှာတော့ သတင်းစာထဲ သတင်းတစ်ပုဒ်ပါလာခဲ့ပါသည်။ ဝမ်းမသာစကောင်းသော်လည်း ခေါင်းငေးထဲအဆက်အဆံပြုဖို့ရာ အကြောင်းပြချက် ခိုင်ခိုင်လုံလုံ တစ်ခုရပြီပဲ ဦးဘုန်းပြည့်ကတော့ ဘဝင်ကျသယောင် ဖြစ်ရပါတော့သည်၊ ဖုန်းဆက်သတင်းမေးလို့ရပြီလေ။ သတင်းမမေးခင်မှာ ထိုသတင်းဖတ်ရပြီးပြီးချင်း နက်ဖြန်သတင်းစာမှာပါဖို့ ဒီနေ့ မဖြစ်မနေထည့်ဖို့ စာတစ်ပုဒ်ကို ကြိုးစားပမ်းစား ရေးရပါသေးသည်၊

**"ဝမ်းနည်းကြေကွဲခြင်း"**

ဦးမင်းကြီး (မင်းကြီးကုမ္ပဏီလီမိတက်)၏ ဇနီး မောင်မင်းကြီးသား၏ အဘွားဖြစ်သူ မန္တလေးမြို့နေ သိင်္ဂိ သုခမ္မသိဂ္ဂိ ဒေါ်စိန်ဥ ကွန်လွန်ကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းမိပါသည်၊

ဦးဘုန်းပြည့်(ဘုန်းပြည့်ကုမ္ပဏီလီမိတက်)
ဒေါ်ယုဇန
မခင်လေးရှင်



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဦးဝင်းမောင်နှင့် အတူတကွဖြစ်စေ၊ အလုပ်ပတ်သက်မှု သဘောမျိုးနှင့် စုထည့်ဖို့ သင့်ပါသော်လည်း ဦးဘုန်းပြည့်က ခင်လေးရှင် အမည်ပါ ပါစေလို၍ မိသားစုလိုက် ထည့်လိုက်ပါသည်။ ဒီကြော်ငြာကို ယုဇနတို့ ခင်လေးရှင်တို့ ဖတ်မိလျှင် အံ့အားသင့်မလား ပြုံးမလား မျက်နှာပူချင်သလိုလို ဖြစ်မိပေမယ့် ရှိစေတော့။ ထိုမျက်နှာပူမှုတွေကို ဖျောက်တော့ ... ဖျောက်တော့ ...။

ပြေလည်မှုလမ်းစ ပြန်တွေ့ရဖို့က အရေးကြီးပါသည်လေ ...။

❦ ❦

"မောင်မင်းလား ... ကိုယ်ပါ ... ဘုန်းပြည့်ပါ"

"ဟာ ... အစ်ကိုကြီး ... ဒီနေ့သတင်းစာ ရောက်တော့ အစ်ကိုကြီးတို့ဝမ်းနည်းခြင်း ကြော်ငြာ တွေ့တယ်"

"အေး ကိုယ် မနေ့ကတည်းက ဆက်နေတာ၊ တစ်ကြိမ်က ခေါ်လို့ရတယ်၊ မောင်မင်း မရှိဘူးတဲ့၊ နောက်ထပ်ဆက်တဲ့ အကြိမ်တွေက ခေါ်မရတော့တာနဲ့ ခုမှ ထပ်ခေါ်လို့ရတော့တာကွ၊ ဒီဖုန်းကိုတောင် ဦးထွန်းမြတ်ဆီ အရင်ဆက်ပြီး လှမ်းမေးရတာ"





"သတင်းမေးတဲ့ ဖုန်းတွေက ဆက်တိုက်ပဲ၊ မြို့ပေါင်းများစွာက ဝင်နေတော့ ဖုန်းတွေက လုံးဝမအားတာ အစ်ကိုကြီး၊ အဲဒါကြောင့် အစ်ကိုကြီး ခေါ်မရတာ"

မောင်မင်းထံမှ ဘာမှ ဖြစ်မထားသလို ကြည်ကြည်လင်လင် ပြေပြေလည်လည် လေသံကိုသာ ကြားရ၍ စိတ်သက်သာရာ ရမိပါသည်။ ကောင်လေးခမျာ အငြိုးအမှတ် မရှိရှာဘူး ထင်ပါရဲ့။

"မင်းကော နေကောင်းရဲ့လား"

"ပြုစုရတာတော့ နည်းနည်း ဖားသွားတာပေါ့လေ၊ နေကောင်းပါတယ်၊ အဘွားကလည်း တစ်လလောက်တော့ ခံလိုက်တာပေါ့၊ အစ်ကိုကြီးတို့ မမယုတို့ ရှင်ရှင်တို့လည်း အားလုံး နေကောင်းတယ်နော်"

"ကောင်းပါတယ်၊ မင်း ရန်ကုန် ပြန်လာဦးမလားကွ မောင်မင်း"

"ရက်လည်ပြီးရင်တော့ ပြန်ဆင်းခဲ့တော့မယ် အစ်ကိုကြီးရ၊ နှစ်ဆယ့်ခုနစ်ရက်နေ့ ရက်လည်မယ်၊ ကျွန်တော် နှစ်ဆယ့်ရှစ်ရက်နေ့ ဖလိုက်နဲ့ လိုက်ခဲ့မယ်"

"အေး ... ကောင်းတယ်ကွ၊ လေဆိပ်ကို လာကြိုပေးရမလား"

"ဗျာ"

www.burmeseclassic.com



မောင်မင်းမှာ ကြားရသောနားကို မယုံနိုင်။ အံ့အားတသင့်ကြီး ပြန်မေးမိပါသည်။ သူ ဆိုလိုတာ ဒါမှဟုတ်ရဲ့လား၊ ငါများ နားကြားလွဲလားရယ်လို့ပင်။

"လေဆိပ် လာကြိုလိုက်မယ်လေ၊ အလုပ်ကိစ္စလည်း စကားပြောစရာလေးတွေရှိလို့ အဲဒီမနက်လည်း မင်း ကိုယ်တို့အိမ်မှာပဲ ထမင်းစားလိုက်တော့"

"ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ နှစ်ဆယ့်ရှစ်ရက်မနက် ကျွန်တော် အတိအကျ အသေအချာ ဆင်းခဲ့မယ် အစ်ကိုကြီး၊ ဒီတစ်ခါ ကျွန်တော် နောက်မကျစေရဘူး၊ နောက်ကျခြင်းကျ လေယာဉ်ပဲ နောက်ကျရင်ကျမယ် ... စိတ်ချ အစ်ကိုကြီး"

"အေး ... အေး ... ကောင်းတယ်၊ ဦးမင်းကြီးကိုလည်း ဝမ်းနည်းကြောင်း နှုတ်ခွန်းဆက်ပါ စကားပါးလိုက်ပါဦး"

"ဟုတ်ကဲ့"

"ဒါဆို ဒါပဲ မောင်မင်းရေ ...၊ နှစ်ဆယ့်ရှစ်ရက်ကျမှ တွေ့မယ်"

ဖုန်းချပြီးလျှင် ဦးဘုန်းပြည့်သည် ကျေနပ်စိတ်သက်သာ ရသွားသလို ပြုံးနေမိပါသည်။

❦ ❦





ဦးဘုန်းပြည့် နောက်မှ ပါလာသော မောင်မင်းကို မြင်လျှင် ယုဇနရော ခင်လေးရှင်ပါ အလန့်တကြား အံ့အားသင့်သွားကြရပါသည်။ ထမင်းကျွေးဖို့ ဧည့်သည်ပါလာမည်ဆိုတာ တခြားသူ မဟုတ်ဘဲ မောင်မင်း ဖြစ်နေပါလား။ မောင်မင်း ဖြစ်နေတာက အရေးမကြီး။ သမီးယောက်မနှစ်ယောက် တိုင်ပင်ကာ လုပ်ကြံဖန်တီးထားတဲ့ ဇာတ်ကြောင်းကတော့ အနှေးနှင့်အမြန် ပေါ်တော့မည်။

တကယ်တမ်းမှာ မောင်မင်းရဲ့ အဘွား ဒေါ်ခင်နု ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်သွားသည့်သတင်းနှင့်အတူ မောင်မင်းကို ဦးမင်းကြီးက ချက်ချင်းပြန်လာခဲ့ဖို့ ခေါ်လိုက်သည့်အတွက် မောင်မင်း ကောက်ကာငင်ကာ ပြန်ချသွားရတာ ဖြစ်ပါသည်။ "ထမင်းပွဲနေ့က ကိုကိုကြီး သိပ်မကြည်ချင်ဘူး" ဆိုတာလောက်ပဲ အသိပေးကာ မန္တလေးကနေ လုံးဝ ဖုန်းမဆက်ဖို့ ခင်လေးရှင်က မှာလိုက်ပါသည်။

ကိုကိုကြီး ထပ်ပြီးမျက်စိမနောက်အောင် ဤမန္တလေး နေဖို့ ဖုန်းမဆက်ဖို့ ... အရေးတကြီးရှိလျှင်တောင် နန္ဒတို့က တစ်ဆင့်သာ ပြောဖို့ ခင်လေးရှင်က မှာလိုက်ပေမယ့် ကျောက်ဘုတ်တည်းက အခြေအနေ မကောင်းသော အဘွားက သူ့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်စိအောက်က နေရာပင်မရွေ့စေ၍ ရန်ဖြစ်ထားတာအတွက် အတိုးချ အနားကပ်နေရကာ ဖုန်းဆက်ဖို့တွေ ဘာညာတွေလည်း ဘာမှ ခေါင်းထဲမရှိပါ။

ခင်လေးရှင်က ယုဇနနှင့် တိုင်ပင်ထားသည့်အတိုင်း မျက်နှာငယ်နှင့် အခန်းအောင်းကာ နေသည်။ မမယုကလည်း ကိုကိုကြီးကို ကသိကအောက် မချိမဆန့်ဖြစ်အောင် လုပ်ထားပါသည်။ တကယ်တမ်းမှာ သဘောတူပါလျက်သားနှင့် နှုတ်ကသာ တဖျစ်တောက်တောက် ကြဲဖန်အပြစ်ပြောနေသော ကိုကိုကြီးရဲ့ သဘောထားမှန် ပွင့်လင်းထွက်လာအောင် လုပ်ရမည်ဟု စီစဉ်သူ ဇာတ်ဆရာမမှာ မမယုပင်။

ဝမ်းနည်းခြင်းသတင်း ကိုကိုကြီး ထည့်လိုက်တာ တွေ့တော့ မမယုက လက်မထောင် ဂုဏ်ယူကျေနပ်နေကာ ခင်လေးရှင်မှာလည်း ကျိတ်ပြီး ပီတိဖြစ်လျက် ရင်ထဲက အလုံးကြီး ကျခဲ့ရတာ။ ခုလိုတော့ မောင်မင်းကို သူကိုယ်တိုင် လေဆိပ်သွားကြိုလာမည် မထင်ခဲ့မိပါ။ မောင်မင်းကိုလည်း ကိုယ်တို့ဒီမှာ ဟန်ဆောင်လုပ်ကြံထားတဲ့ ဇာတ်လမ်းကို ကြိုတိုက်မထားရ၍ နှစ်ယောက်သား မျက်လုံးပြူးနေရပါတော့သည်။

"မောင်မင်း ... ထိုင်ကွ၊ ကဲ ... ရှင်ရှင် ... လာထိုင်ချည်၊ ထွက်ပြေးဖို့ ကြံမနေနဲ့၊ မောင်မင်းကလည်း ရှင်ရှင် ပြောတာတွေ ဗွေမယူနဲ့၊ အစ်ကိုကြီး အမေါ်လည်း အမြင်မမှား နဲ့ပေါ့ကွာ"





"ဗျာ ... ဘာကိုလဲ အစ်ကိုကြီး"

"ရှင်ရှင် မင်းကို အဆက်ဖြတ်လိုက်တယ်ဆိုတာ ကြားတော့ ကိုယ် စိတ်မကောင်းဘူး၊ အစ်ကိုကြီး သဘောမတူဘူးလို့ ရှင်ရှင်က ပြောတယ် မဟုတ်လား၊ တကယ်တော့ ကိုယ် သဘောမတူဘူးလို့ ရှင်ရှင်က အထင်မှားတာပါ၊ မင်းနဲ့ ပတ်သက်ပြီး ကိုယ် သဘောကျပါတယ်၊ ငြင်းဖို့ရယ်လို့လည်း စိတ်ကူးမရှိဘူး၊ ဒါပေမယ့် အစ်ကိုဆိုတော့ကွာ ... မျက်စိနောက်တာလေးတွေ နည်းနည်းပါးပါး ပွစိပွစိ ပြောတာပေါ့ ... ဒါကို ရှင်ရှင်က ..."

"အစ်ကိုကြီး ပြောနေတာတွေ ကျွန်တော် မသိလို့ တဆိတ် အစ်ကိုကြီး၊ ရှင်ရှင်က ကျွန်တော့်ကို ဘယ်တုန်းက အဆက်ပြတ်တာလဲ၊ ကျွန်တော် မန္တလေး ရောက်နေတုန်း သူ့ဟာသူ ဖြစ်နေတာလား"

"သူအဆက်ဖြတ်ပြီး မင်းကို အဝေးဆုံးမှာ နေပါဆိုလို့ မင်းပဲ မန္တလေးကို ပြန်ချသွားတယ် မဟုတ်လား"

"မဟုတ်ဘူး အစ်ကိုကြီး"

"ဟေ ..."

"အဘွား လေဖြတ်လို့ ချက်ချင်းလိုက်ခဲ့ဖို့ မေမေ ခေါ်လို့ ကျွန်တော် ရတ်တရက် မန္တလေးကို ပြန်သွားတာပါ၊ ရှင်ရှင့်ကို အကျိုးအကြောင်း ပြောခဲ့သားပဲ၊ ရှင်ရှင်က တောင် ဖုန်းလှမ်းမဆက်နဲ့ မှာလိုက်လို့ ကျွန်တော် ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



မဆက်ဘူး၊ သူက ဘယ်တုန်းက ကျွန်တော့်ကို အဆက်ဖြတ်တာလဲ ... ကျွန်တော်လည်း မသိပါလား၊ ကျွန်တော်မသိရင် တရားမဝင်ဘူး"

"ဟင် ..."

ဦးဘုန်းပြည့်မှာ စဉ်းစားရင်း စဉ်းစားရင်း မျက်နှာနီမြန်းလာကာ ...

"မင်းနဲ့ ရှင်ရှင် ဘာမှ မဖြစ်ဘူး၊ မင်းအဘွားကိစ္စနဲ့ မင်းပြန်သွားတာပေါ့"

"ဟုတ်ကဲ့ ... အဲလိုပါပဲ"

"မင်းအဘွားကိစ္စကြောင့် ပြန်တာလည်း ရှင်ရှင့်ကို ပြောခဲ့တယ်"

"ဟုတ်ကဲ့ ... ပြောခဲ့တယ်လေ အစ်ကိုကြီး၊ ရှင်ရှင် သိပါတယ်"

"ငါသဘောမတူလို့ မင်းကို ဖြတ်ပါတယ်လို့ ရှင်ရှင် တစ်ခါမှ မပြောဘူးပေါ့"

"တစ်ခါမှ မပြောဖူးပါဘူး၊ အစ်ကိုကြီးက သဘောမတူဘူးလား၊ ဘာကို သဘောမတူနိုင်တာလဲ အစ်ကိုကြီး၊ အဲလိုတော့ ယတိပြတ် မလုပ်ပါနဲ့၊ အားလုံး ညှိနှိုင်းဆွေးနွေးလို့ရပါတယ်"

ဦးဘုန်းပြည့်က ခင်လေးရှင်ကို တစ်ချက် ယုဇနကို တစ်ချက် ကြည့်လိုက်ပါသည်။ နှစ်ယောက်သား ခေါင်းတွေငုံ့





စိုက်ကာ မဖော်ရဲကြ။ မောင်မင်းကတော့ ဘာကိုမှ ဇာတ်ရည်မလည်သေးဘဲ ဟိုလူ့ကြည့် ဒီလူ့ကြည့်။ ရုတ်တရက် သူ့အပေါ် အခြေအနေတွေ ကောင်းလာတဲ့ ဦးဘုန်းပြည့်ကြောင့် ဝမ်းသာအားရ ဖြစ်မယ်ကြံကာရှိသေး။ ဘာတွေပြောနေမှန်း နားမလည် အဓိပ္ပာယ်မပေါက်၍ ယောင်တောင်တောင် ဖြစ်နေပါသည်။

"ရှင်ရှင်"

ဦးဘုန်းပြည့် အသံကြီးက အောက်ကလီအာ။ ပွင့်ပွင့်ကြီး ဖွင့်ဆိုဖို့ရာကျတော့လည်း ဒီကောင် မောင်မင်း ရှေ့မှာ သူလှည့်စားခံရတာ ပေါ်လွင်ပြီး ရှက်စရာ ကောင်းလိမ့်မည်။

"ရှင် ... ကိုကိုကြီး"

ရှင်ရှင့် အသံကလေးက အတုန်တုန် အလှုပ်လှုပ်။

"အစ်ကိုကြီး ... အဲဒါတွေအားလုံး ယု စီစဉ်တာပါ"

မောင်မင်းက ဟင်းစီစဉ်တာကို ပြောသည်အမှတ်နှင့် ထမင်းစားပွဲဆီ ငေးကြည့်လိုက်ရင်း ...

"မမယု စီစဉ်တာတွေဆိုရင် ဟိုတစ်ခါလိုပဲ အရမ်းစားကောင်းဦးမှာပဲ"

"ရှင်ရှင် ... မောင်မင်းကို ထမင်းပြင်ကျွေးလိုက်"

"ဟုတ် ... ဟုတ်ကဲ့ ကိုကိုကြီး"

"ကဲ ... ဇာတ်ဆရာမ၊ ဒေါ်ယုဇန ... ကြွ"

ယုဇနက ထမင်းစားခန်းမှ ထွက်လာကာ ဦးဘုန်းပြည့် အနီးသို့ မျက်နှာချိုသွေးနှင့် ကပ်သွားပါသည်။ မောင်မင်း:



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ထမင်းစားခန်းထဲ လှမ်းဝင်ကာ သူ့ပုံစံအတိုင်း ကိုယ့်အိမ်ကိုယ့်ရာနှယ် ကုလားထိုင်ဆွဲပြီး အကျအန ထိုင်နေပြီ။

ဦးဘုန်းပြည့် ခပ်တင်းတင်းနှင့် ထွက်သွားရာနောက်သို့ ရှင်းပြဖို့ ယုဇနက အပြေးလေး ကပ်ပါသွားရသလို ... ခင်လေးရှင် သည်လည်း မောင်မင်း နံဘေးမှာ ဝင်ထိုင်ရင်း မောင်မင်းကို သူတို့ရဲ့ လုပ်ကြံဇာတ်လမ်းလေးတစ်ပုဒ်အကြောင်း မြိုးစိစိကလေး ခပ်တိုးတိုး ရှင်းပြနေရပါတော့သည်။

လမင်းမိုမို

BURMESE CLASSIC



www.burmeseclassic.com